www.linhtet.com




စာပေ
အမှတ်(၁၃)၊ (၁၀၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၀၉၉၉

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၄၉၃၀၅၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၅၁၉၀၅၀၇ |
| ထုတ်ဝေခြင်း | - | ၂၀၀၇ ခုနှစ်၊ ဇွန်လ။<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ပန်းချီသဲဇာ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |

နိုးနိုးစာပေ

ပုညခင်

# ပန်းသုံးပွင့်၏ ချစ်အိပ်မက်



ဆယ်ကျော်သက်ရွယ် နုနယ်ပျိုမြစ် ချစ်ချင်စဖွယ် မိန်းကလေးတွေကို စတင်ပွင့်လန်းဖို့ အရှိန်ယူနေကြတဲ့ ပန်းငုံဖူး ကလေးတွေနဲ့ တင်စားတတ်ကြတယ်။

၂၀ ကျော်စအရွယ် လှပတင့်တယ် လန်းဆန်း တက်ကြွနေဆဲ မိန်းကလေးတွေကိုတော့ အင်္ဂဝကနေ ခုမှ ပွင့် လန်းလာတဲ့ လန်းလန်းဆန်းဆန်း မွှေးမွှေးပျံ့ပျံ့ ပန်းကလေးအဖြစ် တင်စားကြတယ်။

၃၀ ကျော်အရွယ် တင့်တင့် တယ်တယ် ကျက်သရေရှိရှိ တည်တည်ငြိမ်ငြိမ်မိန်းကလေးတွေကိုတော့ အစွမ်းကုန်ပွင့်လန်းပြီးတာကြာလို့ မကြာမတင်ကလေးမှာ ကြွေကျလုဆဲဆဲ ပန်းပွင့်ကြီးအဖြစ် တင်စားတတ်ကြတယ်၊ ပြီးတော့ …

အဲဒီလို ပန်းပွင့်မျိုးကမှ

'အပျိုကြီး တဲ့လေ …။

# ပန်းသုံးပွင့်၏ မျှော်လင့်ချက်

ပန်းပွင့် (၁) **ခင်မေခ**

**ကိုယ့်အပေါ် သည်းခံခွင့်လွှတ် နားလည်မှုအပြည့် ရှိပြီး ဘာတစ်ခုမှ အပြစ်ပြောစရာ မရှိအောင် ပြည့်စုံ ကောင်းမွန်တဲ့ ယောကျာ်းမျိုးနဲ့မှ လက်ထပ်ချင်တယ်။**

ပန်းပွင့် (၂) **သံစဉ်ချို**

**ယောကျာ်းဆို နူးနူးညံ့ညံ့ ယဉ်ယဉ်ကျေးကျေး ယောကျာ်းမျိုးမှ သဘောကျတယ်။**

ပန်းပွင့် (၃) **ဆောင်းနှောင်းသဇင်**

**ကိုယ် တကယ် ရင်ခုန်ခံစားရပြီး ကိုယ့်ကိုလည်း အရူးအမူးချစ်တဲ့ သူမျိုးကိုသာတွေ့ရင် ဘာပဲဖြစ်ဖြစ် လက်ထပ်ပစ်လိုက်မှာပဲ။**

# ၉

※ ※ ※

"တီ … တောင် … "

"ဟော … လာပြီ … လာပြီ"

ဘဲလ်သံ တစ်ချက်အကြားမှာ 'သံစဉ်ချို' နှင့် 'ဆောင်းနှင်းသဇင်' တို့က အိမ်တံခါးဝဆီ အလုအယက် တွန်းတိုက် ပြေးထွက်လာပါသည်။

အိမ်တံခါးကို အလျင်စလိုဆွဲဖွင့်ပေးလိုက်ပြီးချိန်မှာတော့ နှံးချိချိပုံစံဖြင့် စိတ်ပျက် လက်ပျက် ဖြစ်နေပုံရသော ခင်မေခက ခြေလှမ်းတွေကို တရွတ်ဆွဲလှမ်းကာ အိမ်ထဲလှမ်းဝင်လာပြီး လက်ထဲက အိတ်ကို ဆိုဖာပေါ် ဗုန်းခနဲပစ်ချ၊ လူကပါ ဆိုဖာရှည်ပေါ် ခွေခွေခေါက်ခေါက် ပုံကျသွားသည်။

"ဟဲ့ … မေခ … ဘယ့်နှယ့်လဲ"

မေခက ချက်ချင်းမပြောဘဲ ဆိုဖာပေါ် တွန့်လိမ်ကျောဆန့်နေပြီးမှ ဖြုန်းခနဲ ထလိုက်ရင်း ...

"သူ့လက်မကို ငါမကြိုက်ဘူး"

"သူ့လက်မက ဘာဖြစ်လို့လဲ"

"သူ့လက်မကလေ ..."

"ဘာဖြစ်လဲ သူ့လက်မက ... မြန်မြန်ပြောပါဟယ်"

မေခက သူ့စကားကို တစ်ပိုင်းတစ်စရပ်ထားလိုက်တာမို့ သံစဉ်တို့ နှစ်ယောက်က အလျင်စလို မေးခွန်းထုတ်လိုက်ကြပါသည်။

မေခက ရုတ်တရက် မျက်လုံးပြူးလာကာ သူ့လက်မကို သံစဉ်ချိုတို့မျက်နှာရှေ့သို့ ဆန့်တန်းပြလိုက်ရင်း ...

"သူ့လက်မက တင်းပုတ်လက်မဟဲ့"

"ဟမ် ... တင်းပုတ်လက်မ!"

ခုကျမှ သံစဉ်တို့နှစ်ယောက်ရဲ့မျက်လုံးတွေက မေခထက်ပင် ပိုပြူးလာကြရကာ ...

"ဘာလဲ ... တင်းပုတ်လက်မဆိုတာ"

"ဒါလေးတောင် မသိကြဘူးလား၊ သိပ်နုံကြတာပဲ"

"အေးပါ ... ငါတို့က နင့်လို ဂျာနယ်လစ်ဇ်မှမဟုတ်တာ၊ နင့်လောက်တော့ ဘယ်လည်ပါ့မလဲ"

"တင်းပုတ်လက်မဆိုတာ လူသတ်မယ့် လက်မဟဲ့"

"ဟယ် ... တကယ်လား၊ ဘယ်လိုမျိုးကြီးလဲ "

"သူ့လက်မက နင်တို့ငါတို့လို လူအများစုလို ပုံမှန် ဆိုဒ်နဲ့ လက်မမျိုး မဟုတ်ဘူး၊ လက်မရဲ့ပထမဆစ်ကြီးက တုတ်တုတ်ဖောင်းဖောင်းနဲ့ ထုထည်ကြီးကြီးဖြစ်နေတာ၊ အဲဒီလို လက်မမျိုးနဲ့လူတွေဟာ လူသတ်တတ်တယ်တဲ့"

"ဟုတ်ရဲ့လားဟယ်"

"သေချာပါတယ်၊ ငါလက္ခဏာစာအုပ်တွေထဲမှာ ဖတ်ဖူးထားတာ"

"မေခရယ် နင့်ဟာကလည်း နင့်ကြိုက်တဲ့ယောကျ်ားဆို အပြစ် တစ်ခုမဟုတ် တစ်ခု တွေ့နေတော့တာပဲ၊ ဒီတစ်ယောက်က တော်တော်လေး အဆင်ပြေနေပါတယ် ဆိုကာမှ ဒီလက်မက တမှောင့်ဖြစ်လာရပြန်ပြီ"

သံစဥ်ချိုက သူ့ဆံပင်ဖွာဖွာလိန်လိန်တွေထဲ လက်ထိုးရှုပ်ဖွကာ ညည်းညည်းညူညူ ပြောလိုက်မိပါသည်။

ဒီတစ်ယောက်ကိုတော့ မေခနဲ့ အဆင်ပြေပြီလို့ပဲ မျှော်လင့်စိတ်အေးနေခဲ့တာ။

မေခဟာ အင်မတန်ချေးထူပွကာ ဂဂျီဂဂျောင်လည်းနိုင်၊ လူတကာကို ကြံဖန်အပြစ်ရှာတတ်သည့် နေရာမှာလည်း

တော်တော်ထူးချွန်ကာ ချောင်ကြိုးချောင်ကြားက ပိစိကွေးကိစ္စလေးကအစ သူမို့ကြံဖန်စစ်ပေါက်မြင်နိုင်စွမ်းရှိသူကြီးပင်။

အထူးသဖြင့်တော့ သူအပြစ်ရှာအတွေ့ဆုံးသူတွေက သူ့ကိုကြိုက်သည့်သူများသာပင်။ ယောကျ်ားတစ်ယောက်ယောက်ကများ သူ့ကို လာမချဉ်းကပ်လိုက်နဲ့၊ သူက အဲဒီယောကျ်ားရဲ့အပြစ်ပေါင်းများစွာကို ဆီလိုအပေါက်ရှာပြောပြီ၊ အဲဒီလူရဲ့ရုပ်ဆင်းအင်္ဂါ၊ အမူအရာ၊ အကြည့်၊ အပြောအဆို လေယူလေသိမ်း၊ အသံအတိုးအကျယ်၊ ရယ်နည်းရယ်ဟန်၊ လမ်းလျှောက်ပုံ၊ ဝတ်စားပုံကအစ အပြစ်ပေါင်း တစ်သိန်းတစ်သောင်းကို မဆုံးနိုင်အောင်ရွတ်ပြပါလိမ့်မည်။

၂၀ စွန်းစွန်း အရွယ်ငယ်ငယ်တုန်းကတော့ သူအဲဒီလိုအပြစ်ရှာတတ်ပေမယ့်လည်း သူ့အချစ်ကို မျှော်စောင့်သူတွေကအများသားပင်။ သူကလည်း သူ့စိတ်ထဲရှိတဲ့အတိုင်း ရိုးရိုးရှင်းရှင်းဘွင်းဘွင်းနေကာ ချစ်ချင်ချစ် မချစ်ချင်နေ သဘောပိုက်ထားနိုင်သူမို့ အပေါ်စီးကပင်။ အဲဒီကာလတုန်းကတော့ ခင်မေခတို့ ပန်းပန်နေဆဲကာလပေါ့။ တစ်ယောက်ယောက်ကို လက်ခံရကောင်းမလား စဉ်းစားလိုက်၊ တစ်ခုမဟုတ်တစ်ခု အပြစ်ရှာတွေ့ကာငြင်းပစ်လိုက်၊ ဟိုလူ့လက်ခံရကောင်းနိုး၊ ဒီလူ့လက်ခံရကောင်းနိုး တွေဝေဒွိဟဖြစ်ကာ အချိန်ဆွဲနေလိုက်ဖြင့် ခင်မေခတို့က ကိုယ့်ဈေးကိုယ်မြှင့်ကာ ဘဝင်လေးကိုင်လို့သာနေသည်။

သို့သော် ခုလို အသက် ၃၀ ကျော်အရွယ်ရောက်လာတော့ သူ့ကို ဘယ်သူကမှ စိတ်မရှည်ချင်ကြတော့။ မျှော်စောင့်သူတွေလည်း အိမ်ထောင်ကျကာ ကလေးတွေ ဘာတွေရ၊ သူဟာနဲ့သူအခြေကျနေကြပြီ။ သူမှာတော့ ခုထိကို အခြေမကျနိုင်သေး။ တဖြည်းဖြည်း သူ့အနားကလူတွေ ရှဲရှဲသွားတော့မှ နည်းနည်းတုန်လှုပ်လာပုံရကာ သူ့ကို သည်းညည်းအခံနိုင်ဆုံး၊ အချစ်ဆုံးဟု ယူဆသူတစ်ယောက်ကို နည်းနည်းမျက်နှာသာပေးဖို့ စဉ်းစားပေမယ့် လက်မတင်ကလေး နောက်ကျသွားသည်။ ဟိုလူက သူ့အနားချည်း ကပ်ပါများတော့ သူ့အကြောင်း အူမချေးခါးသိကာ ဒဏ်မခံနိုင်ဘဲ စွန့်ခွာသွားခဲ့ပြီ။

ဒါပေမယ့်လည်း ခင်မေခတို့က သိပ် နောင်တမရလှ။ သူ့အသက်သူမေ့ကာ ယောကျ်ားတကာကို ဆက်ပြီး အပြစ်ရှာချေးထုနေဆဲမှာမှ မင်းဝဏ္ဏဆိုသောသူ တစ်ယောက်က ရှားရှားပါးပါး ပေါ်ပေါက်ချဉ်းကပ်လာခဲ့တာပင်။

ခင်မေခက ထက်မြက်သော ဂျာနယ်လစ်စ် မမ။ နာမည်ကြီးကြီး စောင်ရေများများ ဂျာနယ်တစ်စောင်ရဲ့သတင်းကဏ္ဍ တော်တော်များများကို တာဝန်ယူထားသူမို့ ဟိုပွဲဒီလမ်းတွေကလည်း အရောက်အပေါက်များကာ နေရာတကာ ဝင်ဝင်ဆံ့ဆံ့လည်လည်ဝယ်ဝယ်ရှိသူ၊ ရုပ်ရည်ကလည်း လှပချောမောသူ ဆို

ပေမယ့် အသက် ၃၀ ကျော်ပြီ ဆိုတာကတော့ ဖုံးဖိမရအောင် ပေါ်နေပြီ။

စတက်ပုံ ဆံပင်ဖွာဖွာလေးတွေကို စုစည်းထားကာ ဆံပင်တိုစတွေ နဖူးပေါ်ကျလိုကျ၊ နားသည်စပ်မှာ ဖွာဖွာလေး နှစ်စ သုံးစ ကျနင့်မို့ အမှတ်တမဲ့ အဝေးကကြည့်လျှင် ငယ်နုသယောင်ထင်ရပေမယ့် အနားရောက်တော့လည်း အင်း . . . ၃၀ ကျော်ပြီပဲဟု တပ်အပ်သိပေသည်။

သံစဉ်ချိုသည်လည်း ဘာထူးလို့လဲ။ ကိုယ်တိုင်က အလှကုန်ပစ္စည်းကုမ္ပဏီတစ်ခုရဲ့marketing manager မို့အမြဲ လှပစမတ်ကျကာ အလွန်ပုံကျသည့် ဆံပင်ကောက်ကောက် လိန်လိန်လေးတွေ ပခုံးပေါ်ဖြာဝေကျလျက် ဆွဲဆောင်မှုရှိရှိ ဝံ့ဝံ့ကြွားကြွား ပုံစံမျိုးပေမယ့် အလှသာရှိလျက် ငယ်နုခြင်းတော့ မရှိ။ သုံးဆယ့်နှစ်နှစ်ဆိုတဲ့ အသက်ကို လျှော့ပြောလို့ရတောင် နှစ်နှစ်လောက်ပဲ လျှော့ပြောမှ ယုတ္တိရှိနိုင်သည်။ သုံးဆယ်အောက် မဟုတ်တာကို ဘာနဲ့မှ ဖုံးကွယ်လို့မရ။

သံစဉ်တို့သုံးယောက်မှာ အနုဆုံးဟုပြောရမည့်သူကတော့ အလွန်ရိုးသော 'ဆောင်းနှောင်းသဇင်' ပင်။ သူမက လူငယ်ကြိုက် အချစ်ဝတ္ထုလေးတွေရေးရင်း အောင်မြင်စပြုပြီဖြစ်သော စာရေးဆရာမလေးပင်။ အချစ်ဝတ္ထုနုနုလေးတွေရေးလို့ စိတ်နုကာ လူလည်းနုတာလားတော့ မပြောတတ်။

သံစဉ်ချိုတို့ သုံးယောက်မှာ ဆောင်းနှောင်းက အိမ်တွင်းအောင်းနိုင်ဆုံးပင်။ သံစဉ်နဲ့မေခက အားအား မအားအား အပြင်ထွက်ဖို့ အားသန်သလောက် သူမက အားရင် အိမ်ထဲပဲ နေကာ အခွေကြည့်ဖို့၊ စာဖတ်ဖို့သာ အားသန်သူ၊ ဝတ္ထုတိုရှည်တွေလည်း တကုပ်ကုပ်ရေးနိုင်သူပင်။

ဆောင်းနှောင်းဟာ သူ့ဟာနဲ့သူ အနုပညာဖန်တီးမှုမှာ တော်ပေမယ့် လူအများနဲ့ဆက်ဆံလျှင်တော့ အိုးအိုးအအနိုင်ချင်သည်။ လူတကာကို အရိုးခံမျက်လုံးဝိုင်းကလေးဖြင့်ကြည့်ကာ အကောင်းမြင်စိတ်ထားနိုင်သူ၊ သံသယဖြစ်ဖို့ ဝန်လေးသူဖြစ်ပါသည်။

သူမသည်လည်း မေခတို့ထက်မလျှော့ဘဲ ချောမောလှပသူကလေးပင်။ ဘဲဥပုံ မျက်နှာလေးရဲ့ နဖူးအလယ်တည့်တည့်မှာ ဆံပင်အလယ်ခွဲ တိတိပပဖြင့် မည်းနက်ထူအိသောဆံပင်တွေက ကျောလယ်မှာ တိတိပပ စင်းစင်းကျနေသည်။ ဆောင်းနှောင်းရဲ့ မျက်နှာထားလေးကိုက ရိုးရိုးစင်းစင်း ဖြူဖြူစင်စင်လေးပင်။

ဆောင်းနှောင်းရဲ့မိဘတွေက ချမ်းသာပြည့်စုံသူများပင်။ သို့သော် ဆောင်းနှောင်း ဘွဲ့ရသည့်နှစ်မှာ အမေက ဆုံး၊ အဖေက နိုင်ငံခြားမှာ အခြေကျနေကာ မကြာခင် အိမ်ထောင်

www.foreverspace.com.mm

ပြုခဲ့တာမို့ မြန်မာပြည်က ခြံကျယ်ဝန်းကျယ် အိမ်ကြီးထဲမှာ ဆောင်းနှောင်း တစ်ယောက်သာ ကျန်ခဲ့ပါသည်။

ထိုအခါ အဖေ့ဆီလည်း လိုက်မသွားလိုတော့သော၊ အိမ်ထောင်ပြုဖို့အစီအစဉ်မရှိသေးသော ဆောင်းနှောင်းမှာ အတူနေဖို့အဖော်လိုအပ်လာပါသည်။

တက္ကသိုလ် ပထမနှစ်မှာ စတွေ့ခင်မင်ခဲ့သော 'သံစဉ်ချို' နှင့် 'ခင်မေခ' တို့ကလည်း နယ်ဇာတိမို့ ရန်ကုန်မှာ အိမ်ခန်းငှားပြီး နေကြရချိန်မှာ ဆောင်းနှောင်းက ဖွတ်အတင်း ခေါ်ယူခဲ့တာမို့ အိမ်ခန်းကို ပြန်အပ်ပြီး ဆောင်းနှောင်းနှင့် လာရောက်ပူးပေါင်းလိုက်ကြရပါသည်။

နှစ်တော်တော်ကြာကြာ ချစ်ချစ်ခင်ခင်အတူနေလာကြသော အတွင်းသိအစင်းသိ သူငယ်ချင်း သုံးယောက်သားဟာ အသက် ၃၀ ကျော်ချိန်မှာတော့ ကိုယ်စီတုန်လှုပ်လာကြကာ အိမ်ထောင်ပြုဖို့ အရေးကိစ္စကို ခေါင်းထဲထည့်လာကြရပြီမို့ တစ်နေ့တစ်နေ့ ထိုကိစ္စကို နီးနှောဖလှယ်ကြ၊ ငြင်းခုံကြနှင့်ပင် အချိန်တွေလည်း ကုန်လှုပြီလေ။

မေခကို ချဉ်းကပ်နေတဲ့ မင်းဝဏ္ဏဆိုတာက ရုပ်ရည်လည်းမဆိုး၊ စိတ်သဘောထားလည်း ကောင်းမွန်ပုံရတာမို့ အားလုံးဝိုင်းတိုက်တွန်းကြရကာ မေခကလည်း သဘောကျတော့မည့်

www.foreverspace.com.mm



ဆဲဆဲမို့ စိတ်အေးနေခဲ့မိကြသည်ပင်။ ဒီနေ့တော့ ပထမဦးဆုံး အကြိမ်အဖြစ် မေခနဲ့ မင်းဝဏ္ဏတို့ နှစ်ဦးတည်း အပြင်ထွက် ထမင်းစားကြဖို့ စီစဉ်ပေးလိုက်ကြပြီး မေခကို လေ့လာသုံးသပ် အကဲဖြတ်ဖို့ တိုက်တွန်းခဲ့ပေမယ့် ခုတော့ လက်မပြဿနာက ပေါ်လာသည်။

"မေခရယ် ... ငါတို့က နင့်ဆီက သတင်းကောင်းကြားရ တော့မလားလို့ စောင့်နေတာ၊ ခုတော့ ဒီလက်မကိစ္စက ပေါ်လာရပြန်ပြီ"

"နင်က အဲဒီတင်းပုတ်လက်မကို ခုမှ တွေ့ရသလား၊ အရင်နင့်ဆီလာလာနေတုန်းက မသိမမြင်ဘူးလား"

"အဲဒီတုန်းကတော့ အမှတ်တမဲ့ပဲ၊ ခုကျမှ ထမင်းအတူ စားရင်း သူ ဇွန်းကိုင်ထားတဲ့လက်မကြီးကို ဗြုန်းခနဲတွေ့ပြီး ငါအရမ်းလန့်သွားတာဟ"

"နေစမ်းပါဦး ... အဲဒီတင်းပုတ်က တော်တော်ပဲကြီးသလား"

"ကြီးတယ်၊ ဖောင်းဖောင်းပြည့်ပြည့်ကြီး၊ အဲဒီလက်မက သူ့ရုပ်လက္ခဏာကို ဆွဲချလိုက်သလိုပဲ၊ ဘယ်လိုပြောမလဲ၊ သူ့လက်မဟာ အဆင့်မမြင့်ဘူးဟာ၊ ဟို ... ဟို အောက် တန်းစား လက်လိုမျိုး"

"ပြဿနာပဲ ... နင်ကလည်း"

www.foreverspace.com.mm

သံစဉ်ချိုနှင့် ဆောင်းနှောင်းက အဲဒီလက်မကို ကိုယ်လည်းမမြင်ရတာမို့ ဘယ်လိုမှ မဝေဖန်တတ်။ သံစဉ်က သက်ပြင်းချရင်း မေခကို မျက်စောင်းထိုးကြည့်ကာ ...

"ကဲ ... ဒါဆို မင်းဝဏ္ဏကို နင်ငြင်းမယ်ပေ့ါ"

"အေးပေ့ါ"

"သူ့ကိုငြင်းရင် နင့်နားမှာ ဟန်ဟန်ပန်ပန် သိပ်မကျန်တော့ဘူးနော်၊ ဟိုတစ်ယောက်ကောဟဲ့ ဆောင်း ... ဟိုတလောက မေခဆီ ဖုန်းခဏခဏဆက်နေတဲ့ တစ်ယောက်က ဘယ်သူ..."

"ထက်လူလေ"

"အေး ... အေး ... အဲဒီထက်လူကိုရော နင် ဘယ်လိုသဘောရလဲ"

"သူ့ခြေချောင်း လက်ချောင်းလေးတွေက တိုတိုလေးတွေဟ"

"ဟမ်း"

"ဟုတ်တယ်၊ သူ့ခြေချောင်းလက်ချောင်းတွေက ပညာတတ်တတ် အဆင့်မြင့်မြင့်ထဲကပုံမျိုး မပေါက်ဘူး၊ သာမန်လက်လုပ်လက်စားထဲကလိုပဲ၊ ခြေချောင်းလေးတွေက ခပ်တိုတို၊ လက်ချောင်းတွေကလည်း အဆစ်ကြီးကြီး တိုတိုတုတ်တုတ်တွေ"

www.foreverspace.com.mm



"မေခရယ် နင့်ဟာက အပေါ်ယံရုပ်လက္ခဏာကို သိပ်ရှေ့တန်းတင်လွန်းမနေဘူးလား"

"ဟဲ့ . . . ဒါက ရှေ့တန်းတင်သင့်လို့တင်နေတာ၊ ဥပမိဆိုတာ ဘယ်လောက်အရေးပါသလဲ၊ လူတွေမှာ ကောင်းစားမယ့် ကြန်အင်လက္ခဏာ၊ ဆင်းရဲနိမ့်ကျမယ့် ရုပ်လက္ခဏာတွေ သူ့အလိုလိုပါလာပြီးသား၊ ပြီးတော့ ကျန်တဲ့ကိစ္စက ပြင်လို့ ရချင်ရဦးမယ်၊ ရုပ်ရည်နိမ့်ကျနေတာကြီးက ပြင်မရဘူး၊ သူနဲ့ညားရင် မွေးလာမယ့်ကလေးတွေက အစ ရုပ်ဆိုးကလေးတွေ ဖြစ်နေမှာ၊ အဲဒါမျိုးတော့ အဖြစ်မခံချင်ဘူး"

"အေး . . . ဒါဆိုလည်း ထားလိုက်ပါတော့၊ နင်တို့ဂျာနယ်က အယ်ဒီတာ ကိုအောင်နေဝင်းကရော"

"အမလေး သူ့တော့ မစဉ်းစားဘူး၊ သူက မောဟစရိုက်ရှိတဲ့သူ"

"ဘယ်လို..."

"နင်တို့ သူနဲ့ ဆုံဖူးသားပဲ၊ ဒါလေးတောင်သတိမထားမိကြဘူးလား၊ သူလမ်းလျှောက်ရင် ဖိနပ်နဲ့ကြမ်းပြင် ရှပ်တိုက်လျှောက်တဲ့ အသံတရှပ်ရှပ်ကို မကြားဘူးလား၊ အမြဲလေးလံတွေဝေမိန်းမောနေတဲ့သူ၊ မောဟစရိုက်ရှိတဲ့သူတွေ

www.foreverspace.com.mm

ဟာ အဲဒီလိုပဲ ရှုပ်တိုက်လျှောက်တတ်တယ်”

“ဒါဆို ကိုဖုန်းနိုင်ဆိုတဲ့ တစ်ယောက်ကိုရော၊ သူ့ကြည့်ရတာ နင့်ကိုသဘောကျနေသလိုပဲ၊ နင်နည်းနည်းမျက်နှာသာပေးရင် ရှေ့တိုးလာမှာ သေချာတယ်”

“အဲဒီလူက ဒေါသစရိုက်ရှိတဲ့သူဟဲ့၊ သိပ်ကြမ်းတမ်းတာ၊ စကားပြောရင် ရန်ဖြစ်သလိုပြောတာ၊ အသံကျယ်လောင်ကျယ်လောင်နဲ့၊ ခြေနင်းကလည်းကြမ်း၊ လူတစ်ယောက်ကို ကြည့်ပြီဆို မျက်လုံးကြီးပြူးပြီး စူးစူးရဲရဲကြည့်တာ”

“ဒီလိုအပြစ်မြင်ပုံမျိုးနဲ့တော့ ဒီတစ်သက် နင့်စိတ်ကြိုက်ယောက်ျားတွေ့ပါဦးတော့မလားဟယ် မေခရယ်”

“မင်းဝဏ္ဏကိုတော့ ငါသဘောကျသားပဲ၊ သူ့လက်မကိုသာ ငါသဘောမကျတာ”

“ဒါဆိုလည်း လက်မဖြတ်ပြီး ယူလိုက်ပါလား”

“အေးလေ”

မေခက ဆောင်းနှောင်းကို မျက်စောင်းထိုးကြည့်ရင်း ...

“ငါ့ကျပြောတယ်၊ နင်ကရော ဘယ်လိုလဲ”

ဟု မေးတော့ ဆောင်းက ရှက်စနိုးလေးလို ပြုံးရင်း ...

www.foreverspace.com.mm



"ငါက ရင်ခုန်သံကို စောင့်နေတာ"

"ဟာဟ ဒီအရွယ်ကြီးကျမှ ရင်က ခုန်ချင်သေး"

"ဘယ်အသက်အရွယ်ပဲဖြစ်ဖြစ် ရင်ခုန်သံဆိုတာ ပေါ်ပေါက်လာနိုင်ပဲ မေခရဲ့"

"အဲဒါ နင့်ဝတ္ထုထဲက စာသားတွေပါ"

"နင်မယုံနေပေါ့၊ ငါကတော့ ရင်ခုန်သံကိုယုံကြည်တယ်၊ ငါ့ကို အရူးအမူးချစ်တဲ့သူ၊ ငါကလည်း အရမ်းရင်ခုန်ပြီး အရူးအမူးပြန်ချစ်နိုင်တဲ့သူမျိုးကိုသာတွေ့ရင် ဘာပဲဖြစ်ဖြစ် လက်ထပ်ပစ်လိုက်မှာပဲ"

"ဒီအရွယ်ကြီးကို ဘယ်သူက အရူးအမူးဖြစ်တော့မှာလဲ၊ စိတ်ကူးယဉ်မနေစမ်းပါနဲ့"

မေခကစိတ်ကူးမယဉ်နဲ့ဆိုပေမယ့် ဆောင်းကတော့ စိတ်ကူးယဉ်ချင်ပါသေးသည်။ ဆောင်းက အချစ်ကို အထင်တကြီး ယုံကြည်သူဖြစ်ပါသည်။

ဆောင်းနှောင်းဟာ ပထမနှစ်တုန်းကတော့ ရည်းစား တစ်ယောက်ထားခဲ့ဖူးပါသည်။ အဲဒီတစ်ယောက်ကို ဆောင်းက ရင်ခုန်သံအစစ်ဖြင့် ချစ်ခဲ့တာပင်။ သို့သော် ဆောင်းက ရည်းစား သာ ထားပေမယ့် အရှက်ကြီးကာ မပြောရဲ မဆိုရဲ၊ ချိန်းလည်း မတွေ့ချင်၊ အမြဲပဲ အေးစက်စက်နိုင်သလို ဖြစ်နေခဲ့တာမို့ သူက

www.foreverspace.com.mm

ဆောင်းကို စိတ်ပျက်စပြုချိန်မှာ လူရောနှုတ်ပါ သွက်သွက်ခါနေသော ဆတ်စလူးမလေးတစ်ယောက်က ဆောင်းတို့နှစ်ယောက်ကြား ဝင်လာကာ သူ့ကို ဆောင်းထံမှ လုယူသွားခဲ့တာမို့ ရင်ထဲအသည်းထဲ ကွဲမတတ်နာကာ ကျန်ရစ်ခဲ့ရသည်။

အဲဒီကတည်းက ဆောင်းက ဒဏ်ရာရ နှလုံးသားဖြင့် အချစ်ကို မသိချင်ယောင်ဆောင်နေခဲ့ကာ ရည်းစားလုံးဝမထားဘဲ နေခဲ့သည်။ ဆောင်းရဲ့ဒဏ်ရာတွေကတော့ ဆောင်းရဲ့ဝတ္ထုထဲကို စကားလုံးလေးတွေအဖြစ် စီးဆင်းသွားသည်။

ခုတော့ ဒဏ်ရာကလည်း ကျက်ရုံမက အနာဖေးပါကွာကာ အမာရွတ်တောင်မကျန်တော့။ အသက်ကလည်း ၃၀ကျော်ပြီမို့ တစ်နေ့တစ်နေ့ အိမ်ထဲပဲနေကာ စာရေးလိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ စာဖတ်လိုက်ဖြင့် တစ်နေကုန် တစ်ယောက်တည်းခြောက်ခြောက်သွေ့သွေ့နေရသောဘဝကို ငြီးငွေ့စိတ်ကုန်လာကာ 'အိမ်ထောင်ကလေးတော့ ပြုဦးမှ' ဟု စိတ်ကူးမိပါသည်။

ကိုယ့်ကို စိတ်ဝင်စားသည့်သူတချို့တော့ ရှိပါရဲ့။ သင့်သင့်တော်တော် ရွေးချယ်ထိုက်သည့်သူတွေလည်း ပါပါရဲ့။ သို့သော် အဲဒီလူတွေကို ဆောင်းက ရင်မခုန်။ အဲဒီလူတွေကလည်း ဆောင်းကို အရူးအမူး ကြွေဆင်းပြမနေကြပါ။ ဆောင်းဟာ ရုပ်ရည်ကလေးလည်းလှ၊ ပစ္စည်းဥစ္စာလည်း ပြည့်စုံ၊ ဂုဏ်ကလေး

www.foreverspace.com.mm



လည်း ရှိသေးတာမို့ ဆောင်းကို အိမ်ထောင်ဘက်အဖြစ်ရွေးချယ်ဖို့ ကုန္ဒြေရရ ချဉ်းကပ်လာကြသူများပင်။

ဆောင်းလိုချင်တာက ဒါမျိုးမှမဟုတ်ဘဲ။ ဆောင်းကို ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ရူးရူးမူးမူးရင်ခုန်ချစ်မက် ချဉ်းကပ်လာခြင်းကိုသာ အလိုရှိပါသည်။ အဲဒီလို အချစ်မျိုးကိုသာ ဆောင်းက စောင့်မျှော်နေခဲ့ပါသည်။

"သံစဉ် ရှင်ကရော ဘယ်လိုလဲ၊ ၁၀၁ ယောက်မြောက်ချစ်သူတွေထဲက ဘယ်သူ့ရွေးမှာလဲ"

မေခက ခပ်ငေါ့ငေါ့လှမ်းမေးတော့ သံစဉ်က ပခုံးတွန့်ပြရင်း...

"ခုလောလောဆယ် ရည်းစားမရှိဘူး ဖြစ်နေတယ်ဟယ်၊ ငါ့ခေတ်ကုန်သွားပြီလား မသိဘူး၊ နည်းနည်းလေး မူလိုက်တာနဲ့ ဆက်မလိုက်လာတော့ဘူး"

ဟု စိတ်ပျက်လက်ပျက် ညည်းညူသလိုလေး ပြောလိုက်မိပါသည်။

ဟုတ်ပ...။ သံစဉ်တို့တော့ စန်းပိတ်သွားပြီလားတောင် မပြောတတ်။

သံစဉ်ချိုဆိုတာက လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်း သူငယ်ချင်း သုံးယောက်မှာ ရေပန်းအစားဆုံးသူ ဖြစ်ခဲ့တာပင်။

www.foreverspace.com.mm

ကိုယ့်ကိုကြိုက်တဲ့သူတွေကလည်းများ၊ ကိုယ်ကလည်း ဂရုစိုက် ခံရခြင်းတွေမှာ သာယာမူးယစ်ကာ ရည်းစားတွေ အများကြီး ထားဖြစ်ခဲ့ပါသည်။

သို့သော် ခက်တာက အဲဒီရည်းစားတွေထဲမှာ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လောက်စရာ စိတ်တိုင်းကျမိသည့် သူမျိုး ရှာမတွေ့ခဲ့ခြင်းပင်။

သံစဉ်ချိုမှာ ဆောင်းတို့ မေခတို့ထက်သာတာက ဆွဲငင်တတ်သည့် မျက်ဝန်းအကြည့်တွေရယ်။ အဝေးကတောင် ထင်းခနဲမြင်သာပြီး တစ်ဖက်လူကို ညှို့တက်ကျသွားစေနိုင်သည့် attraction ရှိသည့် ကိုယ်ဟန်အနေအထားရယ်၊ လေယူလေသိမ်း လှလှပပကလေးရယ်။

မေခတစ်ယောက်က လှပေမယ့် စကားပြောတဲ့ နေရာမှာ ခပ်သွက်သွက်ခပ်ပြတ်ပြတ်၊ လူပုံစံကလည်း သိပ် မနွဲ့နှောင်းဘဲ အမြဲဖျတ်လတ်တက်ကြွနေတတ်သည့် အသွင်မျိုး။

ဆောင်းကျတော့ စကားနည်းနည်း၊ လူပ်စိစိကလေး မို့ သံစဉ့်လောက်တော့ ညှို့အားမပြင်း။

ညှို့အားပြင်းသော သံစဉ့်ကို ချဉ်းကပ်လာတဲ့ ယောကျ်ားအများစုကတော့ 'ချစ်တယ်' ဆိုတာအပြင် တပ်မက်တာကလေးတွေလည်း သိသိသာသာပါလာကြကာ ရည်းစားဖြစ်ပြီ

www.foreverspace.com.mm

ဆိုတာနဲ့ လက်ရဲ ဇက်ရဲ ဖက်မယ် နမ်းမယ် တကဲကဲတွေချည်း ပဲမို့သံစဉ်က သူတို့ကို 'နွား' ဟု သတ်မှတ်ပါသည်။

'ဩော် . . . ယောကျ်ားဆိုတာ နွားချည်းပါလား' ဟု ရိပ်မိစပြုချိန်မှာ သံစဉ်က ဘယ်လိုယောကျ်ားမျိုးကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ရမှန်းမသိ ဖြစ်ရသည်။

ရွေးရင်းရွေးရင်းကပဲ ကိုယ့်အနားမှာ လူတွေလည်း ပါးကာ ခုတော့ ရည်းစားလေးတစ်ယောက်တောင် အနားမရှိတာမို့ ခြောက်ကပ်ကပ်ကြီးတောင် ဖြစ်လို့နေသည်။ ကိုယ့်အလှကို မြှောက်ပင့်ပြောမယ့်သူလည်းမရှိ၊ ကိုယ့်အတွက်ကိုမြှင့်တင်ပေးမယ့်သူလည်းမရှိ။ သို့သော် အားတိုင်း ကိုယ့်အနားကပ်ကာ တရှုတ်ရှုတ် နမ်းချင်ဖက်ချင်သည့် အင်မတန် ယောကျ်ားပီသသော ယောကျ်ားများကိုတော့ ကိုယ့်အနားထားဖို့ တော်တော်စဉ်းစားရဦးမည်။

"ဟာ . . . စိတ်ကုန်ပါတယ်ဟာ၊ ဒီတစ်သက်တော့ယောကျ်ား ရပါဦးတော့မလားတောင် မသိပါဘူး"

မေခက စိတ်ပျက်သံကြီးဖြင့် ညည်းရင်း လေးတိလေးကန် ထရပ်ကာ အခန်းထဲလျှောက်ဝင်သွားတော့ သံစဉ်နဲ့ ဆောင်းကလည်း မေခနောက်က လိုက်သွားသည်။

မေခက သူခုတင်ပေါ် အိခနဲ ပစ်လှဲချလိုက်တော့

www.foreverspace.com.mm

သံစဉ်နဲ့ ဆောင်းကပါ မေခ ခုတင်ပေါ် ပက်လက်ပစ်လှဲလိုက်ကြရင်း ...

"ပျင်းစရာ ကောင်းလိုက်တာဟာ၊ ရည်းစားလေး တစ်ယောက်တောင် မရှိတော့ ..."

ဟု သံစဉ်က ညည်းလိုက်ပြန်သည်။ ဆောင်းက အားမရှိသော အသံကလေးဖြင့် ...

"ဒါပေမယ့် ဘာဖြစ်လဲ၊ ငါတို့ရှိသားပဲ သံစဉ်ရယ်"

"နင်က ပိုတောင် ပျင်းစရာကောင်းသေးတယ်"

"နင်နော်"

မေခက သက်ပြင်းချရင်း ...

"ဘာလိုလိုနဲ့ ကိုယ့်အသက်ကိုယ် မသိလိုက်ဘာသာ နေလာလိုက်တာ ၃၂ နှစ်လည်းပြည့်ရော အနားမှာ ရွေးစရာလူ သိပ်မရှိတော့တာကို သိရော"

"ရှိလည်း နင်က အပြစ်ပဲရှာနေမှာ မဟုတ်လား"

"ငါက အရမ်း perfect ဖြစ်တဲ့လူကို လိုချင်တာကိုး"

"အဲဒါမျိုးတော့ ရမှာမဟုတ်တော့ဘူး"

"မရလည်း မယူရုံပေါ့"

"နင် အထီးကျန်မှာ မကြောက်ဘူးလား၊ နင့်နားမှာ ငါတို့ကလည်း တစ်သက်လုံးနေပေးပါ့မယ်လို့ အာမ မခံနိုင်ဘူးနော်၊ တော်ကြာ အသက်လည်းကြီးရော တစ်ယောက်

www.foreverspace.com.mm

တည်း ခြေတုန်လက်တုန်နဲ့ မလုပ်နိုင်မကိုင်နိုင်ဖြစ်နေ၊ အိမ်ဖော်ကလည်း ဆောင့်ဆောင့်အောင့်အောင့်နဲ့စေတနာ မရှိဘဲ လုပ်ပေး၊ ထမင်းက မာတစ်လှည့် ပျော့တစ်လှည့်၊ ဟင်းက အစပ်အဟပ်မတည့်၊ နေမကောင်းလို့တောင် ပြုစုမယ့်သူမရှိ၊ သေခါနီးလို့တောင် တရားစာရွတ်ပြမယ့်သူ မရှိ. . .”

“အဲဒီလိုအဖြစ်မျိုးက ငါမှဖြစ်နိုင်တာမဟုတ်ဘူး၊ နင်လည်း ဖြစ်နိုင်တာပဲ သံစဉ်ရဲ့”

“ဟုတ် . . . ယောကျ်ားဆိုတာ ပျင်းစရာကောင်းလွန်းလို့ ငါလည်း ရှေ့ဆက်ဘယ်လိုပေါ်လစီနဲ့ စခန်းသွားရမယ် မသိဘူး”

“နင် ရည်းစားတွေ စွတ်ရွတ်ထားနေတဲ့ ပေါ်လစီကိုတော့ ပြင်သင့်တယ်”

“အဲဒီလောက် ရည်းစားထားတာတောင် အိမ်ထောင်ပြု လောက်တဲ့သူမျိုးတစ်ယောက်မှ စကာတင်မကျန်ခဲ့ဘူးလေ၊ ငါက ငါ့ကိုချစ်သူလိုအပြင် နုမလေးလို၊ သူငယ်ချင်းလို ဖြူစင်တဲ့မေတ္တာစေတနာလေးပါ ရောထည့်ပေါင်းပြီး ချစ်စေ ချင်တာ၊ ဒါပေမယ့် သူတို့က ငါ့အလှကို သဘောကျလို့ ချစ်ကြတာ၊ ငါ့ခန္ဓာကိုယ်အချိုးအစားလေးလှနေတာကို

www.foreverspace.com.mm

ကြိုက်ကြတယ်၊ ငါ့မျက်နှာလေးလှနေတာကို ကြိုက်ကြတယ်၊ အဲဒီမျက်နှာလှလှလေးကို မွှေးချင်တယ်၊ ခါး ကျဉ်းကျဉ်းကလေးကို ဖက်ချင်တယ်၊ အဲ ဒီလို အချစ်မျိုးကြီးက တော့ မပူလောင်ဘူးလား"

"ယောကျာ်းဆိုတာကတော့ အနည်းနဲ့အများ အဲဒီလိုပဲ နေမှာပေါ့"

"ဒါပေမယ့် သူတို့သဘောကျတဲ့ ငါ့အလှက တစ်သက်လုံး မပျက်စီးဘဲနေမှာမှ မဟုတ်တာ၊ ငါသာ အလှပျက်သွား ရင် သူတို့ငါ့ကို သဘောကျနိုင်ပါဦးမလား"

"အဲဒီအခါကျတော့ သံယောဇဉ်နဲ့ ဆက်တည်ဆောက်သွား လို့ရတာပဲ"

"ဆောင်းရယ် . . . ဝတ္ထုထဲက စကားလုံးတွေ ဝင်ဝင်မပြော စမ်းပါနဲ့၊ ကျားဆိုတာ ကျားပါပဲ"

"နှင်တို့နော် ငါ့ဝတ္ထုကိုပဲ လာလာပုတ်ခတ်မနေကြပါနဲ့"

"ငါတို့ပြောတာ မဟုတ်လို့လား၊ နှင့်စိတ်ကိုက ဝတ္ထုဆန် နေတာ"

"မေခနော်"

ဆောင်းက စိတ်တိုတိုနှင့် မေခပါးစပ်ကို ခေါင်းအုံးနှင့် လှမ်းပိတ်ဆဲမှာ ဖြုန်းခနဲ မီးပြတ်သွားလေသည်။

www.foreverspace.com.mm



"ဟော့တော့ ... မီးကလဲ ..."

"ဟဲ့ ... နင့်ခေါင်းအုံးကိုဖယ်၊ ငါ အမှောင်ထဲမှာ မွန်းသေနေဦးမယ်"

"ဟိတ် ... နင်တို့ စဉ်းစားကြည့်ကြစမ်း၊ ခုလိုမှောင်အတိကျနေတဲ့ ညအချိန်မှာ ဒီလိုအိမ်ကြီးထဲမှာ တစ်ယောက်တည်းဆို နင်တို့ နေနိုင်ပါ့မလား"

"နေနိုင်သားပဲ"

သံစဉ့်မေးခွန်းကို ဆောင်းက တုန်တုန်ယင်ယင်အသံကလေးဖြင့် ဖြေလိုက်တာမို့ သုံးယောက်သား တခွိခွိရယ်လိုက်မိကြသည်။

"ခုကတည်းက သွေးပျက်နေတဲ့ အသံမျိုးနဲ့"

မေခက မှောင်ထဲမှာစမ်းကာ ဆောင်းကို တွန်းလိုက်ပြီး အိပ်ရာခေါင်းရင်းက တံခါးကို ဆွဲဖွင့်လိုက်တော့ ကောင်းကင်ကြီးကို လှမ်းမြင်ရသည်။

သုံးယောက်သား ခေါင်းကလေးတွေကို မော့လှန်ကာ ကောင်းကင်ဆီကြည့်မိတော့ ကြယ်ကလေးတွေကို မြင်ရသည်။ ဆောင်းက ဓူဝံကြယ်ဆီ လက်ညှိုးညွှန်ပြရင်း ...

"ငါ့ငယ်ငယ်က ဓူဝံကြယ်သိပ်ဖြစ်ချင်တာပဲ၊ သူက ကြီးပြီးတောက်လည်းတောက်ပတယ်လေ၊ ဒါပေမယ့် ခုတော့

www.foreverspace.com.mm

ငါ ရုဝံကြယ် မဖြစ်ချင်တော့ဘူး၊ ဖျောက်ဆိတ်ကြယ်ကလေးတွေပဲဖြစ်ချင်တော့တယ်၊ သူတို့က သေးသေးမှုန်မှုန်လေးတွေပေမယ့် သူ့အစုလေးနဲ့သူ အဖော်ရှိတယ်၊ ရုဝံကြယ်ကျတော့ တစ်လုံးတည်းရယ်၊ သိပ်အထီးကျန်တာပဲ၊ အရမ်းတောက်ပလင်းလက်ပေမယ့် အထီးကျန်နေတဲ့ဘဝမျိုးတော့ မရချင်ဘူးဟယ်"

ဆောင်းရဲ့စကားအဆုံးမှာ သုံးယောက်သား အမှောင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်သွားကြပါသည်။

❋ ❋ ❋

www.foreverspace.com.mm

⁂ ⁂ ⁂

ညတုန်းက အသံလေး သျှောင်ညိသျှောင်ညှက်ဖြင့် ယောက်ျားယူဖို့အရေး ဆွေးနွေးငြင်းခုံခဲ့ကြသော ပန်းသုံးပွင့်သည် မနက်ကျတော့ သူတို့မဟုတ်တော့သလို မာန်ကလေးဝံ့ဝံ့ ဟန်ကလေး စွင့်စွင့်ဖြင့် လုပ်ငန်းခွင် ဝင်ကြရပါသည်။

ဆောင်းက သူ့ထုတ်ဝေသူနှင့် စကားပြောနေချိန်မှာ မေခက ဟန်းဖုန်းတစ်လုံးဖြင့် သတင်းလိုက်ဖို့ကိစ္စပြောရင်း သူ့ဂျာနယ်တိုက်သို့ ထွက်သွားပြီး သံစဉ်ကလည်း စမတ်တကျလေး ပြင်ဆင်ကာ ကုမ္ပဏီသွားဖို့ အပေါ်ထပ်မှ ဆင်းလာပါသည်။

ဆောင်းနဲ့စကားပြောနေသော ထုတ်ဝေသူက သံစဉ့်ကိုပါ လှမ်းပြုံးပြရင်း ...

"ဆောင်းတို့သူငယ်ချင်းသုံးယောက်က သိပ်ချစ်ကြပုံပဲနော်၊ သုံးယောက်လုံးလည်း ထက်မြက်ကြပုံပဲ၊ အင်းပေါ့လေ

www.foreverspace.com.mm

ဒါကြောင့်လည်း ခုထိ အိမ်ထောင်ရေးကိုမစဉ်းစားကြသေးတာနေမှာပေါ့၊ တော်ရုံလူကိုလည်း ဘယ်အိမ်ဦးနတ်နေရာထားချင်ပါ့မလဲ”

ဆောင်းက ပြုံးရုံကလေးသာပြုံးနေရကာ ရင်ထဲက အမှန်တရားကိုဖွက်ထားရပါသည်။ ခုလိုချိန်မှာ ကိုယ့်စိတ်ထဲက ‘အရူးအမူး’ တို့၊ ‘ရင်ခုန်သံ’ တို့ကို ပြောပြလိုက်လျှင် ဆောင်း ထုတ်ဝေသူက ‘ကြောင်ပါ့’ ဟု ထင်ချင်ထင်သွားနိုင်တာမို့ ဟန်ကိုယ့်ဖို့ကလေးသာ နေလိုက်ရသည်။

သံစဉ်ကတော့ ပြုံးပြုံးကလေးဖြင့် အနားရောက်လာကာ...

“မသိတာ ပြောသလိုပါပဲ၊ သံစဉ်တို့မှာ တစ်နေ့တစ်နေ့ ကိုယ့်အလုပ်နဲ့ကိုယ်ရှုပ်နေတာနဲ့ အဲဒီအချစ်ရေး အိမ်ထောင်ရေးကိစ္စတွေ ခေါင်းထဲမထည့်နိုင်ဘူး ဖြစ်နေတာ”

ဟု ဆောင့်ကြွားကြွားကလေးဝင်ပြောပြီး ဆောင်းကိုတော့ မျက်စိတစ်ဖက်မှိတ်ပြခဲ့ကာ အလုပ်သွားဖို့ထွက်လာပါသည်။

ဒီနေ့ သံစဉ်ချို့တို့ကုမ္ပဏီက တင်သွင်းလာသည့် အလှကုန်ပစ္စည်းတချို့ promotion လုပ်ရမည့် အစီအစဉ်ကို FMI center မှာလုပ်မှာမို့ ကုမ္ပဏီသို့ ခပ်စောစောထွက်လာခဲ့ရတာပင်။

www.foreverspace.com.mm



ကုမ္ပဏီရောက်တော့ စီစဉ်စရာရှိတာ စီစဉ်ပေးပြီး ပွဲကျင်းပမည့် FMI စင်တာသို့ ကုမ္ပဏီကပေးထားသောကားဖြင့် ထွက်လာခဲ့လိုက်ရပါသည်။

သံစဉ်ရောက်ပြီး သိပ်မကြာခင်မှာ ဖိတ်ကြားထားသော အနုပညာနယ်က လူတွေရော customer တွေပါ တဖွဲဖွဲ ရောက်လာကြသည်။

သံစဉ်က ကုမ္ပဏီမှာ အလုပ်လုပ်တာလည်းကြာ၊ ပစ္စည်းသစ်တွေဝင်တိုင်းလည်း အနုပညာရှင်တွေ၊ စာနယ်ဇင်းက လူတွေကိုဖိတ်ကြားကာ လက်ဆောင်ပစ္စည်းသစ်တွေကို စမ်းသုံးဖို့ လက်ဆောင်ပေးလိုက်မြဲမို့ အနုပညာသမားတော်တော်များများနဲ့ သိကျွမ်းရင်းနှီးနေပါသည်။ သံစဉ်က ဧည့်သည်တွေကိုနှုတ်ဆက် ရင်း ပစ္စည်းသစ်တွေအကြောင်း ရှင်းပြနေဆဲ သံစဉ့် နောက်နား ဆီက နှုတ်ဆက်သံကြားရသည်။

"မမ သံစဉ်"

တက်သစ်စ မော်ဒယ်ကောင်မလေးက အဝေးက ပင် လှမ်းခေါ်ကာ ရယ်မောလက်ပြ နှုတ်ဆက်နေသည်။

အဲဒီမော်ဒယ်မလေး ဝင့်ဝါဝေဟာ ခုမှ တက်သစ်စ၊ နာမည်လည်းသိပ်မရသေး၊ ကြော်ငြာ တစ်ခု နှစ်ခုနှင့် ဗီစီဒီ သီချင်း တစ်ပုဒ် နှစ်ပုဒ်လောက်သာ ရိုက်ရသေးသော်လည်း ပွဲ

www.foreverspace.com.mm

တော်တော်များများမှာ နှုတ်သွက်လျှာသွက်ဖြင့် လူတိုင်းကို ခင်အောင် ပေါင်းနိုင်သူပင်။

သံစဉ်က ဝင့်ဝါဝေကို လက်ပြန်ပြလိုက်ပြီး ပြုံးပြ နှုတ်ဆက်ရသည်။ သံစဉ် ညှော်သည်နှင့် စကားပြောပြီးချိန်မှာ ကောင်မလေးက အနားရောက်လာပြီး ...

"မမသံစဉ် ဒီနေ့သိပ်လှတာပဲ၊ မီးထက်တောင် လှသေးတယ်၊ မမသံစဉ်ကိုတွေ့ရင် မီးအမြဲအရှုံးပေးနေရတော့တာပဲ၊ မမဆံပင်လေးတွေလိပ်ထားတာ သိပ်လှတာပဲ၊ မီးတောင် အဲ့လိုလိပ်ချင်နေတာကြာပြီ၊ မီးနဲ့လိုက်ပါ့မလားစဉ်းစားနေတာ၊ မမသံစဉ်နဲ့တော့ အရမ်းလိုက်တယ်သိလား၊ ဘယ်မှာလုပ်တာလဲဟင်၊ မမသံစဉ်တို့ Beauty spa မှာပဲလုပ်တာလား၊ ဩော် ... မမသံစဉ်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ မီးရဲ့ကာဆင်လေ၊ ဟံသာနိုင်တဲ့၊ ကိုကိုဒါ ဒီအလှကုန်တွေ တင်သွင်းတဲ့ကုမ္ပဏီက မန်နေဂျာ မမသံစဉ်ချို၊ မီးထက်တောင် လှသေးတယ် တွေ့လား"

ဝင့်ဝါဝေက သူ့ထုံးစံအတိုင်း သူ့မေးခွန်းရဲ့အဖြေကိုလည်း မစောင့်ဘဲ ဆက်တိုက်ပြောချမိတ်ဆက်ပေးလိုက်တော့မှ သံစဉ်က ဝင့်ဝါဝေရဲ့နောက်နားမှာ ရပ်နေသော သူ့ကို သတိပြုမိသွားပါသည်။

www.foreverspace.com.mm

သူ့ညီမက သွက်သလောက် သူက အေးဆေးပုံရကာ သံစဉ့်ကို ပြုံးရုံသာပြုံးပြနေပါသည်၊ သူ့အပြုံးက ဖြူစင်ရိုးဖြောင့်လိုက်တာဟုသော အတွေးကို တွေးမိသောခဏမှာ သံစဉ်သူ့ကို နည်းနည်း စိတ်ဝင်စားသွားပါသည်။

ဒီအသက်အရွယ် ဒီလိုအနေအထားမှာတော့ သံစဉ်က ပတ်ဝန်းကျင်မှာ မျက်စိကိုဖွင့် နားကိုစွင့်ထားတတ်ပြီ။ ကိုယ်နဲ့ မတိမ်းမယိမ်း ယောကျ်ားတစ်ယောက်ယောက်နဲ့ ဆုံမိတာနဲ့ သူဘယ်လိုလူလဲ၊ ငါနဲ့ အဆင်ပြေလောက်မလား၊ ငါ့ကိုစိတ်ဝင်စားတဲ့ အရိပ်အယောင် ရှိသလားရယ်လို့ အကဲခတ်တတ်လာပြီ။

တချို့ကိုကျတော့လည်း အတွေးထဲမှာတောင် စိတ်ကူးကြည့်လို့မရ၊ တချို့ကျတော့ အတွေးထဲမှာ စိတ်ကူးလို့ရပေမယ့် လက်တွေ့မှာ ဘယ်လိုမှ အဆင်မပြေနိုင်တဲ့ အခြေအနေတွေကို သိမြင်လာကာ ဟင်ခနဲ နောက်ဆုတ်ကျောခိုင်းပစ်ရတာတွေလည်း ရှိသည်ပင်။

သူကတော့ သံစဉ့်အမြင်မှာ နည်းနည်းထူးခြားနေပါသည်။ ပုံမှန်အတိုင်းဆို ယောကျ်ားတော်တော်များများဟာ သံစဉ့်ကို တွေ့လိုက်တာနဲ့ စိတ်ဝင်တစား အာသွက်လျှာသွက် တက်ကြွလာတတ်ပေမယ့် သူကတော့ ငြိမ်သက်အေးဆေးလွန်းသည်။

သူ့ပုံစံဟာ ညီမဖြစ်သူကို အလိုလိုက်အနွံ့အတာခံ

www.foreverspace.com.mm

တတ်သည့် သဘောကောင်းကောင်းအစ်ကိုကြီးပုံစံမျိုးပေါက်နေကာ သံစဉ့်ကို ကြည့်ပုံ ပြုံးပုံကလည်း ရိုးသားလွန်းနေသည်။ အဲဒီလို အပြုံးမျိုး အကြည့်မျိုး မတွေ့ဖူးတာကြာပြီ။

အဲ . . . တစ်ခု အံ့သြဖို့ကောင်းတာက ညီမဝမ်းကွဲတစ်ယောက်ကို ဒီလိုပွဲမျိုးကို စိတ်ရှည်လက်ရှည်ပို့ပေးနိုင်ခြင်းပင်။ အများအားဖြင့်ကတော့ ဒီလိုပွဲမျိုးကို ကျား၊မ တွဲလာတောင် မောင်နှမတော့ မဟုတ်၊ စုံတွဲတွေသာများပါသည်။ ကြည့်ရတာတော့ သူနဲ့ ဝင့်ဝါဝေဟာ တကယ်ပဲ မောင်နှမပုံစံ ရိုးရိုးသားသားပင်။ ရုပ်ချင်းကလည်း ခပ်ဆင်ဆင်။

"ကိုကိုက သိပ်ညှဉ်းလို့ကောင်းတာ မမသံစဉ်ရဲ့၊ သူ့ကိုဆို ညီမတွေက ဝိုင်းပြီးနှိပ်စက်နေကျ၊ ခုလည်း မီးကို ဒရိုင်ဘာလုပ်ပေးဖို့ ကိုကို့ကို ချောဆွဲလာတာ၊ ဟယ် . . . ဟိုမှာ မိတ်ကပ်တွေလိမ်းပေးနေတာလား၊ မက်စ်ကာရာလည်း အသစ်ဝင်တယ်ဆို၊ မီးနည်းနည်းသွားပြင်ကြည့်လိုက်ဦးမယ်၊ ခဏနော်ကိုကို၊ မမသံစဉ်နဲ့ ခဏစကားပြောနေလိုက်ဦးနော်"

"အေး... အေးပါ၊ သွား... သွား အေးဆေးဆေးဆေးလုပ်"

သူ့ပြောပုံက ရိုးသားရင်းနီးလွန်းတာမို့ မောင်နှမဆိုတာကိုတော့ သံစဉ် ယုံသွားပါသည်။

www.foreverspace.com.mm

သူက သံစဉ်ဘက် ပြန်လှည့်လာကာ ...

"လုပ်စရာရှိတာသွားလုပ်ပါခင်ဗျ၊ ကျွန်တော့်ကို သက်သက် စောင့်ခံမနေပါနဲ့၊ ကျွန်တော် ဟိုဘက်နားကပဲ ရပ်စောင့်နေလိုက်ပါ့မယ်"

သူက ယဉ်ယဉ်ကျေးကျေး နူးနူးညံ့ညံ့ပြောပြီး လူအုပ်နှင့် ခပ်ဝေးဝေးမှာ သွားရပ်နေလိုက်သည်။ သံစဉ်က သူ့ကို စိတ်ဝင်စားခဲ့ပြီမို့ သူ့အနားသွားကာ ...

"ရှင်တစ်ယောက်တည်း ကြောင်နေမှာပေ့ါ ကိုဟံသာနိုင်"

"ရပါတယ် ခင်ဗျ"

သူက ခေါင်းလေးညိတ်၍ပြောရင်း သူ့ညီမ မျက်တောင်ကော့နေတာကို ခပ်ပြုံးပြုံးလှမ်းကြည့်နေတာမို့ သံစဉ်က ရယ်ချင်သွားမိကာ ...

"ကိုဟံသာနိုင်က ညီမကို ဒီလိုပဲ လိုက်ပို့ပေးနေကျလား"

"ဟုတ်ကဲ့ခင်ဗျ၊ ငယ်ငယ်လေးကတည်းက သူငယ်ချင်းလို ရင်းနှီးလုံးထွေးနေလာခဲ့တာဆိုတော့ ဒီလိုပဲတတွဲတွဲသွားဖြစ်နေတာ၊ ကျွန်တော်က တစ်ဦးတည်းသော သားလေ၊ အရင်းအချာမရှိတော့ ဝမ်းကွဲတွေနဲ့ပဲ အဖော်လုပ်နေတာပဲ၊ ခုလို ပိတ်ရက်မျိုးဆို ကျွန်တော့် အားလပ်ရက်ကို သူတို့ အပိုင်စီးကြပြီလေ"

www.foreverspace.com.mm

"ကိုဟံသာ့အလုပ်က ..."

"ကျွန်တော်က ဗီဒီယိုထုတ်လုပ်ရေးတစ်ခု စလုပ်နေတယ် ခင်ဗျ၊ advertising ကုမ္ပဏီလည်းဖွင့်ထားတယ်၊ တချို့ ကုမ္ပဏီတွေရဲ့ကြော်ငြာကိစ္စတွေကို တာဝန်ယူဆောင်ရွက် ပေးရတာပေါ့၊ ဟိုတလောက လာတဲ့ အချိုရည်ကြော်ငြာ လေး ကြည့်ဖြစ်လား မသိဘူး၊ ညီမလေးနဲ့ မော်ဒယ် မင်းကောင်းခနဲ့ ရိုက်ထားတာလေ"

"သြော် ... ဟုတ်ကဲ့၊ ကြည့်ဖြစ်ပါတယ်၊ fancy အချိုရည် ကြော်ငြာ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒီကြော်ငြာက ကျွန်တော်တို့ပဲ စီစဉ်ပြီး ရိုက်ပေးရတာ၊ မဂ္ဂဇင်းတွေ ဂျာနယ်တွေထဲက ပုံတွေနဲ့ လမ်းဆုံက ဗီနိုင်းဘုတ်တွေအတွက်လည်း ကျွန်တော်တို့ပဲ စီစဉ်ပေးရတာလေ"

"သြော် ... ဟုတ်လား၊ အဲဒီကြော်ငြာလေး မဆိုးဘူးနော်၊ ဝင့်ဝါသရုပ်ဆောင်တာလည်း ကောင်းတယ်၊ မင်းကောင်းခ ကလည်း အသစ်ကလေးပေမယ့် တော်တော်လုပ်နိုင်သားပဲ"

"ဟုတ်လား ... အဲဒီလိုမြင်ရင် မဆိုးဘူးပေါ့ဗျာ၊ ကျွန်တော် ရွေးတဲ့ မော်ဒယ်ဆိုတော့ အဆင်မှပြေပါ့မလား စိတ်ပူနေ တာ"

www.foreverspace.com.mm



သူ့မော်ဒယ်ကို အကောင်းပြောလိုက်တာမို့ သူ့ပုံစံက ပိုပြီးကြည်လင်တက်ကြွလာသလိုပင်။

"မင်းကောင်းခကို မသံစဥ်ချို ဘယ်လိုမြင်လဲဗျ"

"သံစဥ်ပဲ ခေါ်ပါရှင်"

"ဟုတ်ကဲ့ . . . သံစဥ့် ထင်မြင်ချက်လေး ပြောပါဦး . . . မင်းကောင်းခက အလားအလာ ရှိရဲ့လားဆိုတာ"

"ရှိပါတယ် ကိုဟံသာ၊ ဒီကောင်လေးပုံစံက လူငယ် ဆိုပေမယ့် ပိန်ပိန်နုနုပုံစံမျိုးလေးမဟုတ်ဘူး၊ ယောကျ်ားပီပီသသ ခန့်ခန့်ထည်ထည် ပုံစံမျိုးဆိုတော့ နည်းနည်းထူးခြားတယ်၊ ဆွဲဆောင်မှုလည်းရှိတယ်"

"ကျွန်တော်က အဲ့ဒါမျိုးမှ ကြိုက်တာ"

"ရှင် . . ."

"သြော် . . . အဲဒီလိုပုံစံမျိုးကို သဘောကျလို့မင်းသား တင်ရိုက်ဖို့ ဆုံးဖြတ်လိုက်တာကို ပြောတာပါ"

"ရှင် ဆုံးဖြတ်ချက်က မှန်မှာပါ၊ ကောင်လေးကြည့်ရတာ အလားအလာ ရှိပါတယ်"

သူက ပြုံးလိုက်ပြန်ပါသည်။ သူ့အပြုံးက သူစိုက်တဲ့ ပန်းပင်ဆီက ပွင့်လာတဲ့ပန်းကလေးကို သူများချီးကျူးတာကြားလို့ ပီတိကျနေတဲ့အပြုံးမျိုး။ သူ့ကြည့်ရတာ စိတ်စေတနာကောင်းမယ့် ပုံမျိုးပဲဟု သံစဥ်က မှတ်ချက်ချမိပါသည်။

www.foreverspace.com.mm

"ကိုကိုရေ ... ဒီမှာကြည့်ပါဦး၊ မီး လှရဲ့လား"

ဝင့်ဝါဝေက ရုတ်တရက်အနားရောက်လာကာ မေးလိုက်တော့ သူက သူ့ညီမကို ပြုံးကြည့်ရင်း ...

"လှပါတယ် ... လှပါတယ်၊ ဒါပေမယ့် မျက်ခုံးမွေးဆွဲထားတဲ့ အရောင်က နင်နဲ့မလိုက်ဘူး"

သူပြောမှ သံစဉ်က ဝင့်ဝါဝေကိုလှမ်းကြည့်မိကာ ...

"ဟုတ်တယ် ညီမရဲ့ ညီမက Natural color ခပ်ညိုညိုလေးနဲ့ပဲ လိုက်တာ၊ အနက်နဲ့ဆွဲထားတော့ ရုပ်ရင့်သလို ဖြစ်သွားတယ်"

"ခုန ပြင်ပေးတဲ့ အစ်မကလည်း အညိုနဲ့ပဲဆွဲမယ်ပြောပါတယ်၊ မီးက ရှည်ပြီး အမည်းနဲ့ဆွဲခိုင်းလိုက်တာ၊ ပြန်ဖျက်ပြီး ပြန်ဆွဲရင် ကောင်းမယ်နော် ကိုကို"

"နင့်သဘောပဲလေ၊ ဒါပေမယ့် နောက်တစ်နေရာသွားချင်သေးတယ်ဆို၊ အချိန်မရဘဲနေဦးမယ်"

"အင်း ... ဒါလည်း ဟုတ်တာပဲ၊ မမသံစဉ် မီးတို့သွားတော့မယ်နော်"

"ကောင်းပါပြီ ညီမရယ်"

"သွားပါဦးမယ် ခင်ဗျ"

"ဟုတ်ကဲ့ပါရှင်"

www.foreverspace.com.mm



သူ့ရဲ့ရိုးရိုးသားသား ကြင်နာရေရွတ်ဆက်သွားပုံဟာ သံစဉ့်အပေါ် ဘာကြိုးမှ ငင်သွားပုံမရတဲ့ပုံမျိုးမို့ သံစဉ်မှာ အံ့လည်း အံ့သြ၊ မခံချိမခံသာလေးလည်းဖြစ်ကာ ကျန်ရစ်ရပါသည်။

ရှေ့ဆက်မိတ်ဆွေဖြစ်ဖို့ ဘာကြိုးမှ ချမသွားတာမို့ သူ့ကြည့်ရတာ သံစဉ်နဲ့ ရှေ့ဆက်ပတ်သက်ဖို့ လိုလိုလားလားမှ ရှိရဲ့လားဟု တွေးမိနန်းချိသွားပါသည်။

သို့သော် တစ်ဖက်က သူ့ကိုသဘောကျမိသည်မှာ သံစဉ်နဲ့ပတ်သက်ဖူးတဲ့လူတွေနဲ့ လားလားမှ မတူခြင်းပင်။

သူဟာ သံစဉ်မျှော်လင့်တဲ့ ယောကျ်ားမျိုးပဲလား ...။

❋ ❋ ❋

www.foreverspace.com.mm

※ ※ ※

"သတင်းထူးပါတယ် … သတင်းထူးပါတယ်၊ ဟဲ ဟဲ"

လက်ဖက်တစ်ပန်းကန်ကို နယ်ဖတ်နေသော သံစဉ်ချိုက ပြုံးစိစိနှင့် စကားစလာတာမို့ မေခက နယ်လက်စ လက်ဖက်ပန်းကန်ထဲကို ဇွန်းထိုးကာ လုယက်ခပ်စားလိုက်ရင်း …

"ဘာသတင်းထူးလဲ၊ နင့်ရည်းစားဟောင်းတွေ အိမ်ထောင်ကျတဲ့ သတင်းထူးလား"

"အဲဒီသတင်းဆို သတင်းထူးမဟုတ်တော့ဘူး၊ သတင်းရိုးဖြစ်နေပြီ၊ ဟဲ့ … လက်ဖယ်စမ်းပါ၊ ဒီမှာ သုပ်လို့မပြီးသေးဘူး"

သံစဉ်က ပန်းကန်ထဲ လာလာရှုပ်နေသည့် မေခလက်ကို တွန်းပစ်လိုက်ပြီး လက်ဖက်ကို အပေါ့အငန်အရသာ မြည်းပြီးမှ အားလုံးအလယ်မှာ ချပေးလိုက်သည်။

ဆောင်းနဲ့မေခက လက်ဖက်ပန်းကန်ထဲ ခေါင်းစိုက်နေတော့မှ သံစဉ်က ချောင်းတစ်ချက်ဟန့်ရင်း …

www.foreverspace.com.mm



"ဒီနေ့ ငါလိုချင်တဲ့ ယောကျ်ားမျိုး တွေ့ခဲ့တယ်ဟ"

"ဟမ် ... ဟုတ်လား၊ တကယ်လား"

မေခတို့က ခုမှ လက်ဖက်ပန်းကန်ထဲက ခေါင်းထောင်ထလာကာ အငမ်းမရ မေးလိုက်ကြသည်။

"တကယ်ပေါ့၊ ငါ သူ့ကို သိပ်သဘောကျတာပဲ"

"နင်က စပြီးတော့လား"

"အေး . . . ငါကစပြီးသဘောကျတာ၊ သူ့ကြည့်ရတာတော့ ငါ့အပေါ် ခပ်ရိုးရိုးပါပဲ"

"အံမယ် ... ဒါမျိုးယောကျ်ားလည်း ရှိသေးသလား"

"နင်ကစပြီး သဘောကျတာ ဒါ ပထမဆုံးမဟုတ်လား"

"ဟုတ်တယ်"

သံစဉ်က ခပ်ပြုံးပြုံး ခေါင်းညိတ်တော့ မေခနဲ့ဆောင်းက တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိရင်း မျက်လုံးပြူးပြုလိုက်ကြသည်။

သံစဉ်ချို့ရာဇဝင်မှာ သူကစပြီး စိတ်ဝင်စားရတာမျိုး ရှိမှမရှိခဲ့ဘဲ။ သံစဉ်ချိုတွေ့သမျှ ယောကျ်ားတော်တော်များများဟာ သူတို့ကပဲ စတင်ကာ သံစဉ်နဲ့နီးစပ်ဖို့ နည်းအမျိုးမျိုးနဲ့ ချဉ်းကပ်ကြတာသာရှိသည်။ သံစဉ့်နှုတ်ဖျားကနေ ဘယ်သူ့ကိုတော့ဖြင့် မြင်မြင်ချင်း သဘောကျမိတယ်ဆိုတာ မကြားစဖူး။

www.foreverspace.com.mm

"ပြောစမ်းပါဦး … ဘယ်လိုလူမျိုးမို့လို့နင်ကစပြီး …"

"သူက အရမ်းနူးညံ့ယဉ်ကျေးတယ်ဟ၊ ပြီးတော့ ငါ့ကို ဆက်ဆံပုံကလည်း အရမ်းရိုးသားတာပဲ၊ အကြည့်လေး တစ်ချက်ထဲမှာတောင် မရိုးသားတဲ့ အရိပ်အယောင်မျိုး ရှာမတွေ့ဘူး၊ သူက သူညီမ ဝင့်ဝါဝေကို ငါတို့လုပ်တဲ့ ပွဲကို လိုက်ပို့ရင်း တွေ့တာ"

"ဟင် … ဒါဆို အခြောက်ကြီးများလား"

"မေခနော် … ပေါက်ကရ မပြောနဲ့"

"ဟုတ်တယ်လေ … နင်ပဲစဉ်းစားကြည့်၊ နင့်လို ခပ်မိုက်မိုက် ပုံစံ မိန်းမမျိုးကို စိတ်မဝင်စားဘူး၊ ပြီးတော့ မိတ်ကပ် promotion ပွဲကို ယောကျ်ားတန်မဲ့ လာရဲတယ်ဆိုတော့ အခြောက်ကြီးပဲ နေမှာပေါ့"

"ကဖျက်ယဖျက် ဝင်မပြောစမ်းပါနဲ့ မေခရယ်၊ ဆက်ပြော ပါဦး သံစဉ်၊ ဆောင်း စိတ်ဝင်စားတယ်၊ သူနဲ့ သံစဉ်နဲ့ နောက်ထပ်ဆက်သွယ်လို့ရော ရနိုင်လား"

"အဲဒါခက်တာပေါ့၊ သူက ဖုန်းနံပါတ်လေးတောင် တောင်း မသွားဘူးဟာ"

"ဒါပေမယ့် စိတ်မပျက်ပါနဲ့၊ သံစဉ် သူနဲ့ထပ်တွေ့ဖို့ စိတ် သိပ်ထက်သန်နေရင် တွေ့ကိုတွေ့ဦးမှာပါ၊ စိတ်မှာ တန်ခိုး

www.foreverspace.com.mm



တစ်စုံတစ်ရာတော့ရှိတာပဲ သံစဉ်ရဲ့"

"Romantic မမတို့ကတော့ ဝတ္ထုထဲက စာသားတွေ ရွတ်ပြပြန်ပြီ"

"နင်မယုံနေပေ့ါမေခ၊ ငါက အကောင်းပြောတာ"

"နင်က သိပ်စိတ်ကူးယဉ်ဆန်နေတာ"

"ငါက စိတ်ကူးယဉ်ဆန်တယ်ပဲထားပါတော့၊ နင်ကျတော့ ရက်စက်တတ်တာ"

"ဘာ ... ငါက ဘာရက်စက်လဲ"

"ယောကျ်ားတစ်ယောက်ကို လက်မလေးတစ်ချောင်းကြောင့် ရက်ရက်စက်စက် ကျောခိုင်းပစ်လိုက်တာလေ"

ဆောင်းက မေခမျက်နှာရှေ့သို့ လက်မတစ်ချောင်း ဆန့်ထုတ် ကပ်ထောင်ပြလိုက်ရင်း ပိဿာလေးဘေးပစ် ပြောချလိုက်ပါသည်။

ဆောင်းစကားက မေခရဲ့အရှိက်ကို တည့်တည့်မှန်သွားတာမို့ မေခက လက်ဖက်ကို ခေါင်းမဖော်တမ်း ခပ်စားရင်း နှုတ်ပိတ်နေလိုက်ရပါသည်။

မေခလည်း အဲဒီကိစ္စကိုပဲ စဉ်းစားနေမိတာ။

မင်းဝေ့ကို မေခ ဘယ်မေ့နိုင်ပါဦးမလဲ ...။

သူမှာက ခြေရှုပ်တိုက်လျှောက်တတ်သည့်သူတွေလို

www.foreverspace.com.mm

မောဟစရိုက်လည်းမရှိ၊ ကြမ်းကြမ်းတမ်းတမ်း အော်ကျယ် အော်ကျယ် ဒေါသစရိုက်မျိုးလည်းမရှိဟု မေခထင်ပါသည်။ အမြဲတမ်း စိတ်ကြည်ကြည်လင်လင်ထားနိုင်သူ၊ အကောင်းမြင်စိတ်ကလေး လည်းရှိသူ၊ လူတွေအပေါ် နားလည်စာနာမှုအပြည့်ရှိသူမို့ သူ့ရုပ် ကလေးကိုက ကြည်လင်နေတတ်သည်။

သူက မေခ အလုပ်လုပ်သည့် ဂျာနယ်တိုက်က ရှယ်ယာဝင်တစ်ယောက်ရဲ့သူငယ်ချင်းမို့ မေခတို့ဂျာနယ်တိုက်ကို လာရင်း ဆုံတွေ့ခဲ့တာပင်။

နောက်တော့ သူက မေခဖုန်းနံပါတ်ကို သူ့သူငယ် ချင်းဆီမှာ မေးပြီး မေခဆီဖုန်းဆက်ဇာတ်လမ်းစ၊ ရုံးကိုခဏခဏ လာ၊ ဒီလိုနဲ့ နှစ်ယောက်တည်း အပြင်မှာတွေ့ဖို့ အစီအစဉ် စတင်မိသောနေ့မှာမှ မေခက သူ့လက်မကို တွေ့ခဲ့ရပါသည်။

လက်မပြဿနာ ပေါ်ပေါက်မလာခင်အထိတော့ မေခက သူ့ကို သဘောကျမိပါသည်။

ခုတော့ သူ့အကြောင်းတွေးမိတိုင်း အဲဒီလက်မကြီး က ကန့်လန့်ပေါ်လာကာ မေခစိတ်ပျက်သွားရမြဲပင်။

လက်မကိုစိတ်ထဲက ခဏဖယ်ထားပြီး စဉ်းစားရင် တော့ သူက နှစ်သက်ဖို့ကောင်းသည်။

"ဩော် ... လက်မ ... လက်မ၊ ဒုက္ခပါပဲလား"

မေခက အသံထွက် ညည်းညူမိတော့ သံစဉ်နဲ့

www.foreverspace.com.mm

ဆောင်းက လက်ဖက်သီးသည်အထိ ရယ်သည်။

အဲဒီညမှာ သံစဉ်ချိုက ဆောင်းရဲ့ အားပေးမှုဖြင့် စိတ်ကူးယဉ်တက်ကြွနေပြီး ဆောင်းကတော့ မှန်ပြတင်းအပြင်ဘက်ဆီက မိုးစက်တွေကိုငေးရင်း ဘောလ်ပန်ဖင်ဖျားလေးကို ကိုက်ကာ ငြိမ်သက်ရင်း အထီးကျန်ခြင်းရသကိုစာဖွဲ့တွေးနေသည်။

ဆောင်းလည်း ချစ်သူလေးတစ်ယောက်တော့ ရှိချင်ပြီလေ...။

❋ ❋ ❋

www.foreverspace.com.mm

❋ ❋ ❋

"ဟဲလို ... မမသံစဉ်လား ... မီးပါ၊ ဝင့်ဝါဝေပါ"

ဘုရားရေ ... ထူးဆန်းနေပါလား ...။

သံစဉ်က ဝင့်ဝါဝေရဲ့ အသံကို အကြားမှာ ရင်ထဲ ဒိတ်ခနဲပင် ခုန်သွားပါသည်။

ထူးတော့ထူးဆန်းတာပင်။ ဝင့်ဝါဝေဟာ သံစဉ်နဲ့ ခင်မင်သိကျွမ်းတယ်ဆိုပေမယ့် ပွဲတွေမှာဆုံတွေ့ရုံ၊ စကားပြော ဖြစ်ကြရုံ အနေအထားမှာသာရှိပါသည်။ ကိုယ်ရေးကိုယ်တာကိစ္စ အတွက် ဖုန်းဆက်ကြ၊ အပြင်မှာတွေ့ကြဆိုတာမျိုးလည်း မရှိခဲ့ ဖူးပါ။

ခုကျမှ သံစဉ့်ဆီဖုန်းဆက်လာ၊ ဟံသာနိုင်ရဲ့ညီမ ဟူသောအသိကလည်း စိတ်ထဲဝင်နေပြီမို့ ဘာများလဲဟု ရင်ထိတ် ခုန်ရတာပင်။

www.foreverspace.com.mm



“မမသံစဉ်ရေ … မမသံစဉ်ကို ဘုရားအနေကဇာတင်ပွဲလေး ဖိတ်ချင်လို့၊ ပွဲက သံစဉ့်အိမ်မှာတော့မဟုတ်ဘူး၊ ကိုကိုတို့ အိမ်မှာလုပ်မှာ၊ ပွဲဆိုပေမယ့် လူအများကြီးဖိတ်တဲ့ပွဲတော့ မဟုတ်ပါဘူး၊ အိမ်နီးချင်းနည်းနည်းနဲ့ ခင်ရာမင်ရာလောက် ပဲ ဖိတ်တာလေ၊ အဲဒါ မမသံစဉ် ဆက်ဆက်လာခဲ့ပါနော်၊ မမသံစဉ်အကြောင်း မီး ခဏခဏပြောနေလို့ ကိုကို့အိမ်က လူတွေက မမကို တွေ့ချင်နေကြတာ၊ ဖိတ်စာမရိုက်ထား လို့ ဖိတ်စာတော့ မပို့ဖြစ်ဘူးနော်၊ အိမ်လိပ်စာပြောမယ်၊ မမသံစဉ် မှတ်ထားပေး၊ မီးက ညနေကျ မီးမိတ်ဆွေ ပရိဂျူဆာတစ်ယောက်ရဲ့ပွဲတစ်ပွဲသွားစရာရှိလို့ နည်းနည်း တော့ နောက်ကျမယ်၊ အဲဒီကပြီးတာနဲ့ တန်းလာခဲ့လိုက် မယ်၊ မီးကို စောင့်နေနော်”

ဝင့်ဝါဝေက ထုံးစံအတိုင်း သူ့အရှိန်နှင့်သူ ဆက် တိုက်ပြောချသွားတာမို့ သံစဉ်တောင် သူ့အစား မောသွားပါသည်။

လိပ်စာလိုက်မှတ်နေရပေမယ့် ရင်ထဲ မတင်မကျနှင့် ကသိကအောက်ကြီး ဖြစ်နေသည်။

ခုမှ သံစဉ့်ကို ဇွတ်ကြီးရင်းနှီးမှုယူလာတာ သိပ် သိသာသည်။

ဘယ်တုန်းကမှ ကိုယ်ရေးကိုယ်တာ ပတ်သက်မှု

www.foreverspace.com.mm

မရှိခဲ့ဘဲ ခုမှ ရင်းနှီးပတ်သက်ဖိတ်ကြားလာပုံကိုထားပါဦး။ ဖိတ်တဲ့သူက ဘာဖြစ်လို့ ကာယကံရှင်မဖြစ်ရတာလဲ။ ကိုကိုက တွေ့ချင်တယ်ဆိုတာ မပါဘဲ ကိုကို့အိမ်ကလူတွေက ဘာလို့ အခြောက်တိုက် တွေ့ချင်နေရတာလဲ။

နိုးကြားတက်ကြွလှုဆဲဆဲ နှလုံးသားဟာ ဝင့်ဝါဝေရဲ့အချိုးမကျလှတဲ့ ဖိတ်ကြားမှုကြောင့် ခုန်ရမလို မခုန်ရမလို ဇဝေဇဝါကြီး ဖြစ်သွားသည်။

ဟံသာနိုင်နဲ့ ရင်းနှီးမှုရအောင်လုပ်တာတော့ သေချာသည်။ သို့သော် အဲဒီလိုလုပ်မယ်ဆိုလည်း အိမ်အထိဖိတ်ကြားဖို့၊ မိဘထံပေါက်ကြားဖို့အဆင့်အထိတော့ မလိုအပ်သေး။ အပြင်မှာပဲ တွေ့ဆုံစားသောက်လို့ရတာပဲ ။

အဲဒီလိုမှ မလုပ်ချင်လို့ အိမ်ကိုဖိတ်ချင်သပဆိုလည်း ကာယကံရှင်က ဘယ်သွားသေနေလဲဟု သံစဉ်က စိတ်ပေါက်ပေါက်ဖြင့် တွေးကာ အလိုမကျဖြစ်နေရသည်။

"မမသံစဉ်ရေ... ဒါပဲနော်၊ ဆက်ဆက်လာခဲ့နော်"

"နေ... နေဦး... ဝင့်ဝါ"

ဝင့်ဝါဝေ ဖုန်းချလုဆဲဆဲမှာ သံစဉ်က ကမန်းကတန်း တားမြစ်လိုက်ပါသည်။ အောင့်မထားနိုင်တော့ဘူးလေ။

"အဟင်း ... မေးစရာလေးရှိလို့ပါ၊ အရေးတော့ မပါပါဘူး၊

www.foreverspace.com.mm



အလှူက ကိုဟံသာနိုင်တို့အလှူဆိုတော့ သူနဲ့လည်း သိပ်မရင်းနှီးဘဲ တို့တစ်ယောက်တည်းသွားရင် ကြောင်နေမလားလို့လေ၊ ပြီးတော့ သူကိုယ်တိုင်ကလည်း မဖိတ်တော့"

"သြော် ... ဒါလား၊ အဟင်း ... ဟင်း ... သူက သိပ်ဖိတ်ချင်တာ မမရဲ့၊ ဒါပေမယ့် သူက မမသံစဉ်ဆီ ဖုန်းစဆက်ပြီး ဖိတ်ဖို့ကို မရဲဘူးဖြစ်နေလို့၊ မီးက သူ့ကိုယ်စား ဖိတ်ပေးရတာ၊ ကိုကိုက သိပ်ရှက်တတ် ကြောက်တတ်တဲ့သူလေ"

ဝင့်ဝါဝေဖုန်းချသွားတော့ သံစဉ့်မှာ ကြည်နူးပီတိကလေးဖြင့် ဖိုလှိုက်ကျန်ခဲ့သည်။

ဒီခေတ်ကြီးမှာ ဒီအရွယ်ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်ဖို့အရေး ဒီလိုမျိုး လန့်ရှိန်တွန့်ဆုတ်နေတဲ့အဖြစ်ဟာ တကယ့်ကို ရှားရှားပါးပါး။

သူနဲ့ ဆက်ဆံပတ်သက်မိလျှင်တော့ သံစဉ် အရင်လို အထာလေးနဲ့နေလို့ မရနိုင်ဘူးထင်သည်။ အရင်တုန်းကတော့ သံစဉ်က မာယာလေးနဲ့စိမ်းပြေလည်း ဇွတ်တိုးကာ မရှက်မကြောက်လိုက်လာသူတွေချည်းပင်။ ကိုဟံသာနိုင်နဲ့ကိစ္စမှာတော့ သံစဉ့်ဘက်က နည်းနည်းတင်းမာပြလိုက်တာနဲ့ နောက်ဆုတ် ရပ်ကျန်နေခဲ့ဖို့ သေချာသည်။ ဒီတော့ သံစဉ်ကပဲ သူ ရဲရင့်လာအောင် ချိုမြမြကလေး နေပြရင်း သူ့ကိုလက်တွဲခေါ်ယူရမှာလား။

www.foreverspace.com.mm

သံစဉ်က အတွေ့အကြုံသစ်မှာ ရင်ထိတ်ခုန်ကာ အဲဒီညတစ်ညက သိပ်တောင် အိပ်မပျော်ချင်။ ဗျူဟာအသစ်နှင့် ချစ်ရမည့်သူဖြစ်လာနိုင်သော သူ့ပုံစံယဉ်ယဉ်ကျေးကျေးလေးကိုပဲ မြင်ယောင်နေမိပါသည်။

www.foreverspace.com.mm

❈ ❈ ❈

“သံစဉ်ချိုဆိုတဲ့နာမည်ကို ကြားဖူးနေတာတော့ ကြာပါပြီကွယ်၊ ဝင့်ဝါလေးကလည်း သမီးကို မော်ဒယ်တွေထက်တောင် ဆွဲဆောင်မှုရှိကြောင်း၊ တော်ကြောင်း၊ ဆက်ဆံရေး ကောင်းကြောင်းပြောပြပါတယ်၊ ပြီးတော့ သမီးတို့ကုမ္ပဏီရဲ့ ရှယ်ယာ holder တစ်ယောက်က အန်တီ့သူငယ်ချင်းလေ၊ သူကလည်း သူ့မန်နေဂျာ သိပ်တော်ကြောင်း ပြောပြထားလို့ကြားဖူးနေတာ”

“ဟိုတစ်နေ့ကမှ ဝင့်ဝါကို သားလိုက်ပို့ရင်း သမီးနဲ့တွေ့ခဲ့တယ်ဆိုတာ စကားစပ်မိတာနဲ့ ဝင့်ဝါကိုဖိတ်ခိုင်းလိုက်ရတာ၊ စား . . . စားသမီး၊ မုန့်ဟင်းခါးကတော့ စပါယ်ရှယ်ပဲ၊ ဘက်တီရေ . . . သမီးလေးဖို့ ငါးဖတ်ကလေးတွေ ရွေးထည့်ပေးပါဦး”

www.foreverspace.com.mm

ဟံသာနိုင့်မိခင်ကြီးက တပြုံးပြုံးနှင့် သံစဥ့်အနားပဲ ကပ်ကာကပ်ကာ အထူးဧည့်ခံမှုပြုနေတာမို့ သံစဥ့်စိတ်ထဲမှာ ကျေနပ်ထူးဆန်းအံ့သြမှုတွေ ပေါင်းစည်းပြည့်နှက်လာရပါသည်။

ကိုဟံသာနိုင့်အမေဟာ ကိုဟံသာနိုင်လိုတော့ ခပ်အေးအေးပုံစံမျိုးမဟုတ်ပါ။ အသားဖြူဖြူဝဝခန့်ခန့်၊ ခေတ် ဆန်ဆန်ပုံစံမျိုး။ နာမည်ကိုက ဒေါ်တင်မိမိခိုင်။ အတူတူနေ သူ့ညီမ နှစ်ယောက်ကလည်း ဘက်တီနဲ့ ဝင်နီတဲ့။

"အိမ်ကိုလည်း ဝင်ပါထွက်ပါ လာလည်ပါ သမီးရယ်၊ အိမ်မှာကတော့ သားကလွဲရင် မိန်းမသားချည်းပါပဲ၊ သားဖေဖေကလည်း US ရောက်နေတော့လေ။ အန်တီ သားဖေဖေဆီလိုက်သွားရင် သားက ဘက်တီတို့နဲ့ပဲ ကျန်ရစ်ရတာ၊ ရွယ်တူအဖော်လည်းမရှိတော့ သူ လည်း ပျင်းနေတာ၊ ဝင်နီရေ . . . အုန်းစိမ်းကျောက်ကျောလေး ဖြည့်ပေးပါဦး"

"ဟုတ်ကဲ့ ... မမ"

ဟံသာနိုင့် မေမေက ရွှန်းရွှန်းဝေနေသလောက် ဟံသာနိုင်ကတော့ ခပ်ဝေးဝေး အခန်းထောင့်မှာ အေးအေးဆေးဆေး ထိုင်နေပါသည်။ သံစဥ့်ကိုစကားစလာပြောဖို့ ရှက်ရွံ့တွန့်ဆုတ်နေလေသလား။

www.foreverspace.com.mm

အမေတစ်ယောက်နဲ့ အဒေါ်နှစ်ယောက်ကသာ သံစဉ့် နားမှာ ညှော်ဝတ်အကျေကြီး ကျေနေကြပါသည်။

သူတို့ သံစဉ့်ကို လိုလားပုံပြမှုတွေဟာ သိပ်သိသာ လွန်းနေတာတော့ အမှန်ပါပင်။ သားရှင်တစ်ယောက်ဟာ ဒီလို ပုံစံ ဒီလိုအနေအထားမျိုးနဲ့ ကိုယ့်သားနဲ့ရွယ်တူ မိန်းကလေး တစ်ယောက်အပေါ် သိပ်လိုက်လှဲပြနေခြင်းဟာ သူတို့သားနဲ့ ရည်စူးစိတ်ကူးလို့သာဆိုတာ မပြောလည်း သိကြမည်ပင်။

အမှန်တော့ အဲဒီလောက် လိုလို့လား။ သူတို့အနေ အထားကို အကဲခတ်ရသလောက်တော့ တော်တော်လေးပြည့်စုံ ကြွယ်ဝသည့် အနေအထားပင်။ အင်းလျားလမ်းလို နေရာမျိုးမှာ ခြံကျယ်ဝန်းကျယ်နှင့် နေနိုင်သည်။ အမေကလည်း ပညာတတ် ပုံစံမျိုး၊ အဖေကလည်း နိုင်ငံခြားမှာ စီးပွားကောင်းကောင်းရှာနိုင် နေသူ၊ သားကိုယ်တိုင်ကလည်း ကိုယ်ပိုင်စီးပွားရေးနှင့်၊ ရုပ်ရည် ကလည်း ချောချောသန့်သန့်၊ ဂေါမစွံလူပျိုကြီးစတိုင်လ်မျိုးပေါက် နေတာလည်းမဟုတ်။

သံစဉ်ကမှ လှတယ်ဆိုပေမယ့် အသက်က ၃၀ ကျော်နေကာ ကိုယ်ပိုင်အရည်အချင်းနဲ့ လခကောင်းကောင်း အလုပ် ကလွဲရင် မိဘဘက်ဂရောင်းက သူတို့လိုမျိုးမဟုတ်။ မော်လမြိုင် က သံစဉ့်မိဘတွေဟာ မကြောင့်မကျနေနိုင်သည်ဆိုပေမယ့် ဟံသာ

www.foreverspace.com.mm

နိုင်တို့လောက်တော့ မချမ်းသာ။ သံစဉ်ဆို ရန်ကုန်မှာ ရပ်တည်နေတာ ကြာပေမယ့်လည်း အိမ်ပိုင်တောင်ရှိတာမဟုတ်။ ကားကလည်း ကုမ္ပဏီက စီးခွင့်ပေးထားလို့သာ စီးနေရခြင်း ဖြစ်သည်။ သူငယ်ချင်းအိမ်မှာ ကပ်ရပ်နေရသူဟုတောင် ခပ်နိမ့်နိမ့်လေး ပြောမယ်ဆို ပြောလို့ရသေးသည်။

သံစဉ်က သူတို့ပြောတာလည်း နားထောင်၊ ကိုယ့်ဘာသာလည်းတွေးရင်း အိမ်ထဲကို ဝေ့ဝဲကြည့်ကာ အကဲခတ်မိသည်။

အလှူဆိုပေမယ့် လူများများလည်း မရှိ၊ စောစောက ပြန်သွားသည့် အန်တီကြီး နှစ်ယောက်ရယ်၊ ခုကျန်နေခဲ့သည့် သံစဉ်ရယ်ပဲ ရှိသည်။

သံစဉ်က ဧည့်ခန်းနံရံတွေဆီ လှမ်းကြည့်မိတော့ မော်ဒယ်လ် မင်းကောင်းခရဲ့ပုံနဲ့ပုံးကိုဖက်ကာ ပြုံးနေသော ဟံသာနိုင်တို့နှစ်ယောက်တွဲပုံကို မြင်ရသည်။ သူကြည့်ရတာ မင်းကောင်းခကိုတော့ တော်တော်လေး ရင်းနှီးချစ်ခင်စေတနာထားပုံရသည်။ သူ ပြုစုထားသည့် ပန်းကလေးမို့ပဲလား မသိပါ။

"စားနော် သမီး၊ အန်တီ နောက်ဘက်မှာ စီစဉ်စရာရှိတာလေးတွေ စီစဉ်လိုက်ဦးမယ်၊ သားရေ . . . လာ . . . လာ၊ သံစဉ်နဲ့ လာစကားပြောနေလိုက်ပါဦး၊ သူက တစ်ယောက်

www.foreverspace.com.mm



တည်းပဲ ခပ်အေးအေးနေတတ်တော့ မသိရင် မာနကြီးတယ်လို့အထင်ခံရတယ် သမီးရေ... ”

သူ့မေမေ ထသွားတော့မှ သူ့သားလေးက အနားမှာ လာထိုင်ပါသည်။ ခပ်ပြုံးပြုံး ထိုင်နေပေမယ့် ဘာစကားမှ မစတာမို့ သံစဉ်ကပဲ စရသည်။

“ကိုဟံသာနိုင် you က တို့ကို ဖိတ်ချင်တာမှ ဟုတ်ရဲ့လားဟင်”

“ခင်ဗျာ ... ”

“အဟင်း ... ရှင်က အိမ်ရှင်ဆိုပြီး ဧည့်ဝတ်မှ မကျေတာလေ”

“ဆောရီးပါဗျာ၊ ကျွန်တော်က ဒီလိုပဲ နေတတ်လို့ပါ၊ စောစောက မေမေတို့နဲ့ စကားပြောနေကြတာမို့လို့ပါ”

“သံစဉ်နဲ့ရှင် မိတ်ဆွေဖြစ်ဖို့ရော ဆန္ဒရှိရဲ့လား”

“ရှိပါတယ်ဗျာ၊ ကျွန်တော် သံစဉ့်ကို ခင်ပါတယ်၊ သံစဉ်နဲ့ စကားပြောရတာလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်၊ သံစဉ်က အမြင်ရှိတယ်လေ”

“ဘယ်လို အမြင်မျိုးလဲ”

“ကျွန်တော့်အလုပ်ကိစ္စတွေကအစ ဆွေးနွေးပြီး ထင်မြင်ချက်ပေးနိုင်တယ်၊ ဥပမာ မော်ဒယ် မင်းကောင်းခနဲ့ ပတ်သက်ပြီး ဝေဖန်ချက်ပေးနိုင်တာရောပေါ့”

www.foreverspace.com.mm

"ဒါဆိုလည်း ရှင် အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဝေဖန်ချက်တွေ လိုတဲ့အခါ ဖုန်းဆက်လိုက်လေ"

"ကျေးဇူးပါပဲ၊ ကျွန်တော့်ဖုန်းနံပါတ်လည်း ယူထားလေ၊ လိုအပ်တာရှိရင်လည်း ပြောပါ"

မဆိုးဘူးပဲ။ သူနည်းနည်းတော့ တိုးတက်လာသည်။ သို့သော် သူ့အကြည့်တွေ စကားတွေကတော့ ရိုးသားနေဆဲ။

"ဝင့်ဝါလည်း မလာသေးဘူးနော်"

သံစဉ်က ညည်းညူသလိုလေးပြောတော့ သူက အားနာသွားပုံဖြင့် ...

"ဒီကောင်မလေးက ဒီလိုပဲ၊ တစ်နေရာသွားမိရင် ပေါ်မလာတော့ဘူး၊ ဘယ်တော့မှလည်း ကတိမတည်ဘူး၊ သံစဉ် ပြန်ချင်နေပြီလား မသိဘူး"

"ရပါတယ်၊ သူ့ကို စောင့်လိုက်ပါဦးမယ်၊ သူ့ဆက်ဆက်လာမယ်ပြောထားတာ"

"လက်ဖက်စားဦးလေ သံစဉ်"

သူက လက်ဖက်ပန်းကန်ရှေ့တိုးပေးတာမို့ သံစဉ်က ခပ်စားနေဆဲ ဟံသာနိုင့်မေမေက ဧည့်ခန်းထဲဝင်လာကာ ...

"သမီးရေ ခုပဲ ဝင့်ဝါဖုန်းဆက်တယ်၊ သူ သမီးဖုန်းကို လှမ်းဆက်တာ ဆယ်သွယ်မှုဧရိယာပြင်ပရောက်နေလို့ အိမ်

www.foreverspace.com.mm



ဖုန်းကို ဆက်လိုက်တာတဲ့၊ သူ ပြန်လာလို့ မရသေးလို့ ပါတဲ့၊ အားနာတဲ့အကြောင်း ပြောပေးပါတဲ့၊ တောင်းလည်း တောင်းပန်ပါတယ်တဲ့"

"ရပါတယ် အန်တီ၊ သူလည်း ဟိုဘက်ကနေ အားနာလို့ ထပြန်မရတာနေမှာပါ၊ ကိစ္စမရှိပါဘူး"

"သမီး ဘာနဲ့လာလဲ"

"တက္ကဆီနဲ့ အန်တီ"

"ဒါဆို သမီးပြန်ချင်ရင်ပြောနော်၊ သားလိုက်ပို့လိမ့်မယ်၊ ပြန်ရင်းနဲ့ ဝင်စရာရှိရင်လည်း သူ့သာပို့ခိုင်း၊ အားနာစရာ မလိုဘူး"

ဟံသာနိုင့်မေမေကပြောပြီး အိမ်ထဲပြန်ဝင်သွားသည်။ သံစဉ်ကလည်း စားစရာရှိတာစား၊ ဘုရားဦးချပြန်ဖို့ နှုတ်ဆက်ရသည်။

သူက ကားသော့ဆွဲကာ သံစဉ်ကိုလိုက်ပို့ဖို့ လိုက်လာပြီးမှ ကားနားရောက်တော့ တွေဝေတုံ့ဆိုင်းနေကာ ...

"သံစဉ် ဖြစ်ရဲ့လား"

"ရှင် ... ဘာကိုလဲ"

"ကျွန်တော်နဲ့သံစဉ် နှစ်ယောက်တည်းဖြစ်နေတာ အားနာတယ်၊ သံစဉ် အနေခက်ရင်ပြောနော်၊ အန်တီဘက်တီကိုပဲ

www.foreverspace.com.mm

ဖြစ်ဖြစ် မိန်းမဖော်ရအောင် ခေါ်ခဲ့ပေးရင် ကောင်းမယ် ထင်တယ်”

သံစဉ်က တော်တော်ရယ်ချင်သွားကာ ...

“သံစဉ်က အဲဒီလို ရှိုးတိုးရှန့်တန့်ဖြစ်ရမယ့်အရွယ်မှ မဟုတ်တော့တာ၊ သံစဉ်က ရပါတယ်၊ you သာ သံစဉ်နဲ့ နှစ်ယောက်တည်းသွားရမှာကြောက်ရင် အန်တီဘက်တို့ကို ခေါ်လေ”

သံစဉ်က နောက်တောက်တောက်လေး ပြောတော့မှ သူက ကားနောက်ခန်းတံခါးကို ဖွင့်ပေးလိုက်ရင်း ...

“ရှေ့မှာ နှစ်ယောက်တွဲစီးဖို့ အဆင်မပြေရင် နောက်မှာပဲထိုင်လိုက်နော် သံစဉ်၊ ကျွန်တော့်ကို အားမနာပါနဲ့”

သံစဉ်က ခပ်ရွတ်ရွတ်နှင့် နောက်ခန်းတံခါးကို ပြန်ပိတ်လိုက်ရင်း ...

“ကျွန်မက ရှေ့မှာပဲ ထိုင်ချင်တယ်၊ ရှင် ရှေ့မှာထိုင်လို့ အဆင်မပြေရင်ပြောနော်၊ သံစဉ့်ကို အားမနာနဲ့၊ သံစဉ်က ကားမောင်းပေးမယ်၊ ရှင် နောက်မှာထိုင်လို့ရတယ်”

သူက ပြုံးရိပ်ရိပ်နှင့်ပင် ကားရှေ့ခန်းသို့ တက်လာတာမို့ သံစဉ်က မသိမသာ မျက်စောင်းချိတ်မိပါသည်။

“သံစဉ် ဘယ်ဝင်ချင်သေးလဲ၊ ကျွန်တော်ပို့ပေးမယ်လေ”

www.foreverspace.com.mm



သူက ကားကို တည်တည်ငြိမ်ငြိမ်မောင်းနေရင်းက သံစဉ့်ကိုမကြည့်ဘဲမေးသည်။ သံစဉ်က လမ်းဘေးတစ်ဝိုက်သို့ မျက်စိကစားကြည့်လိုက်တော့ ရေခဲမုန့်တွန်းလှည်းလေးကို သွားတွေ့ပါသည်။ သံစဉ်က ချက်ချင်းစိတ်ကူးရသွားကာ တွန်းလှည်းလေးဆီ လက်ညှိုးညွှန်ပြလိုက်ရင်း ...

"ဘယ်မှတော့ မဝင်ပါဘူး၊ ရေခဲမုန့်တော့ စားချင်တယ်၊ ကားခဏရပ်ပြီး သွားဝယ်ပေးပါလား"

"ရတယ်လေ"

သူက ကားကို လမ်းဘေးချရပ်လိုက်ပါသည်။

"ဝေဖာ ကန်တော့နဲ့ဟာ ဝယ်နော်"

"ကောင်းပါပြီဗျာ"

သူဆင်းသွားတော့ သံစဉ်က ကျောက်ရုပ်ကို နည်းနည်း နဲ့လို့ရပြီဟုတွေးကာ ကျေနပ်နေသည်။ အဲဒီလိုမျိုး သူ့ကို ပြန်ပို့စေချင်တာကြောင့်လည်း သံစဉ်က ရုံးကပေးထားသော သူ့ကားကို တမင် ယူမလာခဲ့တာပင်။ ခဏကြာတော့ ရေခဲမုန့် ကန်တော့လေးကို ကိုင်ကာ ကားဆီပြန်လျှောက်လာပြီး ကားမှန်ပြတင်းမှတစ်ဆင့် သံစဉ့်ထံ ကမ်းအပေး၊ သံစဉ်ကလည်း လှမ်းအယူမှာ လက်ချင်းတိုက်မိပြီး ရေခဲမုန့်အပေါ်ပိုင်း အချွန်လေးက သံစဉ့်အင်္ကျီပခုံးစွန်းပေါ် ပြုကျပေစွန်းသွားသည်။

www.foreverspace.com.mm

"ဟာ ... ဆောရီး ... ဆောရီး"

သူက ချက်ချင်း ကားတံခါးကိုဆွဲဖွင့် တစ်ရှူးဘူး လှမ်းယူကာ တစ်ရှူးစတွေ ဆွဲထုတ်လိုက်ရင်း ...

"ရော့ ... ရော့ ... ဒါနဲ့သုတ်၊ ဟို ... ကျွန်တော် သုတ်ပေးလို့ ဖြစ်မလား"

"အင်း ... သုတ်လေ"

သူက သံစဥ့်ပခုံးစွန်းနှင့်လက်ဖျားတစ်ဝိုက်က ရေခဲမုန့်တွေကို ခပ်မြန်မြန်လေး သုတ်ပေးလိုက်ပါသည်။

သူ့အစိတ်အခြေအနေအပြောင်းအလဲကို စူးစမ်းလိုတာမို့ သံစဥ်က သူ့မျက်နှာကို ဂရုစိုက် စောင့်ကြည့်အကဲခတ်မိပေမယ့် သူ့မျက်နှာက ဘာမှမပြောင်းလဲ။ အကြည့်တွေက ရိုးသားမြဲ။

သံစဥ့်မှာသာ သူ့ရဲ့ရိုးရိုးသားသား ယုယုယယ ပုံစံလေးကို နှစ်သက်သဘောကျကာ ချစ်တဲ့ဘက်ကို နီးကပ်လာခဲ့ရပါသည်။

❖ ❖ ❖

www.foreverspace.com.mm

⌘ ⌘ ⌘

"မဖြစ်နိုင်ဘူး"

"ဘာ ..."

"မြန်လွန်းတယ်"

"လုပ်ပြီ"

"အခိပ္ပာယ်မှ မရှိတာ"

"ကဲဟယ် ... တော်ပါတော့"

"ဒီဖြစ်အပျက်ရဲ့နောက်ကွယ်မှာ တစ်ခုခုတော့ ရှိရမယ်"

"နှင့်ပါးစပ်ကလေး ပိတ်ပေးပါဦး ပါပါရာဇီမရယ်"

သံစဉ်က တားမြစ်ပေမယ့် မေခရဲ့သံသယတွေကတော့ လျှံကျနေပါသည်။ သံစဉ်ပြောပြတဲ့ ဟံသာနိုင့်ကိစ္စကို ဆောင်းကသာ နှစ်ထောင်းအားရ အားပေးနေပေမယ့် မေခကတော့ သံယယဘက်ကပဲ လှည့်ပတ်တွေးနေခဲ့တာပင်။

www.foreverspace.com.mm

“နင်ပဲ နင့်ရဲ့အသက် ၃၀ ကျော် ဦးနှောက်နဲ့ စဉ်းစား ကြည့်စမ်းပါဦး သံစဉ်ရယ်၊ နင်ပြောတဲ့ ဟံသာနိုင်ဟာ ရုပ်ရည်ကလည်းချော၊ အလုပ်အကိုင်ကလည်းကောင်း၊ ပိုက်ဆံကလည်းရှိ၊ ဘာပြစ်ချက်မှမရှိအောင် ပြည့်စုံနေတဲ့ သူဆိုရင် ပျိုတိုင်းကြိုက်တဲ့နှင်းဆီပင်ကြီးဖြစ်နေရောပေါ့၊ အဲဒီလိုသာဆို သူ့အမေတွေ အဒေါ်တွေ နမဝမ်းကွဲတွေက ခုလိုမျိုး နင့်ကို ချွေးမဖမ်းချင်သလိုပုံစံမျိုးတွေ ဇွတ်အတင်း သိသိသာသာကြီး လုပ်နေပါ့မလား”

“ဒါကတော့ သူတို့သားက အရွယ်လည်းရောက်နေ၊ မိန်းကလေးတွေကိုလည်း စိတ်မဝင်စားလို့ အရွယ်မလွန်ခင် အိမ်ထောင်ပြုဖို့ စီစဉ်ချင်လို့နေမှာပေါ့”

“သူတို့သားက ဒီအရွယ်ယောကျ်ားကြီးဖြစ်ပြီး မိန်းကလေး တွေကို စိတ်မဝင်စားရင် ယောကျ်ားလေးတွေကို စိတ်ဝင် စားနေလို့လား”

“မေခနော် . . . ငါ့ဘာသာ ကံဇာတာစန်းလင်္ဂလျှမ်းတက်နေ တာကို မနာလိုဖြစ်ပြီး ပေါက်ကရတွေ လျှောက်ပြောမနေ နဲ့၊ နင်သာ တင်းပုတ်လက်မ မဟုတ်တဲ့ဟာကို ရအောင် ရှာလိုက်ဦး”

“အေး . . . ရှာမှာ ရှာမှာ မပူနဲ့၊ မရှာခင် နင့်ပြဿနာကို အရင် အဖြေထုတ်ပေးခဲ့မှဖြစ်မယ်”

www.foreverspace.com.mm

"ဒါပြဿနာမဟုတ်ဘူး၊ နှလုံးသားကိစ္စ"

"ဟာဟ . . . နင်လည်း ဆောင်းနားနီးလို့ ဆောင်းအာဘော်တွေ ဝင်နေပြီ၊ နင် လက်တွေ့ကျကျစဉ်းစားစမ်းပါ သံစဉ်ရယ်၊ ဘာပြစ်ချက်မှမရှိတဲ့ အားလုံးပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်သာဆို နင့်အရွယ်ကို ဘယ်ကြိုက်ပါ့မလဲ၊ နင့်ထက် ငယ်နုတာကလေးကိုပဲ ကြိုက်တော့မှာပေါ့၊ သူ့အိမ်ကလည်း ခုလို အလုံးအရင်းနဲ့ အင်အားတွေဝင်ပြနေမလား ... စဉ်းစား ... စဉ်းစား"

"ဘာမှစဉ်းစားစရာမလိုဘူး၊ သူက အင်မတန်ရိုးသားပြီး မိန်းကလေးတွေနဲ့ ရင်းနှီးဖို့ ရှုံ့နေတဲ့သူ၊ မိန်းကလေးတစ်ယောက်ကို လက်မထပ်ခင်မှာ ဖြူဖြူစင်စင် ချစ်မြတ်နိုးနိုင်မယ့်သူ၊ ငါရှာနေတာ အဲဒီလို ယောကျ်ားမျိုးပဲ"

"ဟုတ်သားပဲ မေခကလည်း သူများတကာ ကြည်နူးပျော်ရွှင်နေတာကို ဖျက်လိုဖျက်ဆီးမလုပ်စမ်းပါနဲ့ဟယ်၊ အချစ်ဆိုတာက တွက်ချက်စဉ်းစားမှုမပါဘဲ သူရောက်ချင်တဲ့ အချိန်ရောက်လာတတ်တဲ့ အရာမျိုးပဲ"

ဆောင်းက ထုံးစံအတိုင်း အနုအရွလေးတွေ ဝင်ပြောတာမို့ မေခက ပခုံးတွန့်ကာ ...

"ငါက သူ့ကို မဟုတ်တာနဲ့တွေ့မှာစိုးလို့ ပြောတာပါ၊

www.foreverspace.com.mm

အထီးကျန်မှာစိုးတာတစ်ခုကြောင့် စဉ်းစားချင့်ချိန်ဖို့ သတိမရတော့မှာ စိုးတာ”

“နင့်လိုစဉ်းစားလွန်း၊ အပြစ်ရှာလွန်းနေရင်လည်း သေရင်တောင် ငှက်ပျောတုံးဖက် သေရနိုင်တယ်လေ”

သံစဉ်က မေခကိုစိတ်တိုကာ အခန်းထဲဝင်သွားသည်။

“မေခရယ် နင်ကလည်း စကားပြောရင် သူများ နားမခံသာအောင် မပြောစမ်းပါနဲ့ဟယ်”

ဆောင်းက မေခကို ဖျောင်းဖျခဲ့ပြီး မေခနောက်ဘက်ဝင်သွားတော့မှ သံစဉ်ရှိရာအခန်းထဲသို့ ခပ်သွက်သွက်ကလေး ဝင်လာကာ တိုးတိုးလေးပြောရသည်။

“ဟဲ့ . . . သူပြောတာ ခေါင်းထဲထည့်မနေနဲ့သိလား၊ ကိုယ်ခံစားရသလိုသာ ဆက်လုပ်”

“အေးပါ ငါသိပါတယ်”

“နင်တို့နှစ်ယောက် အခြေအနေက ခုဘယ်အဆင့်ရောက်နေပြီလဲ”

“အဲဒါက ပြဿနာဖြစ်နေတာ ဆောင်းရဲ့ သူက အရမ်းအေးဆေးလွန်းတော့ ငါ ဘာလုပ်ရမှန်းမသိဘူး ဖြစ်နေတာ”

www.foreverspace.com.mm

"သူက နင့်ကိုသဘောကျပေမယ့် နင့်ပုံစံက ခပ်ထက်ထက်ဆိုတော့ မစရဲတာနေမှာပေါ့၊ နင်ကြိုက်ရင် နင်ကစပြီး နည်းနည်းလမ်းကြောင်းပေးမှ ဖြစ်မှာပေါ့"

"အေး . . . ငါလည်း အဲဒီလိုလုပ်မယ်စိတ်ကူးတယ်၊ ခုဟာက ရှားရှားပါးပါးလေးဟ"

"အဲဒါဆို လက်လွတ်မခံနဲ့လေ"

"ဟို ပါပါရာဇီမက တစ်မျိုး"

"သူ့ထည့်စဉ်းစားမနေနဲ့လေဟာ၊ သူကလည်း စိုးရိမ်လို့ ပြောတာနေမှာပါ"

"သူက အရမ်းစည်းစောင့်ပြီး မိန်းကလေးတွေကို လေးစားတန်ဖိုးထားတဲ့ သူမျိုးဟ"

ဆောင်းနဲ့ သံစဉ်နဲ့က တိုးကျိတ်တိုးကျိတ်ပြောနေဆဲ အခန်းတံခါးခေါက်သံပေါ်လာကာ မေခအသံက အခန်းထဲသို့ လွင့်လာပြန်သည်။

"သတိပေးလိုက်ပါရဲ့နော်၊ ဒီအရွယ် ဒီအလုပ်လုပ်နေတဲ့ ဒီလိုယောကျာ်းမျိုးဟာ ဒီလောကရိုးအတယ်ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး၊ ဟန်ဆောင်နေတာပဲဖြစ်မှာ၊ အချစ်ဝတ္ထု စာရေးဆရာမ ဆောင်းနှောင်းသဇင်ရဲ့ ဝတ္ထုတွေထဲကလို ဖြစ်လာလိမ့်မယ်လို့ စိတ်ကူးယဉ်မနေနဲ့"

www.foreverspace.com.mm

ဆောင်းနဲ့ သံစဉ်က တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပခုံးတွန့်မျက်နှာကိုရှုံ့ရင်း ...

“ပါပါရာဇီမ”

ဟု ခပ်တိုးတိုး မေတ္တာပို့သလိုက်ပါသည်။

www.foreverspace.com.mm

※ ※ ※

"အမေ့ . . ."

ဆောင်းနဲ့ သဇင်တို့အခေါ် ပါပါရာဇီမ ခင်မေခ သည် ဂျာနယ်တိုက်ရှိရာ အဆောက်အအုံထဲသို့ လှမ်းအဝင် လှေကားထစ်နား သံချောင်းအကန့်လေးကြားသို့ ဒေါက်ဖိနပ်အချွန်က အိခနဲ နစ်ဝင်သွားကာ လူက ခွေခနဲလဲကျသွားပါသည်။

"ကျွတ် . . . ကျွတ်၊ ခြေခေါက်သွားပြီလားတောင် မသိပါဘူး"

မေခက အနားမှာပြုတ်ကျနေသော စာအုပ်တချို့ကို ကောက်ယူပြီး ထမယ်ပြင်ဆဲ လက်တစ်ဖက်က မေခရှေ့သို့ ကမ်းပေးလာပါသည်။

လူကိုတော့ မော့မကြည့်မိသေးတာမို့ မမြင်ရသေး။ မေခရှေ့မှာရပ်နေသည့်ခြေထောက်တစ်စုံနှင့် ကမ်းထားသော လက်ကိုသာ မြင်နေရသည်။

www.foreverspace.com.mm

လက်နဲ့ခြေထောက်ကို အမြင်အရတော့ ယောကျ်ားလေးမှန်း သေချာသည်။ ကမ်းထားသောလက်က ဖြူစင်ဖွေးသန့်ကာ လက်မကလည်း ဖြောင့်ဖြောင့်သွယ်သွယ်ပင်။

လက်ကနေ တဖြည်းဖြည်းအပေါ်ဘက်သို့အကြည့်ရွှေ့လိုက်မိတော့ မင်းဝဏ္ဏမျက်နှာကို ဘွားခနဲ တွေ့လိုက်ရပါသည်။

"မေခ . . . ထလေ၊ ကိုယ့်လက်ကိုအားယူထ၊ နေမကောင်းဘူးလား၊ ကြည့်ရတာ နုံးနေသလိုပဲ၊ ဟိုနေ့က စားနေရင်း ချက်ချင်းကြီး ထပြန်သွားလို့ နေမကောင်းဘူးထင်နေတာ၊ ကိုယ်လည်း အဲဒီညနေပဲ ခရီးထွက်သွားတာ ဒီမနက်မှ ပြန်ရောက်တာ၊ ထ,လေ မေခ"

မေခသည် သူပြောတာတွေကို စိတ်မဝင်စား၊ သူ့မျက်နှာကိုကြည့်နေရာကနေ သူ့လက်ကို ပြန်ကြည့်မိတော့လည်း လက်မတွေက လှလှပပ။ ဘာမှားနေလဲ? မေခက သူ့မျက်နှာနှင့် လက်မကို တစ်လှည့်စီကြည့်မိနေဆဲ . . .

"ထလေ . . . ဘာကြည့်နေတာလဲ"

"ဟို . . . လက်မ . . . လက်မ"

မေခနှုတ်မှ လွှတ်ခနဲထွက်သွားတော့ သူက သူ့လက်မ သူပြန်ကြည့်ကာ ရယ်မောရင်း . . .

www.foreverspace.com.mm



"ဩော် ... မေခက ကိုယ့်လက်မကို စိုးရိမ်နေတာလား၊ ဟိုတလောက ကားတံခါးညပ်လို့ ရောင်နေတာလေ၊ ခုတော့ ကောင်းသွားပါပြီ၊ ကဲ ... ထတော့"

သူက မေခလက်ကို ဆွဲထူပေးလိုက်ချိန်မှာ မေခက ခုန်ပေါက်လွင့်မြောက် ရယ်မောချင်စိတ်ပေါက်သွားပါသည်။

မင်းဝဏ္ဏမှာ တင်းပုတ်လက်မ မရှိတော့ဘူးဆိုလျှင် အိုကေပဲ။ ဘာလိုသေးလို့လဲ။ မေခတို့ကံဇာတာပြန်တက်လာပြီပဲ။

မေခသည် ချက်ချင်းကြီး ရွှင်လန်းတက်ကြွလာကာ...

"အဲ့ဒီနေ့အတွက် ဆောရီးပဲ၊ အဲဒီညနေက မေခဗိုက်ထဲ အရမ်းကြီးထိုးအောင့်လာလို့ ထပြန်လာခဲ့ရတာ၊ အဲဒီနေ့ အစား ဒီအပတ် တနင်္ဂနွေ အစားပြန်ပေးမယ်လေ"

"မေခ အားရဲ့လား"

"အားတော့ မအားဘူးပေ့ါ၊ မေခတို့အလုပ်က ကိုမင်း သိတဲ့အတိုင်း တနင်္ဂနွေဆိုလည်း ဖောင်ပိတ်ရက်နဲ့တိုက် နေရင် အားချင်မှအားတာ၊ ဒါပေမယ့် ဒီအပတ်တနင်္ဂနွေ ကတော့ ဖောင်ပိတ်ရက် မဟုတ်ပါဘူး၊ ညနေပိုင်းတော့ အချိန်ရပါတယ်"

"အိုကေ ... ကျေးဇူးပဲ မေခ၊ အရင်နေရာ အရင်ဆိုင် အရင် အချိန်ပဲ ကိုယ်စောင့်နေလိုက်မယ်နော်"

www.foreverspace.com.mm

မေခက သူ့ကိုနှုတ်ဆက်ပြီး ရုံးခန်းထဲသို့ မြောက်ကြွကြွခြေလှမ်းများဖြင့် ဝင်လာခဲ့ပါသည်။ မေခပုံစံက အရင်က ထက်ပိုပြီး သိသိသာသာ မတ်မတ်မြောက်မြောက်ပုံစံမျိုး။ မျက်နှာ ကလေးလည်း မော်လို့နေသည်။

မိန်းမ ဆိုတာ ကိုယ် လက်ခံနိုင်လောက်သည့် ယောကျ်ားတစ်ယောက်ရဲ့ချစ်ခင်အလေးပေးဂရုစိုက်မှုကိုခံရတဲ့ အခါ ကိုယ့်ကိုယ်ကိုယ် confident ပိုမြင့်လာတတ်စမြဲမို့ အဲဒီနေ့ တစ်နေ့လုံး မေခက တက်ကြွပျော်ရွှင် လန်းဆန်း၍နေလေသည်။

❋ ❋ ❋

www.foreverspace.com.mm

❋ ❋ ❋

"အချစ်ဆိုတာ လူကိုတက်ကြွလန်းဆန်းပြီး ယုံကြည်မှုတွေ ရှိလာစေတာတော့ အမှန်ပဲဟ၊ နင်တို့မယုံရင် လူတွေရဲ့ မျက်နှာကို သေသေချာချာအကဲခတ်ကြည့်၊ အချစ်ခံရတဲ့ မျက်နှာနဲ့ အချစ်မခံရတဲ့မျက်နှာ အရမ်းကွာခြားတယ်၊ ဟဲ့ . . . ပန်းသီးတွေစားကြလေ၊ ဆောင်း . . . လာစား၊ သံစဉ် နင်လည်း စားလေ၊ နင်ကြိုက်မှန်းသိလို့ ငါအများကြီး ဝယ်လာတာ၊ ရှိသေးတယ်၊ ကုန်ရင် ထပ်နွှာပေးဦးမယ်"

မေခရဲ့အချိုးအချိုပ်တွေ သိသိသာသာကြီးပြောင်းလဲလာတာမို့ ဆောင်းနဲ့သံစဉ်က တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ရင်း ပခုံးတွန့်လိုက်မိကြပါသည်။

မနေ့က စကားအခြေအတင် ဖြစ်ကြသည့်ကိစ္စမှာ မေခပြောတာ နည်းနည်းလွန်လွန်းသည်မို့ ဆောင်းနဲ့ သံစဉ်က

www.foreverspace.com.mm

တစ်အုပ်စုဖြစ်ကာ မေခကို ခပ်ရှောင်ရှောင် စိတ်ကောက်နေခဲ့ကြသည်။ မေခကလည်း သူထင်ရာပြောပြီးတိုင်း ပြန်ချော့စမြဲမို့ ပန်းသီးနဲ့ လာဘ်ထိုးချော့မော့နေတာကိုလည်း သံစဉ်တို့က ရိပ်မိပါသည်။

မနေ့တုန်းကတော့ သူပဲ သူများတကာ အချစ်ရေးကိစ္စကို မယုံမကြည် ဝင်ရောက်နှောင့်ယှက် ပိတ်ပင်တားဆီးပြီး အခု သူ့နှုတ်ဖျားက အချစ်ကို အမွန်းတင်သည့်စကားတွေ ပျော့ပျော့ ပျောင်းပျောင်း ထွက်နေတာတစ်ခုကတော့ နည်းနည်းအံ့သြစရာ ကောင်းနေသလိုပင်။

မေခမျက်နှာဟာ ခါတိုင်းနဲ့မတူ။ အလိုမကျစိတ်၊ အထီးကျန်စိတ်ဖြင့် အရာရာအပေါ် အပြစ်မြင် ဘုကျချင်သည့် ပုံစံမျိုးမဟုတ်တော့။ မျက်လုံးတွေက တောက်ပကာ အသံကချိုပြီး မျက်နှာကရွှင်လန်းကာ လူက တက်ကြွနေပါသည်။ သူ့ အသံနဲ့ သူ့ဟန်ထဲမှာ ယုံကြည်မှုတွေပြည့်နေတဲ့ ပုံမျိုး။

"အချစ်ဆိုတဲ့အဆင့်ကို တက်မလာချင်နေဦး၊ ဂရုစိုက်အလေးပေးခံရတယ်ဆိုတဲ့အဆင့်မှာကတည်းက ဘဝဟာ နည်းနည်းတော့ စိုပြည်နေပြီ၊ ကိုယ်ဘယ်လိုနေနေ ဘယ်လိုထိုင်ထိုင်၊ ဘယ်လိုပြောပြော လုံးဝအပြစ်မမြင်ဘဲ အရှိကို အရှိအတိုင်း လက်ခံနားလည်ချစ်မြတ်နိုးနိုင်မယ့် ယောကျ်ား

www.foreverspace.com.mm



တစ်ယောက်သာ ကိုယ့်အနားမှာရှိရင် ဘဝဟာ တော်တော် နေပျော်စရာ ကောင်းလိမ့်မယ်ထင်တယ်ဟ၊ စားလေ ... ငါ ပန်းသီး သွားထပ်ယူလိုက်ဦးမယ်”

မေခက ရေခဲသေတ္တာဆီ လျှောက်သွားနေတုန်း ဆောင်းက သံစဥ့်နားကပ်လာကာ ...

“မေခ ဆေးစားမှားလာတယ်ထင်တယ်”

“အေး ... တစ်ခုခုတော့ တစ်ခုခုပဲ”

“သူ့မျက်နှာက ရည်းစားရလုဆဲဆဲ မိန်းမတစ်ယောက်ရဲ့ မျက်နှာလို မျှော်လင့်ချက်တွေ ဖြာထွက်နေတယ်ဟ”

“ဧကန္တ မင်းဝဥ့်နဲ့များ အဆင်ပြေနေသလား”

“မဖြစ်နိုင်ပါဘူး၊ တင်းပုတ်လက်မကို သူမှမကြိုက်တာ”

“သူ့ကြည့်ရတာ တစ်ခုခုကို ငါတို့ကိုပြောပြချင်တာ ရှုစိတက်နေတဲ့ ပုံမျိုးဟ၊ အမေးခံချင်လွန်းလို့ စကားတွေ ကြောင်းပေးနေတာ”

“အဲဒါဆို ပိုတောင် မမေးသေး၊ ဟော ... လာပြီ လာပြီ၊ မသိချင်ယောင်ဆောင်ပြီး ပန်းသီးပဲ စားနေလိုက်”

မေခ ပြန်လှည့်လာတော့ သံစဥ်နဲ့ဆောင်းက မေခ နွှာပြီး စိတ်ထားသည့် လက်ကျန်ပန်းသီးနှစ်စိတ်ကို တစ်ယောက် တစ်စိတ်ယူလိုက်ကာ မြိန်ရေယှက်ရေစားရင်း ရှူးသလိုပေါ်သလို လုပ်နေလိုက်သည်။ မေခက ပန်းသီးပန်းကန်ထဲ လှမ်းကြည့်ရင်း ...

www.foreverspace.com.mm

"ဟောတော့ . . . ကုန်သွားပြန်ပြီ၊ မြန်လိုက်တာ၊ အေးလေ စားစေချင်လို့ ခွာပေးနေတာပဲ၊ စားပါ . . . စားပါ၊ ဒီမှာ နှစ်လုံး ထပ်ယူလာသေးတယ်"

မေခက စိတ်နှလုံးကြည်သာခိုက်မို့ သည်းခံစိတ်မွေးကာ ပန်းသီးတွေ ထပ်ထည့်ပေးလိုက်သည်။ သည်းခံနေတယ်ဆိုပေမယ့်စိတ်ထဲမှာ နည်းနည်းတော့ ချဉ်လာသည်။ မေခမှာတော့ သူတို့စိတ်ပြေပါစေရယ်လို့ ပန်းသီးတွေစိတ်ပေးရင်း ကိုယ့်သတင်းထူးလေးကို ပြောချင်လွန်းလို့ စကားကြောင်းပေးနေလည်း သူတို့က ဘာတစ်ခွန်းမှမမေးဘဲ ပန်းသီးကိုတော့ အလုအယက် ဝေါ်ကြီးကျနေသည်။

"တစ်ခါတစ်ခါတော့လည်း ကံကြမ္မာက သိပ်နောက်တတ်တာပဲဟ၊ လူတွေမှာ ပျော်စရာတွေ ကြုံရတော့မလိုလိုနဲ့ စိတ်ညစ်စရာတွေ ကြုံသွားရတာမျိုး၊ တစ်ခါတစ်ခါကျတော့ စိတ်ညစ်စရာ ကြုံရတော့မလိုလိုနဲ့ ပျော်စရာ ကြုံလိုက်ရတာမျိုး၊ အဲဒါမျိုးအဖြစ်တွေကတော့ မယုံမရှိနဲ့ ငါ့ကိုယ်တွေ့"

သံစဉ်နဲ့ဆောင်းက 'မမေးပေါင်' ဟု စိတ်ထဲက လောင်ရင်း ထပ်ထည့်လာသည့် ပန်းသီးတွေကို လှမ်းယူစားလိုက်ကြပြန်သည်။ မေခက ပန်းသီးပန်းကန်ကို မျက်လုံးပြူးကြည့်ရင်း သက်ပြင်းချကာ ပန်းသီးတစ်လုံး ထပ်ခွာရပြန်သည်။

www.foreverspace.com.mm



"နင်တို့ပဲစဉ်းစားကြည့်လေ၊ ပျော်စရာတစ်ခုကို ဒီအတိုင်း ကြုံတွေ့လိုက်ရတာနဲ့ မျှော်လင့်ချက်မဲ့စိတ်ညစ်စရာ အခြေအနေမျိုးကြုံပြီးမှ ကံကြမ္မာက ဖြုန်းစားကြီး ပြောင်းပြန်လှန်ပြီး ပျော်စရာကြုံလိုက်ရတာ ဘယ်ဟာက ပိုစိတ်လှုပ်ရှားစရာကောင်းမလဲဆိုတာ နင်တို့သိလား မသိလား မသိဘူး၊ ငါကတော့ကိုယ်တွေ့မို့လို့ အဲဒီခံစားချက်ကို သိတယ်"

စကားလည်းဆုံး၊ ပန်းသီးတွေလည်း ကုန်သွားပြန်သည်။ ပြီးကျတော့ ဘာတစ်ခွန်းမှမေးမလာဘဲ ရူးချင်ယောင်ဆောင်နေကြပြန်သည်။ မေခသည် ဒီတစ်ခါတော့ ဆက်သည်းခံမခံနိုင်တော့ဘဲ နွာလက်စ ပန်းသီးနှင့်ဓားကို ဆောင့်ချပစ်လိုက်ရင်း ...

"ဟဲ့ . . . အငတ်တွေ၊ နင်တို့ ငါ့ကို မမေးဘူးလား၊ မေးမလားပဲပြော၊ ရှင်းရှင်းပြော"

ဟု အော်လိုက်လေသည်။ ဆောင်းနဲ့သံစဉ်က တဟီးဟီး ရယ်ချလိုက်ရင်း ...

"ရှင်းရှင်းပြောရမှာက နင်လေ၊ သိပ်ပြောချင်နေလည်း ငါတို့မေးတာမစောင့်ဘဲ ရှင်းရှင်းပြောချလိုက်ပါလား"

"အေး ... ပြောမယ် ... ပြောမယ်၊ ငါက သိပ်ပြောချင်နေတာ၊ ပြောရမှဖြစ်မယ်၊ ငါအခု မင်းဝဏ္ဏနဲ့ အဆင်ပြေသွားပြီ သိလား"

www.foreverspace.com.mm

"ဟမ် … တင်းပုတ်လက်မနဲ့ လူကို နင်ယူမယ်ပေါ့"

"အေးပေါ့လေ … တခြားလည်း ရွေးစရာမရှိတော့ … "

"နင်တို့ သေလိုက်ပါလား၊ မင်းဝံ့မှာ လုံးဝ တင်းပုတ် လက်မ မရှိတော့ဘူး"

"ဟယ် … ဖြတ်ပစ်လိုက်တာလား၊ ဖြစ်ရလေနော်"

"နင့်လို အသက် ၃၀ ကျော် အပြစ်ရှာ ဂျီကျတတ်တဲ့ အပျိုဟိုင်းကြီးကိုရဖို့ အဲဒီလောက်တောင် စွန့်ဝံ့သတဲ့လား၊ ဒဏ္ဍာရီဆန်လိုက်တာ"

"သူ့လက်မက ကားတံခါးနဲ့ညပ်မိလို့ ခဏရောင်နေတာဟဲ့ သိလား၊ ခုဆို သူ့လက်ကလေး ဖြူစင်ဖွေးသန့်ပြီး ပညာတတ် အဆင့်မြင့်မြင့် လက်မျိုးလေး၊ ဟင်း … ဟင်း ခုတော့ ငါ အထီးကျန်အပျိုကြီးဖြစ်မှာ မကြောက်ရတော့ဘူး၊ နင်တို့လည်း ငါ့လိုကံကောင်းကြပါစေလို့ ဆုတောင်းပေးပါ့မယ်ဟာ"

"အံမယ် … အံမယ် လေသံကိုက မိုးပေါ်က မဆင်းဘူး"

"တော်ကြာ နင်ပြောသလို နင့်ကံကြမ္မာက နင့်ကို နောက်နေပါဦးမယ်"

"ဘာကိုလဲ"

"နင်ပဲပြောတယ်လေ၊ ကံကြမ္မာဆိုတာ တစ်ခါတစ်ခါ

www.foreverspace.com.mm

ပျော်စရာကြုံရတော့မလိုလိုနဲ့ စိတ်ညစ်စရာတွေ ကြုံသွားရတတ်တယ်ဆို"

"ဖွဟဲ့ . . . ဖွဟဲ့၊ ပေါက်ကရလျှောက်မပြောနဲ့ နင်တို့ ငါ့ကို မနာလို ဖြစ်မနေကြနဲ့နော်"

"နင်သာ မနေ့တုန်းက ငါ့ကို မနာလိုဖြစ်သွားတာ မဟုတ်လား မေခရဲ့"

"မဖြစ်ပါဘူးဟယ်၊ ငါက စိုးရိမ်လို့ပြောတာပါ၊ မနေ့ကကိစ္စ ငါတောင်းပန်ပါတယ်၊ နင့်အပျော်ကို ဖျက်ဆီးမိသလိုဖြစ်သွားတယ်၊ ခုတော့ နင့်ကိစ္စကို ငါအကောင်းပဲမြင်တော့မယ်နော်၊ နင် ကံကောင်းမှာပါ၊ နင်တို့အဆင်ပြေသွားရင် နင့်လူကို ငါတို့နဲ့ မိတ်ဆက်ပေးဦးနော်"

"အေးပါ . . . အေးပါ၊ နင်လည်း ကံကောင်းပါစေ"

သံစဉ်က မေခအတွက်ဆုတောင်းပေးရင်း ပြောစရာအကြောင်းအရာမရှိသေးတာမို့ မျက်နှာလေးငယ်နေသော ဆောင်းရဲ့ပခုံးကို ဖျစ်ညှစ်နှစ်သိမ့်လိုက်သည်။

မေခပျော်သလိုပဲ သံစဉ်လည်း ဟံသာနိုင့်ကို မျှော်လင့်စိတ်ဖြင့် ပျော်ရွှင်နေခဲ့ပါသည်။

သို့သော် သူက အေးဆေးလွန်းတော့ သံစဉ် နည်းနည်းတော့ စိတ်ညစ်ရသည်။

❖ ❖ ❖

www.foreverspace.com.mm

❖ ❖ ❖

သံစဉ်သည် ကိုယ့်ကို သူဘယ်တော့ စလာမလဲ၊ ကိုယ်ကရော ဘယ်လောက်ထိ စရင်ကောင်းမလဲဟု တွက်ချက်ချင့်ချိန်စဉ်းစား ဦးနှောက်ခြောက်နေမိပါသည်။

'စ'တယ်ဆိုတဲ့ ကိစ္စမှာလည်း 'အချိန်အဆ' က လိုသေးသည်။ ကိုယ့်ဘက်က 'လုံးဝပဲ' ဆိုသည့် ပုံစံမျိုးလောက်တင်းထားရင်လည်း သူ့ဘက်က စရဲမှာမဟုတ်။ ကိုယ့်ဘက်က 'အချိန်မရွေးပဲ' ပုံစံမျိုး လျှော့ပြထားရင်လည်း အပေါစားဆန်ကာ အထင်သေးသွားနိုင်သည်။ ဒီလောက် welcome ဖြစ်နေရအောင် ဘာများချွတ်ယွင်းချက်ရှိနေပါလိမ့်ဟု သံသယအဝင်ခံရနိုင်သည်။

ကိုယ့်ဘက်က ကြည်ဖြူပုံကလေးကို မလျှော့မတင်းလေး ဖုံးတစ်ခါ ဖွင့်တစ်လှည့်ပြထားနိုင်မှ တစ်ဖက်သားယောကျ်ားလေးက စိတ်ဝင်တစား ရှေ့တိုးလာရဲပေမည်။ အစွန်းနှစ်ဖက်

www.foreverspace.com.mm

မကျဘဲ ချိန်ခွင်လျှာအလယ်မှာတန်းနေအောင် စွမ်းဆောင်ဖို့ဆိုတာ တော်တော် သတိရှိမှ ဖြစ်မည်ပင်။

ဒီအရွယ်မှာ ကိုယ့်ဘက်က ဘွင်းဘွင်းကြီး သွားစလို့လည်း မဖြစ်၊ လုံးဝ မစလို့လည်းမဖြစ်။ ရေလာမြောင်းပေး ယဉ်ယဉ်လေးလုပ်ရင်း မစသလို စသလိုလေး ကြိုးကလေးကို အလျှော့အတင်းလုပ်မှ ဖြစ်လိမ့်မည်။

အရင်တုန်းကတော့ စ,သည်ဆိုသည့်ကိစ္စကို ကိုယ့်ဘက်က လုံးဝစဉ်းစားပေးစရာမလိုဘဲ တစ်ဖက်က စ,လာတာတွေကို တုံ့ပြန်ရတာတွေသာ ရှိခဲ့ပါသည်။ ခုတော့ ကိုယ့်ဘက်က သစ်ငုတ်လုပ်နေရင် တဖြည်းဖြည်း ဝေးသထက် ဝေးတော့မှာမို့ နည်းနည်းလေးတော့ လှုပ်ရှားပေးဖို့လိုအပ်ပြီထင်သည်။

သံစဉ်သည် ထိုကိစ္စကို အပြန်ပြန်အလှန်လှန် စဉ်းစားရင်း အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

သူဖုန်းဆက်လာတာကို စောင့်ရတာလည်း မောလှပြီ။ ကိုယ်က စ,ဆက်ရမှာကိုလည်း ဝန်လေးသည်။ ဖုန်းကို မျက်စောင်းထိုးကြည့်မိနေတာလည်း ခဏခဏပင်။ ဖုန်းနားဝေ့လည်လည်ရောက်သွားကာ ဖုန်းဆီလက်လှမ်းပြီးမှ ကိုယ့်လက်ကိုယ် ပြန်ရုပ်လိုက်ရသည့် အကြိမ်ပေါင်းလည်း မနည်းတော့။

“သံစဉ် . . . နင်ဘာဖြစ်နေတာလဲ၊ ငါမျက်စိနောက်လာပြီ

www.foreverspace.com.mm

နော်၊ တစ်နေ့တလေ ရုံးပိတ်တာ အေးအေးဆေးဆေး အိပ်နေပါလား၊ တစ်ခါတည်း ဖုန်းနားမှာ ယောက်ယက် ခတ်နေတာပဲ”

“နင်မသိပါဘူး ဆောင်းရယ်၊ နေစမ်းပါ”

“သိလွန်းလို့ခက်နေတာ”

ဆောင်းက သံစဉ့်ကို မျက်စောင်းထိုးလိုက်ပြီး ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်နေသည်။ ထိုခဏမှာ သံစဉ်က စာရွက်ပိုင်းလေး နှစ်ခုဖြဲကာ ‘ဆက်’ ‘မဆက်’ ဟုရေးပြီး မဲလိပ် နှစ်လိပ် လိပ်လိုက်ပြီး လက်ခုပ်ထဲထည့်ခလောက်ကာ ကိုယ့်ဘာသာ မဲပြန်နှိုက်လိုက်တော့ ‘ဆက်’ ဆိုသည့်မဲလိပ်ကလေးကို နှိုက်မိသွားသည်။

သံစဉ့်လက်က ဖုန်းနားသို့ တရွေ့ရွေ့ကပ်သွားဆဲ ရုတ်တရက် ဖုန်းသံကမြည်လာတာမို့ သံစဉ်က ယောင်အော်လိုက်မိ၏။ စာဖတ်နေသော ဆောင်းက လန့်ဖျပ်ရင်တုန်ကာ ...

“ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ”

“ဘာမှမဖြစ်ပါဘူး၊ ဖုန်းသံကိုလန့်ပြီး အော်မိတာ”

“တော်တော် လိပ်ပြာငယ်နေတယ်ထင်တယ်နော်”

“သူ့ဆီက ဖုန်းမှတ်လို့ပါဟာ၊ နင်အပြင်ထွက်ပေးနော်၊ ငါ အေးအေးဆေးဆေးပြောချင်လို့”

www.foreverspace.com.mm



"နင့်လူဆီက ဖုန်းဆိုတာ သေချာရင် ထွက်ပေးမယ်"

သံစဉ်က ဆောင်းကို မျက်စောင်းထိုးပြီး ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို ... သံစဉ်ချိုနဲ့ ပြောပါရစေခင်ဗျာ"

"ဟုတ်ကဲ့ ... သံစဉ်ချိုပြောနေပါတယ်ရှင်"

သံစဉ့်ဝမ်းသာလုံးဆို့သံကြောင့် ဆောင်းက လှည့်ကြည့်တော့ သံစဉ်က အပြင်ထွက်ဖို့ လက်ပြလိုက်ရသည်။

သံစဉ်သည် ကော့ဒ်လက်ကိုယူကာ မွေ့ရာပေါ် အိခနဲပစ်လှဲချလိုက်ရင်း ...

"ဘယ်သူပါလဲရှင်"

ဟု မသိချင်ယောင်ဆောင်မေးလိုက်သည်။

"ကျွန်တော် ဟံသာနိုင်ပါ"

"သြော် ... ဟုတ်ကဲ့ရှင်"

"သံစဉ် အားရဲ့လား၊ ကျွန်တော် သံစဉ်နဲ့အရမ်းစကားပြောချင်လာလို့ ဆက်လိုက်တာ"

အိုကေ ... ဒီလောက်ပြောလာပြီဆိုတော့ ဘယ်ဆိုးလို့လဲ။

"သံစဉ် အားတော့မအားဘူး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကိုဟံသာပြောချင်ရင် နားထောင်ပေးမယ်လေ"

www.foreverspace.com.mm

ဒီလောက်ဆို အရမ်း ညုကလီးယားပုံမျိုး မပေါက်ပါဘူးနော်။

သံစဉ်က ကိုယ့်ကိုယ်ကိုယ် အားပေးအားမြှောက်ပြုနေရပါသည်။

"ခုတလော အိပ်လို့မပျော်ဘူးဗျာ"

ဟယ် . . . အဲဒီလောက်အဆင့်ထိတောင် ရောက်သွားပြီလား။ မထင်ရဘူးနော်။

"စိတ်တွေမကြည်ဘူး၊ အတွေးတစ်ခုကိုပဲ ထပ်တလဲလဲ တွေးနေမိတယ်"

"ဘာအကြောင်း တွေးနေမိလို့လဲ"

"အချစ်အကြောင်းပါ . . ."

စလာပြီ . . . စလာပြီ။ ဒီလိုဆို သံစဉ်တို့က အလိုက်သင့်ကလေး မျှောလိုက်သွားရုံပဲ။

"ကိုဟံသာက သံစဉ်နဲ့ အချစ်အကြောင်းဆွေးနွေးချင်တယ် ဆိုပါတော့"

"ဟုတ်တယ် သံစဉ်၊ အချစ်ဆိုတာ ဘယ်လိုဟာကြီးလဲဗျာ၊ လူတွေဟာ တစ်ဖက်သတ် ပေးဆပ်ချင်နေတဲ့အချစ်ကို တန်ဖိုးမထားကြဘူးလား၊ နားမလည်ကြဘူးလား၊ ဘာလို့ ကျောခိုင်းရက်စက်ချင်နေကြတာလဲ"

www.foreverspace.com.mm



ဘုရားရေ ... ငါလည်း ကျောခိုင်းရက်စက်တဲ့ အရိပ်အယောင်မျိုး မပြမိပါလား။ သူအထင်လွဲနေတာလား။

"အချစ်ဆိုတာကို စစ်စစ်မှန်မှန်ပေးချင်တဲ့သူဟာ စစ်စစ်မှန်မှန် တုံ့ပြန်မှုကိုလည်း လိုချင်ကြတာ သဘာဝပါ ကိုဟံသာ၊ ဘယ်နေရာမဆို အပြန်အလှန်သဘောတရားတွေ ရှိတတ်ကြပါတယ်"

"ကျွန်တော်ကတော့ အချစ်ဆိုတာ ပေးဆပ်ခြင်းလို့ပဲ ခံယူထားတဲ့သူပါ၊ ကျွန်တော် မေတ္တာရှိတဲ့သူအတွက် အလုံးစုံဖြည့်ဆည်းပေးဆပ်ရင်း အရိပ်ကြည့်နေချင်တဲ့သူပါ၊ ဒါပေမယ့်ဗျာ ..."

"အို ... အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ကိုဟံသာရယ်၊ ရယူခြင်းနဲ့ ပေးဆပ်ခြင်းဆိုတာ သူ့နေရာလေးနဲ့သူ မျှမျှတတလေးရှိနေမှ စိတ်ချမ်းသာကြရမှာမဟုတ်လား၊ ယုံပါ၊ ကိုဟံသာဘက်က တစ်ဖက်သတ် မပေးဆပ်ရပါဘူး"

"ဒါပေမယ့် ရက်စက်တတ်တဲ့လူတွေကို ကြောက်တယ်ဗျာ"

"ဘယ်သူတွေက ရက်စက်တတ်လို့လဲ၊ သံစဉ်ဆိုရင်တော့ မရက်စက်တတ်ပါဘူး"

"ကျွန်တော် ... ကျွန်တော် အရမ်းတုန်လှုပ်နေတာတော့ အမှန်ပဲဗျာ၊ ဒါပဲနော် ... သံစဉ် ကျွန်တော့်စကားတွေကို နားထောင်ပေးတဲ့အတွက် ကျေးဇူးပါ"

www.foreverspace.com.mm

သူဖုန်းချသွားတော့ သံစဥ်က အိပ်ရာပေါ်မှ ခုန်ထကာ ဆောင်းဆီပြေးသွားရင်း ...

"ဆောင်းရေ ... ရေခဲတုံးက စ,တော့လာပြီဟဲ့ သိလား၊ ဒါပေမယ့် သူ့ကြည့်ရတာ ငါ့ကိုဖွင့်ပြောဖို့ အရမ်းကြောက်ပြီး တုန်လှုပ်နေတဲ့ပုံပဲ၊ သူကလေ ... သူချစ်တဲ့သူကို အရိပ်ကြည့်ပြီး ပေးဆပ်ချင်နေတာတဲ့၊ ငါကလည်း ပေးဆပ်ခွင့်ပေးချင်ပါတယ်၊ ဒါပေမယ့် သူက ပွင့်ပွင့်လင်းလင်း ရှင်းရှင်းမပြောတော့ ငါဘာလုပ်ရမှန်းမသိဘူး"

"ဒီအရွယ်ရောက်နေပြီ၊ ဒီလောက်ကြောက်တတ်တဲ့သူမျိုး ငါ့ဝတ္ထုထဲမှာတောင် ထည့်မရေးဖူးတော့ ဘယ်လိုအကြံပေးရမှန်းတောင် မသိတော့ပါဘူး သံစဥ်ရယ်၊ နင့်ဘာသာမီးစင်ကြည့်ပြီးတော့သာ က,ပေတော့"

သံစဥ်က သူ့ဆံပင်ခွေလိမ်လိမ်လေးတွေကို ဝဲခနဲခါကာ ဆောင်းဘေးမှာ ပစ်လှဲချလိုက်ရင်း မျက်လုံးစုံမှိတ်လျက် ပြုံးပြုံးကြီးငြိမ်သက်အကြံထုတ်နေလေသည်။

❋ ❋ ❋

www.foreverspace.com.mm

※ ※ ※

"ကိုယ့်တူ လျှို့ဝှက်ချက်ကို ကိုယ် အခုလို အိပ်သွန်ဖာမှောက် ပြောရမှာတော့ မကောင်းပါဘူး သမီးရယ်၊ ဒါပေမယ့် ဒီတိုင်း ဥပေက္ခာပြုထားလိုက်မယ်ဆိုလည်း သူ ဒီတစ်သက် အိမ်ထောင်ပြုဖြစ်ချင်မှ ပြုဖြစ်တော့မယ် ..."

ဟံသာနိုင့် အဒေါ်ရဲ့ ပဏာမအဖွင့်စကားက စိတ်လှုပ်ရှားစရာ ကောင်းလှတာမို့ သံစဉ်က အန်တီဘက်တို့ မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နားစွင့်နေမိသည်။ သိပ်သိချင်နေပါတယ်ဆိုမှ သူက သက်ပြင်းချကာ စားပွဲပေါ်က စထရော်ဘယ်ရီဖျော်ရည်ခွက်ကို လှမ်းယူကာ ပိုက်ဖြင့် တစိမ့်စိမ့် စုပ်သောက်နေပြန်ပါသည်။

ဟံသာနိုင်တို့ အိမ်မှာ ဟံသာနိုင် တစ်ယောက်သာ ရှိးအေးငြိမ်ကုပ်ပုံရပြီး ဟံသာ့ မေမေနှင့်တကွ အဒေါ် အပျိုကြီး

www.foreverspace.com.mm

နှစ်ယောက်စလုံးက ခေတ်ဆန်ဆန် ဟော့ရှော့ပုံမျိုးတွေချည်းပင်။ ဟံသာ့ မေမေက သူ့ဆံပင် ခပ်နည်းနည်း ပါးပါးကျဲကျဲတွေကို အများကြီးထင်ရအောင် ဖွကောက်ထားပြီး ကလစ်ဖြင့် ညှပ်ထားကာ အိမ်နေရင်း ဂါဝန်ပွပွ၊ အပြင်ထွက်လျှင် ရယ်ဒီမိတ်ဘောင်းဘီပွပွနှင့် ယိုးဒယားပုံ ပုံကျကျ အင်္ကျီမာမာတောင့်တောင့်လေးတွေ ဝတ်တတ်သည်။ အန်တီဘက်တီနဲ့ အန်တီဝင်နီကလည်း ဆံပင်ခပ်တိုတိုကို အလိပ်ကြီးကောက်ထားလျက် အသက်ထက်ပို၍ နုပျိုစွာ ဆင်မြန်းတတ်ကြပါသည်။

သူတို့ မိသားစုဟာ သံစဥ်ကို သဲသဲလှုပ် အရေးပေးကြရုံမျှမက ချွေးမတော်ချင်ကြောင်း ထုတ်မပြောရုံတမည် ဟံသာနှင့် နီးစပ်အောင် အမျိုးမျိုး ကြံဆောင်တတ်ကြသည်။ ဟံသာက သံစဥ်ကို ဆက်သွယ်တာကနည်းနည်း သူတို့ဆက်သွယ်တာက များများ၊ မကြာခဏ ထမင်းစားလည်း ဖိတ်တတ်တာမို့ သံစဥ်မှာ ပိတ်ရက်တိုင်း သူတို့အိမ် ရောက်ရောက်နေရသည်။

အဲဒီလောက် အသွားအလာ အဆက်အဆံရှိကြတဲ့ကြားက အန်တီဘက်တီက သံစဥ်ကို ဖုန်းဖြင့် လှမ်းဆက်ကာ အရေးတကြီး ပြောစရာရှိလို့ဟု ဆိုသောအခါ သံစဥ်မှာ ဘာများလဲဟု ပဟေဠိတွေဖြစ်ရင်း ချိန်းဆိုသည့် စားသောက်ဆိုင်သို့ အပြေးကလေး ရောက်လာခဲ့ရသည်။

www.foreverspace.com.mm



"အန်တီ့အနေနဲ့ ဒါကို ပြောရမှာ ရယ်စရာတော့ ကောင်းမယ်ထင်တာပဲ၊ ဒါပေမယ့် ဒီကိစ္စကို အန်တီ ကြားမဝင်ပြန်ရင်လည်း နီးနီးလေးနဲ့ ဝေးကြရတော့မယ်"

ကဲ . . . ပြောမှာသာ ပြောပါတော့ အန်တီဘက်တီ ရယ်၊ နိဒါန်းတွေကို တော်ပါတော့ . . .။

"ဒီလို သမီးရေ . . . သားက အခု သမီး ငြင်းလိုက်မှာကို အရမ်းအကြောက်လွန်နေပြီး ရင်မဖွင့်ရဲဘူးလေ၊ သူ သမီးကို သိပ်ချစ်နေတယ်၊ အဲဒါကို အန်တီတို့ တစ်အိမ်သားလုံး ရိပ်မိတယ်၊ သူ့ညီမ ဝင့်ဝါကလည်း သူ သမီးကို မြင်မြင်ချင်း သဘောကျတဲ့အကြောင်း သိတယ်၊ အဲဒါကြောင့်ပဲ အန်တီတို့ကို သမီးအကြောင်း ပြောပြပြီး သမီးနဲ့ နီးစပ်ဖို့ စီစဉ်ရတာ၊ သူ့ကို ဒီအတိုင်းလွှတ်ထားရင် သူ ကြိုးစားရဲမှာမှ မဟုတ်တာ"

"သူက သံစဉ့်ကို ဘာကြောင့် ဒီလောက်ကြောက်နေရတာလဲ၊ သံစဉ်လည်း သူ့အပေါ် တင်းတင်းမာမာ မဆက်ဆံရပါဘူး၊ ပြီးတော့ ဒီအရွယ်ရောက်ပြီး ဒီလောက်အလုပ်တွေ လုပ်နိုင်နေတဲ့ ယောကျ်ားတစ်ယောက်ဟာ ဒီလောက်ကြောက်နေဖို့မှမလိုတာ"

"သူက မိန်းကလေးဆို သိပ်ကြောက်တာ သမီးရဲ့ . . ."

www.foreverspace.com.mm

"မိန်းကလေးကို ကြောက်တယ် !"

"သြော် . . . ဟင်း . . . ဟင်း . . . ဒီလိုပါကွယ်၊ သူချစ်တဲ့ မိန်းကလေးက သူ့ကိုငြင်းလိုက်မှာကို အရမ်းအစိုးရိမ်ပို နေတာ၊ အလုပ်ကိစ္စက တခြား . . . အချစ်ကိစ္စက တခြား လေ၊ အလုပ်ကိစ္စမှာ တော်ပေမယ့် အချစ်ကိစ္စမှာ မရဲရင့်တဲ့ သူတွေလည်း ရှိတတ်တာပဲ မဟုတ်လား၊ ဥပမာ သမီး ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်စဉ်းစား၊ သမီးက အလုပ်အကိုင် ထက်မြက်ပေမယ့် အချစ်ကိစ္စမှာ မရဲရင့်တော့ ခုထိ အပျို ကြီး မဟုတ်လား"

အန်တီဘက်တီက အပိုင်ပြောပစ်လိုက်တာမို့ သံစဉ် က နှုတ်ဆိတ်နေလိုက်ရပါသည်။

"အန်တီတို့ဘက်ကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် သမီး နဲ့ သားကို သဘောတူတယ်လေ၊ သမီးဘက်ကလည်း ကြည်ဖြူမယ်ဆိုရင် သားနဲ့ နေရာချပေးချင်ပါတယ်၊ အိမ် ထောင်ပြုသင့်တဲ့ အရွယ်တွေလည်း ရောက်ကြပြီမဟုတ် လား၊ အချိန်သိပ်နှောင်းမသွားခင် အိမ်ထောင်ပြုတော့ ပိုပြီး တင့်တယ်တာပေါ့"

အန်တီဘက်တီ့ စကားက သံစဉ်ကို သိပ်ဈေးကိုင် နေရင် ဟိုင်းသွားမယ်ဟု ခြိမ်းခြောက်လိုက်သလိုပင်။ သံစဉ်က လည်း မာနလေးတော့ ရှိတာမို့ မျက်နှာလေးတည်သွားကာ . . .

www.foreverspace.com.mm



“သံစဥ့်အနေနဲ့ကတော့ ခုလိုမျိုး လူကြီးက သဘောကျလို့ စပ်ဟပ်လာတာမျိုးကို မလိုလားပါဘူး အန်တီ၊ သံစဥ့်ကို မေတ္တာရှိတဲ့ သူမျိုးကိုပဲ လက်ထပ်ချင်တာပါ”

“အဲဒါက အန်တီပြောခဲ့ပါပကော၊ သားက သိပ်ကြောက်နေလို့ပါဆိုတာ၊ အဲဒီတော့ သမီးဘက်က တစ်ခုတော့ ကူညီပေး...”

“ဘယ်လို ကူညီရမှာလဲ အန်တီ...”

“မိန်းကလေးဆိုတာ ကိုယ်လိုချင်တာကို အနုနည်းနဲ့ရအောင် လုပ်တတ်ပါတယ်ကွယ်၊ သမီး ဟံသာ့ကို ကြည်ဖြူနိုင်မယ်ဆိုရင် ဟံသာ့ရင်ထဲက အချစ်တွေ ပွင့်ထွက်လာအောင် ပညာသားပါပါလေး ဆွဲဆောင်ပေးပါ၊ တိုက်တွန်းရမှာ အားနာလို့သာ၊ ဖြစ်နိုင်ရင် သမီးကပဲ စ,လို့ဖြစ်ဖြစ်၊ ဟင်း . . . ဟင်း . . . အန်တီ လောဘတွေ သိပ်ကြီးသွားပြီထင်တယ်၊ ဆောရီး... သမီးရယ်”

အန်တီဘက်တီက ပြောရင်း အသံတွေ တိမ်ဝင်သွားကာ မျက်နှာလေး ညှိုးသွားတာမို့ သံစဥ့်မှာ အပြစ်မတင်သာ။

အန်တီဘက်တီနှင့် လမ်းခွဲထွက်လာတော့ သံစဥ့်ရင်ထဲမှာ နင့်တင့်တင့်နှင့် ဝမ်းနည်းသလိုကြီးဖြစ်လာကာ ဟံသာ့ကို သနားစိတ်ဝင်လာရပါသည်။

www.foreverspace.com.mm

သူ့ခမျာ သံစဉ် ငြင်းလိုက်မှာကို သိပ်ကြောက်နေရှာမှာပေါ့…။

သံစဉ့်ဆီ ဖုန်းဆက်လျှင်တော့ သူ့အသံဟာ ဖျော့တော့နုံးချိနေကာ တစ်ခုခုကို ရင်ဖွင့်လိုက်ချင်ပုံမျိုး။ တစ်ခုခုအတွက် နင့်နင့်နဲနဲ ခံစားနေရပုံမျိုး။

သူ မျိုသိပ်စောင့်ဆိုင်းနေနိုင်ပုံကိုတော့ သံစဉ်က လေးစားနှစ်သက်မိပါသည်။

အရင်လူတွေတုန်းကဆို သံစဉ့်ကို ကြိုက်ပြီဆိုတာနဲ့ အကောင်းမနေရအောင် ဖုန်းတွေဆက်တိုက်ဆက်ကြ၊ ဒီနေ့တွေ့ပြီး မနက်ဖြန် ချစ်တယ်ပြောကာ ချက်ချင်း ချစ်အဖြေတောင်းပြီး ခဏမဆိုင်း ချိန်းတွေ့ ရင်းနှီးချင်ကြသည့် သူတွေကလည်း အများသား။

ခုလိုမျိုး ခံစားချက်ကို မျိုသိပ်ပြီး ထိန်းထိန်းသိမ်းသိမ်း စောင့်စောင့်စည်းစည်း နေနိုင်သည့် သူမျိုးကိုမှ သံစဉ်က သဘောကျတာပင်။

ဒီအခြေအနေမှာ သံစဉ့်ဘက်က ရေလာမြောင်းမပေးနိုင်ဘူးဆိုရင်တော့ အန်တီဘက်တီပြောသလို နီးနီးလေးနှင့် ဝေးကြရမှာပင်။

သံစဉ့်အသက်ကလည်း မငယ်တော့တာမို့ ဒါမျိုး

www.foreverspace.com.mm

နောက်တစ်ယောက် ထပ်မံပေါ်ပေါက်လာဖို့ဆိုတာလည်း ဖြစ်နိုင်ချေ နည်းနေပြီ။

အင်းလေ ... ဒီတစ်ခါတွေ့ရင်တော့ အန်တီဘက်တီ ပြောသလို လုပ်သင့်ရင် လုပ်ရမှာပါပဲဟု သံစဉ်က ဆုံးဖြတ်ချက် ချလိုက်မိပါသည်။

www.foreverspace.com.mm

❋ ❋ ❋

"သံစဉ် . . . ကျွန်တော် သံစဉ်တို့ အိမ်ရှေ့မှာ ရောက်နေတယ်၊ သံစဉ်နဲ့ စကားပြောချင်တာနဲ့ ထွက်လာခဲ့မိတာ၊ သံစဉ် အဆင်ပြေရင် ခဏထွက်လာခဲ့ပါ၊ အဆင်မပြေရင်လည်း မလာပါနဲ့နော် ... "

အို . . . ဘယ့်နှယ့်ပြောပါလိမ့်။ မလာလို့ဖြစ်မလား။ သံစဉ်က ဖုန်းခွက်ကလေးကို ပြန်ချလိုက်ပြီး ဆောင်းနဲ့ မေမေမသိအောင် အသာလေး လစ်ထွက်လာခဲ့ပါသည်။

ခြံရှေ့ မီးတိုင်အောက်မှာ ရပ်ထားသော သူ့ကားအနီလေးဆီ သံစဉ်က ခပ်သွက်သွက် လျှောက်လာခဲ့လိုက်သည်။

မောင်းသူဘက်ခြမ်းကို လျှောက်သွားငုံ့ကြည့်မိတော့ ကားစတီယာရင်ပေါ် မျက်နှာအပ်ကာ ငြိမ်သက်နေသော သူ့ကိုတွေ့ရပါသည်။

www.foreverspace.com.mm

"ကိုဟံသာ ..."

သံစဉ် ခေါ်လိုက်တော့မှ သူက ခေါင်းမော့လာကာ ခပ်နွမ်းနွမ်း ပြုံးပြသည်။

"ကိုဟံသာ နေမကောင်းဘူးလားဟင်"

"စိတ်နွမ်းလို့ လူနုံးနေတာပါ"

ဩော် . . . သူ့ခမျာ တကယ့်ကို ခံစားနေရတာပါလား။ သံစဉ်က ရင်ထဲက တလှိုက်လှိုက်သနားလာကာ သူ့ဘေးနား ကားတံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်ပါသည်။

"တစ်ခုခုကို မျိုသိပ်ထားရင် ပိုခံစားရမှာပေါ့ ကိုဟံသာရယ်၊ ရင်ဖွင့်စရာရှိရင် သတ္တိရှိရှိ ရင်ဖွင့်မှပေါ့ ..."

"ငြင်းဆန်ခြင်းတွေကို ကျွန်တော် မခံစားနိုင်ဘူး သံစဉ်"

"ဩော် ... ရှင်ကလည်း အငြင်းခံရမယ်လို့ ဘယ်သူပြောလဲ ... ဟင်း"

သံစဉ်က ခပ်နွဲ့နွဲ့လေး ပြောကာ သူ့ကို မျက်စောင်းလေး ထိုးမိသော်လည်း သူက မျက်လွှာချငြိမ်နေတာမို့ သံစဉ်ညို့မျက်စောင်းကလေးကို မြင်ပုံလည်းမရ။

"ကဲ ... အခု သံစဉ် မေးမယ်၊ အမှန်အတိုင်း ပြောမလား"

"ပြောမယ်လေ ..."

"အခု . . . ရှင် ဘာရည်ရွယ်ချက်နဲ့ ညဘက်ကြီးမှာ သံစဉ့်ဆီ ရောက်လာတာလဲ ..."

www.foreverspace.com.mm

"သံစဥ့်ကို တွေ့ချင်လို့…"

"ဘာဖြစ်လို့တွေ့ချင်တာလဲ …"

"ခုချိန်မှာ အိမ်ထဲမှာနေမယ့်အစား အပြင်ထွက်ပြီး တစ်ယောက်ယောက်နဲ့ စကားပြောလိုက်ရရင် စိတ်သက်သာရာ ရမယ်ထင်လို့…"

"အဲ့ဒီတစ်ယောက်ယောက်ဆိုတာ သံစဥ်မှ ဖြစ်မှာလား၊ သံစဥ့်အပြင် မရှိတော့ဘူးလား"

"သံစဥ်က ကျွန်တော့်ကို နားလည်ပေးနိုင်မယ်လို့ ထင်လို့ပါ"

"ဘာဖြစ်လို့ဒီလိုထင်ရတာလဲ …"

"ကျွန်တော့်စိတ်ထဲမှာ ရင်းနှီးနေလို့ပါ"

"ရင်းနှီးရုံပဲပေါ့ …"

သူက မဖြေပါ . . . ။ ခေါင်းငုံ့ငြိမ်သက်နေပါသည်။ ခဏကြာမှ သံစဥ့်ကို လှည့်ကြည့်ရင်း…

"သံစဥ် … ဥပေက္ခာဆိုတာကို ခံစားဖူးလား …"

"ဘာလို့ အဲ့ဒီမေးခွန်းကို မေးတာလဲ . . . ၊ ကိုဟံသာ့ကို ဘယ်သူက ဥပေက္ခာပြုထားလို့လဲ . . . ၊ ဘာတွေကို အထင်လွဲပြီး တစ်ဖက်သတ်ခံစားနေရတာလဲ ကိုဟံသာရယ်"

သံစဥ်က ပြောရင်း ပြောရင်း စိတ်မရှည်ဖြစ်လာရ

www.foreverspace.com.mm



သည်။ ခုထိ လိုရင်းကို ဘာလို့ရောက်မလာသေးတာလဲ . . . ။ ရှင် ဒီတစ်သက် ပြောဖြစ်ဦးမှာလားဟု မေးပစ်လိုက်ချင်သည်။

သံစဉ်က သက်ပြင်းရှိုက်ရင်း ဆက်ပြောမိပြန်သည်။

"ရှင့်ခံစားချက်ကို သံစဉ် ဥပေက္ခာပြုမထားပါဘူး"

သံစဉ်က စကားကို ခဏရပ်ထားပြီးမှ အသက်ဝဝ ရှူလိုက်ရင်း မျက်စိ စုံမှိတ်ပြောချပစ်လိုက်သည်။

"ရှင် ခံစားနေရတာကို သံစဉ် နားလည်ပါတယ်၊ ရှင် ချစ်နေတာ သံစဉ် သိပါတယ်၊ သံစဉ်လည်း ရှင့်ကိုချစ်ပါတယ်"

သူက ဖျတ်ခနဲ ငြိမ်ကျသွားပြီးမှ သံစဉ့်ဘက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ဩော် . . . သူမျှော်လင့်မထားလို့ အံ့သြသွားတယ်ထင်ပါရဲ့။

သံစဉ်က သူ့အကြည့်ကို ရင်ဆိုင်မကြည့်ဘဲ ခေါင်းငုံ့ချထားလိုက်မိတော့ သူက မတို့ရဲ မထိရဲ၊ မပြောရဲ မဆိုရဲ ဆက်လက် ငြိမ်သက်နေသည်။

ဩော် . . . ချစ်သူတွေ ဖြစ်တာတောင် လက်ကလေး တောင် လာမကိုင်ရဲလောက်အောင်ပဲ ရိုးလည်းရိုးပ့ါဟယ် . . . ။

❋ ❋ ❋

www.foreverspace.com.mm

❋ ❋ ❋

ရုံးက ထွက်လာခါနီးမှ သတင်းတစ်ခု သွားယူနေရသော မေခ . . . မင်းဝဏ္ဏနှင့် ချိန်းထားသော စားသောက်ဆိုင်ရှေ့ရောက်တော့ ချိန်းထားချိန်ထက် တစ်နာရီတိတိ နောက်ကျနေလေပြီ။

မေခက စားသောက်ဆိုင်ထဲ ခပ်သွက်သွက် လှမ်းဝင်လာကာ သူ့ကိုရှာလိုက်သည်။ ရှာသာရှာရပေမယ့် ဒီအချိန်အထိတော့ သူစောင့်နေလိမ့်မယ်ဟု မထင်ခဲ့ပါ။

"မေခ ... ကိုယ်ဒီမှာ ..."

"ဟယ် ... ကိုမင်း ရှင်စောင့်နေသေးတယ် !"

မင်းဝဏ္ဏက ဆိုင်ထောင့်နား ဆိုဖာခုံတွေဆီက လက်ပြလှမ်းခေါ်လိုက်တာမို့ မေခက အံ့သြပျော်ရွှင်သွားကာ သူ့ဆီ ခပ်သွက်သွက် လှမ်းသွားလိုက်မိပါသည်။

www.foreverspace.com.mm



"ကိုမင်းရယ် ... ဒီအချိန်ထိ စောင့်နေသေးတာ အံ့ပါရဲ့...."

"ချိန်းထားတာပဲ၊ စောင့်ရမှာပေါ့ ..."

"ဒါပေမယ့် အချိန်က အရမ်းနောက်ကျနေပြီလေ၊ မစောင့်နဲ့တော့လို့ ပြောမလို့ ဖုန်းဆက်ကြည့်သေးတယ်၊ ကိုမင်းဖုန်းက ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေတယ်"

"ဒီဆိုင်ထဲဆို ဖုန်းက မမိတော့ဘူးလေ"

"ကိုမင်းကလည်း မေခဆီလည်း လှမ်းမဆက်ဘူး"

"မေခ အလုပ်ကိစ္စနဲ့ သွားလာနေတုန်း အနှောင့်အယှက် မဖြစ်စေချင်လို့ပါ၊ ကိုယ်က အလိုက်မသိ တဂျီဂျီ လှမ်းခေါ်နေသလို ဖြစ်နေရင် မကောင်းဘူးလေ"

"ဒီအတိုင်း စောင့်နေတော့ ကိုမင်း သက်သက်အချိန်ကုန်တာပေါ့၊ အချိန်တွေ ဖြုန်းရာမကျဘူးလား၊ ဆယ်ကျော်သက်လေးလည်း မဟုတ်၊ ရုပ်ရှင်ရိုက်နေတာလည်း မဟုတ်ဘဲနဲ့...."

"ဩော် ... အဲဒီလိုမှ စောင့်ရမယ်ဆိုတဲ့ သဘောလား ..."

"ဟုတ်တယ်လေ ... ရုပ်ရှင်တွေမကြည့်ဖူးဘူးလား၊ ရုပ်ရှင်တွေထဲမှာ မင်းသား မင်းသမီးငယ်ငယ်လေးတွေသာ မလာနိုင်တဲ့သူကို မိုးထဲ နှင်းထဲ ဖွဲ့နဘဲနဲ့ စောင့်နေတဲ့ပုံစံမျိုးတွေကို သနားစရာကောင်းအောင် ပြနေတာ၊ အပြင်က

www.foreverspace.com.mm

မေခတို့ ကိုမင်းတို့လို သုံးဆယ်ကျော်အရွယ်ကြီးတွေက အဲဒီလို ဘယ်စောင့်မလဲ ...”

“ကိုယ်စောင့်တယ်ကွာ ... ဘာဖြစ်လဲ၊ မေခကို တွေ့ချင်လို့စောင့်တာ ...”

“ရှင်က တော်တော် ရုပ်ရှင်ဆန်တဲ့ လူပဲ ကိုမင်းရဲ့”

“ဟုတ်တယ်လေ ... အဲဒီ ရုပ်ရှင်ထဲမှာ မေခက မင်းသမီး၊ ကိုယ်က မင်းသား၊ ရုပ်ရှင်နာမည်က Love story in Yangon ”

“မေခက အက်ရှင်ကားတွေပဲ ရိုက်ချင်တာ၊ အဲဒီလို အချစ်ဇာတ်လမ်းတွေ မရိုက်ချင်ပါဘူး”

မေခက နှာခေါင်းရှုံ့ကာ သူ့ကို မခံချင်အောင် ပြောမိပါသည်။

“အက်ရှင်ကားလည်း မင်းသားတော့ ပါရမှာပဲလေ ...”

“တစ်ကိုယ်တော် လူစွမ်းကောင်းကားပဲ ရိုက်မှာ၊ လုံးဝ မင်းသား မပါစေရ ...”

“ဒုက္ခရောက်ရင် ကယ်ရမယ့် အခန်းလေးမှာတော့ ကိုယ် ပါပါရစေ”

ကိုမင်းက အသနားခံသော မျက်နှာကလေးဖြင့် နောက်လိုက်တာမို့ မေခက ပေါ့ပေါ့ပါးပါး ရယ်မောမိလေသည်။

www.foreverspace.com.mm



မေခ သူ့ကို သဘောကျတာ အဲ့ဒါပဲ . . . ။ သူ့စိတ်က ပေါ့ပေါ့ပါးပါး ရှင်းရှင်းလင်းလင်းဖြင့် တစ်ဖက်သား စိတ်မှာ ပျော်လာအောင် ပြောနိုင်သည်။

မေခ အလုပ်တွေရှုပ်ပြီး ဖိစီးခံရတိုင်းလည်း သူက ဖျောင်းဖျနှစ်သိမ့်စကားတွေ ပြောပေးနိုင်သည်။ သူ့ကိုတွေ့ရင် သူနဲ့ စကားပြောရလျှင် မေခရဲ့စိတ်ဖိစီးမှုတွေ ပြေပျောက်သွားတတ်ပါသည်။

ဘဝမှာ ဒီလို ယောကျ်ားမျိုးသာ အနားမှာ အမြဲရှိလျှင် ဘယ်တော့မှ အထီးကျန်မှာ မဟုတ်။ အလုပ်မှာ အခက်အခဲတွေ ရင်ဆိုင်ရလည်း စိတ်ဖိစီးမှုတွေနဲ့ မွန်းကြပ်နေတော့မှာ မဟုတ်ဟူသော အတွေးမျိုးတွေးမိရင်းကပင် မေခ သူ့ကို တစိမ့်စိမ့် နှစ်လိုသဘောကျမိခဲ့တာပင်။

သို့သော် ခုလောလောဆယ်မှာ မေခက အချစ်ခံရခြင်းမှာ သာယာယစ်မူးနေပြီး သူ့ကို ချစ်သူ အိမ်ထောင်ဘက်အဖြစ် ရွေးဖို့ မရွေးဖို့ဆိုတာ တိတိကျကျ ဆုံးဖြတ်ချက်မချနိုင်သေးပါ။

သူမှာ တင်းပုတ်လက်မ မရှိဘူးဆိုတာ သေချာသွားသည့် နေ့တုန်းကတော့ ကိုယ်ဘယ်အချိန် လက်ကမ်း လက်ကမ်း အသင့်ဖမ်းဆွဲထူမပေးမည့် တင့်တယ်သည့် လက်တစ်စုံရှိပြီဟု

www.foreverspace.com.mm

အားတက် ပျော်ရွှင်သွားရတာသာ ရှိလျက် ရုတ်တရက် လက်ခံ ခေါင်းညိတ်ဖို့ကျတော့ တွေဝေတွန့်ဆုတ်နေသည်။

အထီးကျန်မှာ ကြောက်ပေမယ့် ကိုယ့်စိတ် ကိုယ့်သဘောအတိုင်းထင်သလို နေနိုင်သည့် အပျိုဘဝကိုလည်း မေခ က မက်သေးသည်။

"မေခ ..."

"အင်ဟင် ..."

အတွေးထဲမှာ တွေဝေ ဒွိဟဖြစ်နေသော မေခက မင်းဝဏ္ဏခေါ်သံကြောင့် လက်ရှိအခြေအနေထဲ စိတ်ပြန်ရောက်လာချိန်မှာ မေခကို ငေးကြည့်နေသော ကြည်လဲ့လဲ့ မျက်ဝန်းတစ်စုံနှင့် ရင်ဆိုင်လိုက်ရသည်။ သူက မေခကို ပြုံးကြည့်နေရင်း ...

"မေခ ... မေခကို ကိုယ်ချစ်တာ သိပါတယ်နော် ..."

"သိသားပဲ ..."

"ဘယ်တုန်းကတည်းက စချစ်တယ်ဆိုတာကိုရော သိရဲ့လား"

"အဲ့ဒါတော့ မသိဘူးပေါ့"

သူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း ...

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကိုယ့်သူငယ်ချင်းရဲ့ဂျာနယ်တိုက်မှာ အလုပ်လာလျှောက်တဲ့ မေခကိုတွေ့ပြီး ကိုယ် အရမ်းချစ်သွားခဲ့တာ ...၊

www.foreverspace.com.mm



"အဲ့ဒီနေ့က မေခက ကိုယ့်သူငယ်ချင်းရုံးခန်းထဲကို အင်တာဗျူး လာဖြေတာလေ၊ မေခ ပုံစံလေးက ကြည့်လိုက်တာနဲ့ ထက်မြက်တဲ့ပုံလေး ပေါ်နေတယ်၊ ခြေလှမ်းတွေကသွက်ပြီး မျက်လုံးလေးတွေက အရမ်းစူးရှတယ်၊ ကိုယ့်ကိုယ်ကိုယ် confident (ယုံကြည်မှု) ရှိနေတဲ့ပုံစံ အပြည့်အဝပဲ၊ အဲဒီနေ့က မေခ ဝတ်ထားတာ စကတ်အနက်ကလေးနဲ့ ရှပ်အင်္ကျီပုံစံ အင်္ကျီလက်ရှည်လေး၊ မီးခိုးရောင်အင်္ကျီရဲ့လက်ဖျား နှစ်ဖက်နဲ့ ကော်လံက အဖြူရောင်အကွပ်ကလေးနဲ့လေ ...၊

"အဲ့ဒီအချိန်ကတည်းက ဒီမိန်းကလေး ဘာလုပ်လုပ် ငါတော့ တစ်သက်လုံး သည်းခံပြီး ချစ်သွားရတော့မှာပဲလို့ တွေးလိုက်မိတာ၊ လက်ထပ်ဖို့အထိ ဆုံးဖြတ်ခဲ့တာ ...၊

"အဲ့ဒီနောက်ပိုင်းနှစ်တွေမှာ ကိုယ် နိုင်ငံခြားထွက်သွားခဲ့လို့သာ မေခကို ကိုယ့်ဘက်က ဘာမှ မစ,တင်လိုက်ရတာ ...၊

"ဒီပြန်ရောက်လာတဲ့အချိန်မှာ ပထမဆုံး လုပ်ချင်တဲ့အလုပ်ဟာ မေခ ရှိသေးတယ်ဆိုတဲ့ ကိုယ့်သူငယ်ချင်းရုံးကို လာကြည့်ဖို့ပဲ ..."

www.foreverspace.com.mm

သူ့မျက်လုံးတွေအောက်မှာ မေခ တဖြည်းဖြည်း ကျဆုံးနစ်မျောလာရပါသည်။ မေခရင်ထဲမှာ တလုပ်လုပ်တုန်လာသည်။ ရင်ခုန်သံကလည်း သိသာလာပါသည်။

ဘုရားရေ . . . မေခ သူ့ကိုချစ်နေပြီလား . . . ။ ဘာကြောင့် ဒီလိုခံစားနေရတာပါလိမ့်။ မေခ ငိုချင်သလို၊ ကြည်နူးသလို မောလိုက်လိုက် ဖြစ်လာသည်။

မေခဟာ ချေးများ တွက်ချက်တတ်တယ် ဆိုပေမယ့်လည်း လူတစ်ယောက်ကို ခံစားချက်မပါဘဲ လက်ထပ်လိုသူတော့ မဟုတ်ပါ။ ဆောင်းလောက် အချစ်ကို စိတ်ကူးယဉ်ချင်မနေပေမယ့် အချစ်မပါဘဲနဲ့တော့ ယောကျ်ားတစ်ယောက်နဲ့ မရင်းနှီးလိုပါ။

ခုချိန်မှာတော့ မေခသူငယ်ချင်းတွေကလွဲရင် သူ့လောက် မေခနဲ့ ရင်းနှီးတာမျိုး၊ ယုံကြည်ရင်ဖွင့်လို့ရသူမျိုး မေခနားမှာ မရှိခဲ့ပါ။

မေခ ဘာပဲဂျီကျဂျီကျ စိတ်ရှည်သည်းခံပေးတတ်သည့် ချစ်သူတစ်ယောက်ကို မေခ လက်မလွှတ်ချင်ပါ။

"ကိုမင်းက မေခသည်းညည်းကို အမြဲခံနိုင်လို့လား"

"ဘာလို့မခံနိုင်ရမလဲ . . ."

"မေခက ဆိုးတယ်နော် . . ."

"ဒါဆို ခုကတည်းက မိဆိုးလို့ ခေါ်ထားရမလား၊ မိန်းမ

www.foreverspace.com.mm



ဆိုးလေးမို့ကွယ် ပိုချစ်တယ်ဆိုတဲ့ သီချင်းစာသားလေးတွေကို ကိုယ်တော့ သဘောကျတယ်”

“မေခ ဘယ်လိုနေနေ အပြစ်မမြင်ပါဘူးလို့ အာမခံနိုင်လို့လား...”

“ဆယ်ခါပြန် အာမခံနိုင်တယ်...”

“မေခရဲ့ဂျီကျတတ်တဲ့ အကျင့်၊ ချေးများတတ်တဲ့အကျင့်၊ အပြစ်ပြောတတ်တဲ့ အကျင့်၊ အိမ်မကပ်ချင်တဲ့ အကျင့်၊ အလုပ်ဇောကပ်ရင် နောက်ပြန် လှည့်မကြည့်တတ်တဲ့ အကျင့်တွေကို သည်းခံနိုင်မလား...”

“အသေးအဖွဲလေးတွေပါ...”

“မေခ ထမင်းလည်း မချက်တတ်ဘူး၊ အိမ်မှုကိစ္စတွေလည်း မလုပ်ချင်ဘူး၊ ညဘက် အိပ်မပျော်ရင်လည်း အနားက လူကို အတင်းနှိုးပြီး စကားပြောတတ်တယ်၊ အဲဒါကိုရော သည်းခံနိုင်လို့လား...”

“ဒါတွေအားလုံးကို သည်းခံနိုင်တယ်ဆိုရင် မေခ ကိုယ့်အချစ်ကို လက်ခံမှာလား...”

“အင်း . . . ဒါလား သေတော့ မသေချာဘူး၊ စဉ်းစားဦးမယ်”

“မေခကလည်းကွာ...”

www.foreverspace.com.mm

မေခက တွေဝေနေမိပြန်ပါသည်။

သူ မေခကို ချစ်တာတော့ ဟုတ်ပါပြီ။ သို့သော် သူ့မှာ ဘယ်လိုမကောင်းတဲ့ အကျင့်ဆိုးတွေ ရှိမယ်မှန်း မေခမှ မသိနိုင်ဘဲ . . . ။ သူငယ်ချင်း အိမ်ထောင်သည်တချို့ပြောကြတာ တော့ ယူပြီးမှ လျှို့ဝှက်ချက်တွေ ပေါ်လာလို့ စိတ်ဆင်းရဲရတယ် ဆိုပဲ . . . ။ ညည ဝက်ဝက်ကွဲအောင် ဟောက်တတ်တဲ့ . . . ၊ မိန်းမကို ရိုက်ပုတ်တတ်တဲ့ . . . ၊ ဖောက်ပြန်တတ်တဲ့ ယောကျ်ားတွေမှ အပုံကြီးဆိုပဲ ...။

အဲဒီလိုသာဆိုရင်တော့ ခင်မေခတို့က သည်းခံပေါင်း နေမှာမှ မဟုတ်တာ၊ ကွဲရုံပဲပေါ့။ ဒီလိုနဲ့ တစ်ခုလပ်ဖြစ်ရောပေါ့။ ကိုယ့်ဘာသာ နေတာကမှ အပျိုဟိုင်းကြီးမကလို့ ဘာပဲဖြစ်ဖြစ် အပျိုဂုဏ်လေးတော့ ရှိသေးရဲ့ . . . ။ တစ်ခုလပ် နာမည်အဖတ် တင်တော့မှ ဟိုလူ ဒီလူက မလေးမစား အကဲစမ်းချင်သလို လုပ်လာရင် ငါကတော့ တွေ့ရာနဲ့ ကောက်ရိုက်ပစ်လိုက်မှာပဲ ...။

ဘုရားရေ . . . ကလေးတွေကိစ္စက ရှိဦးမှာ။ ကလေး ရပြီးမှ ကွဲကြတယ်ဆိုရင် ငါ့မှာ ကလေးတွဲလောင်းနဲ့ အလုပ် တစ်ဖက်နဲ့ သောကဗျာပါဒတွေ ဖြစ်နေရတော့မှာ။ ယောကျ်ားက ကလေးစရိတ်၊ မယားစရိတ် ထောက်မှာမှ မဟုတ်တာ။ ထောက် လည်း ငါ့မာနနဲ့ငါ မယူပါဘူး။ ငါ့မှာ အစွမ်းရှိတာပဲ . . . ၊ ငါ တစ်ယောက်တည်း ရှာကျွေးမှာပေါ့။

www.foreverspace.com.mm



ဟယ် . . . ဒါပေမယ့် ဂျာနယ်လစ်ဆိုတာက ဟိုသွား ဒီသွား လမ်းကများနဲ့ . . . ကလေးတွေကို ရင်အုပ်မကွာ ပြုစုဖို့တော့ ဘယ်ဖြစ်နိုင်မလဲ ...။

အဲဒီလိုဆို ကလေးကို အိမ်နာနီနဲ့ ထားပစ်ခဲ့ရမှာ။ နာနီက ကလေးကို ပစ်ထားပြီး ဝတ္ထုစာအုပ်တစ်အုပ်နဲ့ ဇိမ်ကျနေရင်၊ ကိုရီးယားကားကို မော့ငေးနေရင် ငါ့ကလေးက လေးဘက်ထောက်ပြေးရင်း အိမ်ပေါ်က ပြုတ်ကျ၊ ဘုရားရေ . . . ဒုက္ခတွေပါလား။

"မေခ ..."

အမေ့ ..."

မင်းဝဏ္ဏက ခေါ်လိုက်တော့မှ မေခ စိတ်ကူးဒုက္ခကြီးထဲက လွတ်မြောက်ကာ သက်ပြင်းချလိုက်မိပါသည်။

"ဘာတွေ တွေးနေတာလဲ၊ ငြိမ်နေလိုက်တာ ..."

"အင်း ... ဒီလိုပါပဲ၊ မေခ ပြန်တော့မယ် ..."

"ဟင် ... ဗြုန်းစားကြီးပါလား၊ ဘာမှမစားဘူးလား"

"မစားချင်တော့ဘူး၊ မေခ အိမ်ထောင်လည်း မပြုချင်ဘူး၊ မေခကို မေ့လိုက်ပါ ကိုမင်းရယ် ..."

"မေခ ... နေဦးလေ"

မေခက ရုတ်တရက် ဆုံးဖြတ်ကာ ထ,ထွက်လာခဲ့သည်။

www.foreverspace.com.mm

သို့သော် မေခ ခြေလှမ်းတွေက တဖြည်းဖြည်း လေးလာရပြန်ပါသည်။

သူလို လူတစ်ယောက်ကို ကျောခိုင်းပစ်လိုက်ရင် ငါလို ၃၀ ကျော် မိန်းမကို ဘယ်သူက သူ့လောက်ချစ်ဦးမှာတဲ့လဲ။

ဒါဆိုလည်းအိမ်ထောင်မပြုရုံပဲပေါ့။ ဒီလိုနဲ့ တဖြည်းဖြည်း အသက်က ၃၀ကို တော်တော်ကျော်ပြီး ၄၀ နားကပ်၊ နောက်တော့ ၄၀ ကျော် ၅၀ အတွင်းဝင်သွားရော ...။

အသက်ကြီးလာတော့ ဗိုက်နဲ့ တင်ပါး၊ ခါးနဲ့ပေါင်မှာ အဆီတွေစုလာ၊ မျက်နှာကြီးက ပြဲလာ၊ အရင်လောက်လည်း မသွက်လက်နိုင်တော့ ...။ ဘယ်သူကမှလည်း ကိုယ့်ကို မကြိုက်တော့။ ကိုယ့် သည်းညည်းလည်း မခံနိုင်တော့။ ခုနေသာ ရုပ်ကလေး လှတပတမို့ တော်ရုံဂျီကျလည်း သည်းညည်းခံနိုင်သူတွေ ရှိသေးပေမယ် အဲ့ဒီအရွယ်ဆို ဒီမိန်းမကြီး ရုပ်လိုက်တာလို့ ပြောချင်ပြောကြမှာ။

ဆောင်းနဲ့ သံစဉ်ကလည်း အိမ်ထောင်ကျသွား။ သံစဉ်က သူ့ယောကျ်ားအိမ် ပါသွား၊ ဆောင်းက သူ့ယောကျ်ားကို သူ့အိမ်ပေါ် ခေါ်တင်၊ ဆောင်းတို့မှာ ကလေးတွေလည်း ရလာ၊ သူတို့ မိသားစုကြားထဲမှာ ငါက ဘယ်လိုနေလို့ ဘယ်လို

www.foreverspace.com.mm



စားရမှန်း မသိအောင် ကန့်လန့်ကြီးဖြစ်။ သူ့ယောကျ်ားအချိုးတွေက သူများအိမ်မှာ ကပ်နေတဲ့ မိန်းမဆိုပြီး အမြင်တွေကတ်ကြ၊ မေးငေါ့အတင်းပြောကြ။ အဲဒီလိုနဲ့ . . . ဟို အချစ်ကို ကိုးကွယ်ချင်တဲ့ မိဆောင်းက မျက်ရည်လေးစမ်းစမ်းနဲ့ ငါ့ရှေ့ရောက်လာပြီး

"မေခရယ် . . . နင့်ကိုတော့ ငါချစ်ပါတယ်ဟယ်၊ တစ်သက်လုံးလည်း အတူနေချင်ပါတယ်ဟယ်၊ ဒါပေမယ့်လေ . . . ငါ့မှာက ယောကျ်ားနဲ့ ကလေးတွေက တစ်ဖက်ဆိုတော့လေ . . . နင့်ကိုတော့ အားနာပေမယ့် သူတို့ကိုလည်း စိတ်မဆင်းရဲစေချင်ဘူး . . ."

လို့ဆိုပြီး ငါ့ကို အနုနည်းကလေးနဲ့ နှင်ချ . . . ။ ငါ့မှာ အသက်ကြီးကာမှ နယ်ကမိဘတွေဆီလည်း ပြန်မနေချင်တော့ ကိုယ့်ဘာသာ တိုက်ခန်းလေး တစ်ခန်းငှားနေ၊ တစ်ယောက်တည်းမို့ အဖော်ရအောင် အိမ်ဖော်ခေါ်ထားပေမယ့် အိမ်ဖော်က ငါမရှိတုန်း အိမ်ကပစ္စည်းတွေ မ,ပြီးထွက်ပြေးသွား၊ အိမ်ဖော်ကြောက်လို့ တစ်ယောက်တည်း နေတဲ့ ငါ့အိမ့်ကို ရေသန့်ဘူးလာပို့တဲ့ သူက တစ်ယောက်တည်းနေမှန်း ရိပ်မိတာနဲ့ ရေသန့်ဘူးသယ်ပေးချင်ယောင်ဆောင်ရင်း ငါ့ကို သတ်သွားပြီး . . . ဘုရားရေ အလောင်းကိုတောင် ပုပ်မှ တွေ့ကြရမယ့် အဖြစ် . . . ။

ထိုအတွေးက မေခ ခြေလှမ်းတွေကို ပြန်ဆွဲခေါ်ယူ

www.foreverspace.com.mm

နေတာမို့ မေခက တွေဝေစွာ နောက်ပြန်လှည့်ကြည့်မိတော့ မင်းဝဏ္ဏက မေခကို ငေးကြည့်နေဆဲ ...

မေခက ဖြုန်းခနဲ နောက်ပြန်လှည့်ပြေးလာကာ သူ့ရှေ့မှ ရပ်လိုက်ရင်း ...

"ကိုမင်း ... မေခ လက်ထပ်မယ်၊ လက်ထပ်မှဖြစ်မယ်"

"ကိုယ့်ကို ... ? "

ကိုမင်းက သူ့ကိုယ်သူ လက်ညှိုးညွှန်ပြကာ တအံ့တသြ မေးတော့ မေခက အားပါးတရ ခေါင်းညိတ်ပြလိုက်မိပါသည်။

※ ※ ※

www.foreverspace.com.mm

⁂ ⁂ ⁂

"အမေ့ … သေပါပြီ"

"ဟဲ့ … သံစဉ် အလောတကြီး ဘာဖြစ်လာတာလဲ …"

"ဟိဟိ … နင်ကရော ဘာဖြစ်လာတာလဲ …"

"ဟဲဟဲ … ဘာမှမဖြစ်ပါဘူး …"

အိမ်ထဲသို့ အလောတကြီး ပြေးဝင်လာသော သံစဉ်နဲ့ မေခက အိမ်တံခါးဝမှာ တစ်ယောက်နဲ့ တစ်ယောက် အရှိန်ပြင်းပြင်း ဝင်တိုက်မိသွားပေမယ့် အရင်လို တစ်ယောက်ကို တစ်ယောက် မျက်စောင်းထိုးအပြစ်မတင်မိကြဘဲ မျက်နှာတွေက မချိုမချဉ် ဖြစ်နေကြပါသည်။

ကြည့်လိုက်တော့ အုမြူး ဘဝင်ကျနေပုံဟာ အသိသာကြီးမှန်း တစ်ယောက်ကိုတစ်ယောက် ရိပ်မိသွားကြရလျက် …

"မေခ … နင့်ကြည့်ရတာ တော်တော် ပျော်နေပုံပဲ၊ ဘာဖြစ်လာလဲ … ဟဲဟဲ"

www.foreverspace.com.mm

"အံမယ် . . . နှင့်ရုပ်ကလည်း ပျားရည်လိမ်းပြီး သကြားမှုန့် ဖြူးထားသလား အောက်မေ့ရတယ်၊ ချိုမြမြူးကြွနေတာပဲ၊ ဘာတွေထူးလာလဲ၊ မှန်မှန်ပြောစမ်း ..."

"ဟဲ ဟဲ ... ပြောရရင် အရှည်ကြီးပဲ ..."

"ငါလည်း အရှည်ကြီးပဲ ..."

တစ်ယောက်ကိုတစ်ယောက် ဈေးကိုင်အချိန်ဆွဲနေကြပြီးမှ သံစဥ်က မအောင့်နိုင်တော့ပုံဖြင့် ဖြုန်းခနဲ ပြောချလိုက်သည်။

"ဒါဆို အတိုချုပ်ပြီး ပြောလိုက်ကြရအောင်၊ ငါနဲ့ ကိုဟံသာနဲ့ ချစ်သွားကြပြီ ..."

"ဟယ် ... ငါလည်း ကိုမင်းနဲ့ ချစ်သွားပြီ ..."

"တူတူပဲဟ့ . . . တူတူပဲ၊ ဟား . . . ဟား . . . ငါတို့ ရည်းစားရပြီ၊ အထီးမကျန်တော့ဘူး"

သံစဥ်နဲ့ မေခက တစ်ယောက်ပခုံး တစ်ယောက်ဖက်ကာ ခုန်ဆွ ခုန်ဆွလုပ်နေကြဆဲ ဆောင်းက အလန့်တကြား ပြေးထွက်လာကာ ...

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်လို့လဲ"

ဟု မေးလေသည်။ နှစ်ယောက်သားက ဆောင်းကို ပြောရကောင်းနိုး၊ မကောင်းနိုး ပါးစပ်ပိတ်သွားကြပြီးမှ မေခက သံစဥ့်နားကပ်ကာ ...

www.foreverspace.com.mm



"သူ့ကိုပြောလို့ဖြစ်ပါ့မလား၊ သူများ အားငယ်နေမလား"

"သူ ငါတို့အတွက် ဝမ်းသာမှာပါဟာ၊ ပြောလိုက်ကြတာပေါ့"

ဆောင်းက မေခတို့ကို မယုံသင်္ကာကြည့်ရင်း ...

"နင်တို့နော် တိုးတိုး တိုးတိုးနဲ့ ငါမသိအောင် ဘာတွေကျိတ်ကြံနေကြတာလဲ ..."

ဟု မေးတော့မှ သံစဉ်နဲ့ မေခက ဆောင်းနားကပ်သွားကာ ဆောင်းပခုံးကို ဖက်လိုက်ကြရင်း ...

"ငါတို့က နင်တစ်ယောက်တည်းဆိုပြီး အထီးကျန် အားငယ်သွားမှာစိုးလို့ မပြောတာပါ"

"ဘာလဲ ... နင်တို့ ရည်းစားရသွားကြပြီ မဟုတ်လား"

"ဟဲ ဟဲ ... ဟုတ်တယ်ဟ ..."

"နှစ်ယောက်စလုံး ... ? "

"အေး ... နှစ်ယောက်စလုံး ..."

"ကောင်းတာပေါ့၊ ငါကလည်း နင်တို့လူတွေနဲ့ နင်တို့ အဆင်ပြေကြပါစေလို့ ဆုတောင်းပေးနေတာပါ"

"ငါတို့ ရည်းစားရပေမယ့် နင့်ကို အရင်လိုပဲ ဂရုစိုက်ပါ့မယ်"

"မလိုပါဘူး၊ ကိုယ့်ရည်းစားတွေသာ ကိုယ့်ဘာသာ ဂရုစိုက်ကြပါ"

www.foreverspace.com.mm

"နင်လည်း ရည်းစားရရင် ကောင်းမယ် ဆောင်းရယ်၊ နင်ကလည်း အိမ်တွင်းချည်းပဲ အောင်းနေတာဆိုတော့ ..."

"အိမ်ထဲအောင်းနေတာနဲ့ပဲ ဖူးစာရှင် မတွေ့ရတော့ဘူးလား၊ ဖူးစာမှန်ရင် သံကွန်ချာ ခုနစ်ထပ်နဲ့ အုပ်သိမ်းထားရင် တောင် ကြံဖန်ဆုံတွေ့ဖို့ဖြစ်လာမှာပဲ"

"အမယ့် စာရေးဆရာမက လျှော့ကိုမလျှော့ဘူး"

ဆောင်းက သူတို့ကို မျက်စောင်းလေးထိုးရင်း ရယ်မောလိုက်ရပေမယ့် ရင်ထဲမှာတော့ ဝမ်းနည်း အထီးကျန်သလို ခံစားနေရပါသည်။

တကယ်တော့ ဒီလိုအရွယ်မှာ အထီးကျန်ခြင်းကို သူတို့က ဆောင်းလောက် ခံစားဖူးကြတာမဟုတ်ပါ။ သူတို့မှာက နေ့တိုင်း ထိတွေ့ကျင်လည်နေရသည့် စည်စည်ကားကား ပတ်ဝန်းကျင်ကြီး ရှိနေသည်။ နေ့တိုင်း လူတွေနှင့် ပြောဆိုဆက်ဆံ သက်ဝင်လှုပ်ရှားနေသည်။

ဆောင်းမှာတော့ သူတို့ အလုပ်သွားကြပြီဆို အိမ်ကြီးထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ရလျက် တကုပ်ကုပ် စာရေးနေရတာ အထီးကျန် ပင်ပန်းလှသည်။

ရှေ့လျှောက် နောက်လျှောက် အကြံထုတ်လိုက်၊ စာလုံးလေးတွေ ချရေးလိုက်၊ mood ဝင်လာအောင် သီချင်းနား

www.foreverspace.com.mm



ထောင်လိုက်၊ စာမျက်နှာပေါ်မှာ စိတ်ကူးဖြင့် ဇာတ်ကောင်ပေါင်းများစွာ ရေးချဖန်တီးပြီး သူတို့ငိုရင် ကိုယ်လည်း ဝမ်းနည်းရ၊ သူတို့ရယ်ရင် ကိုယ်လည်း ပျော်ရွှင်ရနှင့် စိတ်နှလုံးလှုပ်ရှားကာ နှလုံးသားတွေရော စဉ်းစားရသည့် အာရုံကြောတွေပါ ပင်ပန်းနွမ်းနယ်ချိလာရတတ်ပါသည်။

ပြီးတော့ ဆောင်းက စိတ်နှလုံး နုနယ်ခံစားလွယ်သူမို့ တစ်ယောက်တည်းနေရစ်ခဲ့ရတိုင်း ပြတင်းဆီက မြင်နေရသည့် မိုးဖွဲကလေးတွေကို ငေးကြည့်ရင်း ဝမ်းနည်းချင် ဝမ်းနည်းသည်။ ဆောင်းဦးလေကလေးတိုက်လာတာ၊ မိုးရိပ်တွေ ညိုပြီး ပြုံဆင်းမှိုင်းအုံ့လာတာ၊ နွေဦးမှာ ဥသြတွန်သံကလေးတွေနှင့်အတူ သစ်ရွက်ခြောက်ကလေးတွေ ကြွေလို့ အပင်တွေ အရိုးပြိုင်းပြိုင်းကျန်ခဲ့ရတာကအစ လိုက်ပါခံစားနေမိတတ်သည်။

အဲဒီလို အချိန်တွေမှာ စကားပြောဖော်လေး တစ်ယောက်လောက်တော့ ရှိချင်မိသေးသည်။

စာရေးရတာ အရမ်းငြီးငွေ့လာသည့် အချိန်မှာ စကားပြောချင်လို့ မေခဆီ ဖုန်းဆက်မိပေမယ့် မေခက စကားကြာကြာ ပြန်ပြောမနေနိုင်ဘဲ ပျာယာခတ်သံကိုသာ ကြားရမြဲ။

"ဆောင်းရေ . . . အရေးမကြီးရင် ငါပြန်လာမှ ပြောကြတာပေါ့ဟယ်၊ ဒီမှာ ဖောင်ပိတ်သတင်းတွေ အရေးတကြီးရေးနေရလို့ဟ . . .၊ နောက်မှနော် . . . နောက်မှ . . ."

www.foreverspace.com.mm

ဟုပြောကာ ဖုန်းချသွားလို့ သံစဉ်ဆီ တစ်ခါခေါ် ပြန်လျှင် ဆူညံသံတွေကြားရကာ ...

"ဆောင်းရေ . . . နင့်အသံ သိပ်မကြားရဘူး၊ ငါ Ocean ကုန်တိုက်မှာ၊ ငါတို့ ကုမ္ပဏီက promotion (အရောင်းမြှင့်တင်ရေး) ပွဲလုပ်နေလို့လေ ..."

ဟုပြောပြန်တာမို့ ဆောင်းက အလိုက်သိသိ ဖုန်းချပေးရပြန်ပါသည်။

သူငယ်ချင်းဆိုတာ ဘယ်လောက်ချစ်ချစ် အမြဲ အဖော်ပြုမပေးနိုင်ပါလားဟု တွေးမိတိုင်း ဆောင်းက သက်ပြင်းချကာ ဘယ်ဆီနေမှန်းမသိသော ဖူးစာရှင်ဆိုတာကို မျှော်လင့်စောင့်စားနေခဲ့မိလေသည်။

ဒီနွေဦးမှာတော့ ချစ်ရတဲ့သူနဲ့ ဆုံစည်းချင်လှပါသည်။

❋ ❋ ❋

www.foreverspace.com.mm

❊ ❊ ❊

“တူ… တူ… တူ”

မင်းသားက သူ့ခံစားချက်တွေ ဖွင့်အန်ပြရင်း မင်းသမီး အချစ်ကို တောင်းခံနေသည့် အခန်းကို ရေးနေသော ဆောင်းသည် ဖုန်းသံကြောင့် အာရုံပျက်သွားရပါသည်။

သို့သော် ဆောင်းက ဖုန်းမကိုင်လိုက်ဘဲတော့ မနေချင်။ ဒီဖုန်းကလေးဆီက စီးမျောလာသော အသံမှန်သမျှသည် ဆောင်းရဲ့အဖော်သာဖြစ်၏။ ဒီဖုန်းကလေးကြောင့်သာ ဆောင်းမှာ ဖြေသာစရာလေး ရှိနေခဲ့တာ ဖြစ်သည်။

ဆောင်းက ဘောလ်ပဲန်ကို ချကာ ဖုန်းကို ကောက်ကိုင်လိုက်မိပါသည်။

“ဟဲလို… အမိန့်ရှိပါရှင်”

“မ, လား…”

www.foreverspace.com.mm

တစ်ဖက်က မေးသံကြောင့် ဆောင်းစိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားသည်။ မေးပုံဟာ ရင်းရင်းနှီးနှီး။ အသံကလည်း ခပ်ငယ်ငယ် ယောကျ်ားလေး အသံ . . . ။ သို့သော် ဆောင်းကို 'မ' လို့ ခေါ်တဲ့ ယောကျ်ားလေး မိတ်ဆွေ ဆောင်းမှာ မရှိပါ။ ဆောင်းဆီ ဖုန်းဖြင့် လှမ်းမိတ်ဆက် အကြံပြုကြသူတွေကလည်း ကြီးကြီး ငယ်ငယ် ကျားကျား မမ 'ဆရာမ' ဟုသာ ခေါ်တတ်ကြပါသည်။

သံစဉ်နဲ့ မေခမှာကလည်း hand phone ကိုယ်စီနှင့်မို့ အိမ်ဖုန်းဆီ ဆက်သည့်သူတွေဟာ ဆောင်း မိတ်ဆွေများသာ များပါသည်။

"မ, လား"

ဆောင်းက အသံတိတ်နေတော့ တစ်ဖက်က ထပ်မေးပြန်သည်။

"ဘယ်ကိုဆက်ပါသလဲရှင် ..."

"မ ဆီကိုပဲ ဆက်တာပါ"

"မ ဆိုတာ ဘယ်သူလဲ၊ နာမည်ကိုပြောလေ ..."

"မ နာမည်က ဆောင်းနှောင်းသဇင်လေ ..."

ဆောင်းက မျက်မှောင်ကြုတ်သွားမိကာ ...

"မင်းက ဘယ်သူလဲ၊ မင်းကို တို့မသိဘူး"

"မ မသိလည်းနေပါ၊ ကျွန်တော်ကတော့ မကို သိတာကြာ

www.foreverspace.com.mm



ပြီ၊ မကို သဘောကျလို့ လိုက်လိုက်ကြည့်မိနေတာလည်း ကြာပြီ၊ မ က တကယ် ချစ်စရာလေး၊ အရမ်းဖြူစင်တယ်"

ဆောင်းသည် နားထောင်ရင်း ရင်ထဲ ရှက်ရွံ့ရှိန်းမြလာကာ နားရွက်တွေပင် ထူပူလာသည်။

လူကို မလေးမစား ဒီလိုပြောစရာလား . . . ။ ခုချိန်မှာ ဆောင်းကို ဒီလိုပြောရဲတဲ့သူလည်း မရှိပါ။

ဆောင်းက ကိုယ့်ဂုဏ်သရေနှင့်ကိုယ် ဣန္ဒြေသိက္ခာ ရှိရှိ တည်တည်ငြိမ်ငြိမ် ရိုးရိုးအေးအေးလေး နေတတ်သူ၊ စာရေးဆရာမလည်း ဖြစ်တာမို့ လူတကာက ဆရာမပဲခေါ်ကာ လေးလေးစားစား ဆက်ဆံကြသည်ပင်။ ဆောင်းအသက်အရွယ် ဆောင်းအနေအထားကို ဘယ်သူကမှ ချစ်စရာလေးလို့ ချစ်စနိုးလာပြောရဲတာမဟုတ်။ ခုလို အပြောခံလိုက်ရတာဟာ ဆောင်းအတွက်တော့ ရှက်စရာကြီးပင်။

ဆောင်းက ဒါ ဆောင်းကို ရိတိတိလုပ်တဲ့ ငနဲလေးပဲဟု ယူဆကာ ဖုန်းချလိုက်ဖို့ကြံရွယ်မိသည်။

"မ . . . ဖုန်းချဖို့ စဉ်းစားနေတာလား၊ အရမ်း တောင်းပန်တယ်နော် မ၊ မကို ကျွန်တော် စိတ်ညစ်အောင် လုပ်ဖို့ ကြိုးစားနေတာမဟုတ်ဘူး၊ ကျွန်တော့် စိတ်ရင်းကို ပြောပြရုံလေးပဲ၊ ကျေးဇူးပြုပြီး ဖုန်းမချပါနဲ့ဦး မရယ် . . ."

www.foreverspace.com.mm

သူ့အသံက တောင်းပန်ရိပ်ကျိုးသံကလေး။ ပြီးတော့ သူ့အသံဟာ အလွန်ပဲ ဆွဲဆောင်မှုရှိပါသည်။ ထိုအသံကြောင့်ပင် ဆောင်းမှာ အညှို့ခံရသလိုမျိုး မလှုပ်မယှက်လေး ဖြစ်သွားကာ ဖုန်းခွက်ကို ဆက်ပြီးကိုင်ထားလိုက်မိသည်။

"ကျေးဇူးပဲ မ၊ မ ဆံပင်တွေကို ဘာလို့ အဲလိုကြီး နောက်ဘက်မှာ ညှပ်ထားရတာလဲ၊ မ ဆံပင်အလယ်ခွဲလေး စင်းစင်းကျပြီး မျက်နှာပေါ် တစ်ဝက်တစ်ပျက် ကွယ်နေတဲ့ ပုံစံလေးက မနဲ့ ပိုလိုက်တယ်"

"ဟင်..."

ဆောင်းက အံ့သြသွားမိကာ ဆောင်းရပ်နေသည့် တံခါးဝကနေ ဘေးဘီကို လှမ်းကြည့်လိုက်မိပါသည်။ သူ့ပြောပုံအရဆိုလျှင် သူ ဆောင်းကို လှမ်းမြင်နိုင်လောက်သည့် နေရာမှာ ရှိနေတာ သေချာသည်။

ဆောင်းက Aircon လည်း မကြိုက်တာမို့ လေကောင်း လေသန့်ရသည့် ပြတင်းပေါက် ကျယ်ကျယ်လွင့်လွင့်နားမှာ ထိုင်ကာ လေညင်းခံရင်း စာရေးတတ်သူဖြစ်ပါသည်။ ဆောင်းကို သူ ဘယ်နေရာကနေ ကြည့်နေတာပါလိမ့်။

ဆောင်း ကြည့်တော့လည်း ဘာမှမတွေ့၊ တစ်ခြံကျော်က ဆောက်လက်စ တိုက်ပေါ်မှာ ယောကျ်ားတချို့ တွေ့

www.foreverspace.com.mm

ပေမယ့် သူတို့က သူတို့အလုပ် သူတို့ အာရုံစိုက်လုပ်နေကြသည်။ ကပ်ရပ်ခြံက တစ်ထပ်တိုက်ပုလေးသာမို့ တစ်ခြံကျော် နှစ်ထပ်တိုက်ကို ဆောင်းတို့အိမ်ကနေ လှမ်းမြင်နေရတာပင်။

"မက တစ်နေ့ တစ်နေ့ အိမ်မှာ တကုပ်ကုပ်နဲ့ စာပဲရေးနေတာပဲနော်၊ မပျင်းဘူးလား"

"ဒါတို့အလုပ်ပဲ၊ ဘာလို့ပျင်းရမှာလဲ ..."

ဆောင်းက လွှတ်ခနဲ ပြန်ပြောလိုက်မိပြီးမှ ပြန်ပြောမိတာ မှားပြီလားဟု နောင်တရသွားသည်။

"မ မပျင်းတာတော့ ကျွန်တော် သိပါတယ်၊ မက စာမရေးချင်လည်း ခြံထဲဆင်းပြီး ပန်းပင်တွေ ရေလောင်းသေးတာ၊ ညနေကျရင်လည်း ခြံထဲမှာ တစ်ယောက်တည်း ဘတ်စကတ်ဘော ကစားနေသေးတာ မဟုတ်လား"

ဟင် ... သိလှချည်လား ... ။ ဆောင်းက သူ့စကားတွေကို နားထောင်ရင်း တုန်လှုပ်လာချိန်မှာ သူက ရယ်မောလိုက်ရင်း ...

"ဆောရီးနော် မ၊ ကျွန်တော် ကျီစယ်တာနဲ့ မမှာ စိတ်တွေတိုနေရရင် စာဆက်မရေးနိုင်ဘဲ နေဦးမယ်၊ မ စာရေးနေတာကို အနှောင့်အယှက်ပေးမိသလို ဖြစ်သွားရင် တကယ်ဆောရီး၊ ကျွန်တော် အလိုက်တသိ ဖုန်းချလိုက်တော့မယ်

www.foreverspace.com.mm

နော် မ . . . ၊ နောက်နေ့တွေလည်း ကျွန်တော့်ကို ဖုန်းဆက်ခွင့် ပြုပါနော် မ၊ မ ပျော်ပျော်ရွှင်ရွှင်နဲ့ စာတွေအများကြီး ရေးနိုင်ပါစေ ...”

တစ်ဖက်က ဖုန်းချသွားသံ ကြားပေမယ့် ဆောင်းက ခဏတော့ ဆက်ကိုင်ထားမိကာ ငိုင်တွေနေမိသည်။ ပြီးတော့မှ ဖုန်းကို ပြန်ချရင်း သက်ပြင်းတစ်ချက် ချမိသည်။

ရင်ထဲမှာ ဘာကြောင့်မှန်းမသိဘဲ လှုပ်ကျန်ခဲ့တာမို့ ဆောင်းက ရေခဲသေတ္တာဆီ အမြန်သွားကာ ရေအေးအေးတစ်ခွက် ထုတ်သောက်ရသည်။

အဲ့ဒီနေ့က စာဆက်ရေးဖို့ ကြိုးစားပေမယ့် ဆောင်း အာရုံတွေ စုစည်းလို့မရ ဖြစ်သွားသည်။

❋ ❋ ❋

နောက်တစ်နေ့... နောက်တစ်နေ့တွေမှာ ...

ဆောင်းက စာရေးရင်း တယ်လီဖုန်းဆီ လှမ်းလှမ်းကြည့်မိနေမိသည့် ကိုယ့်ကိုယ်ကိုယ် စိတ်တိုနေမိသည်။ ဘာကို စောင့်မှန်းမသိ စောင့်မိနေသည့် ကိုယ့်အဖြစ်ကို ကိုယ် စိတ်ပျက်သည်။

www.foreverspace.com.mm



စိတ်ပျက်နေတုန်းမှာပဲ ဖုန်းသံကမြည်လာတာမို့ ဆောင်းက ခပ်သွက်သွက်လေး ကောက်ကိုင်လိုက်မိသည်။

“မရေ . . . ကျွန်တော်ပါ၊ မ ခွင့်ပြုပြု မပြုပြု ကျွန်တော် ထပ်ဆက်လိုက်ရပြန်ပြီ၊ ခဏလေးပဲ ပြောမှာနော် မ၊ စိတ်ချ မကို အနှောင့်အယှက်ဖြစ်အောင် မလုပ်ဘူး . . .”

“ဒါပေမယ့် မင်း လုပ်ရပ်က တို့ကို နှောင့်ယှက်နေသလိုပဲ၊ မင်း ဘယ်သူလဲ၊ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေတာလဲ”

“ခင်မင်ချင်တာကို နှောင့်ယှက်တာလို့တော့ တလွဲအမည် မတပ်စေချင်ဘူး မ၊ ကျွန်တော်က မ ပရိသတ်ပါ၊ ဒါပေမယ့် သာမန် ခပ်စိမ်းစိမ်း ပရိသတ်တော့ မဟုတ်ဘူး၊ ကျွန်တော့်စိတ်ထဲမှာ မက ကျွန်တော်နဲ့ အရမ်းရင်းနှီး တယ်၊ မစာကို ဖတ်ရင်း၊ မရဲ့အင်တာဗျူးတွေကိုဖတ်ရင်း မအကြောင်းကို ကျွန်တော် သိလာတယ်၊ သိလာလေ ပိုပြီး လေးစားမြတ်နိုးလေပဲ . . .”

“တို့က စာဖတ်ပရိသတ်ကို ခင်မင်တတ်ပါတယ်၊ ဒါပေမယ့် မင်း အခုလုပ်နေသလို စောင့်ကြည့်တာမျိုးကိုတော့ တို့မကြိုက်ဘူး၊ တို့လည်း အနေခက်တယ်”

“မ မကြိုက်ရင် ကျွန်တော် စောင့်မကြည့်တော့ဘူးလေ၊ ဖုန်းပဲဆက်တော့မယ်”

www.foreverspace.com.mm

"ဖုန်းလည်း နေ့တိုင်း ဆက်နေစရာမလိုဘူး၊ ဘယ်ပရိသတ်မှ တို့ဆီ နေ့တိုင်း ဖုန်းမဆက်ဘူး"

"အဲ့ဒါက သာမန် ပရိသတ်တွေမို့လို့ပါ၊ ကျွန်တော်က သာမန် ပရိသတ်မှ မဟုတ်တာ"

"မင်းစကားတွေက ပြောလေ ကဲလေပါလား"

"မ စိတ်ဆိုးနေပြီလား"

"မဆိုးဘဲ နေမလား"

"တောင်းပန်ပါတယ် မရယ်၊ ကျွန်တော် ဖုန်းလေးတော့ ဆက်ပါရစေ၊ ကျွန်တော့်နာမည် ဖြိုးပါ၊ မ ထက် ပိစိလေးပဲ အသက်ငယ်ပါတယ်၊ ရိုးရိုးသားသားပဲ လုပ်ကိုင်စားသောက်ပါတယ်၊ ပိုက်ဆံလည်း မချမ်းသာပါဘူး၊ မရဲ့ ဂုဏ်ကျက်သရေကိုလည်း မယှဉ်ရဲပါဘူး၊ အလုပ်က ပေးထားတဲ့ ဖုန်းနဲ့ မဆီဆက်နေတာပါ၊ ကျွန်တော့်လို ခပ်နိမ့်နိမ့်ကောင်ကို အဖက်မတန်သလို ဆက်ဆံရင်တောင် မ အလွန်တော့ မဟုတ်ပါဘူး"

"မဟုတ်သေးဘူးလေ ... တို့ပြောတာက ..."

"မရယ် ... ဆောရီးပါ၊ ကျွန်တော် ကိုယ့်ဘဝကိုယ်မသိဘဲ မတန်တရာတွေ လုပ်မိတယ်"

"တို့ပြောတာ အဲ့ဒီသဘော မဟုတ်ဘူးလေ၊ တို့က လူလူချင်း အဆင့်အတန်း မခွဲတတ်ပါဘူး"

www.foreverspace.com.mm



"ဒါပေမယ့် ကျွန်တော့်လို ကောင်က သိတတ်ဖို့ကောင်း တယ်မဟုတ်လား"

"ကဲ ... ကဲ ... ဒါဆိုလည်း ဆက်ချင်ဆက်၊ မဆက်ချင်နေ မင်းသဘောပဲ၊ တို့ဖုန်းချလိုက်တော့မယ်"

ဆောင်းက ဖုန်းချလိုက်ပြီး ဖိုလှိုက်နေသော ကိုယ့် ရင်ဘတ်ကိုယ် အသာလေး ပြန်ဖိထားလိုက်မိပါသည်။

ဆောင်းစိတ်တွေ ဘာ့ကြောင့် ဒီလောက် လှုပ်ရှား နေရတာလဲ။ တစ်ချိန်တည်းမှာ စိုးရွံ့စိတ်၊ မယုံကြည်စိတ်၊ သနား စိတ်၊ တက်ကြွပျော်ရွှင်စိတ်တို့ တစ်ပြိုင်တည်း ဖြစ်ပေါ်လာကာ တစ်ခဏချင်း ပင်ပန်း၍သွားခဲ့ပါသည်။

ဒီလောက်ထိ လက်ခံစကားပြောမိတာ ဆောင်း မှား သွားပြီလား။ ဆောင်း ဂုဏ်သိက္ခာမဲ့ရာများ ကျနေပြီလား။

မေခတို့ သိရင်တော့ ဆူတော့မှာပဲဟု တွေးမိကာ အရမ်း စိတ်ညစ်သွားမိပါသည်။

သို့သော် ... ဆောင်းစိတ်တွေ အသက်ဝင်လှုပ်ရှား နေတာကိုလည်း ဆောင်းပဲ သိသည်။ ထိုလှုပ်ရှားစိတ်က ဆောင်း ရဲ့ငြီးငွေ့စိတ်တွေကို ပယ်ဖျက်ပေးနိုင်သည်။

ခုတလောမှာ အထီးကျန်ခြင်း ဆိုတာကို ဆောင်း မခံစားရတော့တာ ဘယ်လောက်ထူးဆန်းသလဲ ...။

www.foreverspace.com.mm

❋ ❋ ❋

တစ်စုံတစ်ရာကို မျှော်လင့်သောစိတ်ဖြင့် အသက်ဝင်လာသောအခါ ဆောင်းသည် တက်ကြွလန်းဆန်း၍လာလေသည်။

ခုတော့ ဆောင်းသည် နေ့လယ်နေ့ခင်း စာရေးခဏနားခိုက်အချိန်တွေမှာ ဆောင်းနဲ့ ဖုန်းပြောဖို့ မအားကြသည့် မေခတို့ဆီလည်း တဂျီဂျီ ဖုန်းလှမ်းဆက်နေစရာမလို၊ အချိန်မှန်မှန် မြည်လာမည့် ဖုန်းသံကလေးကို စောင့်ရင်း စိတ်ချမ်းချမ်းသာသာ စာရေးနေရုံပင် ...။

ခုဆို ဖုန်းထဲမှာ ဖြိုးနဲ့ တော်တော်တောင် ရင်းနှီးနေခဲ့ပြီ ...။ ဖြိုးလို အပြောကောင်းကောင်း၊ ယဉ်ယဉ်ကျေးကျေးကောင်လေးတစ်ယောက်နဲ့ စကားပြောရခြင်းမှာ ဆောင်း တဖြည်းဖြည်း စွဲမက်လာသည်။

www.foreverspace.com.mm



ဆောင်း စိတ်ဖိစီးလို့ ညည်းညူလျှင်လည်း ဖြိုးက ဖြေသိမ့်စကားလေးတွေ ညက်ညက်ညောညော ပြောပေးနိုင်သည်။ ဖုန်းပြောရင်းကပင် သူ့ကို ဆောင်းက ယုံကြည်လာခဲ့မိပါသည်။

ဆောင်းကို သူ တစ်နေရာရာက စောင့်ကြည့်နေလေ မလားဟု တွေးမိကာ ဆောင်းက ပြတင်းပေါက်နားမှာ စာထိုင်ရေးတိုင်း လုလုပပလေး ပြင်ဆင်ထားမိပြန်ပါသည်။ မနက်ဆို စာရေးစားပွဲထိုင်ဖို့ ပြင်ဆင်ရင်း တက်ကြွ လန်းဆန်းနေသော ဆောင်းကို မေခတို့က တဖြည်းဖြည်း ရိပ်မိလာကာ ...

"ဆောင်း နင် ခုတလော တစ်ယောက်တည်း ဘာတွေ ကျိတ်ပျော်နေလဲ ..."

"ဘာမှ ကျိတ်မပျော်ဘူး၊ ပုံမှန်ပဲ"

"နင် မညာနဲ့ . . . နင့်မျက်နှာက ပုံမှန်မဟုတ်ဘူး၊ မျက်လုံးတွေကလည်း အရင်ကထက်ပိုပြီး အရောင်တောက်လာတယ်၊ မျက်နှာကလည်း တအား တက်ကြွပျော်ရွှင်နေတဲ့ ပုံမျိုး"

"မျက်နှာတင် မဟုတ်ဘူး မေခရဲ့ လူကလည်း ခပ်သွက်သွက် ခပ်မြူးမြူးလေး ဖြစ်နေတယ်၊ လမ်းသွားတာတောင် အရင်ကနဲ့ မတူဘူး"

"ငါ့ဘာသာ စာရေးတဲ့အထဲမှာ mood ဝင်နေလို့ပါဟာ၊

www.foreverspace.com.mm

အခု ငါရေးနေတဲ့ ဇာတ်မှာ ကောင်မလေးက သွက်သွက် မြူးမြူးလေး”
“အပိုတွေ ဖြီးမနေနဲ့ ဆောင်း . . .၊ နင်နဲ့အတူနေလာတာ ကြာပြီ၊ နင့် အူမချေးခါးကအစ ငါတို့အားလုံးသိတယ်၊ မှန်မှန်ပြော၊ နင် ငါတို့ အလုပ်သွားတုန်း တစ်ယောက်တည်း ဘာတွေကျိတ်လုပ်နေလဲ . . .”
“တစ်ယောက်တည်း စာတွေရေးနေတာပေ့ါဟ . . .”
“ဒါတင်ပဲလား . . .”
“ဒါပဲပေ့ါ . . .”
“တစ်ခုခုတော့ တစ်ခုခုပဲ သံစဉ်၊ သူ ခုတလော ငါတို့ဆီ အလိုက်မသိ ဖုန်းတဂျီဂျီ မဆက်တော့ဘူး မဟုတ်လား”
“အေး . . . ဟုတ်တယ်၊ မနေ့က ငါ အလုပ်ခဏနားတုန်း သူများ ပျင်းနေမလားဆိုပြီး သူ့ဆီ ဖုန်းပြန်ဆက်တော့လည်း ဖုန်းက အကြာကြီး အင်ဂေ့ချ်ဖြစ်နေတယ် . . .”
“အဲ့ဒါက ဒက်ဒီနဲ့ ပြောနေတာ၊ ဒက်ဒီ ဖုန်းလှမ်းဆက်လို့ . . .”
“မယုံပါဘူး၊ ပြီးတော့ အရင်က ငါတို့ပြန်လာပြီဆိုရင် နင်က တစ်နေ့လုံး စကားမပြောရသမျှ ငါတို့နောက် အတင်းလျှောက်လိုက်ပြီး စကားတွေ လျှောက်ပြောနေတတ်တာ၊ အခု ငါတို့ပြန်လာလည်း နင်က ခပ်ငြိမ်ငြိမ်လေးပဲ”

www.foreverspace.com.mm



"နင်တို့နော် . . . ပေါက်ကရတွေ လျှောက်ပြောမနေနဲ့၊ ငါ ဘယ်သူနဲ့မှ ဖုန်းမပြောဘူး"

"ဟော … ရိုက်မစစ်ရဘဲနဲ့ ဖော်ကောင်လုပ်နေပြီ"

မေခက ပါပါရာဇီမ ပီပီ ဆောင်းကို အစ်အောက် သတင်းနှိုက်ထုတ်နေတာမို့ ဆောင်းက အသေအလဲ ကာကွယ်နေ ရသည်။ ဒီအကြောင်းကို သူတို့ကို ပြောမပြချင်ပါ၊ သူတို့သိရင် အထူးသဖြင့် မေခသိလျှင် ဆောင်းကို ဆူပူအပြစ်ပြောတော့မှာ ဆောင်း သိပါသည်။ ပြီးတော့ ဆောင်းကို စိတ်ကူးယဉ်ဆန်လု ချည်ရဲ့လို့ ကဲ့ရဲ့မှာ သေချာသည်။

ဆောင်းက ကိုယ့်စိတ်ထဲမှာ ဖြိုးကို ရင်းနှီးယုံကြည် နေမိပြီမို့ ကိုယ့်ယုံကြည်မှုကို သူတို့ လာဖျက်ဆီးမှာ ကြောက် နေသည်။ ဆောင်း အဖော်မမဲ့ချင် . . . ။ အရင်လို အထီးကျန်သော နေ့တွေ ပြန်ရင်မဆိုင်ချင် …။

"ဆောင်း နင် အပြင်သွားမလို့လား"

မေခက ဆောင်း မျက်နှာကို စေ့စေ့ကြည့်ရင်း မေး ပြန်သည်။ ဆောင်းက ဘာများ 'အစ်' ဦးမလဲဟု ရင်ထိတ်ရင်းက ခေါင်းခါပြရင်း …

"မသွားပါဘူး … စောစောစီးစီး ဘယ်သွားရမှာလဲ …"

ဟု ပြန်ပြောတော့ သံစဉ်နဲ့ မေခက တစ်ယောက်

www.foreverspace.com.mm

ကို တစ်ယောက် အဓိပ္ပာယ်ပါပါ လှမ်းကြည့်ရင်း ပြုံးစိစိရုပ်တွေ ဖြစ်သွားကာ ...

"ဒါဆို ... စာရေးတော့မှာပေါ့နော်"

"ဒါပေါ့ ..."

"အိမ်မှာ တစ်ယောက်တည်း စာရေးမယ့် ကိစ္စကို ဘာ့ကြောင့် မင်းသမီးလေးလို လှလှလေး ပြင်ဆင်ထားရပါလိမ့်"

ဆောင်းက နည်းနည်းတော့ ရှက်ကိုးရှက်ကန်းဖြစ်သွားကာ ...

"လှလှပပလေး ပြင်ထားတော့ စိတ်ကြည်တာပေါ့၊ ကိုယ့်ဘာသာ စိတ်ကျေနပ်အောင်၊ စိတ်ကြည်အောင် အလှပြင်ထားတာ၊ ဘယ်သူကြည့်ဖို့မှ မဟုတ်ဘူး"

"အေးပါ ... ငါတို့ကလည်း ဘယ်သူကြည့်ဖို့ပါလို့ မစွပ်စွဲဝံ့ပါဘူး"

သံစဉ်က ရယ်ရယ်မောမောပြောကာ ရုံးသွားဖို့ ပြင်ဆင်နေပေမယ့် မေခက သိပ်လက်မလျှော့ချင်သေးဘဲ ဆောင်းကို စူးစူးရှရှ စိုက်ကြည့်နေရင်း ...

"အေးပါ ... နင် ဘယ်လောက်ထိ ဖုံးထားနိုင်မလဲ၊ ဖုံးထားဦးပေါ့၊ တစ်ခုတော့ သတိပေးလိုက်မယ်၊ သိပ် စိတ်ကူးယဉ်

www.foreverspace.com.mm

လွန်းရင် အညာမိတတ်တယ်၊ အလိမ်မခံရအောင်တော့ သတိနဲ့နေပေါ့...”

ဟု ခပ်ပြတ်ပြတ် ပြောလိုက်တာမို့ ဆောင်းမှာ ကြက်သီးစိမ့်စိမ့် ထ,သွားရပေမယ့် ဟန်မပျက်ကလေး ငြိမ်နေလိုက်ရပါသည်။

www.foreverspace.com.mm

❖ ❖ ❖

တစ်ယောက်ယောက်ကို တွေ့ဖို့ သိပ်စိတ်ထက်သန်နေရင် တွေ့မှာပဲ၊ စိတ်မှာ တန်ခိုးတစ်စုံတရာရှိတယ်ဟု ယုံကြည်ထားခဲ့သော ဆောင်းသည် ဖြိုးနဲ့ စကားပြောရင်း ပြောရင်း ဖြိုးကို တွေ့ချင်လာသော တစ်နေ့မှာ ဖြိုးက စ,တင်တောင်းဆိုလိုက်ပါသည်။

"မနဲ့တွေ့ချင်တယ်၊ တွေ့ခွင့်ပြုပါမ"

ဆောင်းလည်း တွေ့ချင်နေတာဟု လွှတ်ခနဲ ပြောထွက်မည့်ဆဲဆဲ ပါးစပ်ကို ဆောင်းက သတိနှင့် ပိတ်လိုက်ရသည်။

ဖြိုးရဲ့စကားလုံးတွေက ဆောင်းနားထဲမှတစ်ဆင့် ခန္ဓာကိုယ်ထဲဝင်ကာ တစ်ကိုယ်လုံးမှာ ကင်ဆာလို ပြန့်နေပြီ။

မေခရဲ့သတိပေးစကားကို သတိရကာ သူနဲ့ ဖုန်းမပြောတော့ပါဘူးဟု ဆုံးဖြတ်ခဲ့မိဖူးပေမယ့် အချိန်တန်လို့ဖုန်းသံ

www.foreverspace.com.mm

ကြားလျှင် ဆောင်းက ဖုန်းမကိုင်ဘဲ မနေနိုင်ပြန်၊ သူ့အသံကြား လျှင်လည်း စကားပြန်မပြောဘဲ မနေနိုင်။

"နော် ... မ ... တွေ့ရအောင်နော်"

"ခုလည်း တစ်နေရာရာကတော့ တို့ကို တွေ့နေတာပဲ မဟုတ်လား ဖြိုးရယ်"

"အဲ့လို မတွေ့ချင်တော့လို့ပေါ့၊ မနဲ့ မျက်နှာချင်းဆိုင် တွေ့ပြီး စကားတွေပြောချင်တာ"

"မတွေ့ချင်ဘူးကွာ"

"မ ညာတာပါ၊ မ လည်း တွေ့ချင်နေတာ ကျွန်တော် သိပါတယ်၊ တွေ့မယ်နော် မ၊ မတို့ အိမ်နဲ့ ကျွန်တော်နဲ့ နီးနီးလေးပဲ၊ ကျွန်တော် အခုလာခဲ့မယ်၊ ၁၀ မိနစ်အတွင်း ရောက်မယ်၊ မခြံထဲက စောင့်နေ ..."

"ဟာ ... မလာနဲ့ ..."

"လာမှာပဲ ..."

ဖြိုးက ဖုန်းချသွားတော့ ဆောင်း ရင်တွေတဒိန်းဒိန်း ခုန်ကာ လူကငြိမ်ကျန်ရစ်သည်။ ခဏနေတော့မှ ဗြုန်းခနဲ လူပ်ရှား သွားကာ အခန်းထဲ အမြန်ပြေးဝင်ပြီး အလှအပတွေ ထပ်ပြင်မိ လေသည်။

ဆောင်းက သူ သဘောကျသည်ဟုပြောသော ပုံစံ

www.foreverspace.com.mm

လေးဖြစ်အောင် ဆံပင်အလယ်ခွဲလေးကို စင်းကျနေအောင် ဖြီးပြီး မျက်နှာ ဘေးတစ်ဖက်တစ်ချက် အုပ်အုပ်ကလေး ချထားလိုက်သည်။ ဖြိုးကငယ်သည်ဆိုတာမို့ လူငယ်ဆန်ဆန် ဘာဝတ်ရမလဲ စဉ်းစားရွေးချယ်ရတာကပင် ငါးမိနစ်လောက် ကြာသွားသည်။ အချိန်က ဆယ်မိနစ်လောက် ကြာသွားပြီမို့ တီရှပ်အဝါတောက်တောက်လေးနှင့် ဂျင်းစကတ် အပြာလေးကို အမြန်ဝတ်ပြီး ဝရန်တာဆီ ပြေးကာ ခြံရှေ့သို့ လှမ်းကြည့်မိလေသည်။

ဆောင်းသည် ရုတ်တရက် သူ့ကိုအတွေ့မှာ ရင်ထဲ တလှပ်လှပ်ပျော်သွားသည်။ ဂျင်းဘောင်းဘီ ပွပွလေးနှင့် တီရှပ် အနီလေး ဝတ်ထားသော သူက ခြံရှေ့မှာ ရပ်ကာ ဆောင်းထံ မော့ငေးရင်း လက်ပြနေသည်။

ဆောင်းက ဝရန်တာမှ လှစ်ခနဲ ပြန်လှည့်လာကာ အိမ်အောက်ထပ်သို့ ပြေးဆင်းလာသည်။

ဆောင်းက ဆယ်ကျော်သက်ကလေးလို ပေါ့ပါးလွင့်မြောက်သော စိတ်ဖြင့် ခြံထဲသို့ ဆင်းခဲ့ကာ ခြံတံခါး သွားဖွင့်ပေးလိုက်လေသည်။

ဖြိုးက ဆောင်းကို ခပ်ပြုံးပြုံး စိုက်ကြည့်နေတော့ ဆောင်းက ခေါင်းငုံ့ချလိုက်မိသည်။

"ကျွန်တော့် မ က အနီးကပ်တွေ့ရတော့မှ ရက်ရက်စက်စက် လှပါလားဗျာ"

www.foreverspace.com.mm



"လှပေမယ့် အသက်ကြီးနေပါပြီ ဖြိုးရယ်၊ ဖြိုးလောက်တော့ မငယ်နုပါဘူး"

"အံမယ် . . . ဒီလို မပြောပါနဲ့၊ မက သိပ်ဖြူစင်တော့ ကျွန်တော့်ထက် ငယ်တယ်လို့တောင် ထင်ရတာပါ၊ ကျွန်တော့်စိတ်ထဲမှာတော့ မက ဆယ်ကျော်သက်ကလေး ပဲ"

"တော်ရုံ မြှောက်ပါ"

"တကယ်ပြောတာ မ၊ ကျွန်တော် မညာတတ်ဘူး၊ ယုံတယ်ဟုတ်..."

ဖြိုးက လူငယ်စတိုင်လ်အပြည့်ဖြင့် မြူးမြူးလေး ပြောလိုက်တော့ ဆောင်းက ဖြိုးကို ခိုးကြည့်မိသည်။

သူဟာ ဆောင်းလောက် အသားမဖြူဘူးဟု ထင်ရပေမယ့် ခပ်ညိုညိုကျစ်ကျစ် အသားအရေနှင့် ဆံပင်ထောင်ကလေးတွေနှင့်မို့ တစ်မျိုးတော့ ဆွဲဆောင်မှုရှိသည်။ ပြီးတော့ သူ့အပြုံးက မထိသရိ ပြုံးလေးမို့ အသည်းယားစရာကောင်းသည်။ ဆောင်းထက် အနည်းဆုံး ငါးနှစ်တော့ ငယ်နိုင်သည်။

ဆောင်းနဲ့ ဖြိုးက ခုံထောင့်ဒန်းကလေးမှာ ထိုင်မိကြတော့ သူက ကလေးတစ်ယောက်လို အူမြူးကာ မြေပြင်ကို ခြေနဲ့ထောက်ကန်ပြီး ဒန်းကိုလွှဲလိုက်တာမို့ ဆောင်းက ထိုအတွေ့

www.foreverspace.com.mm

အကြုံ အသစ်အဆန်းမှာ အငိုက်မိ ပျော်ရွှင်သွားရရင်း အော်ဟစ်ရယ်မောလိုက်မိသည်။ ဆောင်း တကယ်ပဲ နုပျို လန်းဆန်းလာသည်။

ခဏကြာတော့ သူက မေးထောက်ကာ ဆောင်းကို တစိမ့်စိမ့်စိုက်ကြည့်ရင်း ...

"မ ကို ဒီလိုတွေ့လိုက်ရတော့ ကျွန်တော့် ခံစားချက်တွေကို အမှန်အတိုင်း ထုတ်မပြောချင်တော့ဘူး"

"ဘာလို့လဲ ..."

"မက ကျွန်တော့်အတွက် သိပ်ပြီး ကြီးကျယ်မြင့်မြတ်နေတယ်လေ၊ ကျွန်တော်နဲ့ မတန်ဘူးလို့ ခံစားရတယ်"

"တို့က ဘာများ ထူးခြားမြင့်မြတ်နေလို့လဲ ဖြိုးရဲ့ တစ်ယောက်ကိုတစ်ယောက် တကယ် ခင်မင်ယုံကြည်ကြတယ်ဆို အဆင့်အတန်း ခွဲခြားသတ်မှတ်နေဖို့ မလိုပါဘူး"

"ကျွန်တော်က မ လို ငွေရော ဂုဏ်ရော မချမ်းသာဘူးလေ၊ ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုက သာမန် ဝန်ထမ်းတစ်ယောက်ပဲ၊ ဟိုဘက် ဆောက်လက်စ တိုက်က ကျွန်တော်တို့ ကုမ္ပဏီက တာဝန်ယူ ဆောက်ပေးနေတဲ့ တိုက်ပေါ့၊ ဘော့စ် လွှတ်လို့ အဲ့ဒီကို ခဏခဏလာရင်း မ ကိုတွေ့ပြီး အရမ်းသဘောကျသွားခဲ့တာ၊ ဟိုဘက် အပင်ကွယ်လေးနား

www.foreverspace.com.mm



ဝရန်တာထောင့်စွန်းမှာ ရပ်ပြီး ချောင်းကြည့်နေခဲ့ရတာ၊ ဒီရောက်တိုင်း အဲ့ဒီအကွယ်လေးကို အပြေးသွားပြီး မ စာရေးနေကျ နေရာလေးကို လှမ်းလှမ်းကြည့်မိနေတာ၊ မ ကို မတွေ့ရရင် ရင်ထဲမှာ နဲ့သွားတာပဲ၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"ဘယ်သိပါ့မလဲ ..."

"သိရော မသိချင်ဘူးလား"

"မသိချင်ပါဘူး ..."

ဆောင်းက မသိမသာလေး နှုတ်ခမ်းစူကာ တစ်ဖက်သို့ လှည့်နေလိုက်သည်။ သူကလည်း ဘာမှဆက်မပြောဘဲ ငြိမ်သက်နေသည်။ ခဏကြာတော့ ဆောင်းက အသာလေး ခိုးစွေကာ သူ့ကိုကြည့်မိသည်။ သူက ဒူးပေါ် လက်ထောက် မေးတင်ထောက်ကာ ဆောင်းကို ကြည့်နေရင်းက ချစ်စဖွယ် နှာခေါင်းလေး ရှုံ့ပြကာ ...

"ချစ်တယ် ..."

ဟု တိုးတိုးလေး ပြောလိုက်လေသည်။ ဆောင်းက ထူပူတုန်ယင်ကာ ခေါင်းငုံ့ချလိုက်တော့ သူက ထပ်ပြောပြန်သည်။

"အရမ်းချစ်တယ်"

ပြီးတော့ တိတ်ဆိတ်သွားသည်။

www.foreverspace.com.mm

"ဒါပေမယ့် ..."

သူ့ဒါပေမယ့်က ဆောင်းကို ရင်ထိတ်စေသည်။

"ဒါပေမယ့် မ အချစ်ကို မတောင်းခံရဲပါဘူး၊ မ နဲ့ လက်ထပ်ချင်တယ်လို့လည်း ဘယ်တော့မှ ပြောရဲမှာမဟုတ်ဘူး၊ မ ကို ကျွန်တော် သိပ်ချစ်မိလို့ ရွှေဘုံပေါ်က ဆွဲမချချင်တော့ဘူး"

သူက စကားဆုံးတော့ ခပ်ဖြည်းဖြည်းထရပ်ကာ ဆောင်းကို နှုတ်ဆက်သလို ဆွေးဆွေးမြည့်မြည့်ကြည့်ရင်း ...

"ကျွန်တော် သွားတော့မယ် ...၊ နှုတ်ဆက်ပါတယ် ..."

သူက ခြေလှမ်း စ,လှမ်းသည်။ ဆောင်းက ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်ဘဲ သူ့လက်တစ်ဖက်ကို ဖမ်းဆွဲလိုက်မိသည်။

"ဖြိုး ..."

သူက လှည့်ကြည့်လာခိုက်မှာ ဆောင်းနဲ့ သူ့အကြား အရာရာဟာ အေးမြတိတ်ဆိတ်သွားခဲ့ရပါသည်။

❖ ❖ ❖

www.foreverspace.com.mm

❈ ❈ ❈

"နင့်ကိုက မယုံသင်္ကာစိတ် များနေတာများလား မေခ ရယ်..."

"ဒါ သံသယအဆင့် မဟုတ်တော့ဘူး သံစဉ်၊ သေချာမှု အဆင့်ကို ရောက်နေပြီ"

မေခက ခပ်ပြတ်ပြတ်ပြောရင်း လမ်းသွယ်ကလေး အတိုင်း ခပ်သုတ်သုတ် လျှောက်ဝင်လာခဲ့ပြီမို့ သံစဉ်က မေခ ခြေလှမ်းတွေကို အမီလိုက်ရင်း စိတ်ထဲမှာ လေးနေသည်။

မေခက သွက်လည်း သွက်၊ ထက်လည်း ထက်၊ ချက်ဆို နားခွက်က မီးတောက်ကာ ကွက်ကျော်မြင်တတ်သူမို့ မေခထင်တဲ့အတိုင်း ဖြစ်နေမလားဟုတွေးမိတိုင်း သံစဉ်က ဆောင်း အတွက် ရင်ပူရသည်။

မေခကတော့ ဆောင်းကို အကဲခတ်ကာ 'ဆောင်း

www.foreverspace.com.mm

မှာ ရည်းစားရနေပြီ’ ဟု သေချာပေါက် ယူဆခဲ့ပြီးပြီ။ သံစဉ်တို့ မရှိသည့် နေ့ခင်းနေ့လယ်တွေမှာ ဆောင်းဟာ သူ့ရည်းစားနဲ့ ဖုန်းပြောလို့ပဲဖြစ်ဖြစ်၊ လူချင်းတွေ့လို့ပဲဖြစ်ဖြစ် ရှိနေလိမ့်မည်ဟု လည်း သံသယဝင်သည်။

သံသယဇောဖြင့် မေခက အိမ်ဘက်သို့ ခပ်သွက် သွက် လျှောက်နေပေမယ့် သံစဉ်မှာက ဒူးသာသာ စကတ်ကျပ် ကျပ်လေးနှင့် လေဒီရှူးနှင့်မို့ အရုပ်ကလေးလို တောက်တောက် တောက်တောက် သွက်သွက်လျှောက်ရင်း ချော်မလဲအောင် သတိ ထားနေရသည်။ မေခကတော့ ချည်သားဘောင်းဘီပွပွလေးနှင့်မို့ ပေါ့ပေါ့ပါးပါး လှမ်းနေနိုင်သည်။

“ဒါပေမယ့် ခုလိုကြီး တမင်သက်သက် အိမ်ပြန်ချောင်း ဖမ်းတာက မလွန်လွန်းဘူးလား . . . ၊ ဆောင်း စိတ်ဆိုး လိမ့်မယ်နော်”

“ဩော် . . . အိမ်မှာ စာရွက်စာတမ်းတွေ ကျန်ခဲ့လို့ပြန်ယူ တယ်ပေါ့ . . .”

“ဒါပေမယ့် ငါတို့ လုပ်လာပုံကြီးကိုလည်း ပြန်စဉ်းစား ဦးလေ၊ ကားကို လမ်းထိပ်မှာ ရပ်ထားခဲ့ပြီး ဒီလမ်းသွယ် လေးထဲ ခြေကျင်လျှောက်ဝင်လာတော့ အရမ်းသိသာမနေ ဘူးလား”

www.foreverspace.com.mm



"သိသာလည်း မတတ်နိုင်တော့ဘူး၊ အဖြစ်မှန်ကို တည့်တည့်သိရဖို့ပဲ အရေးကြီးတယ်၊ နင်လည်း သိတဲ့အတိုင်း ဆောင်းက ဘယ်လောက်ရိုးပြီး ဘယ်လောက်စိတ်နုသလဲ၊ ဘယ်လောက် စိတ်ကူးယဉ်ဆန်သလဲ ..."

"ဒါပေမယ့် သူလည်း ကလေးမှမဟုတ်တော့တာ၊ ပြီးတော့ စာရေးဆရာမပဲ၊ သူ စဉ်းစားဆင်ခြင်နိုင်မှာပါ"

"သူက စာရေးတဲ့နေရာမှာသာ စဉ်းစားဆင်ခြင်ပြီး ရေးနိုင်တာလေ၊ လက်တွေ့ကျတော့ သူ့ခံစားချက်ကို သူနိုင်တာမှ မဟုတ်တာ၊ ခံစားချက်နောက်ကို ကောက်ကောက်ပါနေရင် မခက်ဘူးလား"

"သူ တကယ်ခံစားရလို့ တကယ် ချစ်ရော ဘာဖြစ်လဲ၊ ငါတို့တောင် ချစ်သူတွေ ထားနေတာပဲ ..."

"သူ တကယ်ချစ်သူတွေ့ရင် ငါတို့လို ဘာလို့ ပွင့်ပွင့်လင်းလင်း မပြောနိုင်ရသလဲ၊ အဲဒီလူက ငါတို့ရှေ့ ချပြလို့မရအောင် ဘာချွတ်ယွင်းနေလို့လဲ ..."

"သူ ရှက်နေလို့ နေမှာပေါ့၊ ပြီးတော့ . . . သူ့လူကို နင် အပြစ်ပြောမှာ ကြောက်လို့နေမှာပေါ့"

"ငါ့စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ သံစဉ်၊ အန္တရာယ်အနံ့ ရနေသလိုပဲ၊ ညက ငါ တရေးနိုးလာတော့ ညည့်ခန်းထဲမှာ

www.foreverspace.com.mm

သူ တိုးတိုး တိုးတိုးနဲ့ ဖုန်းခိုးပြောနေတာ ကြားကတည်းက ရင်ပူနေတာ၊ လာ ... မြန်မြန်လျှောက်ပါဟယ် ...”

မေခက လောတာမို့ သံစဉ်လည်း စိတ်ပူလာကာ အပြေးတစ်ပိုင်းလျှောက်ရင်း ခြံရှေ့နားသို့ ရောက်လာသည်။

“ဟာ . . . ဟိုမှာ တွေ့လား၊ ခြံတံခါးက ဟစိဖြစ်နေတာ၊ တစ်ယောက်ယောက် တွန်းဖွင့်ဝင်သွားပုံပဲ၊ လာ . . . လာ . . . ဖြည်းဖြည်းလေး အရိပ်အကဲကြည့်ပြီး ဝင်ရအောင် ...”

မေခက ခြံတံခါးကို ဖြည်းဖြည်းလေး တစ်ကိုယ်စာ ဟကာ ခြံထဲသို့ ချွတ်နင်းကလေး ဝင်လိုက်တော့ သံစဉ်ကလည်း မေခ အင်္ကျီစကို ဆွဲကာ လိုက်ဝင်လာသည်။

“ဟော ... ဟိုမှာ ...၊ ကဲ ... ငါမပြောဘူးလား”

ခြံဝင်းဝကို ကျောခိုင်းထားသည့် ဒန်းကလေးမှာ ထိုင်နေကြသည့် ဆောင်းတို့စုံတွဲကို အတွေ့မှာ မေခနဲ့ သံစဉ်က တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ မျက်လုံးပြူး ရင်မသွား သည်။

“အံမယ် . . . အံမယ် . . . ကြည့်စမ်း . . . ကြည့်စမ်း မိဆောင်း ကို၊ ရယ်မောနေလိုက်တာများ ဆယ်ကျော်သက်ကလေး အတိုင်းပဲ၊ ဟဲ့ . . . ကြည့်စမ်း . . . သူ့ကောင်လေးက ငယ်ငယ် လေး မဟုတ်လား”

www.foreverspace.com.mm

"အေး ... ဟုတ်ပါရဲ့ ..."

မေခက သံစဉ့်လက်ကိုဆွဲကာ ဆောင်းတို့နောက်နား ဆီ လျှောက်သွားလိုက်သည်။ မေခတို့ သူတို့နောက်မှာ ရပ်မိသည် အထိ ဆောင်းက လှုပ်လှုပ်ခတ်ခတ် ရယ်မောနေဆဲ ...။

"ဖြိုးရယ် ... မင်း အပိုတွေပြောနေတာပါ"

ဟူသော အသံကိုကြားတော့ မေခရော သံစဉ်ပါ ကြက်သီးထသွားကာ ဆောင်းကို ခါးထောက်ကြည့်မိကြသည်။

"ဆောင်း ..."

"အမလေး ..."

ဆောင်းသည် ဖြုန်းခနဲ ကိုယ့်နောက်နားက ကပ် ထွက်လာသော ဆောင့်ဆောင့်အောင့်အောင့် သံပြိုင်ခေါ်သံကြီး ကြောင့် လန့်ဖျပ်အော်ကာ နောက်လှည့်ကြည့်မိတော့ ဘီလူး သဘက် စီးနေသော မျက်နှာနှစ်ခုကို တွေ့လိုက်သည်။

"နင် ... နင်တို့ ဘယ်တုန်းက ..."

"ဟင်း ... ဟင်း ... ခုပဲရောက်တာပါ"

ဘီလူး သဘက် မျက်နှာတွေက ဖျစ်ညှစ်ရယ်မော ပြရင်း ပြန်ပြောသည်။ သူတို့ ရပ်တွေကြည့်ရတာ တစ်ခုခု ညစ် တော့မယ့် ပုံကြီးတွေမို့ ဆောင်းက ဖြိုးအတွက် စိတ်ပူသွားသည်။

"ဒါနဲ့ နင်ရော ဘာလုပ်နေတာလဲ ..."

www.foreverspace.com.mm

"ငါ ညွှန့်သည်နဲ့ စကားပြောနေတာ၊ သူက ဖြိုးတဲ့၊ ငါ့ မိတ်ဆွေ"

"ဩော် . . . ဟုတ်လား၊ ဆောင်း မိတ်ဆွေဆို မေခတို့ မိတ်ဆွေပဲပေါ့၊ လာလေ . . . အိမ်ပေါ်တက်ပါဦး၊ အေးအေး ဆေးဆေး စကားပြောကြတာပေါ့၊ ဆောင်း ညွှန့်သည်ကို ခေါ်လေ..."

မေခက ညွှန့်သည်ကို အချိုသတ်ကာ အိမ်ပေါ်ခေါ်လာရင်း ဆောင်းကိုတော့ မျက်စောင်းလှမ်းထိုးလိုက်သည်။

ဖြိုးဆိုတဲ့ သူက ခပ်ကြောင်ကြောင် ဖြစ်နေကာ အိမ်ပေါ်ကို မရှုံ့မရဲ တက်လာသည်။ မေခက လူကဲခတ်ကျွမ်းကျင်သူမို့ ဖြိုးရဲ့ အမူအရာနဲ့ အကြည့်တွေကို အကဲခတ်ရင်း ဘယ်အဆင့်လဲဆိုတာ ခန့်မှန်းမိသွားသည်။

သူ့ပုံစံဟာ စိတ်လုံခြုံမှုရှိသော ပုံစံမျိုးမဟုတ်၊ စိတ်ဓာတ် မြင့်မားသော ပုံစံမျိုးလည်း မရှိ။ ရုပ်ရည်ကလေးကသာ ဆွဲဆောင်မှုရှိလှပေမယ့် ဝတ်တာ စားတာ၊ နေထိုင်တာက မသိမသာလေး နိမ့်ကျနေသည်။ အထူးသဖြင့်ကတော့ သူက မေခတို့ကို မျက်လုံးချင်း ဆုံ၍ မကြည့်ရဲခြင်းပင်။

မေခကလည်း သူ့ကို အကဲခတ်ချင်၊ အစ်အောက်ချင်လို့သာ အိမ်ပေါ် ခေါ်လာခဲ့ခြင်းဖြစ်ပါသည်။

www.foreverspace.com.mm



သံစဉ်ကလည်း မေခနှင့် အကြံတူမို့ တရားသူကြီးမင်းတွေလို ဖြိုးရှေ့မှာ လာထိုင်လိုက်တော့ ဆောင်းက မျက်နှာလေး ငယ်နေသည်။

"နာမည်က ဖြိုး တစ်လုံးတည်းလား"

"ဟုတ်ကဲ့ ..."

"အသက်က တော်တော်ငယ်ဦးမယ်ထင်တယ်နော်၊ မေခတို့ထက်တောင် ငယ်မလားပဲ"

"သိပ်တော့လည်း မငယ်တော့ပါဘူး၊ ဆောင်းနဲ့မှ မတိမ်းမယိမ်းပါ"

"မေခ"

"အင်ဟင် ... ဘာလဲ ဆောင်း၊ ဪ ... ညှော်သည်ဖို့ သစ်သီးဖျော်ရည်လေး လုပ်ပေးပါဦး၊ လိမ္မော်သီးတွေ ရှိတယ်၊ ဖျော်စက်ထဲထည့်ပြီး ဖျော်ပေးလိုက်လေ ..."

မေခက ... ဝင်ပြောလုဆဲဆဲ ဆောင်းကို ပ,ထုတ်လိုက်သည်။ လိမ္မော်သီးတွေကို ခွာပြီး ဖျော်စက်ထဲထည့်ရမှာမို့ အချိန်ယူပေဦးတော့ပေါ့ ...။

ဆောင်းက နောက်ကို တငင်ငင်ကြည့်ရင်း ထမင်းစားခန်းထဲ ဝင်သွားတော့မှ မေခက စကားဆက်ရသည်။

"ဆောင်းနဲ့ခင်တာ ကြာပြီလား ..."

"မကြာသေးပါဘူး၊ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာ

www.foreverspace.com.mm

'မ' ရှိနေတာတော့ ကြာပြီလေ"

အလဲ့ ... အလာကြီးပါလား ...၊ ခပ်ရဲရဲထဲကပဲ ...။

မေခက ရုတ်တရက် ဘာဆက်မေးရမှန်း မသိအောင် စိတ်တိုဆဲ ဆောင်းက ထမင်းစားခန်းထဲမှ ပြန်ထွက်လာကာ ...

"ဖြိုး ... အလုပ်ကိစ္စရှိလို့ နှစ်နာရီအရောက် သွားရမယ်ဆို၊ သွားတော့လေ ...၊ မေခရေ သူ့မှာက အလုပ်ကိစ္စတန်းလန်းနဲ့မို့လို့ နောက်မှပဲ အေးအေးဆေးဆေး ပြောပေတော့ ..."

"အိုကေ ... ကျေးဇူးပဲ မ၊ ကျွန်တော် သွားတော့မယ်၊ ဘိုင့်ဘိုင်နော်၊ အားလုံးပဲ သွားလိုက်ပါဦးမယ် ..."

ဖြိုးက မထိတရီပြုံးကလေးဖြင့် ခပ်သွက်သွက် ထပြန်သွားပြီမို့ မေခက ဆောင်းနဲ့ မျက်နှာချင်းဆိုင်လိုက်ရင်း ...

"နင် တမင်ပြန်လွှတ်လိုက်တာ မဟုတ်လား"

"အင်းလေ ... နင်တို့က စပ်စပ်စုစု လျှောက်မေးနေရင် ငါ့ညှော်သည် အနေကြပ်မှာပေါ့"

"ဘာညှော်သည်လဲ၊ အဲဒါ နင့် ရည်းစားမဟုတ်လား"

"ဟုတ်တယ်လေ ..."

"ကြည့်စမ်း ... ဆောင်း နင် ငါတို့ကိုတောင် မတိုင်ပင်ဘဲနဲ့"

www.foreverspace.com.mm

"နင့် တိုင်ပင်ရင် နင်က လျှောက်အပြစ်ရှာနေမှာပေါ့၊ ပြီးတော့ အချစ်ဆိုတာ တိုင်ပင်ပြီးမှ ဆုံးဖြတ်ရမယ့် ကိစ္စ မဟုတ်ဘူးလေ၊ ခံစားချက်က အလိုအလျှောက် ဆုံးဖြတ်သွားတာ..."

"အေး . . . အဲဒီလို စိတ်ကူးယဉ်မှုတွေကြောင့် နင့်ကို ငါ စိတ်မချတာပေါ့"

"ဒါက အချစ်ပါ၊ စိတ်ကူးယဉ်မှုသက်သက် မဟုတ်ပါဘူး"

"အံမယ်လေး . . . အံမယ်လေး ရဲရင့်နေလိုက်တာ၊ ငါက နင့်အတွက် စိတ်ပူလို့ ပြောနေရတာပါ ဆောင်းရဲ့ နင့်လူ ကြည့်ရတာ သိပ်မှမဟန်တာ၊ နင့်ကို တမမနဲ့ ဘယ်လောက် ကပ်နူးထားသလဲဟင်၊ ငါတို့က နင့်ကို တန်ဖိုးကြီးကြီးထားလွန်းလို့ တန်ဖိုးမရှိတာနဲ့ တွေ့ပြီး နင့် ရိုးသားမှုကို ခုတုံးလုပ် လိမ်ညာသွားမှာ စိုးရိမ်လွန်းလို့ ရင်ပူနေရတာပါ"

"အဲဒါဆိုလည်း စိုးရိမ်မနေနဲ့တော့၊ စိတ်ချပါ . . . သူ ငါ့ကို တကယ်ချစ်တာပါ၊ ငါ့ကို တန်ဖိုးထားလွန်းလို့ သူ့ကို ပြန်ချစ်ဖို့တောင် မပြောဝံ့တဲ့လူကို ငါက အခွင့်အရေး ပေးလိုက်တာပါ၊ ငါ့မှာ ငါခံစားလို့ရတဲ့ သူကို ချစ်သူအဖြစ် ရွေးပိုင်ခွင့်ရှိပါတယ်၊ နင်တို့လည်း ဒီလိုပဲ ရွေးခဲ့ပြီးပြီ

www.foreverspace.com.mm

မဟုတ်လား၊ နိမ့်တာ မြင့်တာတွေတော့ လာမပြောနဲ့၊ အချစ်မှာ ကွာခြားချက်ဆိုတာ မရှိဘူး"

"ဘုရားရေ... ဆောင်းရယ် နင်တော့ ..."

သံစဉ်က ဆောင်းကို တအံ့တသြ စိုက်ကြည့်နေသည်။ မေခကတော့ ခဏငြိမ်တွေသွားပြီးမှ သက်ပြင်းချကာ ...

"ငါ့စိတ်ထဲမှာတော့ ဖြိုးကို မရိုးသားဘူးလို့ပဲ ခံစားမိနေတယ် ဆောင်း၊ အေးလေ . . . ထားပါတော့၊ နင့်ကို ငါ ဘာမှမပြောလိုတော့ပါဘူး၊ နင်က တစ်နေ့လုံးလည်း တစ်ယောက်တည်း အိမ်မှာနေရတယ်၊ ခုဆို ငါတို့ကလည်း ချစ်သူကိုယ်စီနဲ့ဆို အရင်ကထက်တောင် အိမ်ပိုမကပ်တော့ဘူးဆိုတော့ နင် အထီးကျန်တာကို ငါနားလည်ပါတယ်...၊

"လူတွေဟာ အထီးကျန်လွန်းရင် ဘာမှသိပ်မစဉ်းစားတော့ဘဲ တွေ့ရာမြင်ရာ အဖော်လုပ်တတ်တဲ့စိတ်မျိုး တစ်ခါတလေ ဖြစ်လာတတ်တယ်၊ အဲဒီ တစ်ခဏတာစိတ်ကို အသိဉာဏ်နဲ့ ထိန်းကွပ်ဖို့တော့ လိုလိမ့်မယ်"

"နင်တို့ စေတနာကို ငါ နားလည်ပါတယ်၊ ဒါပေမယ့် ငါ သူ့ကိုချစ်တယ်၊ အချိန်တိုလေးအတွင်းမှာ အရူးအမူးရင်ခုန်ပြီး ချစ်ခဲ့မိတာ၊ သူကလည်း ငါ့ကို အရမ်းချစ်တယ်၊

www.foreverspace.com.mm



ငါလိုချင်တာ ငါခံစားချင်တာ အဲဒီလို အချစ်မျိုးပဲဆိုတာ နင်တို့လည်း သိပါတယ်”

ဆောင်းက တိုးရှိုက်ရှိုက်ကလေး ပြောတော့ မေခရော သံစဉ်ပါ အသက်ရှူကြပ်မတတ် ဖြစ်သွားသည်။

※　※　※

www.foreverspace.com.mm

❋ ❋ ❋

ဤသို့ဖြင့် ပန်းသုံးပွင့်သည် ချစ်သူ ကိုယ်စီဖြင့် အဆင်ပြေနေကြဆဲ တစ်နေ့တွင် မေခက သံစဉ့်ချစ်သူနှင့် ဆုံတွေ့ဖို့ဖြစ်လာခဲ့သည်။

အဲ့ဒီနေ့က မေခနှင့် သံစဉ်တို့ နှစ်ဦးအတူ ပွဲ တစ်ခုသို့ သွားဖို့ စီစဉ်ခဲ့ကြတာပင်။ မေခက ဂျာနယ်လစ်မို့ အနုပညာလောကက ဖိတ်ကြားသည့် အခမ်းအနားတွေကို သွားရတတ်ပြီး သံစဉ်ကလည်း အလှအပ ပစ္စည်းတွေကို အရောင်းမြှင့်တင်ရသည့် အခါတွေနှင့် ကြော်ငြာကိစ္စတွေမှာ အနုပညာလောကက လူများနှင့် ဆက်သွယ်ပတ်သက်ရသည်။ ထို့ကြောင့် မေခရော သံစဉ်ပါ အနုပညာနယ်ပယ်က လူတွေနှင့် သိကျွမ်းကာ အသိုက်အဝန်းချင်း ဆက်စပ်သလို ဖြစ်နေခဲ့သည်။

ဒီညနေမှာတော့ သံစဉ်တို့ ကုမ္ပဏီက လှူမှုရေး

www.foreverspace.com.mm

အသင်းအဖွဲ့တစ်ခုကို အလှူငွေ ထည့်ဝင်ပေးအပ်မည့် အခမ်းအနားမို့ အနုပညာလောကက လူများကိုရော မေခတို့ စာနယ်ဇင်းတွေကိုပါ ဖိတ်ကြားခဲ့သည်။

ထိုညနေမှာ မေခတို့ အတူသွားရန် ပြင်ဆင်နေဆဲ သံစဉ်က လှမ်းပြောသည်။

"မေခရေ ... တို့သွားမယ့် လမ်းက ကိုဟံသာနိုင်တို့ အိမ်နဲ့ လမ်းကြုံနေတယ်ဟယ်၊ သူတို့အိမ်ရှေ့က ဖြတ်သွားရမှာဆိုတော့ မော်လမြိုင်က မှာထားတဲ့ ကြက်မောက်သီးနဲ့ ဒူးရင်းသီးတွေ ဝင်ပေးလိုက်ချင်လို့ အိမ်က စောစောထွက်ကြရအောင်"

မေခက သံစဉ့်ကို မျက်စောင်းထိုးကြည့်ရင်း ...

"ပိုကို ပိုတယ် ..."

"ဒါကတော့ ချစ်တာကိုဟဲ့ ... နင်ရော မပိုလို့လား"

"ငါက ဒါမျိုး တကူးတက တစ်ခါမှ လုပ်မပေးပေါင်၊ သူသာ ငါ့အတွက် လုပ်ပေးရတာ ..."

"အေး ... အဲဒီလို ကြပ်ကြပ် အနိုင်ကျင့်၊ ကြာရင် နင့် ပစ်သွားလိမ့်မယ်၊ ယောကျ်ားတွေရဲ့ အချစ်ဆိုတာ အခြေအနေပေါ် မူတည်ပြီး ပြောင်းတတ်တယ်"

"အို ... သူက ငါနဲ့ မကြိုက်ခင်ကတည်းက ငါ့ကို အရမ်း

www.foreverspace.com.mm

အရမ်း သည်းညည်းခံပါ့မယ်လို့ ကတိပေးထားပြီးသား၊ ငါ ဘယ်လိုနေနေ ခွင့်လွှတ်တယ်၊ ဟဲ့ . . . နင့်ဒူးရင်းသီးတွေက နံတယ်နော်၊ ငါ မခံနိုင်ဘူး၊ သေသေချာချာ လုံလုံထုပ်ပြီး ထည့် ...”

“ဒူးရင်းသီးက မွှေးပါတယ်ဟယ်”

“ငါမှ မကြိုက်တာ၊ ငါမကြိုက်ရင် နံတာပေါ့ ...”

သံစဉ်က မေခကို ခပ်စွေစွေကြည့်ကာ နှာခေါင်းရှုံ့ပြခဲ့ပြီး သူ့အသီးတွေကို သေသေချာချာ ထုပ်ပိုးနေသည်။

အဲ့ဒီနောက် သံစဉ်တို့ ကားဖြင့် မေခနှင့်အတူ ထွက်လာခဲ့သည်။

ဟံသာနိုင်တို့ အိမ်ရှေ့မှာ ကားရပ်တော့ သံစဉ်က ပစ္စည်းတွေကို သယ်ချရင်း ...

“မေခ . . . လာဟယ်၊ နင်ပါ အတူလိုက်ခဲ့ . . . ငါ့ချစ်ချစ်နဲ့လည်း တွေ့ရအောင်လေ ...”

ဟု ခေါ်တာမို့ မေခပါ အတူလိုက်ဝင်ခဲ့သည်။ အိမ်ရှေ့ရောက်တော့ အိမ်အကူ ကောင်မလေးက တံခါးဖွင့်ပေးရင်း ...

“လာ . . . မမ၊ အန်တီဝင်နီနဲ့ အန်တီကြီးတော့ အပြင်သွားတယ်၊ အန်တီဘက်တီက မီးဖိုချောင်ထဲမှာ၊ မမ ဝင်

www.foreverspace.com.mm



ချင်ဝင်သွားလေ၊ ကိုကြီးက အပေါ်ထပ်မှာ၊ ကျွန်မ သွား ခေါ်ပေးမယ်”

ကောင်မလေးက အပေါ်ထပ် တက်သွားတော့ သံစဉ်က မီးဖိုချောင်ထဲ ဝင်သွားပြီး မေခက ဧည့်ခန်းထဲမှာ တစ်ယောက်တည်း ကျန်ခဲ့သည်။

မေခသည် ပျင်းပျင်းရှိတာနှင့် ဧည့်ခန်းထဲကို လျှောက် ကြည့်နေရင်း တက်သစ်စ မော်ဒယ် မင်းကောင်းခရဲ့ဓာတ်ပုံတွေ ကို တွေ့သွားပါသည်။

ဓာတ်ပုံတွေက ဓာတ်ပုံဆရာ ကောင်းကောင်းနှင့် ရိုက်ထားသော အလှပုံတွေချည်းသာပင်။ ကောင်လေးပုံစံဟာ ကျားကျားလျားလျားနှင့် မျက်လုံးကြည့်ပုံကအစ ခပ်မိုက်မိုက် ပုံစံမျိုး။

နောက်ဓာတ်ပုံတစ်ပုံကို အတွေ့မှာတော့ မေခ ရုတ်တရက် မျက်ခုံးပင့်သွားမိပါသည်။

ဟံသာနိုင်က မော်ဒယ်လ် မင်းကောင်းခကို ဖက် ကာ ပြုံးနေသော ပုံ။ ဟံသာနိုင့်ကို သံစဉ်ပြသော ဓာတ်ပုံထဲမှာ မြင်ဖူးပြီးပြီမို့ မေခက ကြိုသိထားခြင်းပင်။

အဲ့ဒီဓာတ်ပုံက မေခကို တစ်မျိုးတမည်သော၊ ဘာ မှန်းမသိသော ခံစားချက်တစ်မျိုး ပေးလိုက်နိုင်သည်။ သတင်း

www.foreverspace.com.mm

တစ်ခုကို ကြိုးစားစုံစမ်းနေချိန်တွင် သဲလွန်စကလေးတစ်ခုကို အမှတ်တမဲ့ တွေ့မိချိန်မှာ ဖြစ်တတ်သည့် မသိမသာ ကြက်သီး စိမ့်ဖြာလာခြင်းကို ခံစားသိလိုက်သည်။

မေခက မော်ဒယ်လ် မင်းကောင်းခနှင့် ကောင်းကောင်း သိကျွမ်းပါသည်။ ပွဲတော်တော်များများမှာ ဆုံဖူးပြီး စကားစမြည် ပြောဖူးသည်။ မင်းကောင်းခနှင့် ဆက်သွယ်လိုသော ဓာတ်ပုံဆရာ တစ်ယောက်ကိုလည်း မေခကပင် မိတ်ဆက်ပေးခဲ့ ဖူးပါသည်။ အဲ့ဒီနောက်ပိုင်းတော့ အကြောင်းထူးလည်း မရှိ တာမို့ မဆက်သွယ်ဖြစ်ကြတော့ဘဲ ပွဲတွေမှာ ဆုံကြတော့သာ ခေါ်ပြော နှုတ်ဆက် ရှိကြသည်။ ကောင်လေးက နယ်ကတက်လာပြီး အဆောင်မှာနေကာ ကြိုးစားနေသည့် ကောင်လေး။ မိဘကလည်း မပြည့်စုံတာကို မေခ သိသည်။

သိပ်မကြာခင်ကမှ ကုမ္ပဏီ သူဌေးတစ်ယောက် အဆက်အသွယ်ဖြင့် ကြော်ငြာတွေလည်း ရိုက်ရ၊ ဗီဒီယိုတွေလည်း ရိုက်ခွင့်ရကာ ငွေရေးကြေးရေးလည်း အဆင်ပြေပြေဖြစ်လာတာမို့ ထိုသူဌေးရဲ့ကူညီစောင့်ရှောက်မှုကို ရနေသည်ဟု ဆိုကြပါသည်။

မင်းကောင်းခကို ကူညီခဲ့တဲ့ သူဌေးဆိုတာ သံစဥ္ဆ ချစ်သူများ ဖြစ်နေမလားဟု မေခက တွေးသည်။

www.foreverspace.com.mm



ကြည့်ရတာကတော့ ဓာတ်ပုံဟာ တော်တော်လေး အသက်ဝင်စိုပြေနေသည်။ ဟံသာနိုင် မင်းကောင်းခကို ဖက်ထား ပုံက ရင်းနှီးနွေးထွေးလှပါသည်။ ပြီးတော့ ဘာကဘယ်လို ဖြစ် သည် မသိဘဲ တစ်မျိုးတော့ တစ်မျိုးဖြစ်နေသည်။ အဲဒီတစ်မျိုး ဟာ ဘာလဲဆိုတာတော့ ချက်ချင်း စဉ်းစားလို့ မရတာမို့ မေခက ဂျာနယ်လစ် ညာဉ်ကလေးဖြင့် အသင့်ပါလာသော ဒစ်ဂျစ်တယ် ကင်မရာလေး ထုတ်ကာ ထိုဓာတ်ပုံကို ဓာတ်ပုံပြန်ရိုက်ယူလိုက် သည်။

မေခက သူတို့ချင်း ဘယ်လိုပတ်သက်နေကြပါလိမ့် ဟူသော အတွေးကို အတော်ကြာသည်အထိ ဆက်တွေးနေခဲ့မိ သည်။ သံစဉ်နဲ့လည်း မင်းကောင်းခအကြောင်း စကားမစပ်ဖူး တာမို့ မေခက ဘာမှကြိုသိမထားခဲ့ပါ။

"သံစဉ့် သူငယ်ချင်း ထင်တယ်..."

"အင်ဟင်..."

နောက်နားဆီက ကြားရသော အသံကြောင့် မေခ က လှည့်ကြည့်မိတော့ ကိုဟံသာနိုင်ကို တွေ့ရသည်။ သူက မေခကို ကြည်ကြည်လင်လင် ပြုံးပြရင်း...

"သံစဉ် သူငယ်ချင်းတွေကို နာမည်တော့ ကြားဖူးတယ်၊ ခင်မေခ လား... ဆောင်းနှောင်းသဇင်လား..."

www.foreverspace.com.mm

"ကျွန်မက ခင်မေခပါ၊ ရှင်က ကိုဟံသာနိုင် နော်"

"ဟုတ်ကဲ့ပါ . . . တွေ့ရတာ ဝမ်းသာပါတယ်၊ မေခ ကြည့်ရတာ ဒီဓာတ်ပုံတွေကို စိတ်ဝင်စားနေပုံပဲ၊ ဒါ ကျွန်တော့် မော်ဒယ်လ် မင်းကောင်းခ လေ . . . "

"ဟုတ်ကဲ့ . . . သိပါတယ် ကိုဟံသာနိုင်"

"ကောင်လေးက အရမ်း အလားအလာရှိလို့ တင်ပေးနေတာ၊ မေခက ဂျာနယ်လစ်စ်ဆိုတော့ တစ်ခါတည်း အပ်လိုက်ရပါဦးမယ်၊ တတ်နိုင်သလောက်လေး ကူညီစောင့်ရှောက်ပေးပါဗျာ၊ အမြင်မတော်တာ ရှိရင်လည်း ပြောပါ"

မေခမှာ ရုတ်တရက် ဘာမှပြန်မပြောတတ်အောင်ပင်။ သူအပ်နေပုံဟာ တကယ့်ကို အသက်ပါ လှိုက်လှဲကာ စိတ်ပူနေပုံမျိုးမို့ သူ့ရင်ထဲက နက်ရှိုင်းမှုကို မေခက ရိပ်မိအံ့သြရသည်။

"သမီး သံစဉ်ရဲ့သူငယ်ချင်း ပါလာတယ်ဆိုလို့ . . . ဒီသမီးကလည်း အချောလေးပဲနော်"

ရုတ်တရက် သံစဉ်နှင့် အန်တီဘက်တီတို့ မီးဖိုချောင်ထဲက ထွက်လာတာမို့ မေခတို့ စကားစပြတ်သွားသည်။

"ဆောရီး သမီးရေ . . . အန်တီတို့ မီးဖိုချောင်ထဲမှာ ကြာ

www.foreverspace.com.mm



သွားတယ်၊ ကြာဆို . . . အန်တီက ဒူးရင်းသီးမြင်ရင် မနေနိုင်ဘူးလေ၊ ချက်ချင်းစားရမှ၊ အန်တီစားဖို့ သံစဉ် ခွဲကျွေးနေတာနဲ့ကြာသွားတာ၊ ပျင်းတောင်နေပြီလား မသိဘူး”

“မပျင်းပါဘူး အန်တီ၊ ဓာတ်ပုံလေးတွေ လျှောက်ကြည့်နေတာ၊ ဓာတ်ပုံလေးတွေက ကောင်းတယ်နော်၊ ဓာတ်ပုံဆရာကလည်း ရိုက်တာ တော်၊ မော်ဒယ်လ်ကလည်း နေတတ်တော့ အရမ်းအဆင်ပြေ ...”

“ကြက်မောက်သီးတွေကလည်း ယိုးဒယားသီးတွေဆိုတော့ အသားထူထူအိအိနဲ့ အရမ်းချိုတာပဲကွယ်၊ မေခ လာထိုင်လေကွယ်၊ မတ်တတ်ကြီး မနေနဲ့...”

မေခရဲ့ ပြောလက်စ စကားကို ဖြတ်ချလိုက်ပုံကတိခနဲမို့ မေခ အံ့သြသွားသည်။ အန်တီ့ဘက်တီ့ မျက်နှာ ကွက်ခနဲ ပျက်သွားတာကိုလည်း ရိပ်မိလိုက်သည်။ မင်းကောင်းခအကြောင်း ဘာလို့စကားအစ မခံတာပါလိမ့် ...။

အန်တီဘက်တီက အစားအသောက်အကြောင်း၊ သံစဉ့် အလုပ်အကိုင်အကြောင်း၊ ကိုဟံသာနိုင်ရဲ့အလုပ်ကိစ္စတချို့အကြောင်း ဟိုဟိုဒီဒီ စကားတွေ လျှောက်ပြောနေပေမယ့် မေခက စိတ်မဝင်စားတော့ဘဲ မင်းကောင်းခ အကြောင်းကိုသာ အာရုံစိုက်လျက်သား ဖြစ်နေသည်။

www.foreverspace.com.mm

အဲ့ဒီအိမ်ကနေ ပြန်ထွက်လာတော့ မေခက အတွေး နက်နက်နှင့် တိတ်ဆိတ်နေပြီးမှ ကားမောင်းနေသော သံစဉ်ကို ငဲ့ကြည့်ရင်း ...

"သံစဉ် နင့်ကို ကိုဟံသာ မွေးမွေးပေးဖူးလား"

"ဟမ် . . . ရုတ်တရက်ကြီး ဘာတွေ လာမေးနေတာလဲ၊ ရှက်စရာ ..."

"ငါသိချင်လို့ပါ၊ ပြောစမ်းပါ"

သံစဉ်က ပြုံးစိစိနှင့် နှာခေါင်းရှုံ့ပြရင်း ...

"အမှန်အတိုင်း ပြောရရင် မွေးမွေးပေးဖို့ဝေးလို့ ဖက်တောင် မဖက်ဖူးဘူး"

"ခုချိန်ထိ ...!"

"အေး... ခုထိ ...၊ တစ်ခါမှ မတစ်ခါဘူး"

"နင်က ဒီလောက်တောင် ညှို့အားပြင်းတာတောင်လေ ..."

"သူက အရမ်း စည်းစောင့်တတ်တဲ့ သူလေ၊ ငါ့အပေါ် အရမ်းလည်း တန်ဖိုးထားတယ်၊ အဲ့ဒါကြောင့်ပဲ ငါ သူ့ကို အထင်ကြီး လေးစားတာ"

"ဒါပေမယ့် တစ်ခါလောက်တော့ မွေးမွေးပေးဖူးသင့်တာ ပေါ့၊ အဲဒီလောက်နဲ့တော့ တန်ဖိုးမထားရာ မရောက်ပါဘူး၊ တစ်ခါလောက် နင့်ကို မွေးမွေးပေးချင်လာအောင် ဆွဲဆောင် ကြည့်ပါလား ..."

www.foreverspace.com.mm



"မေခ ...၊ ပြဿနာပဲ ... နင် ဘာဖြစ်နေတာလဲ"

"ချစ်သူတွေချင်း သဘာဝကျကျလေးဖြစ်အောင် ပြောတာပါ"

"နင်တို့ကျတော့ရော ..."

"တွေ့တိုင်း မွေးတာပဲ"

"အံမယ် ..."

သံစဉ်က မခံချင်သလိုဖြစ်သွားကာ နှုတ်ခမ်းမဲ့ပြတော့ မေခက ရယ်မောလိုက်ရင်း ...

"အန်တီဘက်တီကြီးကလည်း နင့်ကို အရမ်းချစ်ခင်လိုလားတဲ့ ပုံပဲနော်"

"သူတို့တစ်အိမ်လုံးက အဲ့ဒီအတိုင်းပဲ၊ ငါနဲ့ ကိုဟံသာကို လက်ထပ်ပေးမယ် တကဲကဲဖြစ်နေကြတာ၊ ငါကလည်း ချက်ချင်းကြီး လက်မထပ်ချင်သေးတာနဲ့ မနည်းတောင်းတောင်းပန်ပန် အချိန်ဆွဲထားရတာ ..."

"ကိုဟံသာကရော မလောဘူးလား"

"မလောပါဘူး၊ သူကတော့ အေးအေးဆေးဆေးပါ"

"ဒါနဲ့ သူတို့အိမ်မှာ မော်ဒယ်လ် မင်းကောင်းခပုံတွေ အများကြီးပဲနော်"

"ဟုတ်တယ် ... သူတို့ ကုမ္ပဏီက စီစဉ်ပြီး ရိုက်ပေးထား

www.foreverspace.com.mm

တဲ့ ပုံတွေမို့လို့ အလှချိတ်ထားတယ် ထင်ပါတယ်၊ သူက မင်းကောင်းခအပေါ် သိပ်စေတနာထားတာလေ၊ သူက အရည်အချင်းရှိတဲ့ လူငယ်လေးတွေဆို မြေတောင်မြှောက်ပေးချင်တယ်၊ သိပ်စိတ်ထားကောင်းတဲ့သူ ...”

“နင့်လူက ရည်းစားတွေဘာတွေ မထားဖူးဘူးလား”

“လုံးဝ မထားဖူးဘူး၊ အိစိကလီတောင် မရှိဘူး၊ ငါက သူ့အချစ်ဦးတဲ့”

“အဟုတ် ... ?”

“အေး ... အဟုတ်ပဲ”

“ဒီအရွယ်ကြီးအထိအောင်လေ ...”

“အေးလေ ...”

“သဘာဝမကျသလိုဘဲ ...”

“ငါကတော့ အဲဒါမျိုးမှ သဘောကျတယ်လေ၊ ဒီခေတ်မှာ အဲ့ဒီလောက် ရိုးရှင်းတဲ့သူက အရှားသားမဟုတ်လား၊ မောင့်မှာ ငါလိုချင်တဲ့ အချက်တွေ အာလုံးပြည့်နှက်နေတယ်၊ ဒါမျိုးလူတစ်ယောက် နောက်မတွေ့နိုင်တော့တာ သေချာတယ်”

ရှမ်းကြိုက်တော့လည်း နွားက အမြဲချောနေတာမို့ မေခက ဘာမှဆက်မမေးဘဲ ငြိမ်နေလိုက်ရပါသည်။ သို့သော်

www.foreverspace.com.mm



ဟံသာနိုင်နှင့် ပတ်သက်သည့် အတွေးတွေ အများကြီးကိုတော့ မေခက လျှို့ဝှက်စွာ သယ်ဆောင်ထားလိုက်သည်။

www.foreverspace.com.mm

❖ ❖ ❖

မေခသည် ကိုမင်းနှင့် အတူသွားလာရင်း ရင်ထဲကို အဖုအဖတ်လေးတွေ ဝင်လာပါသည်။

မေခ အရင်က သိထားခဲ့သော ကိုမင်းဟာ သွက်လက် ရွှင်ပျသော ပုံစံမျိုး။ စိတ်ထဲမှာ ဘာမှ သယ်ဆောင်မထား။ ပေါ့ပေါ့ပါးပါး မြူးမြူးကြွကြွလေး သွားလာပြောဆိုနေထိုင်တတ်သည်။ သူနှင့် အတူရှိသူတိုင်း သူ့ကြောင့် စိတ်ပျော်ရသည်။ မေခက အဲ့ဒီအချက်ကလေးတွေကို သဘောကျခဲ့တာပင်...။

ပြီးတော့ သူက အလုပ်များနေတတ်သော မေခဆီ ဖုန်းတဂျီဂျီဆက်ပြီး နှောင့်ယှက်တတ်သူမဟုတ်။ အားအား မအားအား သူချိန်းရင် ရောက်အောင်လာရမည်ဆိုသည့် သဘောလည်းမရှိ၊ မေခက ဖုန်းမဆက်သရွေ့ သူက မေခ မအားလို့ပဲဟုယူဆ

www.foreverspace.com.mm

ကာ ဘယ်တော့မှ စ,မဆက်။ မေခက တွေ့ချင်သည်ဟု မပြော သရွေ့ သူက စပြီး ဘယ်တော့မှ မတောင်းဆို။ သူနဲ့ ချစ်သူဖြစ်ရ တာ မေခအဖို့တော်တော် အဆင်ပြေနေပါသည်။

သို့သော် . . . ညဥ့်ဆိုတာက ဖျောက်ဖျက်လို့မှ မရဘဲ။ မေခမှာက အပြစ်ရှာတတ်သည့် ညဥ့်ကလေးရှိသည်။ ကိစ္စပိစိလေး ကိုပဲဖြစ်ဖြစ် ပုံကြီးချဲ့ကာ ပြဿနာလုပ်ချင်သည်။

တစ်ခုသော ညနေစောင်းမှာ မေခနှင့် သူ ဘုရား သွားကြဖို့ ချိန်းဆိုထားမိကြသည်။

မေခက ရပ်ထားသော သူ့ကားနံဘေးသို့ ရောက် လာပြီး ကားထဲကို ငုံ့ကြည့်လိုက်တော့ မြင်ကွင်းကို တော်တော် စိတ်ပျက်သွားသည်။

သူက မဝတ်စဖူး ပုဆိုးဝတ်ထားပြီး ထိုပုဆိုးကို ဒူးခေါင်းနားထိ ဆွဲစုမ,တင်ထားပုံက စိတ်ပျက်စရာကြီးပင်။ မေခ က မျက်နှာခပ်လွှဲလွှဲနှင့် သူ့ဘေးနား ဝင်ထိုင်လိုက်တော့ သူက ကားမောင်းထွက်ရင်း . . .

"ဘယ်လိုဖြစ်လို့ မျက်နှာကို ဟိုဘက်ချည်း လှည့်ထားရ တာလဲ၊ ကိုယ်နဲ့ မျက်လုံးချင်းဆုံရင် ရင်ခုန်ရမှာ ကြောက် လို့လား၊ ဒီဘက်လှည့်ပါဦးကွာ၊ မျက်နှာလေးကို ကြည့် ချင်လို့. . . "

www.foreverspace.com.mm

"ရှင့် ပုဆိုးကို အရင်ဆွဲချလိုက်ပါဦး"

"အာ . . . ဆောရီး . . . ဘုရားသွားမှာမို့လို့ ပုဆိုးဝတ်လာပြီး မှ အိုက်ပြီးရှုပ်နေတာနဲ့ ဆွဲတင်ထားမိတာ၊ ဟဲ ဟဲ . . . မေခ မျက်စိရှက်သွားတယ်ထင်တယ်"

"မျက်စိရှက်တာ မဟုတ်ဘူး၊ စိတ်ပျက်တာ"

"ချစ်သူတွေချင်း ဒီလောက်လေးနဲ့ စိတ်ပျက်စရာလားကွာ၊ ဒါမျိုးလည်း ကိုယ်အမြဲ မလုပ်ပါဘူး၊ အိုက်လွန်းလို့သာပါ"

သူက ပြောရင်း ကားပြတင်းပေါက်ကနေ ပက်ခနဲ တံတွေး ထွေးချပစ်လိုက်တာမို့ မေခက ရှုံ့မဲ့သွားကာ . . .

"ဟင် . . . တံတွေး ထွေးတာကလည်း . . ."

"ဘာဖြစ်လို့လဲ . . ."

"ထွီခနဲ ထွမ်ခနဲ အသံမြည်အောင် အဝေးကြီး လှမ်းထွေး တော့ ဘယ်ကောင်းမလဲ၊ အောက်တန်းကျသလိုကြီး ဖြစ်နေတာပေါ့"

"ဟ . . . အဲဒီလို မထွေးရင် ဘယ်လိုထွေးရမလဲ၊ တံတွေး ထွေးတာလေးကို လာမချုပ်ချယ်ပါနဲ့လား မေခရယ်"

"ထွီခနဲ မမြည်အောင် တိတ်တိတ်ဆိတ်ဆိတ် ယဉ်ယဉ် ကျေးကျေး ထွေးလို့ ရတယ်ဆိုတာ ကိုမင်း မသိဘူးလား၊ မေခက ပြန်သင်ပေးနေရဦးမှာလား၊ ကလေးလည်း မဟုတ် ဘဲနဲ့၊ ဒီလောက်တော့ နားလည်သင့်တာပေါ့ . . ."

www.foreverspace.com.mm



"မေခက ဂျာနတ်လစ်စ်လို့ မပြောရဘူး သိပ်ပုံကြီးချဲ့တာ ပဲ..."

"သြော် ... ဂျာနယ်လစ်စ်ဆိုတာ ပုံကြီးချဲ့တတ်တဲ့သူတွေ လို့ကိုမင်းက ယူဆထားသလား..."

"မဟုတ်လို့လား၊ ကိစ္စသေးသေးလေးတွေကို ချဲ့ထွင် ပြန့် ကားသွားအောင် လုပ်တတ်ကြတာ မဟုတ်လား"

"လုပ်သင့်မှလုပ်တာပါ ကိုမင်းရဲ့ ဟင် ... အင်္ကျီ ကြယ်သီး တွေ ပြုတ်လို့ပါလား"

မေခက သူ့ကိုလှည့်ကြည့်မိရင်း တတိယမြောက် ကြယ်သီးအထိ ပြုတ်ဖွင့်ထားသော သူ့ရှပ်အင်္ကျီကို စိတ်တိုင်း မကျ ဖြစ်သွားရပါသည်။

မေခက ယောကျ်ားလေးတွေ ကိုယ့်ရှေ့မှာ အင်္ကျီ ကြယ်သီး ပြုတ်ဖွင့်ထားရင် ကိုယ့်ကို မလေးစားတာပဲဟု ယူဆ သည်။ ကိုယ့်ရှေ့မှာ အနေအထိုင်မတတ်၊ နေချင်သလိုနေ၊ ပြော ချင်သလို ပြောနေတာဟာ ကိုယ့်ကို ဂရုမစိုက်တဲ့ အချိုးမျိုး ချိုးတာပဲဟု သတ်မှတ်သည်။

ခုလည်း ကိုမင်းက သူ့အင်္ကျီကြယ်သီးတွေကို ပြုတ် ဖွင့်ထားတာမို့ ရင်ဘတ်မွေး တချို့တစ်ဝက်ပင် ပေါ်ချင်ချင် ဖြစ် နေတာကို မေခက သဘောမကျ၊ ရိုင်းသည်ဟုပင် ယူဆကာ စိတ်တိုင်းမကျဖြစ်ရသည်။

www.foreverspace.com.mm

ကိုမင်းက မေခထက် အသက် တစ်နှစ်ကြီးပေမယ့် မေခထက်ပိုပြီး လူငယ်ဆန်ကာ Free style ရှိသည်။ အဲဒီလို လူငယ်စတိုင်လ်နဲ့မို့လို့ပဲ မလေးနက်တာလား မသိ၊ နိုင်ငံခြားတွေ ဘာတွေ သွားပြီး အလုပ်လုပ်ခဲ့ဖူးပြီး ခုချိန်မှာ ကားတစ်စီးနှင့် ဟိုဒီသွားလာကာ ဘာစီးပွားရေးလုပ်ရင် ကောင်းမလဲ လေ့လာနေတယ်ဆိုပေမယ့် ခုထိ ဘာစီးပွားရေးမှကို မလုပ်ရသေး။ မေခ စိတ်ထဲမှာ ကယောင်ဖြစ်နေသလိုပဲဟု နည်းနည်းထင်ချင်လာသည်။

သူနဲ့ မေခဟာ ချစ်သူတွေဖြစ်ကြပြီဆိုပေမယ့် မိတ်ဆွေဘဝနဲ့ ရင်းရင်းနှီးနှီး နေလာသည့် သက်တမ်းကလည်း သိပ်မကြာသေး၊ သူ့အပေါင်းအသင်း၊ သူ့ပတ်ဝန်းကျင်နဲ့ မေခနဲ့လည်း ဆက်စပ်မှု မရှိတာမို့ သူ့အကြောင်းကို မေခက အတွင်းကျကျ မသိ။

ခုမှ တွဲရင်း တွဲရင်း သူ့အကြောင်း သိလာရချိန်မှာ မေခစိတ်ထဲ ဘဝင်မကျချင်ချင် ဖြစ်လာသည်။

"ကြယ်သီးတွေ ပြန်တပ်လိုက်လေ ကိုမင်းရယ်"

သူက မလှုပ်တာမို့ မေခက ထပ်ပြောရပြန်သည်။

"အိုက်လို့ဖြုတ်ထားတာပါကွာ"

"အပေါ်တစ်လုံးလောက် ဖြုတ်ထား တော်ရောပေါ့၊ သုံးလုံးတောင် ဖြုတ်ထားတော့ ရင်ဘတ်ဟောင်းလောင်း ဖွင့်ထားသလိုဖြစ်ပြီး တွေ့ရမြင်ရတာ သိပ်ရိုင်းတာပဲ ..."

www.foreverspace.com.mm



"ပုံကြီးချဲ့ပြန်ပြီ ..."

"ဒါ ပုံကြီးချဲ့တာမဟုတ်ဘူး၊ အရှိကို အရှိအတိုင်း . . . မြင်တဲ့အတိုင်းပြောတာ"

"ကဲ ... မအိုက်တော့ရင်ပြန်တပ်မယ်ကွာ ..."

"မရဘူး၊ အခုတပ် ..."

"ဒါဆိုလည်း တပ်ပေး ..."

"မတပ်ပေးချင်ပါဘူး ..."

"ဒါဆိုလည်း ဒီအတိုင်းပဲ နေတော့မယ်"

"ကိုမင်းနော် ..."

မေခက သူ့ကို မျက်စောင်းထိုးရင်း သူ့ဘက်လှည့်ကာ ကြယ်သီးတပ်ပေးတော့ သူက မေခ ပါးကလေးကို ငုံ့မွှေးပါသည်။ စိတ်တိုင်းမကျတာတွေရှိလို့ စိတ်ညစ်ရပေမယ့် ဒီလိုယုယုယယ မွှေးတဲ့အခါ ကျေနပ်နှစ်သိမ့် ပေါ့ပါးလန်းဆန်းသွားရတဲ့ ခံစားချက်ကလေးကတော့ မက်လောက်စရာ ကောင်းသည်။ (သံစဉ့်လူကတော့ ဒီလိုလေးတောင် မမွှေးဘူးတဲ့လေ၊ ဒါလည်း အကြောင်းတစ်ခုခုတော့ ရှိရမည်။)

"ကိုမင်း ..."

"အင်ဟင် ..."

"ကိုမင်း အလုပ်ကိစ္စတွေ လေ့လာနေတာ အဆင်ပြေပြီလား"

www.foreverspace.com.mm

"မပြေသေးပါဘူးကွာ၊ ဘာတွေလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူး၊ အလုပ်ကိစ္စတွေက စိတ်ရှုပ်စရာကောင်းတယ်"

"ဟင် . . . ကိုမင်း ပြောပုံက တစ်ခါမှ အလုပ်မလုပ်ဖူးတဲ့ သူ ကျနေတာပဲ၊ အလုပ်လုပ်ပြီဆိုမှတော့ စိတ်ရှုပ်စရာက မရှိဘဲကို မနေဘူး၊ ကိုမင်း ဂျပန်မှာ အလုပ်လုပ်နေတုန်း ကလည်း ဒီလိုပဲ ရှိမှာပေါ့"

"ကိုယ့်အလုပ်က ကိစ္စဝိစ္စ သိပ်ရှုပ်ရှုပ်ထွေးထွေး မရှိပါဘူး"

"ဘာအလုပ်မို့လို့လဲ . . ."

"ကားမောင်းတယ်လေ . . ."

ဟင် . . . ဘာကြီးလဲ . . .။ မေခစိတ်ထဲ နည်းနည်း အထင်သေးသလိုတောင် ဖြစ်သွားသည်။ မေခကတော့ သူနိုင်ငံခြား သွားတယ်ဆိုလို့ ကျောင်းသွားတက်သလား၊ တခြားအလုပ် တစ်ခုခု လုပ်နေသလား ထင်ထားတာ၊ ကားမောင်းတယ်ဆိုတော့ ဘာရုပ်ပေါက်မှာလဲ . . .။ အခု ဒီပြန်လာပြီး ဘာမှမလုပ်ဘဲ အထုပ်ပိုက် အလုပ်ရှာနေတော့ သူ့အထုပ်က တဖြည်းဖြည်း ပါးလာပြီပေါ့။ မေခက သက်ပြင်းခိုးချရင်း . . .

"အလုပ်လုပ်မယ်ဆိုလည်း တစ်ခုခုကို ခပ်မြန်မြန် ဆုံးဖြတ်ချက်ချပြီး လုပ်တော့လေ ကိုမင်းရယ်၊ ကိုမင်းက ဘာလုပ်ဖို့ အားသန်လဲ၊ မေခ တတ်နိုင်ရင်လည်း ကူညီပေးမယ်လေ"

www.foreverspace.com.mm



"ကိုယ် ကာရာအိုကေဆိုင် ဖွင့်ရင် ကောင်းမလားလို့၊ အဲဒီအလုပ်က ငွေရလွယ်တယ်လေ ..."

မေခက သူမမြင်အောင် နှာခေါင်းရှုံ့မိသည်။ သူမို့ လို့ဒီလိုဇယားရှုပ်မယ့် အလုပ်ကို အားသန်တာလေ။

"အဲ့ဒီအလုပ်က ရှုပ်ရှုပ်ယှက်ယှက်တွေ များမှာပေါ့၊ ကိုမင်း ပဲ စိတ်ရှုပ်မခံချင်ဘူးဆို၊ ဒီလိုလုပ်ပါလား၊ ဂျာနယ်ထုတ် ချင် ထုတ်လေ၊ သတင်းဂျာနယ်လိုဟာမျိုးပေါ့၊ အဲဒါဆို မေခလည်း ကူညီပေးလို့ရပါတယ်"

"အဲဒါမျိုးတွေ ကိုယ်ဝါသနာ မပါပါဘူးကွာ"

"ဒါဆို ကာရာအိုကေဆိုင်ကျ ဝါသနာပါတယ်ပေါ့"

"ဟား ... ဟား ... လုပ်ပြီ၊ အထအနကောက်ပြီ ..."

သူက တဟားဟားအော်ရယ်လိုက်တော့ မေခ လန့် သွားသည်။ သူအဲဒီလိုကြီး ရယ်တတ်တာကိုလည်း မေခ မကြိုက် ချင်။

သူရယ်မောနေတုန်းမှာပဲ မီးပွိုင့်မိသွားတာမို့ ကား ရပ်စောင့်နေလိုက်ရသည်။ ထိုခဏမှာ တစ်ဖက် ပလက်ဖောင်းက လူတစ်ယောက်ဆီ အကြည့်ရောက်သွားကာ ...

"ဟာ ... ဟော့ကောင် သက်ဇော်၊ သေက်၊ ဟာ ... ဒီကောင် နားလေးနေလားကွာ၊ ဟေး ... ဖြောင်း ... ဖြောင်း"

www.foreverspace.com.mm

သူက ထိုသူကြားအောင် အသံကျယ်ကြီးဖြင့် အော်ဟစ်ခေါ်ရင်းက လက်ခုပ်တဖြောင်းဖြောင်းပင် တီးလိုက်ပြန်သောအခါ မေခက တွန့်ခနဲဖြစ်သွားရပါသည်။ သူ့အသံကျယ်ကြီးကြောင့် လူတွေကလည်း လှမ်းကြည့်နေပြီမို့ မေခက ကိုယ်ကိုကျုံ့ကာ မျက်နှာကို ဆံပင်ဖြင့် ကွယ်ရင်း ခေါင်းငုံ့နေလိုက်ရသည်။

သူ့သူငယ်ချင်းက တစ်ဖက် ပလက်ဖောင်းမှာ။ ကြားထဲမှာ ကားတွေလည်း ခြားနေသည်။ မီးပွိုင့်ကလည်း ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။ ခုလေးပဲ စိမ်းတော့မည်။ ဒါတောင် သူက မလျှော့သေးဘဲ လှမ်းအော်လိုက်သေးသည်။

"ဟေ့ကောင် . . . ငသက်၊ မနက်ဖြန် ညနေ ၆ နာရီ ရန်ကင်းစင်တာက Cafe Aroma မှာ စောင့်နေ၊ ငါလာခဲ့မယ်"

သူ့စကားလည်း ဆုံး၊ မီးလည်းစိမ်းပြီမို့ ကားကို မောင်းထွက်လာတော့မှ မေခက သက်ပြင်းချမိကာ ...

"ဒီလောက် အော်ကြီးဟစ်ကျယ်နှုတ်ဆက်ရသလား ကိုမင်းရယ်၊ လူတွေတောင် ဝိုင်းကြည့်နေတယ်"

"ဟာ . . . ဒီကောင့်ကို တွေ့ဖို့က မလွယ်ဘူးလေကွာ၊ ကံကောင်းလို့ ဆုံရတာ၊ ဒီကောင် အိမ်ပြောင်းသွားတာ

www.foreverspace.com.mm



လည်း ကိုယ်မသိလိုက်ဘူး၊ ဒီကောင့်ကို ဆက်သွယ်ဖို့ ဖုန်းလည်းရှိတာ မဟုတ်ဘူး၊ ဒီကောင်နဲ့က ဟိုမှာကတည်းက ဆိုးတိုင်ပင် ကောင်းတိုင်ပင် သိပ်ခင်ခဲ့တာ”

သူ သိပ်ခင်တဲ့သူဆိုတာကို မေခ တွေ့လိုက်တာတော့ ပုံစံက ညစ်ထပ်ထပ်နဲ့ . . . ။ ကားဂိတ်မှာ ဘတ်စ်ကားစောင့်နေတဲ့ ပုံစံကိုက ပျင်းရိလေးတွဲနေပုံမျိုး။ ကိုမင်းလို ခပ်သန့်သန့် လူတစ်ယောက်က အဲဒီလို လူမျိုးနဲ့ ဖက်လှဲတကင်း ရှိလှတာကိုလည်း မေခ စိတ်ထဲ သဘောမကျချင်။

“မေခလေး . . .”

မေခ ငြိမ်နေတော့ သူက ခပ်ပြုံးပြုံး ခေါ်လိုက်သည်။ အင်းလေ ဒီအရွယ်ကို ‘မေခလေး’ လို့ ချစ်စနိုး ခေါ်ခံရတာကလည်း ကျေတော့ ကျေနပ်စရာပဲလို့ ဆိုရမှာပေ့ါ”

“ဩော် . . . ဒီနေ့အတွက် ပြောစရာရှိတာလေး မပြောရသေးဘူး၊ မေခကို ကိုယ်သိပ်ချစ်တယ်”

“အဟင်း . . . မေခရောပဲ . . .”

မေခက ထိုစကားလေးကို ကြားရခိုက်မှာ အမြဲ ကျေနပ်နှစ်သိမ့်မိတတ်သည်။ သူက ထိုစကားကို တစ်နေ့ တစ်ကြိမ် ပြောတတ်ပြီး မွှေးမွှေးကိုလည်း တစ်နေ့တစ်ကြိမ် ပေးတတ်သူမို့ပင်။

www.foreverspace.com.mm

ဘုရားရောက်တော့ မေခက . . . "မေခ အလုံးစုံ စိတ်တိုင်းကျတဲ့ ယောကျ်ားမျိုးနဲ့ လက်ထပ်ခွင့်ရပါရစေ" ဟု ခပ်တိုးတိုးလေး ဆုတောင်းလာခဲ့ပါသည်။

ကိုမင်းကို မေခ စိတ်တိုင်းကျချင်သည်။

❖ ❖ ❖

www.foreverspace.com.mm



❖ ❖ ❖

"မောင် . . . သံစဉ့်ပါးကို ဘာကောင်ကိုက်သွားသလဲ မသိဘူး၊ အရမ်းနာနေတယ်၊ နီရဲနေလားဟင်၊ ကြည့်ပါဦး"

သံစဉ်က ကိုယ့် ဆံပင်ခွေခွေလိမ်လိမ်လေးကို ပင့်မကာ နားရွက်နောက်မှာ ညှပ်လိုက်ရင်း ထင်းခနဲပေါ်လာသည့် ပါပြင်မို့မို့လေးကို မောင့် မျက်နှာနားဆီ စောင်းငဲ့ပြလိုက်ပါသည်။

ဒီနေ့တော့ ဒီပါးလေးတစ်ဖက် အနမ်းခံရဖို့အရေးကို ပညာကုန်ထုတ်သုံးမှ ဖြစ်တော့မည်ပင်။ နို့မို့ဆို မေခရှေ့မှာ မျက်နှာငယ်ရသည်။ မေခ ကြွားသွားတာတော့ တွေ့တိုင်း မွှေးသတဲ့လေ။

သံစဉ်က ကိုယ့်ကို တန်ဖိုးထားပြီး ရိုးရိုးသားသား ဖြူဖြူစင်စင် ဆက်ဆံတတ်သည့်သူကို သဘောကျတယ်ဆိုပေမယ့် ဒီလောက်ကြီး မတို့ရဲမထိရဲ၊ ပခုံးလေးမှ မဖက်ရဲ၊ ပါးကလေး

www.foreverspace.com.mm

တောင် မနမ်းရဲတာမျိုးကျတော့လည်း မကြိုက်ချင်။ မေခက ချစ်သူချင်း ဒီလောက်စိမ်းကားတာ သဘာဝ မကျဘူးဆိုတာမို့ သံစဉ်က သဘာဝကျဖို့ကြိုးစားနေမိခြင်း ဖြစ်ပါသည်။

သံစဉ်က မော်လမြိုင်သူပီပီ အသားအရည်ကလည်း လှတာမို့ သံစဉ်ရဲ့ ပါးမို့မို့လေးကို အနီးကပ် မြင်ရသူတိုင်း ရင်သိမ့်သိမ့်တုန်သွားတတ်မြဲ။ နားသယ်စပ်မှာ မွေးညှင်းနုနုလေးတွေ စိမ်းဖြာနေကာ ပါးပြင် အရေပြားကြည်ကြည်လေးအောက်က အကြောစိမ်းစိမ်းရေးရေးလေးတွေကိုပင် မြင်ရပါသည်။

သူနဲ့အတူ နီးနီးကပ်ကပ် ထိုင်ရတိုင်း ဒီပါးပြင်ကလေးကိုတော့ သူ မမြင်ဘဲမနေ။ သို့သော် သူက မြင်လျက်နှင့် လုံးဝ ဥပေက္ခာပြုနိုင်လောက်သည်အထိ သမာဓိအားကောင်းသူပင်။

"ဟင် . . . ဟင် . . . ကြည့်လေ တွေ့လားဟင်၊ နီနေလား ဟင်..."

သံစဉ်က သံစဉ့်မျက်နှာကို သူ့မျက်နှာနား ပိုတိုးကပ်ပြလိုက်တော့ သူက ကိုယ်ကို နောက်သို့ရှိန့်ကာ သံစဉ့်ပါးကို စေ့စေ့ကြည့်သည်။

"ဘာမှမတွေ့ပါဘူး... ပုံမှန်ပါပဲ..."

အင်း . . . ဘာဖြစ်လို့ ဒီလောက် ဒုံးဝေးရတာလဲ၊ နီနေတာ မတွေ့လည်း တစ်ခုခုတော့ တွေ့ဖို့ကောင်းတာပေါ့၊

www.foreverspace.com.mm



အရေပြားကြည်ကြည်အောက်က အကြောစိမ်းကလေးတွေ ခပ်ရေးရေး ယှက်ဖြာနေတာကိုပဲ ဖြစ်ဖြစ်။

"အဖုတွေ ထ,လာတယ်ထင်လို့ပါ မောင်ရဲ့ အပြင်က သေချာမမြင်ရပေမယ့် စမ်းကြည့်ရင် ဖြုတ်ရှုပ်ရှုပ်လေးတွေ ရှိတယ်၊ မယုံရင် ကြည့်ကြည့်ပါလား"

"ဟုတ်လား ... မှန်း ..."

မောင့်လက်က သံစဉ့်ပါးကလေးဆီ လှမ်းလာပြီး မောင့်မျက်နှာကလည်း သံစဉ့် မျက်နှာနား တိုးရွေ့လာပြီမို့ ဒီတစ်ခါတော့ အသေအချာပဲဟု ယူဆကာ သံစဉ်က မျက်နှာကလေးကို ငုံ့လျက် မျက်လုံးလေးတွေကို မေးမှိတ်ထားလိုက်သည်။

သူ့လက်က သံစဉ့်ပါးကို လာထိပြီး ဟိုဒီ ရွေ့စမ်းလိုက်ပြီး ...

"ဘာမှမရှိပါဘူးကွာ၊ စိုးရိမ်မနေပါနဲ့ ..."

ဟု ပြောလိုက်သည်။ သူ့အသံက ပုံမှန်ပဲ၊ ရင်တုန်သံမျိုးလည်း မပေါက်တာမို့ သံစဉ် မျက်လုံးဖွင့်ကြည့်တော့ သူက ရှေ့ဘက်ပြန်လှည့်ကာ ကားစက်နှိုးနေပြီ။

သံစဉ်က 'ဘာကြီးလဲဟ' ဟု တွေးမိရင်း စိတ်ဓာတ်ကျချင်ချင်။ မောင်ဟာ သံစဉ့်ကို ချစ်တယ်သာဆိုပေမယ့် လက်နှေးလိုက်တာ ချာနေကာ သူ့အမေနှင့် ကြီးဒေါ်ကြီးများ ပွဲပိုးသဖြင့်သာ သံစဉ်နဲ့ ချစ်သူဘဝရောက်ခဲ့ရတာပင်။

www.foreverspace.com.mm

ချစ်သူဘဝ ရောက်တော့လည်း ဘာမှ ပူပူစာစာ မတောင်းဆို။ ဘယ်သွားချင်တယ်လည်း မပြော။ ကြီးဒေါ်ကြီးများကသာ သံစဥ့်ဆီ ဖုန်းဆက်ကာ သူတို့ တူနဲ့ ဘယ်ကို ဘာသွားဝယ်ပေးဖို့ ဆိုတာမျိုး အကွက်ဖန်ကြသည်။ သူတို့တူ သူတို့သားဟာ အင်မတန် ရိုးလွန်းတာမို့ သံစဥ့်အပေါ် ရဲရဲတင်းတင်း မဆက်ဆံရဲရှာကြောင်းလည်း တဖွဖွပြောတတ်ကြသည်။ ပြီးတော့ မောင့်ကို ဟိုဒီခေါ်ထုတ်ဖို့ သံစဥ့်ကိုသာ မြှောက်ပေးတတ်ကြသည်။

သံစဉ်ကလည်း သူ ဒီလို စောင့်ထိန်းတတ်တာ၊ အခွင့်အရေး မလိုချင်တာကိုပဲ နှစ်ခြိုက်သဘောကျကာ သံစဉ်ကပဲ ဖုန်းဆက် ဆိုးနွဲ့ သံစဉ်ကပဲ သူ့ဆီသွားကာ ရင်းရင်းနှီးနှီး နေဖြစ်ခဲ့သည်။ သူနဲ့ နီးနီးကပ်ကပ် နေလည်း ဘာမှအန္တရာယ်မှ မရှိနိုင်တာကို သံစဥ့်စိတ်ထဲက ယုံကြည်စိတ်ချနေမိသည်။

သံစဉ်ကသာ ဒီလို သဘောထားနိုင်ပေမယ့် မေခကတော့ ဘာကို ဘယ်လိုအတွေးခေါင်သည်မသိဘဲ ...

"သံစဉ် ... နင့်လူက ပုံမှန်မှ ဟုတ်ရဲ့လား"

ဟု မကြာခဏ မေးတတ်သည်။ သံစဉ်ကလည်း မခံချင်တာမို့....

"ငါက အရမ်း အရမ်း လှပဆွဲဆောင်မှု ရှိနေတော့ ငါ့အနား သိပ်ကပ်ရင် ရင်တွေ တအား တအား ခုန်လာမှာ စိုးလို့ နီးနီးမနေရဲတာ နေမှာပေါ့"

www.foreverspace.com.mm



ဟု ပြန်ပြောမိတတ်ပါသည်။

ပြောမယ့်သာ ပြောရပေမယ့် ကြာတော့ သံစဥ့်စိတ်ထဲလည်း မကျေနပ်ချင်သလို ဖြစ်လာကာ သူများ မွေးမွေးပေးလေမလားဟု ဆွဲဆောင်ကြည့်မိတာပင်။ မေခကို ပြန်ပြောပြီး အနိုင်တော့ ယူချင်သေးသည်လေ။

“မောင် ...”

“အင်ဟင် ... အသံကလည်း ဒေါသတကြီးနဲ့ပါလား သံစဥ်ရဲ့မောင့်ကို ဘာမကျေနပ်ဘူးလဲ ...”

“မောင် ... သံစဥ့်ကို မွေးမွေးပေးဖို့ တစ်ခါမှ မစဥ်းစားမိဘူးလား”

သံစဥ်က ခဏငြိမ်သက်အားမွေးလိုက်ပြီးမှ ဗြုန်းခနဲပြောချလိုက်သည်။ သူက နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်ကာ ...

“သြော် ... ဒါလား၊ မစဥ်းစားဘဲနေမလား သံစဥ်ရယ်”

“စဥ်းစားရုံပဲ စဥ်းစားတာမဟုတ်လား”

“သံစဥ် မကြိုက်မှာစိုးလို့ပါကွာ ...”

“ဒါဆိုလည်း နေပေါ့”

သံစဥ်က စူပုပ်ပုပ်နှင့် တစ်ဖက်သို့လှည့်သွားတော့ သူက ကားကို လမ်းဘေးချရပ်လိုက်ပါသည်။

“ကဲ ... ဒီနားလေး နည်းနည်းတိုး ...”

www.foreverspace.com.mm

"မတိုးပါဘူး"

"စိတ်ဆိုးနေတာလား"

သံစဉ်က စိတ်ဆိုးတာပေါ့ဟုတောင် မူရာမာယာ မပြောရဲ။ အဲဒီလိုသာဆို သူ လုံးဝ ရှေ့တိုးတော့မှာ မဟုတ်ပါ။

"ဟင် . . . စိတ်ဆိုးနေတာလား သံစဉ်"

"မဆိုးဘူး . . . မဆိုးဘူး၊ တကတည်း မပြောလည်း သိရမယ့် ဥစ္စာကို အဖြေရခက်အောင် မေးနေပြန်ပါပြီ"

သံစဉ်က ပြန်ပြောတော့မှ သူက ပြုံးသွားကာ သံစဉ့်ပါးကို ရှုတ်ခနဲ မြည်အောင် တစ်ချက်လှမ်းနမ်းလိုက်သည်။

ထိုအနမ်းကို 'ဘယ်လိုကြီးပါလိမ့်' ဟု တွေးရင်း သံစဉ် စိတ်ထဲ အီလည်လည်ကြီး ဖြစ်သွားသည်။

သူ့အနမ်းက ဘယ်လိုမှ ဖီလင်လာစရာ မကောင်း။ အမေ့လက်ထဲက ချစ်စရာကောင်းသည့် ကလေးတစ်ယောက်ကို ဘေးနားက လူကြီးတစ်ယောက်ယောက်က ချော့မြူရင်း 'ဟယ် ချစ်စရာကောင်းလိုက်တာတော့်' ဟု ပြောပြောဆိုဆို လှစ်ခနဲ လှမ်းနမ်းလိုက်သည့် ပုံစံမျိုး။

သူက နမ်းပြီးမှ တစ်ဖက်သို့ ပြန်လှည့်သွားကာ အပြစ်လုပ်မိသော ကလေးတစ်ယောက်ရဲ့ မျက်နှာမျိုးဖြင့် တိုးတိုးလေး ညည်းညူလိုက်ပါသည်။

www.foreverspace.com.mm



"မောင် မှားများမှားသွားပြီလား မသိဘူး"

"ဟင် ... ဘာမှားလို့လဲ"

"ဩော် . . . သံစဥ့်ကိုများ မလေးမစား လုပ်မိသလို ဖြစ်နေသလားလို့...."

"ကိုယ့်ချစ်သူကို ကိုယ် ရိုးရိုးသားသား မွေးမွေးပေးတာ အပြစ်မှမဟုတ်ဘဲ မောင်ရယ်"

သံစဥ်က ရင်ထဲ ကသိကအောက်နှင့် ရယ်ချင်ရင်းကပဲ သက်ပြင်းကြီးချကာ ပြန်လည် ဖျောင်းဖျလိုက်လေသည်။

ဘာပဲပြောပြော သူဟာ တစ်မိမ်း မိန်းကလေးတွေနှင့် မယဥ်ပါးသော သူတစ်ယောက်ဆိုတာ သံစဥ် အကဲခတ်မိသည်။ မိန်းကလေး တစ်ယောက်ကို အထာကျကျ ရဲရဲတင်းတင်း မနမ်းတတ်ရှာသော သူ့ကို သံစဥ်က အံ့ဩလေးစားရင်းပဲ အချစ်တွေ တိုးလာခဲ့ရသည်။

❋ ❋ ❋

www.foreverspace.com.mm

⌘ ⌘ ⌘

ညနေခင်း တစ်ခုမှာ မေခက ကိုမင်းနှင့် အတူ အင်းယားကန်ဘက် လမ်းထွက်လျှောက်ကြရင်း အပြန်မှာ ဘာဂါ စားဖို့ အင်းလျားလမ်းက Burger Buster သို့ ဝင်လာခဲ့ကြပါသည်။

"ဘာသုံးဆောင်မလဲ ခင်ဗျ ..."

"ဘာဂါပဲ ပေး၊ ကိုမင်းရော ..."

"ဘာဂါပဲလေ ..."

"ဘာနဲ့လဲ ခင်ဗျ"

"Fish ဘာဂါ၊ ကိုမင်းရော ဘာနဲ့လဲ"

"Pork ..."

"အအေး ဘာသုံးဆောင်မလဲ ခင်ဗျ"

"စထရော်ဘယ်ရီဂျူစ့်၊ မြန်မြန်လုပ်ကွာ၊ ဗိုက်ဆာနေပြီ"

www.foreverspace.com.mm



ကိုမင်းက အဲဒီလိုကြီး ပြောလိုက်ရတာကို မေခက သဘောမကျပြန်ပေမယ့် ဘာမှ မဝေဖန်ဘဲနေလိုက်သည်။

မေခတို့က အစွန်ကျကျ ထောင့်စားပွဲမှာ ထိုင်နေကြတာဖြစ်ပြီး မေခက ဆိုင်အဝင်ဘက်လှည့်ထိုင်ကာ ကိုမင်းက မေခနဲ့ ထောင့်ချိုးကျကျနေရာမှာ ထိုင်နေကြခြင်း ဖြစ်ပါသည်။

ဘာဂါမို့ ခဏလေးနှင့်ရကာ လာချပေးတော့ မေခက ဘာဂါကို ငုံ့ကိုက်စားဆဲ မှန်တံခါးပွင့်သွားကာ ဆိုင်ထဲဝင်လာသော ကိုဟံသာနိုင်ကို တွေ့လိုက်ရပါသည်။

"ဟော ..."

မေခက ဘာဂါကိုက်လိုက်စနှင့်မို့ ကိုဟံသာကို လှမ်းမခေါ်ဖြစ်ပေမယ့် မေခ မျက်လုံးတွေက အသိမိတ်ဆွေတွေ့လိုက်သော ပုံစံမို့ ကိုမင်းက ကိုဟံသာနိုင်ဘက်ကို လှည့်ကြည့်ရင်း ...

"ဘယ်သူလဲ ... အသိလား"

"ဟုတ်တယ် ... သံစဉ့်ချစ်သူ ..."

"သြော် ... နှုတ်ဆက်လိုက်လေ"

"စားပြီးမှပဲ နှုတ်ဆက်တော့မယ်၊ ဒီမှာ လက်စကြီးနဲ့"

မေခက ဘာဂါဝါးလက်စနှင့် ပါးစပ်မှာပေနေသည့် အစနအနတွေကိုလည်း တစ်ရှူးနှင့် သုတ်နေရသေးသည်။

သူကလည်း ခေါင်းငုံ့ငုံ့နှင့် လျှောက်လာတာမို့ မေခ

www.foreverspace.com.mm

ကို မမြင်ဘဲ မေခတို့နှင့် ဘေးတစောင်းကျကျ အနေအထား ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါသည်။

တစ်ယောက်တည်းထိုင်ကာ စားချင်တာတွေကို မှာ စားနေသော သူ့ပုံစံဟာ ခပ်အေးအေးပင်။ သူ့ပင်ကိုက အေးဆေး နူးညံ့တာကို ငါက ဘာတွေများ သံသယဝင်မိနေပါလိမ့်ဟု တွေး ကာ မေခက နည်းနည်းတော င်နောင်တရချင်သလို ဖြစ်လာသည်။

ကိုဟံသာနိုင်တို့ အိမ်ကို ရောက်ခဲ့တုန်းကတော့ မင်းကောင်းခနဲ့ သူနဲ့ တွဲရိုက်ထားတဲ့ပုံကို 'တစ်မျိုးပဲ' ဟု ယူဆ ကာ ဘယ်လိုတစ်မျိုးလဲဆိုတာ ထပ်မံဆန်းစစ်ကြည့်နိုင်ဖို့ ထို ဓာတ်ပုံကို ဓာတ်ပုံ ပြန်ရိုက်ယူခဲ့သေးသည်။ ထိုဓာတ်ပုံကို သံစဉ် မမြင်အောင် ခိုးကြည့်ရင်း ဇဝေဇဝါ အဖြေရှာပေမယ့် အဲ့ဒီ "တစ်မျိုး" ကိစ္စကို ဘာရယ်လို့ ရေရေရာရာ အဖြေမထုတ်နိုင်သေး ပါ။

မေခက ဘာဂါကိုသာ ကုန်အောင် စားနေရဆဲမှာ ဆိုင်ရှေ့သို့ တက္ကဆီတစ်စီး ထိုးရပ်လာပြီး ဗရုတ်သုတ်ခစတိုင်လ် ကောင်လေး လေးငါးယောက် ဆင်းလာတာကို မှန်နံတွေမှ တစ်ဆင့် လှမ်းမြင်လိုက်ရပါသည်။

ကောင်လေးတွေရဲ့ပုံစံဟာ ငယ်ငယ်ရွယ်ရွယ် ချော ချောသားသား ရှိကြပေမယ့် မျက်နှာကလေးတွေဟာ ရိုးသားဖြူစင်

www.foreverspace.com.mm

မှုမရှိဘဲ ညစ်ကျယ်ကျယ် ဂျစ်ကန်ကန် ပြောင်စပ်စပ် ပုံစံမျိုးတွေ မို့မေခက နှာခေါင်းရှုံ့လိုက်မိသည်။

ကောင်လေးတွေ ကြည့်ရတာ Hip Hop crazy တွေလားလည်း မသိ၊ နံပါတ်ကြီးတွေ ထင်းနေသော သူတို့ နှစ်ကိုယ်စာ တီရှပ်အင်္ကျီကြီးတွေနှင့်၊ ခွကျနေသော ဂျင်းဘောင်းဘီ တွေကို တံမြက်လှည်းစတိုင်လ် ဝတ်ကာ ကိုးရိုးကားယား ကွတတ ပုံစံမျိုးတွေဖြင့် ဆိုင်ထဲသို့ဝင်လာကြသည်။

ထိုခဏမှာ အေးအေးဆေးဆေး မုန့်စားနေသော ကိုဟံသာနိုင့် ပုံစံက လှုပ်လှုပ်ရွရွ ဖြစ်လာတာကို တွေ့လိုက်ရပါ သည်။ သူ့မျက်နှာ ဝင်းလက်ပြီး မျက်လုံးတွေ တောက်ပသွားတာ ဟာ ဘေးတစောင်းအနေထားကြည့်ရုံနဲ့တောင် သိသာသည်။

သူက ရုတ်တရက် မတ်တတ်ထရပ်ကာ လက် မြှောက်ပြရင်း ပေးခနဲ အသံပေးကာ ကောင်လေးတွေကို လှမ်း နှုတ်ဆက်လိုက်ပါသည်။

ကောင်လေးအုပ်စုက သူ့ကိုမြင်တာနဲ့ ပြောင်စပ်စပ် ရုပ်မျိုးတွေ ဖြစ်ကုန်ကြကာ . . .

"ဟာ . . . တို့အစ်ကိုကြီးပါလား၊ ဟား . . . ဟား . . . တိုက် တိုက်ဆိုင်ဆိုင် ဆုံတတ်လိုက်တာ"

"အစ်ကိုကြီး ညီလေးတို့ကို မုန့်ဝယ်ကျွေးမယ် မဟုတ်လား ဟင်"

www.foreverspace.com.mm

"ကျွေးမှာပေါ့၊ မကျွေးဘဲနေမလား၊ ဘာစားမလဲ၊ ကြိုက်တာမှာ၊ ကြိုက်သလောက် စား"

"တို့အစ်ကိုကြီးက ဒီလိုမျိုး ဒီလိုမျိုး အရမ်းသဘောကောင်းတာ၊ ကိုယ့်ညီလေးတွေကို ချစ်လို့ ဒီလို ရက်ရောတာ မဟုတ်လား အစ်ကိုကြီး"

"ဒါပေါ့ကွ ..."

"ကျွန်တော်တို့မှာ ကားမပါဘူး အစ်ကိုကြီးရဲ့၊ စားပြီးရင် Game City သွားချင်လို့၊ အစ်ကိုကြီးကားနဲ့ လိုက်ပို့ပေးမယ် မဟုတ်လား"

"ပို့ပေးမှာပေါ့ကွာ၊ ပြောနေစရာလား"

"တွေ့လား ... တို့အစ်ကိုကြီးက အဲဒီလိုပါဆို"

မေခသည် ကောင်လေးတွေနှင့် ဖက်လှဲတကင်း ဆူညံရှုပ်ထွေး တက်ကြွနေသော ကိုဟံသာနိုင်ကို ပါးစပ်အဟောင်းသားဖြင့် လှမ်းငေးကြည့်နေလိုက်မိသည်။

သူ့ရဲ့ ကာရိုက်တာ ပြောင်းသွားပုံဟာ ရုတ်တရက်ကြီးမို့ မယုံနိုင်အောင်ပင်။ ကိုယ့်မျက်စိရှေ့မှာတင် ပြောဆိုနေသော ပုံစံ ဟန်ပန်တွေဟာ သွက်လက်မြူးကြွနေသည်။ သံစဉ် ပြောတော့ဖြင့် သူ့လူဟာ အခါခပ်သိမ်း ဣန္ဒြေရရ အေးဆေးတည်ငြိမ်သူတဲ့လေ။

www.foreverspace.com.mm



ကောင်လေးတွေကလည်း သူ့ကို ညာချနေပုံမျိုး အထင်းသားပေါ်နေကာ သူ့ပခုံးကိုတောင် မရိုမသေ ဖက်ထားလိုက်ကြသေးသည်။

မေခသည် ဟံသာနိုင့်ကို သွားနှုတ်ဆက်ဖို့လည်း သတိမရတော့ဘဲ အံ့သြတိတ်ဆိတ်နေဆဲ ကိုမင်းက ထိုမြင်ကွင်းကို ကြည့်ရင်း ...

"ဒီလူ့ကြည့်ရတာ စံမမီဘူး ..."

"ဘာကို စံမမီတာလဲ ..."

"ယောကျ်ားအဖြစ် စံမမီဘူးပြောတာ၊ ရှင်းရှင်းပြောရရင် အခြောက် ..."

"ဟင် . . . ကိုမင်း ရှင့်ပါးစပ်က သူများ အမနာပကို နှုတ်ထွက်လွယ်လှချည်လား၊ ရှင် အဲဒီလို ပြောတတ်တာတွေ မေခ မကြိုက်ဘူးနော်၊ မသေချာဘဲ သူများတကာကို လျှောက်မစွပ်စွဲနဲ့ ဒါမေခ သူငယ်ချင်းရဲ့ချစ်သူ ..."

"အဲ့ဒါကြောင့် ရှင်းရှင်းလင်းလင်း သိရအောင် ခုလိုပြောပြရတာပေါ့၊ မေခက ဂျာနယ်လစ်စ် ဖြစ်ပြီး ဒီလောက်လူရည်လည်တာတောင် ဒါမျိုးတွေရှိမှန်း မသိဘူးလား၊ အကောင်လိုက်ကြီး ရှေ့မှာပြနေတာတောင် အရိပ်မမြင်တတ်ဘူးလား"

www.foreverspace.com.mm

မေခစိတ်ထဲမှာ အရင်ကတည်းက သံသယရှိပေမယ့် သူဒီလို တဲ့တိုး ပြောချလိုက်တော့လည်း လက်မခံချင်။

ကောင်လေးတွေနှင့်ကိုဟံသာနိုင်ကတော့ ပျော်ရွှင်မြူးကြွစွာပင် ဆိုင်ထဲက ထွက်သွားခဲ့ကြပြီး ကံကောင်းထောက်မလို့ မေခကိုလည်း မြင်မသွား။

"ကိုယ်အကောင်းပြောတာ မေခ၊ ယောကျ်ားချင်းက ကြည့်တာနဲ့သိတယ်"

"တော်စမ်းပါ ကိုမင်းရယ်၊ သူ့ပုံစံက ဘယ်နေရာမှာမှ မနွဲ့ဘူး၊ ကျားကျားလျားလျား ယောကျ်ားဘသားပုံစံမျိုး"

"မောင်ဗမာ ကိုယ်ခန္ဓာနဲ့ လူတွေ ခြောက်နေကြတာ မမြင်ဖူးဘူးလား၊ ဒါမျိုးတွေက ရှိတတ်တယ် မေခ"

"မဟုတ်သေးပါဘူး ကိုမင်းရယ်၊ မေခ စိတ်ရှုပ်လာပြီ၊ သူ ယောကျ်ားမို့လို့သာ သံစဉ်နဲ့လည်း ချစ်ကြပြီး ယူဖို့တောင် စီစဉ်ကြတော့မှာပဲ..."

"နှစ်ဖက်ချွန်တွေလည်း ရှိတတ်တာပဲ"

"ဟမ်..."

"ပြောရတာလည်း မကောင်းဘူး၊ မပြောလို့လည်း မဖြစ်ဘူး၊ double sex လို့ ခေါ်ရမလားပဲ၊ တချို့ဆို မိန်းမယူပြီး ကလေးတွေ ဘာတွေလည်း မွေးထားတယ်၊ ဒါပေမယ့်

www.foreverspace.com.mm



ကောင်လေး ငယ်ငယ်ချောချောလေးတွေ တွေ့ရင် အတင်းလိုက်ရောပြီး ပေးကျွေးပေါင်းတာပဲ၊ အဲဒီလို ကောင်လေးတွေနဲ့ တွေ့ရင် သူတို့က မိန်းမတွေလို နွဲ့ချင်နွဲ့သွားရော၊ အောက်ကျခံပေါင်းရော ...”

“ဟာ . . . စိတ်ရှုပ်လာပြီကွာ၊ တော်ပြီ . . . မပြောနဲ့တော့၊ ထင်ကြေးတွေ လျှောက်ပြောမနေနဲ့တော့ ...”

“မေခ အသိစိတ်က ဒါကို လက်ခံပါတယ်၊ မသိစိတ်ကသာ သူငယ်ချင်းကို အားနာသနားစိတ်နဲ့ လက်မခံချင်တာ မဟုတ်လား”

“ကိုမင်း ဒီလို ပေါ့ပေါ့လွယ်လွယ် လျှောက်ပြောဝေဖန်တတ်တာတွေ မေခ မကြိုက်ဘူးနော်”

မေခက ကိုမင်း ဆက်မပြောအောင် ခပ်ပြတ်ပြတ်တားမြစ်လိုက်ရပေမယ့် ရင်ဝမှာတော့ စူးပြီးပူနေသည်။

သံစဉ်က ကိုယ့်လူမို့ ကိုယ့်လူရဲ့ ချစ်သူကိုလည်း ကိုယ့်ဘက်ကလူပဲ သဘောထား ကာကွယ်ပြောဆိုနေရပြီး ကိုယ့်စိတ်ထဲက သံသယကိုတော့ ဖုံးထားမိလျက်သား ဖြစ်နေသည်။

တချို့ကလေးအမေတွေဟာ ကိုယ့်သားမဟုတ်တာလုပ်လို့ ကိုယ့်ဘာသာ ကျိတ်ဆူကာမှုဆူရော သူများတကာက ကိုယ့်သားကို မကောင်းတာပြောရင်တော့ ဟုတ်လည်း ဘူးခံငြင်းကာ ကာကွယ်ကြသည့်သဘောမျိုးတောင် ဖြစ်နေရသည်။

www.foreverspace.com.mm

ဟံသာနိုင့် ဆွေမျိုးတစ်အုပ်က သံစဥ်နဲ့ အတင်းတွန်းထိုး သဘောတူနေတာရယ်၊ အဲဒီလူက သံစဥ့်အပေါ် သဘာဝမကျလောက်အောင် ရိုးသားလွန်းနေတာတွေရယ်၊ အခု ကြုံတွေ့ကြားသိလိုက်ရတာတွေရယ် ပေါင်းကြည့်ရင် အခြေအနေက သိပ်မကောင်းပေမယ့် သူဟာ Gay ဟုတ်မဟုတ်ဆိုတာ ဘာကို ဘယ်လို တိုင်းတာစစ်ဆေးရမှာလဲ။ ဒါဟာ တစိမ်းတစ်ယောက်အနေနဲ့ ဘယ်လိုမှ စစ်ဆေးသိရှိနိုင်သည့် ကိစ္စမဟုတ်။

သံစဥ်ကို တော်ရုံရင်းနှီးသူကတောင် "ဟဲ့ . . . နင့်လူက ခြောက်နေသလား မသိဘူး" ရယ်လို့ တိုက်ရိုက်ပြောရဲမှာလည်း မဟုတ်။ ကိုယ်တောင်မှ မပြောရဲသေးတာ။

ရှင်းရှင်းပြောရရင် သံစဥ်နဲ့ ညားတော့မှပင် ဒီကိစ္စ ဟုတ်မဟုတ် သိရတော့မှာပင်။ အဲ့ဒီအချိန်ကျမှတော့ သံစဥ့်ဘဝဟာ မတွေးရဲ။

မေခက ရင်ပူပူနှင့်ပင် ကိုမင်းနှင့် လမ်းခွဲလာကာ အိမ်ရောက်တော့ ခိုးရိုက်ခဲ့ပြီး ပြန်ကူးထားသည့် ဟံသာနိုင်နဲ့ မင်းကောင်းခ ပုံစံကို အသေအချာ စိုက်ကြည့်နေမိသည်။

စိုက်ကြည့်ရင်း ကြည့်ရင်းကပဲ အဖြေဟာ တဖြည်းဖြည်း တရိပ်ရိပ် ပေါ်လာသည်။

"ကြည့်စမ်း . . . ဒါလေးတောင် ငါ အကဲမခတ်တတ်ပါလား၊ နလိုက်တဲ့ ခင်မေခ ..."

www.foreverspace.com.mm

မေခက မွေ့ရာကို လက်နဲ့ ရိုက်ချရင်း မချင့်မရဲ ပြောလိုက်မိသည်။

မင်းကောင်းခကို ဟံသာနိုင်က ဖက်ထားပုံဟာ ယောကျ်ားချင်း ဖက်ထားပုံမျိုးမဟုတ်။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို အားကိုး ခုံမင်စိတ်ဖြင့် ဖက်သည့်ပုံမျိုး။ အပြင်မှာ ကျားကျားလျားလျားရှိတဲ့ ဟံသာနိုင်ဟာ မင်းကောင်းခ နှင့် ယှဉ်တွဲလိုက်တော့ တစ်မျိုးလေး မသိမသာနွဲ့ပြီး နူးညံ့သွားကာ မျက်နှာထားကိုက ယဉ်စစ။ အဲ့ဒီမျက်နှာထားက စောစောက ကောင်လေးတွေနဲ့ တွေ့လိုက်တဲ့ မျက်နှာထားမျိုးပါလား။

မေခသည် ခုမှ တရေးရေး သဘောပေါက်သွားကာ ရင်ထဲမှာ နှံးပြီး ချုံးသွားသည်။

ဒီကိစ္စကို သံစဉ့်ကို ဘယ်လိုပြောရမလဲ ...။

ပြောပြရင်လည်း သက်သေသာဓက မရှိတာမို့ ထင်ကြေးစကားပဲဖြစ်ကာ သံစဉ့်အဖို့ ရယ်စရာ မောစရာသာ ဖြစ်သွားမှာသေချာပါသည်။

❋ ❋ ❋

www.foreverspace.com.mm

❖ ❖ ❖

"မ..."

"အင်ဟင်..."

အဲဒီလို ခေါ်လိုက်တိုင်း ဆောင်း ရင်ထဲမှာ ကြည်နူး လှုပ်ခတ်မြဲမို့ ဆောင်းက မျက်ခုံးကလေးပင့်ကာ ဖြိုးကို လှမ်း ကြည့်လိုက်ပါသည်။

"မ လက်ကလေးက လှလိုက်တာ၊ စာရေးဆရာမ လက်မို့ လို့ လှတာလား၊ လက်ကလေးတွေ လှလို့ စာရေးဆရာမ ဖြစ်တာလား... ဟင်... မ..."

ဖြိုးက ဆောင်းလက်ကလေးတွေကို လှမ်းယူဆုပ် ကိုင်ရင်း မေးလိုက်ပြန်ပါသည်။ ဖြိုးဟာ ဆောင်းထက် ငါးနှစ် ငယ်တာမို့ စကားပြောလျှင်လည်း လူငယ်ဆန်ဆန် အပြောလည်း ကောင်းသူမို့ ဆောင်းက သူ့ရဲ့ အပြောလေးတွေထဲမှာ သာယာ မိမြဲပင်။

www.foreverspace.com.mm



မေခနှင့် သံစဉ်ကတော့ ခုချိန်ထိ ဖြိုးကို ယုံကြည်မှုရှိပုံ မရသေးပေမယ့် ဆောင်းကတော့ ဖြိုးဟာ ဆောင်းကိုစိတ်ရင်းနှင့် ချစ်ရှာသည်ဟုပဲ ယုံကြည်သည်။

ဆောင်းအတွက်တော့ ငွေတွေအများကြီးရှာနိုင်သော ယောကျ်ားမျိုးကို မလိုအပ်။ ပိုင်ဆိုင်မှုတွေ အများကြီးရှိပါလျက် အထီးကျန်မှုဆိုတာကို ခံစားခဲ့ဖူးပြီမို့ ဆောင်းကို အရိပ်ကြည့် ဂရုစိုက်နေမည့် အဖော်တစ်ယောက်ကိုသာ လိုအပ်ပါသည်။

ဖြိုးက ဆောင်းထက်ငယ်တယ်ဆိုပေမယ့် ဆောင်းကလည်း ရုပ်ရင့်ရင့်ထဲက မဟုတ်တာမို့ အရမ်းကွာတယ်လို့ မထင်ရပါဘူးဟုပင် ဆောင်းက ဖြေသိမ့်တွေးသည်။

ပိုက်ဆံချမ်းသာပြီး အလုပ်တွေ အများကြီးလုပ်နေသည့် ယောကျ်ားမျိုးကို ဆောင်းယူလျှင် သူ့အလုပ်သူလုပ်နေသော ယောကျ်ားကို ဆောင်းကပဲ ပံ့ပိုးကူညီ ပြုစုပေးရမှာဖြစ်ပြီး ခုလိုမျိုး ဆောင်းနားတကပ်ကပ်နှင့် ပြုစုယုယနေနိုင်မှာမှ မဟုတ်တာဟု တွေးကာ ဆောင်းက မေခတို့ မကြည်ဖြူတဲ့ကြားကပဲ ဖြိုးကိုသာ လက်တွဲဖော်အဖြစ် ရွေးချယ်ဖို့ စဉ်းစားထားခဲ့ပါသည်။

ညနေစောင်းချိန်ခါကလေးမှာ သူက ဆောင်းရဲ့ ကားကိုမောင်းပြီး အပြင်ထွက် ထမင်းစားကြသည့်အခါ ဆောင်းကပဲ အမြဲ အကုန်ကျခံရပေမယ့်လည်း ဆောင်းရင်ထဲမှာ ဘယ်

www.foreverspace.com.mm

လိုမှ သဘောမထား။ ခုလို Sailing club နားက အင်းလျားကန်စောင်းမှာ ကားရပ်ပြီး အေးအေးဆေးဆေး စကားပြောကြတဲ့အခါ သူ့ရဲ့အယုအယလေးတွေကို ဆောင်းက နှစ်သက်သဘောကျခဲ့မိသည်။

ဆောင်းက ပြုံးမိနေရင်း ဖြိုးကိုကြည့်တော့ ဖြိုးက ဆောင်းလက်ကလေးတွေကို ငေးစိုက်ကြည့်ရင်းက စိတ်ကူးရသလို တက်ကြွလာကာ ...

"မ ... ကျွန်တော်တို့ လက်စွပ်လဲထားရအောင် ..."

"ဟင် ... ဘာလို့လဲ ..."

"တစ်ယောက်ကို တစ်ယောက် နှောင်ဖွဲ့လိုက်တဲ့ သဘောပဲပေါ့၊ နှစ်ဦးသဘောတူ စေ့စပ်ထားတဲ့ သဘောလည်း ဆောင်တယ်လေ ..."

"အင်း ... ကောင်းသားပဲ ..."

ဆောင်းက ခေါင်းညိတ်လိုက်မိပြီးမှ ဆောင်းရဲ့ လက်စွပ်ကလေးကို နည်းနည်း နှမြောချင်သလို ဖြစ်သွားသည်။

ပေါ့ပေါ့ပါးပါး ရှင်းရှင်းလင်းလင်းမို့ ဆောင်း အမြဲဝတ်နေကျ လက်စွပ်က ဆောင်းအမေရဲ့ အမွေဖြစ်ပါသည်။ စိန်အဖြူသန့် တစ်လုံးတည်းကို ရွှေပါးပါးဖြင့် ခတ်ထားတာမို့ ယောကျ်ားလေး ဝတ်လို့လည်း ရသည်။

www.foreverspace.com.mm



သို့သော် စိန်တစ်လုံးတည်းကပဲ တစ်ရတီခွဲ ရှိတာမို့သိန်း ၆၀ လောက်တော့ တန်ကြေးရှိပါသည်။

ဆောင်းက ဖြိုးလက်မှာ ဝတ်ထားသည့် လက်စွပ်ကလေးကို တစ်ဖန် ငဲ့ကြည့်ပြန်တော့ ရွှေချည်းသက်သက်ဖြင့်လုပ်ထားသော ခပ်ပါးပါး မောင်းကွင်းကလေး တစ်ကွင်းသာတွေ့သည်။ တန်ဖိုးချင်းကတော့ တော်တော်ပဲ ကွာခြားနေပါသည်။

သို့သော် ဆောင်းက မငြင်းဆန်ရက်။ ဖြိုး . . . သနားပါတယ်ဟုသာ တွေးမိကာ သူ့မောင်းကွင်း သေးသေးလေးအတွက်စိတ်မကောင်းပင်ဖြစ်မိပါသည်။ အေးလေ . . . ချစ်သူချင်း သာတယ်နာတယ် မတွက်ကောင်းပါဘူး၊ နောက်လည်း သူက ကိုယ့်ခင်ပွန်းဖြစ်လာမှာပဲဟု တွေးကာ ဆောင်းက လက်စွပ်ကလေးကို ချွတ်ပြီး ဖြိုးကို ပေးလိုက်ပါသည်။

"ရော . . . ဖြိုး ဝတ်ထား၊ ဖြိုးက နည်းနည်းပိန်ပြီး မ လက်တွေက ပြည့်တော့ မ လက်စွပ်ကို ဖြိုး လက်သန်းမှာ ဝတ်ရင်တော်မယ်ထင်တယ်"

"ဖြိုး လက်စွပ်ကလည်း မ လက်သူကြွယ်မှာ တော်လိမ့်မယ်၊ ဖြိုးလက်က လက်ဆစ်သိပ်မကြီးတော့ လက်စွပ်ကလည်း ခပ်သေးသေးပဲ"

ဖြိုးကလည်း သူ့လက်စွပ်လေး ချွတ်ပေးတာမို့

www.foreverspace.com.mm

ဆောင်းက တမြတ်တနိုး ဝတ်ဆင်လိုက်ပါသည်။ ဖြိုးကတော့ ဆောင်း လက်စွပ်ကလေးကို စွပ်လိုက်ရင်း…

"ကဲ . . . အခု မ ကျွန်တော့်ကို ဒီလက်စွပ်ကလေးနဲ့ ချည်နှောင်လိုက်ပြီး ကျွန်တော်လည်း မ ကို ချည်နှောင်ထားတာ မမေ့နဲ့နော်"

"အင်းပါ ဖြိုးရယ် … မမေ့ပါဘူး"

"ကျွန်တော်ကဖြင့် ဒီလောက်ချည်နှောင်ရုံနဲ့ အားရချင်တာ မဟုတ်ဘူး"

"အံမယ် … ဘယ်လောက်ထိ ချည်နှောင်ချင်သေးလို့လဲ"

"မနဲ့ အတူနေချင်ပြီလေ၊ ဒါပေမယ့် လက်ထပ်ဖို့ မပူဆာရဲပါဘူး"

"ဘာလို့လဲ…"

"မ ကို သနားလို့…"

"မက သနားစရာ သိပ်ကောင်းနေတယ်ပေါ့"

"အင်းလေ . . . ကျွန်တော့်လို ပိုက်ဆံမရှိတဲ့ကောင်ကို ယူမယ်ဆိုရင် မက သနားစရာလေး ဖြစ်သွားမှာပေါ့"

"တော်စမ်းပါ ဖြိုးရယ်၊ မ ဒါတွေထည့်မတွက်ပါဘူး၊ မကို တကယ် ချစ်ခင်ကြင်နာ သစ္စာရှိရင် ပြီးပါတယ်၊ ဖြိုးနဲ့ကိစ္စကိုလည်း မ ဖေဖေ့ဆီ ဖုန်းဆက်ပြီး ခွင့်တောင်း

www.foreverspace.com.mm



မလို့ပါပဲ၊ ဒါပေမယ့် ဖေဖေက ရှေ့လကုန်လောက် မြန်မာပြည် လာဖို့ရှိတယ်ဆိုလို့ အဲဒီကျမှပဲ ဖေဖေ့ကို ဖွင့်ပြောပြီး ဖြိုးနဲ့တွေ့ပေးဖို့ စီစဉ်မလို့ပါ”

“မ ဖေဖေက သဘောတူပါ့မလားတောင် မသိဘူး”

“ဖေဖေက မ ဆန္ဒကို အလေးထားတတ်ပါတယ်”

ဖြိုးက သက်ပြင်းချကာ ခေါင်းငုံ့ငြိမ်သက်နေတာမို့ ဆောင်း က သူ့ပခုံးလေးကို အသာပုပ်ရင်း အားပေးနှစ်သိမ့်လိုက်ရပါသည်။

❋ ❋ ❋

www.foreverspace.com.mm

✤ ✤ ✤

"သံစဉ် ... ကိုဟံသာနိုင်က အရမ်းအေးတာပဲလားဟင်"

ညစာ ထမင်းစားပြီး သုံးယောက်သား သစ်သီးထိုင်စားနေကြဆဲမှာ မေခက စကား စ,လိုက်ပါသည်။

"ဟုတ်တယ် မေခရဲ့ သူ့ကြည့်လိုက်ရင် အမြဲ ခပ်ငြိမ်ငြိမ်ပဲ၊ ပြီးတော့ မိန်းကလေးတွေနဲ့ ဆက်ဆံတာလည်း အရမ်းရိုးသားပြီး ဣန္ဒြေရတယ်"

"ယောကျာ်းလေးတွေနဲ့ ဆက်ဆံရင်ရော ..."

"အင် ... အဲဒါတော့ သံစဉ် သိပ်မသိဘူး၊ သူနဲ့ သူ့မိတ်ဆွေတွေနဲ့ တစ်ခါမှ အတူတွဲပြီး မတွေ့ဖူးဘူးလေ ..."

သံစဉ်က မေခ မေးခွန်းရဲ့နောက်ကွယ်က အဓိပ္ပာယ်ကိုမသိဘဲ ခပ်ရိုးရိုးဖြေသည်။

မေခမှာတော့ ကိုယ့် သံသယကို တဲ့တိုးဖွင့်ပြောရမှာအားနာတာမို့ ချင့်ချင့်ချိန်ချိန် စကားစရသည်။

www.foreverspace.com.mm

“ငါ့အထင်တော့ ကိုဟံသာနိုင်က ကာရိုက်တာ မငြိမ်သလိုပဲ”

“ဘယ်လိုမငြိမ်တာလဲ၊ မေခတို့ကတော့ ငါ့လူနဲ့ တစ်ခါပဲ ဆုံရသေးတယ်၊ ဝေဖန်ချက်တွေက ထွက်လာပြီ”

“ငါမြင်တာကို ပြောမိတာပါဟာ၊ မနေ့က ငါနဲ့ ကိုမင်း ဘာဂါဘက်စတာမှာ ဘာဂါဝင်စားရင်း သူ့ကို လှမ်းတွေ့လိုက်တယ်၊ သူ့မိတ်ဆွေ ကောင်လေးတွေနဲ့ စကားပြောနေတာ၊ အရမ်းသွက်လက် မြူးကြွနေတာပဲ”

“သြော် . . . သူက အဲဒီလိုပဲ မေခရဲ့ တစ်ဦးတည်းသောသားဆိုတော့ အဖော်သိပ်မင်တာ၊ ညီအရွယ်တွေ တွေ့ရင်လည်း သိပ်ဂရုစိုက်တာတဲ့”

“အဲဒါကျ နင်ဘယ်လိုသိလဲ . . .”

“သူ့အဒေါ်တွေ ပြောပြတာလေ”

“သူ့အဒေါ်တွေကလည်း ပြောပဲပြောပြနိုင်လွန်း . . . ၊ ဟုတ်ရော ဟုတ်ရဲ့လား မသိပါဘူး”

“မေခတို့ကတော့ သူ့လူတင်မဟုတ်ဘူး၊ ငါ့လူပါ လာပြီး ပြဿနာရှာချင်နေပြီထင်တယ်၊ ကြည့်ပြောစမ်းပါဦး ဆောင်းရယ်”

“မပြောရဲဘူး . . . ကြောက်တယ်၊ တော်ကြာ ငါ့ဖြိုးဘက် လှည့်လာဦးမယ်”

www.foreverspace.com.mm

သံစဥ်နဲ့ ဆောင်းက ဘာကိုမှ သံသယမရှိဘဲ အေးအေးဆေးဆေး ဖြစ်နေကြကာ မေခကပဲ ကြားထဲက ငပွကြီးဖြစ်နေတာမို့ နည်းနည်းတော့ စိတ်တိုလာရပါသည်။

"နင်တို့ နှစ်ယောက်စလုံးကလည်းနော်၊ ငါ့ဘာပြောပြောအပြစ်ရှာနေတယ်ပဲ ထင်တော့တာပဲ၊ ငါကလည်း ပါးစပ်ပိတ် ငြိမ်မနေနိုင်တာခက်တယ်။ ဟင် . . . ဆောင်း နင့်လက်က လက်စွပ်ရော…"

မေခက ဆောင်းလက်ဆီ အကြည့်ရောက်သွားကာလွှတ်ခနဲ မေးလိုက်မိသည်။

"မဝတ်ချင်တော့လို့ ခဏချွတ်သိမ်းထားတယ်လေ…"

ခပ်သွက်သွက်ဖြေလိုက်သော ဆောင်းက နည်းနည်းမူပျက်နေသည်။

မေခက ချက်ချင်းပဲ သံသယဝင်လာသည်။ ဆောင်းရဲ့ စိန်လက်စွပ်နေရာမှာ ဝတ်ထားတဲ့ မောင်းကွင်းပါးပါးလေးဟာ ဖြိုးဝတ်တတ်တဲ့ လက်စွပ်ဆိုတာကိုလည်း မေခ မှတ်မိသည်။

"နင် အဲ့ဒီလက်စွပ်ကိုပဲ အမြဲဝတ်ထားတတ်တာ မဟုတ်လား၊ အမေ့အမွေဆို၊ ပေါ့ပေါ့ပါးပါး ရှင်းရှင်းလင်းလင်းလေးနဲ့ တန်ဖိုးရှိတာမို့လို့လည်း ကြိုက်တယ်ဆို…"

"အကြိုက်ဆိုတာ တစ်ခါတလေတော့လည်း ပြောင်းတတ်တာပေါ့"

www.foreverspace.com.mm

"ဒါဆို ခုလောလောဆယ် နင့်အကြိုက်က ဒီမောင်းကွင်း အစုတ်ပလုတ်လေးလား ..."

မေခက ဆောင်းလက်ကို လှမ်းဆွဲမြှောက်ကြည့်ပြီး မေးလိုက်သည်။ ဆောင်းက မေခကို မျက်စောင်းထိုးရင်း ...

"ဒါ အစုတ်ပလုတ်လေး မဟုတ်ပါဘူး၊ အဖိုးတန်သားပဲ"

"နင် ဒါမျိုး မဝတ်တတ်ပါဘူး၊ ရွှေချည်းသက်သက်ဆို လုံးဝ မဝတ်ချင်ဘူးဆို၊ ဘာမဆို စိန်လေးနဲ့တွဲနေမှ ကြိုက်တာဆို ..."

"တစ်ခါတလေတော့ ဒါမျိုးလေး ဝတ်ကြည့်ချင်တာပေါ့"

မေခက ဖြောင်ညာနေသော ဆောင်း လက်ကို ဆောင့်လွှတ်ချလိုက်ရင်း ...

"ဆောင်း နင် ညာမနေနဲ့တော့ဟာ၊ ငါလည်း မသိချင်ယောင် ဆောင်ရတာ ပင်ပန်းတယ်၊ သံစဉ်ရောပဲ နင်တို့နှစ်ယောက်အတွက် ငါသိပ်ပင်ပန်းတယ် သိလား"

ဟု ငိုသံပါလုလုဖြင့် ပြောတော့ သံစဉ်က မျက်ခုံးပင့်သွားကာ သူ့ကိုယ်သူ လက်ညှိုးထိုးပြရင်း ...

"ငါ့အတွက်ပါ ပင်ပန်းတယ် ဟုတ်လား၊ ငါက ဘယ်က ဘယ်လို အဆစ်ပါလာရပြန်တာလဲ"

"နင် မသိပါဘူး"

www.foreverspace.com.mm

"ငါက ဘာကို ဘယ်လိုမသိတာလဲ ..."

"နင် မသိချင်ပါနဲ့ ..."

မေခက သံစဉ့်ကို ခပ်ပြတ်ပြတ်ပြောရင်း ...

"ဆောင်း . . . နင့်လက်စွပ်ကို ဖြိုးကို ပေးလိုက်တယ်မဟုတ်လား"

"မပေးပါဘူး ..."

"နင် မညာပါနဲ့၊ ငါသိတယ်၊ နင်တို့ လက်စွပ်ချင်း လဲဝတ်ကြတာ မဟုတ်လား"

"မဟုတ်ပါဘူး ..."

"ဆောင်း . . . နင်တော့ မလွယ်တော့ဘူး၊ ကလေးလည်း မဟုတ်ဘဲ သိပ်ရူးမိုက်တာပဲ ..."

"ငါ့အချစ်ကို မစော်ကားပါနဲ့ဟာ၊ အချစ်ဆိုတာ ရူးမိုက်မှု မဟုတ်ပါဘူး"

"အင်း ... လာပြီ ... လာပြီ၊ အချစ်ဒဿန အနုအရှုတွေ"

"မေခနော် ..."

"ဆောင်း နင့်ကို ငါ မေးစမ်းပါစေ၊ နင် ဖြိုးအကြောင်း ဘယ်လောက်သိလဲ၊ ဖြိုး ဘာအလုပ်လုပ်တယ်၊ ဘာမှာနေတယ်၊ ပညာအရည်အချင်းက ဘယ်လောက်ဆိုတာတွေ နင် သိရဲ့လား"

www.foreverspace.com.mm



"ငါသိပါတယ်၊ သူက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်"

"ကုမ္ပဏီနာမည်က ... ? "

"အဲဒါတော့ ငါသေသေချာချာ မမေးမိဘူး ... "

"ရာထူးက ... "

"သာမန် ဝန်ထမ်းလေးပါပဲ"

"ပညာအရည်အချင်းက ...

"ဆယ်တန်းတော့ အောင်မှာပေါ့"

"ဘယ်မှာနေတာတဲ့လဲ ... "

"အင်းစိန်ဘက်မှာလို့ ပြောတာပဲ"

"နင် ဘာတစ်ခုမှလည်း ရေရေရာရာ မသိပါလား ဆောင်းရယ်၊ သေသေချာချာ မေးမထားဘူးလား"

"ရည်းစားထားတာပဲ၊ လုပ်ငန်းခွင် အင်တာဗျူး ဝင်နေတာမှ မဟုတ်တာ၊ ငါက တစ်ချက်ချင်း တိတိကျကျ စစ်ဆေးမေးမြန်းနေရမှာလား၊ ဒါပေမယ့် သူ ငါ့ကို ဘာတစ်ခုမှ ညာပြောမထားတာ သေချာတယ်၊ ကြွားဝါဟန်ဆောင်ပြီးတော့ ဟိတ်ဟန်လည်း ထုတ်မနေဘူး"

"ဟိတ်ဟန်ထုတ်လို့လည်း မရပါဘူး၊ ဘာဟိတ်မှမရှိတဲ့ ဥစ္စာ"

www.foreverspace.com.mm

"မေခ နင် ဘာတွေဖြစ်နေတာလဲ"

"ငါက နင့်အတွက် စိုးရိမ်လို့ပြောတာ၊ နင်က သိပ်ရိုးလွန်းလို့ ပြောတာ၊ တကယ့် လူ့ဘဝထဲက လူတွေကို နင့်ဝတ္ထုထဲက ဇာတ်ကောင်တွေလို နင်လိုသလို ကြိုးကိုင်လို့ မရဘူး ဆောင်းရဲ့၊ အားလုံး သူ့သဘောသူ ဆောင်နေတာ၊ နင့်ဝတ္ထုထဲက ဇာတ်ကောင်တွေရဲ့စိတ်ကို နင်သိပေမယ့် လူ့ဘဝအစစ်ထဲက လူတွေရဲ့စိတ်ကို နင် သေသေချာချာ မသိနိုင်ဘူး..."

"ငါ သေသေချာချာ သိတာတစ်ခုတော့ရှိတယ်"

"ဘာလဲ..."

"သူ ငါ့ကို အချစ်စစ်နဲ့ ချစ်တာတစ်ခုကိုတော့ ငါ ကောင်းကောင်းသိတယ်"

မေခက ဆောင်းအတွက် လဲသေချင်လောက်အောင် စိတ်ပျက်သွားသည်။ မေခက ဆောင်းကို ဘာမှမပြောလိုတော့ဘဲ သံစဉ်ဘက် စိတ်ရောက်သွားပြန်က...

"မရွှေဆောင်းတို့ကတော့ အိမ်ထဲမှာပဲနေနေလို့၊ အချစ်ကိစ္စမှာ လက်တွေ့နည်းလို့၊ ရိုးစင်းအေးဆေးလို့ ဘာမှမသိတာထားတော့၊ တချို့လည်လှပါတယ်ဆိုတဲ့ အတွေ့အကြုံတွေ အများကြီးရှိတဲ့သူတွေ ထူ အ န နေတာကိုလည်း အံ့သြပါရဲ့"

www.foreverspace.com.mm



"ဟမ် ... နင် ဘယ်သူ့ကို ပြောနေတာလဲ ..."

"ဘယ်သူ့မှ မပြောပါဘူး"

သံစဉ်က မျက်လုံးပြူးပြီး အထိတ်တလန့် မေးတာမို့ မေခက စကားကို လျှောချကာ သူတို့နားက ရှောင်ထွက်လာခဲ့ပါသည်။

ဟား ... ရင်တွေပူလိုက်တာ ...။

❋ ❋ ❋

www.foreverspace.com.mm

❋ ❋ ❋

မေခသည် ကော်ဖီဖျော်ရင်းက ယုမြတ်စားပွဲကို လှမ်းကြည့်မိတော့ ယုမြတ်က သဲကြီးမဲကြီး စာငုံ့ရေးနေတာ တွေ့ရပါသည်။

ဒီနေ့ ဖောင်ပိတ်ရက်မို့ မေခတို့ ဂျာနယ်တိုက်က လူတွေ အိုဗာတိုင်ဆင်းကြရသည်။ မေခတို့ ယုမြတ်တို့လို ဂျာနယ်လစ်စ်တွေကလည်း ဖောင်ပိတ်သတင်း အပြီးရေးပေးကြရပါသည်။

ယုမြတ်က အနုပညာနယ်ပယ်နှင့် ပတ်သက်သည့် သတင်းတွေ အရေးများသော ဂျာနယ်လစ်စ်ဖြစ်ပြီး မေခကတော့ စီးပွားရေး၊ လူမှုရေးသတင်းတွေ ပိုအရေးများသည်။ သို့သော် ကိုယ်ရေးသော သတင်းကွက်ကွက်ကလေးချည်း သိကြတာတော့ မဟုတ်။ ဂျာနယ်လစ်စ် အားလုံးဟာ နယ်ပယ်အားလုံးကို အကြမ်းဖျင်း ခြုံငုံပြီးတော့ သိထားကြတာများပါသည်။

www.foreverspace.com.mm



မေခက ယုမြတ်ဖို့ပါ ကော်ဖီ ပိုဖျော်လိုက်ပြီး မတ်ခွက်တွေနှင့်ထည့်ကာ ယုမြတ် စားပွဲသို့ လျှောက်သွားလိုက်သည်။

"ယုမြတ် ... ကော်ဖီ"

"ဟာ ... ကောင်းလိုက်တာ၊ အရမ်းနုံးနေလို့ ကော်ဖီသောက်ချင်နေတာနဲ့ အတော်ပဲ၊ ကျေးဇူးကမ္ဘာပါပဲ မေခရယ်"

ယုမြတ်က ကော်ဖီခွက်ကို လှမ်းယူသောက်နေဆဲ မေခမျက်စိက သူ့ရေးလက်စ သတင်းဆီ အကြည့်ရောက်သွားသည်။

*အနုပညာလောကကို ကျောခိုင်းထွက်ခွာတော့မယ်ဆိုတဲ့ မင်းကောင်းခ...*

မေခက နည်းနည်းစိတ်ဝင်စားသွားကာ ...

"ဘာသတင်းတွေ ရေးနေတာလဲ ယုမြတ် ..."

"မော်ဒယ် မင်းကောင်းခ သတင်းလေ၊ သူက နာမည်လေး တက်လာခါစ ရှိသေးတယ်၊ အနုပညာအလုပ်တွေ မလုပ်တော့ဘူးတဲ့၊ နှမြောဖို့တော့ ကောင်းတယ်၊ အားလုံးက သူ့ကို အလားအလာရှိတယ်လို့ သုံးသပ်နေကြတာ ..."

"သူက ဘာဖြစ်လို့ စွန့်လွှတ်မှာတဲ့လဲ ..."

"အဲဒါ မေးပေမယ့် မဖြေဘူးဟ၊ တချို့လူတွေ ပြောနေကြတာတော့ အိမ်ထောင်ပြုတော့မလို့ ဆိုလားပဲ"

www.foreverspace.com.mm

"ဘယ်သူမေးမေး မဖြေတာလား"

"ဟုတ်တယ်၊ သူ့ပုံစံက ဂျစ်ကန်ကန်နဲ့၊ ပြီးတော့ ငါကြားတာတော့ သူက သူ့ကို စင်တင်ပေးတဲ့ ကြော်ငြာကုမ္ပဏီက သူဌေးရဲ့အလုပ်တွေကိုတောင် ဆက်လုပ်မပေးတော့ဘူးတဲ့"

"ဩော် . . . အဲဒီ သူဌေးဆိုတာ မော်ဒယ် ဝင့်ဝါဝေရဲ့ အစ်ကိုဝမ်းကွဲကို ပြောတာလား"

"ဟုတ်တယ် ... ဟုတ်တယ်"

မေခက ယုမြတ်နဲ့ စကားလက်ဆုံကျနေဆဲ အယ်ဒီတာ ကိုထိုက်အောင်က မေခနား ရောက်လာကာ ...

"မေခ သတင်းရေးစရာ ရှိသေးလား"

"မရှိတော့ဘူး ..."

"ဒါဆို ဒီပွဲလေး ပြေးလိုက်ပါဦး၊ ဖောင်ပိတ်သတင်းလေး ထည့်လိုက်ရအောင်"

အယ်ဒီတာက ဖိတ်စာတစ်စောင် လှမ်းပေးတာမို့ မေခ ဖွင့်ကြည့်တော့ Bridal show ဖိတ်စာဖြစ်နေသည်။ မေခက ကော်ဖီကို အမြန်မော့သောက်လိုက်ပြီး ရှီးကျင်းပမည့် ဟိုတယ်သို့ ထွက်လာခဲ့ရသည်။

ဟိုတယ်ရောက်တော့ ပွဲက စ,နေပြီ။ မေခရောက်ပြီး

www.foreverspace.com.mm



မကြာခင်မှာ မော်ဒယ်လ်လေးတွေက အနောက်တိုင်း သတို့သမီး ဝတ်စုံ ဝတ်ကာ ထွက်လာကြသည်။ မော်ဒယ်တွေထဲမှာ နာမည်ကြီးရော နာမည်မကြီးသည့် မော်ဒယ်တွေပါ ပါသည်။ သြော် . . . ဝင့်ဝါဝေလည်း ပါတာပဲ။

မေခ အကြည့်က ဝံ့ဝါဝေဆီမှာ ရပ်တန့်သွားသည်။ သံစဉ်နဲ့ ပတ်သက်ပြီး ဆက်နွယ်စဉ်းစားမိသည့် သူတွေထဲမှာ ဝင့်ဝါလည်း ပါတာမို့ ဟံသာနိုင်နှင့် မောင်နှမ ဝမ်းကွဲတော်စပ်သည်ဆိုသော ဝင့်ဝါကို မေခက စိတ်ဝင်စားပါသည်။

ထိုခဏမှာ မေခနောက်နားဆီက တီးတိုးသံကလေးတွေ ကြားလိုက်ရသည်။

"ဝင့်ဝါဝေက သူ့အစ်ကိုဝမ်းကွဲဆိုတာနဲ့ တတွဲတွဲပဲနော်"

"အဲ့ဒီ သူ့အစ်ကိုက အခြောက်ကြီးဆို ... အဟိဟိ ..."

တီးတိုးပြောသံ၊ ကျိတ်ရယ်သံတွေ အဆုံးမှာ မေခက ကြက်သီးထသွားပါသည်။

www.foreverspace.com.mm

⁂ ⁂ ⁂

အဲဒီညက မေခ ညဥ့်နက်မှ အိမ်ပြန်ရောက်ပါသည်။ ဝရန်တာမှာ ထွက်ထိုင်ငိုင်နေသော သံစဉ့်ကို တွေ့တော့ စိတ်ထဲ ပိုလေးသွားရပါသည်။ မေခက သံစဉ့် ပခုံးကို ပုတ်လိုက်ရင်း ...

"ဟိတ် ... ဒီအချိန်ထိ မအိပ်သေးဘူးလား၊ ထူးခြားနေပါလား၊ အရင်ကဆို ဒီအိမ်မှာ အစောဆုံးအိပ်တဲ့သူက နင်မဟုတ်လား"

ဟု မေးတော့ သံစဉ်က မျက်နှာနွမ်းနွမ်းနှင့် မေခကို လှည့်ကြည့်သည်။

"မျက်နှာလည်း မကောင်းပါလား သံစဉ်၊ ဘာဖြစ်နေလဲ"

"စိတ်ညစ်လို့ပါဟာ ..."

"ငါ့ကို ပြောပြလေ ..."

"ကိုဟံသာနိုင် ဘာဖြစ်နေမှန်း မသိဘူး"

www.foreverspace.com.mm



မေခက ချက်ချင်း သတိ အနေအထားဖြင့် အာရုံတွေ နိုးကြားသွားသည်။

"ဘာတွေထူးခြားနေလို့လဲ..."

"တမိုင်မိုင်နဲ့ဟာ . . . မျက်နှာလည်း မကောင်းဘူး၊ တစ်ခုခုအတွက် အရမ်းစိတ်ဆင်းရဲပြီး ချုံးချုံးကျနေတဲ့ ပုံမျိုးပဲ၊ ငါနဲ့သူ အပြင်မှာ မတွေ့ဖြစ်တာတောင် ကြာပြီ၊ သူ့အိမ်သွားတော့လည်း ငါ့ကို ခဏတဖြုတ်ပဲ ထွက်တွေ့တာ၊ စကားကိုလည်း မပွင့်တပွင့်ပြောပြီး နေသိပ်မကောင်းလို့ ဆိုပြီး သူ့အခန်းထဲ ပြန်ဝင်သွားရော၊ သူ့အမေနဲ့ အဒေါ်တွေကတော့ ပြောပါတယ်၊ အလုပ်ကိစ္စတချို့အဆင်မပြေတာရယ်၊ သူ့သူငယ်ချင်းတစ်ယောက် အက်ဆီးဒင့်နဲ့ ဆုံးသွားလို့ ခံစားနေရတာရယ်ကြောင့်ပါတဲ့၊ ငါ့ကိုပဲ သည်းခံဖို့ ပြောတယ်၊ ပြီးတော့ လက်ထပ်ဖို့ကိစ္စ အမြန်ဆုံး စီစဉ်မယ်ပြောတယ်၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ သိပ်မပျော်သလိုပဲ၊ တစ်မျိုးကြီးဖြစ်နေတယ်"

နင် ဘယ်ပျော်ပါ့မလဲ သံစဉ်ရယ် . . . ဒုက္ခကောင်းကောင်းကြီး ရောက်ရတော့မှာကိုး...။

မေခက ရင်ထဲ တစ်ဆို့ကာ အသက်ရှုကျပ်လာသည်။ အဖြစ်အပျက်တွေ သတင်းစကားတွေကို ချိတ်ဆက်ကြည့်

www.foreverspace.com.mm

လိုက်ရင် မင်းကောင်းခက ဟံသာနိုင် ပေးနေသည့် အခွင့်အရေးတွေကို အလုံးစုံ စွန့်ခွာကျောခိုင်း အစိမ်းဖြတ်ဖြတ်တော့မှာမို့ ဟံသာနိုင် ခံစားနေရတာ သေချာသည်။

သူတို့တူ သူတို့သားအကြောင်းသိသော ဟံသာနိုင့်အိမ်ကလူတွေကလည်း ကိစ္စတစ်ခု ငြိမ်းသွားအောင် ဖုံးဖုံးဖိဖိနှင့်ပဲ သံစဉ်နဲ့ အမြန်ပေးစားလိုက်ချင်ပုံပင်။

သို့သော် ဒါတွေကို သံစဉ် လက်ခံနားလည်သွားအောင် မေခ ဘယ်လိုရှင်းရမည်ဆိုတာ ခုထိ မစဉ်းစားမိသေးပါ။

ကိစ္စတစ်ခုကို ခိုင်မာအောင်၊ သက်သေသာဓကအထင်အရှားပြနိုင်အောင် ကြိုးစားဖို့တော့ လိုသေးသည်။

မေခက သံစဉ့်ပခုံးကို ထွေးပွေ့နှစ်သိမ့်လိုက်ရင်း ...

"စိတ်မညစ်ပါနဲ့ သံစဉ်ရယ်၊ သူလည်း ခံစားနေရလို့နေမှာပါ။ ခဏသည်းခံစောင့်လိုက်ပါ"

ဟုသာ ဖျောင်းဖျ နားချလိုက်ရပါသည်။

www.foreverspace.com.mm

❋ ❋ ❋

မေခသည် မင်းကောင်းခရဲ့ ဟန်းဖုန်းနံပါတ်တွေကို နှိပ်လိုက်ပါသည်။

ဖုန်းက မြည်နေပေမယ့် တော်တော်နဲ့ လာမကိုင်။ မေခက နှစ်ခါသုံးခါ ဆက်နှိပ်နေပေမယ့်လည်း ဖုန်းမကိုင်တာမို့ ခဏလက်လျှော့ကာ တခြားလုပ်စရာရှိတာတွေ ဆက်လုပ်နေရသည်။ သို့သော် စိတ်က ဖုန်းဆက်ဖို့ပဲ နောက်ဆန်ငင်နေကာ ရေးစရာရှိတာ ရေးလိုက်၊ ဖုန်းခေါ်ကြည့်လိုက် လုပ်နေမိသည်။

ခေါ်ကြည့်နေရင်း ညနေစောင်းလောက်ကျမှ တစ်ဖက်က ဖုန်းကိုင်လိုက်တာမို့ မေခက အားတက်သရော မေးလိုက်သည်။

"ဟဲလို ... မင်းကောင်းခ ပါလားရှင်"

"သူ အိပ်နေပါတယ်၊ ဘယ်သူပါလဲ"

www.foreverspace.com.mm

ဖုန်းကိုင်သူက မင်းကောင်းခ မဟုတ်တာမို့ မေခ စိတ်ဓာတ်ကျသွားသည်။

"ကျွန်မက ( . . . ) ဂျာနယ်က ဂျာနယ်လစ်စ်ပါ၊ သူနဲ့ စကားပြောခွင့် ရမလားလို့ပါ"

"သူက အင်တာဗျူးတွေ လက်မခံတော့ဘူးဗျ"

"ဒါပေမယ့်လေ ကျွန်မက သူ့မိတ်ဆွေ ..."

ဘာမှ ထပ်မပြောရသေးခင် ဖုန်းပိတ်ပစ်လိုက်တာမို့ မေခ သက်ပြင်းချ ငိုင်တွေနေမိသည်။

နောက်ထပ်ဆက်တော့လည်း ဖုန်းမကိုင်တော့။ သူနဲ့ ဆက်သွယ်ဖို့ကလည်း ဒီဖုန်းနံပါတ်ကလေးတစ်လုံးပဲ ရှိသည်။

မေခက ထိုဖုန်းကိုပဲ နှစ်ရက် သုံးရက် ဆက်တိုက် ခေါ်ကြည့်နေမိသည်။

သုံးရက်မြောက်နေ့မှာတော့ မင်းကောင်းခ ကိုယ်တိုင် ဖုန်းလာကိုင်လေသည်။

"ဟဲလို..."

"မင်းကောင်းခ ... တို့ကို မှတ်မိဦးမလား မသိဘူး၊ တို့က ( . . . ) ဂျာနယ်က ခင်မေခပါ၊ မင်းနဲ့ ဆုံဖူးတယ်လေ၊ တစ်ခါတုန်းက ဓာတ်ပုံဆရာ ရစ်ချတ်ကို မင်းနဲ့ မိတ်ဆက်ပေးဖူးသေးတယ်"

www.foreverspace.com.mm



"ကျွန်တော် မှတ်မိပါတယ် အစ်မ၊ ပြောပါ . . . ဘာကိစ္စရှိလို့လဲ"

"အစ်မ မင်းကို မေးစရာလေးတွေ ရှိလို့ပါ"

"ကျွန်တော် ဘာဖြစ်လို့ မော်ဒယ်လ်လောကကို စွန့်ခွာရတာလဲလို့ပဲ မေးမှာမဟုတ်လား၊ ဆောရီး အစ်မ . . . အဲ့ဒီမေးခွန်းကို ကျွန်တော် မဖြေပါဘူး၊ အဲ့ဒီ အလုပ်တွေလည်း မလုပ်တော့ပါဘူး၊ နယ်ပြန်ပြီး စီးပွားရေးလုပ်ဖို့ စီစဉ်နေပါတယ်"

မေခ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ သူနဲ့ကိုယ်နဲ့က သိကျွမ်းတယ်ဆိုပေမယ့် အမြဲ ဆက်ဆံပတ်သက်ခင်မင်မှု ရှိသူမျိုးတော့ မဟုတ်။ ကိုယ် ဆက်သွယ်ပေးလိုက်တဲ့ ဓာတ်ပုံ ဆရာနဲ့ သူနဲ့ အဆင်ပြေသွားကာ ပြက္ခဒိန် တော်တော်များများ ရိုက်ဖြစ်လိုက်ကြတယ်ဆိုပေမယ့် ဒါဟာ ပြောပလောက်စရာ ကျေးဇူးတရားလည်း မဟုတ်။

သို့သော်လည်း မေခ သိချင်တာတွေကို သူ့ထံမှသာ အတိအကျသိနိုင်မှာမို့ မေခက ဇွတ်တိုးဖို့ကြိုးစားရသည်။

"စိတ်တော့မရှိပါနဲ့ မင်းကောင်းခ၊ အစ်မ သိချင်တာကလေ မင်းနဲ့ ဦးဟံသာနိုင်တို့ ဘာများ အဆင်မပြေဖြစ်ခဲ့ကြသလဲလို့ပါ..."

www.foreverspace.com.mm

တစ်ဖက်က အသံတိတ်သွားပြီးမှ ...

"အစ်မ ဒါကို ဘာလို့သိချင်တာလဲ ..."

"အစ်မမှာလည်း သိချင်ရတဲ့အကြောင်း ရှိပါတယ်၊ အဲဒါ အစ်မလုပ်နေတဲ့ဂျာနယ်တိုက်နဲ့ မပတ်သက်ပါဘူး၊ သတင်းရေးဖို့လည်း မဟုတ်ပါဘူး၊ အစ်မရဲ့ပါဆင်နယ်သက်သက်ပါ၊ မင်း ဒီလိုစွန့်ခွာတော့မှာမို့လို့ ဦးဟံသာနိုင်လည်း အရမ်းခံစားနေရတယ် ကြားတယ်လေ ..."

"ကျွတ် ... သဘာဝ မကျတာဗျာ"

"ဘယ်လို ... ဘာကို သဘာဝမကျတာလဲဟင်"

"ကျွန်တော် ဘာမှမပြောပါရစေနဲ့ အစ်မရယ်၊ တောင်းပန်ပါတယ်၊ အစ်မကိုလည်း လေးစားပါတယ်၊ ဒါပေမယ့် ကျွန်တော် ပြောလိုက်တဲ့ စကားက ကျွန်တော့်အတွက်ရော ဟိုလူကြီးအတွက်ပါ မကောင်းဘူး၊ ပြီးတော့ အစ်မလည်း နားထောင်ဖို့ မသင့်ပါဘူး"

'ဟိုလူကြီး' ဆိုသော အသုံးအနှုန်းက အံ့သြစရာကောင်းနေပါသည်။ အမှန်ဆို ဒီလောက်ရင်းနှီးပတ်သက်မှုတွေ ရှိခဲ့ပြီး ကျေးဇူးပြုခဲ့ဖူးတဲ့သူကို ဒီလို သုံးနှုန်းဖို့ မသင့်တော်ပါ။

"မင်းပြောတဲ့ စကားတွေထဲမှာ အဓိပ္ပာယ်တွေ ပါနေသလိုပဲ၊ အစ်မကလည်း ဘယ်သူ့သိက္ခာကိုမှ ဆွဲချချင်လို့ သတင်း

www.foreverspace.com.mm



ဖြန့်ဖြူးချင်လို့ မေးရတာမဟုတ်ပါဘူး၊ ဒါပေမယ့် မင်းကို အတင်းအကြပ် မမေးပါဘူး၊ မင်း ဘာသာပဲ ပြောချင်စိတ်ရှိမှပြောပါ၊ အစ်မဘက်က အခြေအနေတစ်ခုကိုပဲ မင်းသိအောင် ပြောပြခဲ့ပါ့မယ်၊ မင်းမှာလည်း အစ်မရှိခဲ့ရင် စာနာနိုင်မှာပါ၊ အစ်မရဲ့အချစ်ဆုံးသူငယ်ချင်းက မကြာခင်ကိုဟံသာနိုင်နဲ့ လက်ထပ်တော့မှာပါမင်းကောင်းခ ...”

တစ်ဖက်က အသံတိတ်သွားပြန်သည်။

“မင်း ဘာပြောစရာရှိသေးလဲ ...”

“ကျွန်တော် စဉ်းစားဦးမယ်ဗျာ”

သူက တိုးတိတ်စွာ ပြောရင်း ဖုန်းချသွားခဲ့ပါသည်။

မေခကလည်း သက်ပြင်းဖျော့ဖျော့လေးချရင်း ဖုန်းပိတ်လိုက်ပါသည်။

❖ ❖ ❖

www.foreverspace.com.mm

❖ ❖ ❖

မေခသည် မင်းကောင်းခ ကိုယ့်ဆီ ဖုန်းပြန်ဆက်လာမှာပဲဟု အားတင်းယုံကြည်ရင်းကပဲ အပြောင်းအလဲတစ်ခုကို စောင့်နေရသည်။ မေခမှာ အဲ့ဒီကိစ္စအတွက် ဦးနှောက်စား ဗျာများနေရတာမို့ ကိုမင်းနဲ့တောင် မတွေ့နိုင်ပါ။

တစ်နေ့တော့ ကံကြမ္မာက မေခကို မျက်နှာသာပေးလာသည်။ အဲ့ဒီနေ့က မေခတစ်ယောက်တည်း စိမ်းလန်းစိုပြေ ပန်းခြံထဲက စားသောက်ဆိုင်မှာ ထမင်းဝင်စားနေဆဲ ပန်းခြံထဲ လျှောက်ဝင်လာသော လူငယ်အုပ်စုတစ်စုကို အတွေ့မှာ လည်ပင်းတောင် နင်သွားသည်။

အဲ့ဒီ အုပ်စုကို မေခ ကောင်းကောင်းသိသည်။ ဘာဂါဆိုင်မှာ ဟံသာနိုင်နှင့် ရောရောထွေးထွေး တွေ့လိုက်ရသည့် ကောင်လေးတွေပင်။

www.foreverspace.com.mm



မေခက အခွင့်အရေးကို လက်လွှတ်မခံဘဲ စားလက်စကို ထားခဲ့ကာ ကောင်လေးတွေနောက်သို့ လိုက်လာခဲ့ပါသည်။ ကောင်လေးတွေက ပန်းခြံထဲက ခုံတန်းလေးတွေမှာ ထိုင်လိုက်တာမို့ မေခက သူတို့ဆီ လျှောက်သွားရင်း ပြုံးရယ်ပြလိုက်တော့ သူတို့က မေခကို အူကြောင်ကြောင်လေးတွေ ကြည့်နေသည်။

"ကိုဟံသာနိုင် မပါဘူးလား"

"ဗျာ ..."

"ကိုဟံသာနိုင် မပါဘူးလားလို့ မေးတာလေ ..."

"ဟာဗျာ . . . မေးခွန်းကြီးကလဲ . . . ၊ ဟော့ကောင်တွေ ပြဿနာပဲနော်"

"အဲဒီလူနဲ့ ကျွန်တော်တို့နဲ့ ဘာဆိုင်လို့လဲဗျ ..."

"မင်းတို့နဲ့ သူနဲ့က အရမ်းခင်မင်ရင်းနှီးကြတယ် မဟုတ်ဘူးလား၊ မင်းတို့နဲ့ တွဲသွားတာ အစ်မ တစ်ခါမြင်ဖူးလိုက်လို့ပါ"

"တစ်ခါတလေ ကြုံလို့ပါဗျာ၊ ဒါနဲ့ အစ်မက သူနဲ့ ဘယ်လိုပတ်သက်လို့လဲ ..."

"သူက အစ်မ သူငယ်ချင်းရဲ့ချစ်သူလေ ..."

"အစ်မ သူငယ်ချင်းက ယောကျာ်းလေးလား၊ မိန်းကလေးလား ... ဟား ... ဟား"

www.foreverspace.com.mm

"ဟော့ကောင် . . . မင်း မေးခွန်းကြီးကလဲကွာ၊ ကြက်သီး ထလိုက်တာ၊ မိန်းကလေး သူငယ်ချင်းပဲ နေမှာပေါ့ကွ၊ မင်းကလည်း ...၊ မဟုတ်ဘူးလား အစ်မ"

မေခက သည်းခံစိတ်ထိန်းကာ ...

"ဟုတ်တယ်လေ . . . သူတို့က မကြာခင်လက်ထပ်ကြတော့မယ်"

"လက်ထပ်မယ် . . . ?၊ ဟာ . . . ဟော့ကောင် မင်းအစ်ကိုကြီးက လက်ထပ်တော့မှာတဲ့ကွ ..."

"ဟာ ... ဟ ... သူကလေ ..."

"ဟော့ကောင်တွေ ကြားလား . . . ကြားလား၊ အစ်ကိုကြီးက လက်ထပ်တော့မှာတဲ့ကွ ..."

"အေးတာပေါ့ကွာ ..."

"ဟာ ... အဲဒါ ပြဿနာကွ ... ပြဿနာ ..."

သူတို့အုပ်စုက တစ်ယောက်တစ်ပေါက် ဆူညံရှုပ်ထွေးသွားပြီးမှ အုပ်စုခေါင်းဆောင်ဟု ထင်ရသူက မေခကို ကြည့်ကာ မေခ မျက်နှာနားတိုးကပ်လာရင်း ...

"အစ်မ ဖြစ်နိုင်ရင် လက်မထပ်ပါနဲ့လားဟင် ..."

ဟု ပြောလိုက်တာမို့ မေခက မျက်လုံးပြူးကာ ကိုယ်ကို နောက်သို့ယိမ်းရင်း ခေါင်းခါပြမိကာ ...

www.foreverspace.com.mm

"အစ်မ လက်ထပ်မှာ မဟုတ်ဘူးလေ ..."

"အစ်မ သူငယ်ချင်းကို ပြောတာပါ၊ ပြန်ပြောလိုက်ပါ အစ်မရယ်၊ ကျွန်တော်တို့က အကောင်းပြောတာပါ၊ ဖြစ်နိုင်ရင် လက်မထပ်ပါနဲ့လို့ ..."

"သူတို့ချင်း ချစ်ကြလို့ လက်ထပ်ကြမှာပဲလေ ..."

"ဟာ ... အစ်မ မသိဘူးနော်၊ သူ့အကြောင်း ကျွန်တော်တို့ အသိဆုံးပဲ၊ သူက ကျွန်တော်တို့ကိုပဲ ချစ်တာ၊ မိန်းကလေးတွေကို ချစ်တာမဟုတ်ဘူး"

"ဟေ့ကောင် တော်ပြီ ... တော်ပြီ၊ ဘာမှ လျှောက်ပြောမနေနဲ့တော့၊ ပြဿနာကို မီးခွက်ထွန်းရှာချင်တဲ့ ကောင်ပဲကွာ၊ အစ်မ သူပြောတာတွေ မှတ်မထားနဲ့ သိလား"

ထိုကောင်လေးကို ကျန်သည့် ကောင်လေးတွေက အတင်းဝိုင်းဆွဲခေါ်သွားကြတော့ မေခ ငိုင်ကျန်ရစ်သည်။

ရုတ်တရက်ကြီး ခြေထောက်တွေတောင် မမြဲချင်တော့အောင် လူက ယိုင်နဲ့လာတာမို့ အပမ်းဖြေနေကြသည့် လူတွေနဲ့ ခပ်ဝေးဝေး ရေစပ်က ကျောက်ခုံလေးမှာ တစ်ယောက်တည်း သွားထိုင်နေမိသည်။

ကိစ္စအားလုံးဟာ အဖက်ဖက်က သေချာသလောက်နီးနီး ဖြစ်လာလေလေ သံစဉ့်အတွက် စိတ်ဆင်းရဲရလေမို့ မေခ စိတ်တွေ နောက်ကျိရှုပ်ထွေး မွန်းကြပ်နေပါသည်။

www.foreverspace.com.mm

ကိုယ့်ရဲ့ သံသယတွေကို သံစဉ်အပါအဝင် တခြား ဘယ်သူ့ကိုမှ ဖွင့်မပြောရဲသေးတာမို့ တစ်ယောက်တည်း ဒုက္ခခံနေရသလို ဖြစ်နေသည်။

မေခက မောလျလျ သက်ပြင်းကြီးကို ချဆဲ ဖုန်းမြည်လာတာမို့ နံပါတ်တောင် မကြည့်မိဘဲ ဖွင့်နားထောင်လိုက်ပါသည်။

"ဟဲလို..."

"ဟဲလို... အစ်မ ကျွန်တော် မင်းကောင်းခပါ"

※ ※ ※

www.foreverspace.com.mm

❋ ❋ ❋

"ကိုမင်းလား . . . မေခပါ၊ မေခကို တစ်ခုလောက် ကူညီပါ၊ ဒီညနေ မေခ အင်တာဗျူးတစ်ခု သွားစရာရှိတယ်၊ မေခ ဗျူးရမယ့် လူက ယောကျာ်းလေး၊ လောလောဆယ် နေတာကလည်း ယောကျာ်းလေး တစ်ယောက်တည်း နေနေတာ၊ တွေ့ရမယ့် အချိန်ကလည်း ညနေဘက်ကြီး ဖြစ်နေတယ်၊ ပြီးတော့ အခု သူရှိနေတဲ့ နေရာက ထောက်ကြံ့ဘက်မှာ ဖြစ်နေတယ်၊ လမ်းမကနေ လမ်းသွယ်ထဲကို တော်တော်ဝင်ရမှာဆိုတော့ မေခ တစ်ယောက်တည်း သွားလို့ မဖြစ်ဘူး၊ ကိုမင်း မေခကို ကားမောင်းပို့၊ ခြံရှေ့ရောက်ရင်တော့ ကားပေါ်ကပဲ စောင့်နေပေးပေါ့၊ ကိုမင်း ကူညီနိုင်ရဲ့လားဟင် ..."

"ကိုယ့်ချစ်သူလေး ကိစ္စကို မကူညီနိုင်ဘူးဆိုတာ ကိုယ့်

www.foreverspace.com.mm

ရာဇဝင်မှာ မရှိဘူးလေ၊ ကိုယ့်မှာ သေရေးရှင်ရေးကိစ္စ ရှိရင်တောင် ဖျက်ပြီး ကူညီရမှာပေါ့ ...”

“သေရေးရှင်ရေးကိစ္စ ရှိရင်တော့ မေခက ဖွတ်မဖျက်ခိုင်းပါဘူး ကိုမင်းရယ်”

“မေခမဖျက်ခိုင်းလည်း ကိုယ်ကဖျက်ပြီး မေခဆီ အရောက်လာခဲ့မှာပေါ့”

“ဟင်း ... အပြောကတော့ တော်တော်ကောင်းပဲနော်”

“အပြောမဟုတ် အလုပ်နဲ့ သက်သေပြမှာပါ၊ ဒါနဲ့ ကိုယ် မေခကို လိုက်ပို့ရင် အိမ်ထဲထိ လိုက်ပို့လို့ မဖြစ်ဘူးလား”

“မဖြစ်ဘူး ... မေခတို့ ဂျာနယ်က သတင်းယူတဲ့နေရာကို အပြင်လူပါလာရင် မကြိုက်ဘူး”

“ကိုယ်က မေခရဲ့အတွင်းလူပါကွာ၊ မေခ တွေ့ရမယ့် သူက ဘယ်သူမို့လို့လဲ”

“ဒါလည်း ပြောပြလို့ မဖြစ်သေးဘူး၊ ကိုမင်း ဘာမှ မစပ်စုဘဲ ကူညီနိုင်မယ်ဆိုမှ လာခဲ့လေ ...”

“ကောင်းပါပြီ ... ကောင်းပါပြီ၊ ဆက်ဆက်လာခဲ့ပါ့မယ် ဗျာ၊ စိတ်တိုတော်မမူပါနဲ့....”

မေခက ဖုန်းလည်းချ သက်ပြင်းလည်း ချရသည်။

ကိုမင်းက နှုတ်ဖွာဖွာ အာသွက်သွက်၊ စပ်စပ်စုစု

www.foreverspace.com.mm

လူမျိုးမို့ စကားတွေ ရှည်ရှုပ်မလာအောင် စောစောစီးစီးကတည်းက ပိတ်ပြောထားရသည်ပင်။

ခုလောလောဆယ်မှာ မင်းကောင်းခက ထောက်ကြံ့ဘက် အတွင်းကျကျ လမ်းသွယ်ထဲက အိမ်မှာ ရှိနေတာမို့ မေခက အဲ့ဒီအထိ သွားတွေ့ရမှာပင်။ သူ့ဘက်က ဖုန်းပြန်ဆက်တာကပင် ကျေးဇူးတင်စရာကောင်းတာမို့ နေရာ၊ အချိန်တွေကို ကိုယ့်ဘက်က ကွန်ပလိန်းတက်နေလို့ မဖြစ်ပါ။

ကိစ္စတွေကို မေခရော မင်းကောင်းခပါ ဖုန်းထဲက တစ်ဆင့် မပြောလိုသဖြင့် လူချင်းတွေ့ကြဖို့သာ ချိန်းလိုက်ရတာပင်။

ချိန်းလိုက်သော အချိန်ဟာ နေ့ခင်းပိုင်းဖြစ်တာမို့ ညနေမရောက်ခင်စပ်ကြား အချိန်လေးမှာ မေခစိတ်တွေ လှုပ်ရှားနေကာ ထိုင်ရမလို ထရမလိုနှင့် ဘာမှလည်း ရေရေရာရာ မလုပ်ဖြစ်။ ယုမြတ်ကတောင် မေခကို အကဲခတ်မိကာ ...

"မေခ ... ရှင်ဘာဖြစ်နေတာလဲ၊ တစ်ခါမှ ငြိမ်ငြိမ်ထိုင်မနေဘူး၊ ယောက်ယက်ခတ်နေတာပဲ ..."

"သတင်းဆောင်းပါးလေး တစ်ပုဒ်ရေးဖို့ ကြိုးစားနေတာ စဉ်းစားလို့မရလို့ပါ ယုမြတ်ရယ်"

"ရော့ ... လန်းသွားအောင် ကော်ဖီသောက်လိုက်ဦး ..."

www.foreverspace.com.mm

"ကျေးဇူးပဲ ..."

မေခက ယုမြတ် လှမ်းပေးသည့် ကော်ဖီခွက်ကို လှမ်းယူကာ တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

"အမလေး ... ပူလိုက်တာ ..."

"ဟဲ့ . . . ဟဲ့ . . . သြော် . . . ကော်ဖီအပူသားကြီးကို မော့ချတာကို၊ မေခတစ်ယောက်တော့ ဘာဖြစ်မှန်း မသိပါဘူး"

အဲဒီလိုပဲ တစ်နေ့လုံး အယောင်ယောင်အမှားမှားဖြစ်ပြီး ညနေပိုင်းရောက်တော့ လာခေါ်ပေးမည့် ကိုမင်းကို စောင့်ရသည်။

သို့သော် . . . ချိန်းသည့် အချိန်ကို မိနစ် နှစ်ဆယ်လောက် စွန်းသွားသည်အထိ ကိုမင်းက ရောက်မလာ။

မေခက နည်းနည်း စိတ်ပူလာကာ ကိုမင်းဖုန်းကို လှမ်းခေါ်ရသည်။

"ကိုမင်းရေ ... လာနေပြီလား"

"ဟင် ... ဘယ်ကိုလဲ ..."

ကိုမင်းက အူကြောင်ကြောင် လှမ်းမေးတာမို့ မေခက ဒေါပွသွားကာ ...

"ဟင် . . . ရှင် မေခနဲ့ ချိန်းထားတာ သတိမရဘူးလား၊ ရှင့်ကို မေခ စောင့်နေတယ်လေ၊ ထောက်ကြံ့သွားဖို့လေ"

www.foreverspace.com.mm



"ဟာ . . . ဟုတ်သားပဲ၊ ကိုယ် တကယ်မေ့သွားတာကွာ၊ နေ့ခင်းက တရေးအိပ်ပြီး နိုးလာတော့ သူငယ်ချင်းတွေ အတင်းလာခေါ်တာနဲ့ သန်လျင်ဘက် ရောက်နေတာ..."

"ဘုရားရေ... သန်လျင်မှာ"

"ရတယ် . . . ရတယ် . . . ကိစ္စမရှိဘူး၊ ကိုယ် ခုချက်ချင်း ထွက်ခဲ့မယ်"

"ရှင် ငမိုးရိပ်ချောင်းနားမှာ လဲပြီးတော့သာ သေလိုက်ပေတော့ ကိုမင်း၊ သန်လျင်နဲ့ ထောက်ကြံ့ တောင်တခြား မြောက်တခြားကို . . . ခုမှ လာရရင် ဟိုကို သန်းခေါင်မှပဲ ရောက်လိမ့်မယ်၊ ရှင်ဟာ တော်တော် အပြောလွယ်တဲ့သူ၊ အလကား အာပလာလူ၊ ပေါ့ပေါ့နေ ပေါ့ပေါ့ပြောတတ်တဲ့သူ၊ ရှင် လာစရာမလိုဘူး၊ ကျွန်မဘာသာ သွားမယ်"

မေခက ဖုန်းကို ဂွပ်ခနဲချ . . . ၊ ရုံးထဲက အမြန်ထွက်လာကာ တက္ကဆီ တစ်စီးဖြင့် ထောက်ကြံ့ဘက်သို့ ထွက်လာခဲ့ရပါသည်။

⁂ ⁂ ⁂

www.foreverspace.com.mm

❖ ❖ ❖

ညနေခင်းသည် ရင့်ရော်မှောင်ရီ၍ လာခဲ့ပြီ။ မေခသည် လမ်းမီးတိုင်လည်း မရှိသည့် ခပ်မှောင်မှောင် လမ်းသွယ်ကလေးထဲမှ ခေါင်းငိုက်စိုက်ဖြင့် လျှောက်ထွက်ပြန်လာခဲ့ပါသည်။

မေခ ခြေထောက်တွေက ယိုင်နဲ့လာသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် လူက ကတုန်ကယင် ဖြစ်နေသည်။ ခုလိုအချိန်ကြီးမှာ ဒီလို အစွန်ကျကျနေရာမျိုးကနေ တက္ကဆီ ငှားလို့ရမည့် နေရာထိ လမ်းလျှောက်ပြန်လာရပေမယ့် ကြောက်လန့်ဖို့လည်း သတိမရမိပါ။

မေခနားထဲမှာ မင်းကောင်းခရဲ့အသံကိုသာ အထပ်ထပ်ကြားမိနေသည်။

"ကျွန်တော်တို့ ပြောရမယ့် အကြောင်းအရာက ဝမ်းသာစရာ၊ ပျော်ရွှင်ဝမ်းမြောက်စရာ စကားမဟုတ်တော့ ကျွန်

www.foreverspace.com.mm



တော်လည်း အစ်မကို ဝမ်းမြောက်ဝမ်းသာ မကြိုဆိုနိုင်ဘူး ဖြစ်နေတယ်...။

"ဒီကိစ္စတွေကို ပြောသင့်မပြောသင့် ကျွန်တော် အတန်တန် စဉ်းစားပါတယ်၊ နောက်ဆုံးတော့ အစ်မပြော ခဲ့သလိုပဲ ကျွန်တော့်မှာလည်း အစ်မရှိတော့ စာနာစိတ်နဲ့ပဲ ပြောဖို့ဆုံးဖြတ်ဖြစ်တယ်...။

"ပြောရမှာက ရှက်စရာလည်း ကောင်းပါတယ် အစ်မ၊ ကိုဟံသာနိုင်ကို သဘောကောင်း ကူညီတတ်တဲ့ လူကြီးလူကောင်း တစ်ယောက်အနေနဲ့ပဲ ကျွန်တော် သိခဲ့ တာပါ...။

"သူ ကျွန်တော့်ကို အရမ်းကူညီနေခဲ့တဲ့ အချိန် မှာလည်း ကျွန်တော့်စိတ်ထဲ ဘာသံသယမှ မရှိခဲ့ပါဘူး...။

"ဒါပေမယ့် ကြာလာတော့ သူ ကျွန်တော့်ကို သံယောဇဉ်ရှိတာ၊ ကူညီတာတွေက သဘာဝမကျလောက် အောင် လွန်ကဲလာတယ်လို့ထင်တယ်...။

"အထူးသဖြင့် ကျွန်တော်နဲ့တွေ့ရင် သူ အရမ်း နူးညံ့လာတတ်တယ်၊ ကျွန်တော့်ကို အောက်ကျခံပြီးပေါင်း တယ်၊ မလိုတာရော လိုတာရော ပံ့အောဝယ်ပေးတယ်၊ သူသွားလေရာ ကျွန်တော့်ကို တကောက်ကောက် လိုက် စေချင်တယ်...။

www.foreverspace.com.mm

"ပုံမှန်အတိုင်းဆို ကျွန်တော်ကသာ သူ့ကို အောက်ကျခံပေါင်းရမှာ မဟုတ်လား၊ ဒါပေမယ့် ကျွန်တော်တို့ဆက်ဆံရေးက ပြောင်းပြန်ဖြစ်နေတယ် ...၊

"အဆိုးဆုံးကတော့ ကျွန်တော့် ချစ်သူနဲ့ ကျွန်တော့်ကို သူ ခွဲ ချင်တာပဲ၊ ကျွန်တော်တို့ ချစ်သူနှစ်ယောက်ကို တွဲတွေ့လိုက်တဲ့အချိန်မှာ သူ အရမ်းပေါက်ကွဲပြီး သောင်းကျန်းတယ်၊ အဲဒီမှာ သူ့ရဲ့ normal မဟုတ်တဲ့ စိတ်ကို ကျွန်တော်ရော ကျွန်တော့်ချစ်သူပါ ရိပ်မိသွားတယ် ...၊

"အဲ့ဒီနေ့ကတည်းက သူနဲ့ကင်းအောင် နေချင်ပေမယ့် အလုပ်ကိစ္စ တော်တော်များများက သူ့လက်ထဲမှာဆိုတော့ ဒီလောကထဲက ထွက်မှပဲလို့ ဆုံးဖြတ်ဖြစ်တယ်၊ ကျွန်တော့်ချစ်သူကလည်း သူနဲ့ လက်ထပ်ပြီး နယ်မှာပဲ သာမန် ဘဝမျိုးနဲ့ အေးအေးချမ်းချမ်း နေချင်တယ်၊ ကျွန်တော့်ကို ရန်ကုန်မှာ တစ်ယောက်တည်း မနေစေချင်တော့ဘူး ...၊

"နောက် တဖြည်းဖြည်းနဲ့ သူ့အကြောင်းတွေကိုလည်း ကျွန်တော်တို့ ကြားလာရတယ်၊ ကိုဟံသာတို့ အိမ်နီးချင်း မိသားစုက ကျွန်တော့်ချစ်သူနဲ့ အရမ်းခင်တော့ ကိုဟံသာ့အကြောင်း ပြန်ကြားရတယ် ...၊

www.foreverspace.com.mm



"သူ့စိတ်က သဘာဝမကျဘဲ ယောကျာ်းလေးတွေအပေါ်ပဲ ပိုညွတ်နေတတ်တာကို သူ့အမေနဲ့ အဒေါ်တွေကလည်း ရိပ်မိကြလို့ သူ့ကို အိမ်ထောင်ချပေးဖို့ ကြိုးစားကြတယ်တဲ့၊ ဘာပဲပြောပြော အိမ်ထောင်ကျသွားရင် သူ့ဟာနဲ့သူ အခြေတကျ စိတ်ပြောင်းပြီး ဒီလို သဘာဝမကျတဲ့ စိတ်မျိုးတွေ ပျောက်သွားမယ်လို့ မျှော်လင့်ကြတယ်တဲ့၊ အရင်က မိန်းကလေး တော်တော်များများနဲ့ စပ်ဟပ်ခဲ့ဖူးပေမယ့် တစ်ဖက် မိန်းကလေးတွေက ရိပ်မိသွားလို့ မအောင်မြင်ခဲ့ဘူးတဲ့၊ ခုတော့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ စီစဉ်တာ အဆင်ပြေလုဆဲဆဲပဲတဲ့၊ အဲ့ဒီ ကိုဟံသာ လက်ထပ်မယ့် မိန်းကလေးဆိုတာ အစ်မသူငယ်ချင်းလို့တော့ ကျွန်တော် မသိခဲ့ပါဘူး ...၊

"အစ်မ ကျေးဇူးလည်း ကျွန်တော့်အပေါ်မှာ ရှိပါတယ်၊ အစ်မ ဆက်သွယ်ပေးလို့ ကျွန်တော် အလုပ်တွေ ရဖူးတယ်၊ အစ်မကို ကျွန်တော် တစ်ခါတည်း နှုတ်ဆက်လိုက်ပါ့မယ်၊ လာမယ့် ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီခွဲ ကားနဲ့ ကျွန်တော် တောင်ငူပြန်တော့မယ် အစ်မ ..."

မင်းကောင်းခ စကားတွေက မေခ အာရုံထဲမှာ ဝဲလှည့်ကာ မေခ ဦးနှောက်တစ်ခုလုံး ဆူဝေနေခဲ့ရသည်။

www.foreverspace.com.mm

"အဲ့ . . . အဲ့ဒါဆို အစ်မ ဒီလိုလုပ်ချင်တယ်၊ ခွင့်ပြုပေးပါ၊ ဒီလိုလုပ်မှ အစ်မ သူငယ်ချင်းက ယုံမှာမို့လို့ပါ"

မေခရဲ့တောင်းဆိုသံကိုလည်း ကိုယ့်ဘာသာ ပြန်ကြားနေရလေသည်။

www.foreverspace.com.mm



※ ※ ※

"ဟော . . . မေခ ပြန်လာပြီ၊ ဆောင်းရေ . . . မေခပြန်လာပြီ ဟေ့ ..."

ပန်းနုရောင် ဂါဝန်ဖားဖားလေးဖြင့် လန်းလန်းဆန်းဆန်း ပြုံးပြုံးရွှင်ရွှင် ပြေးထွက်ကြိုဆိုလိုက်သော သံစဉ်ကို ကြည့်ရင်း မေခ ရင်ဝမှာ အလုံးကြီးဆို့နေပါသည်။

"နင့်ကြည့်ရတာ စိတ်ရော လူပါ အရမ်းပင်ပန်းလာတဲ့ ပုံပဲ၊ အတော်ပဲ . . . နင့်ဖို့ ငါ သံပရာရည် တစ်ခွက်ဖျော်ပြီး ရေခဲသေတ္တာထဲ ထည့်ထားတယ်၊ ဆောင်းရေ သံပရာရည် ယူခဲ့ပါတော့၊ နင်နောက်ကျလို့ ငါတို့ အရမ်းစိတ်ပူနေတာ မေခရဲ့ အရင်ကဆို နောက်ကျမယ်ဆိုလည်း နင်က ဖုန်းကြိုဆက်တယ်လေ၊ အခုက ဖုန်းလည်းမဆက်၊ ငါတို့ နင့် ဖုန်းကို ဆက်ကြည့်တော့လည်း ဖုန်းက ပိတ်

www.foreverspace.com.mm

ထားတယ်တဲ့၊ ကိုမင်းဝဏ္ဏဆီ ဆက်ကြည့်တော့လည်း နင်
အင်တာဗျူးကိစ္စအတွက် ထောက်ကြံ့ဘက်သွားတယ် ပြော
တယ်”

သံစဉ် တတွတ်တွတ် ပြောနေတာကို နားထောင်ရင်း မေခက အိမ်ရှေ့ဆိုဖာရှည်ပေါ် ခွေခွေခေါက်ခေါက် လှဲချကာ အသက်ဝဝရှူနေရသည်။ ဆောင်းက သံပရာရည် ဖန်ခွက်ယူလာကာ…

“ရော့ … မေခ အမောပြေလေး သောက်လိုက်ပါဦး၊ သံစဉ့်
ကို ကြည့်ပါဦး မေခ … ဒီနေ့ ပိုပြီး တက်ကြွလန်းဆန်း
နေတယ်လို့ မထင်ဘူးလား…”

မေခက မှိန်းနေရာက မျက်လုံးဖွင့်ကြည့်မိတော့ သံစဉ်က မချိုမချဉ် မျက်နှာကလေး ဖြစ်နေသည်။

“ဘာတွေ ဒီလောက်ပျော်နေတာလဲ…”

မေခ မေးမိတော့ သံစဉ်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း…

“ငါတို့ ဒီနေ့ မင်္ဂလာဝတ်စုံဒီဇိုင်းတွေ သွားရွေးကြတယ်
သိလား…”

“ဘာ…”

မေခက လှဲနေရာမှ ငေါက်ခနဲ ထထိုင်ကာ အော်

www.foreverspace.com.mm

ပစ်လိုက်မိသည်။ မေခ အသံကြောင့် သံစဉ်ရော ဆောင်းပါ လန့်တုန်သွားကာ ...

"ဟဲ့ ... လန့်လိုက်တာ၊ ဘာဖြစ်တာလဲ ..."

"မြန်မြန်ပြောစမ်းပါ . . . သံစဉ် နင်တို့ ဒီနေ့ ဘာလုပ်ကြတယ်"

"ငါရယ် . . . မောင့် အန်တီတွေရယ် မင်္ဂလာဝတ်စုံ ဒီဇိုင်နာဆီ သွားပြီး ဒီဇိုင်းရွေးကြတာလေ၊ ငါနဲ့ ဘယ်ဒီဇိုင်းနဲ့ လိုက်မလဲလို့ပေါ့၊ သူတို့က မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ပေးကြမှာတဲ့၊ မောင်ကလည်း လိုလိုလားလား လက်ခံတယ်တဲ့ ..."

"သေချင်တယ်၊ ငါသေချင်တယ်၊ ငါပဲ သေလိုက်တာကောင်းမှာပါ"

မေခက တစစ်စစ် ကိုက်ခဲလာသော ခေါင်းကို လက်ဖြင့် ဖိကာ ဆိုဖာပေါ် အရုပ်ကြိုးပြတ် ပြန်ထိုင်ချလိုက်သည်။ သံစဉ်နှင့် ဆောင်းက မျက်လုံးအပြူးသားလေးတွေဖြင့် မေခကို အံ့အံ့သြသြ ကြည့်နေပါသည်။

"မေခ ဘာဖြစ်တာလဲဟင် ..."

သံစဉ်က မေးတော့ မေခက စိတ်တိုလာကာ ...

"နင်ပြောတော့ လက်ထပ်ဖို့ ကိစ္စကို သိပ်မပျော်သလိုပဲဆို"

www.foreverspace.com.mm

"အဲ့ဒါက အဲ့ဒီတုန်းကပါ၊ ခုတော့လည်း ပျော်တာပါပဲ၊ ကိုယ့်ချစ်သူနဲ့ လက်ထပ်ရမှာပဲ ဥစ္စာ"

"နင် ... သူနဲ့ လက်မထပ်ရဘူး သံစဥ် ..."

"ဟမ် ..."

"ဟုတ်တယ် ... နင် သူနဲ့ လက်ထပ်လို့ လုံးဝမဖြစ်ဘူး၊ ငါသဘောမတူဘူး၊ နင် သူ့ကို ဖြတ်လိုက်တော့၊ လုံးဝ အတွေ့မခံနဲ့တော့၊ သူတို့ တစ်မိသားစုလုံးကိုပါ ရှောင်လိုက်တော့ဟာ ..."

မေခက ဒေါသတကြီး အော်ပြောမိတော့ သံစဥ်က ပခုံးတွန့်ကာ ...

"မေခ ... နင် ဘာထကြောင်နေတာလဲ"

"ဟမ် ... ငါက ကြောင်တယ်? ..."

"ဟုတ်တယ်လေ ... နင် အခုပြောနေတာက ကြောင်တောင်တောင်နဲ့၊ သဘာဝမှ မကျတာ"

"သဘာဝမကျတာ ငါမဟုတ်ဘူးဟဲ့ ... ငါမဟုတ်ဘူး ဟဲ့ ..."

မေခက ထိုစကားကိုပဲ ထပ်တလဲလဲ မခံချိမခံသာ ရေရွတ်နေရပြီး ရှေ့ဆက်၍လည်း မပြောသာ။ သဘာဝမကျတာက နင့်လူလို့ ပြောချင်လိုက်တာ အူကို ယားနေသည်။

www.foreverspace.com.mm



"နင်က သဘာဝကျတယ်ဆိုတော့ ငါတို့က သဘာဝမကျတာပေါ့"

"အေး... ဟုတ်တယ်ဟေ့၊ အဲ့ဒီသဘောပဲ..."

"မေခ ... နင် ခုတလော အိပ်ရေးတွေလည်း ပျက်၊ အလုပ်တွေလည်း ပိပြီး stress အရမ်းရနေတယ် မဟုတ်လား၊ နားလိုက်တော့နော်..."

ဆောင်းက ဒေါသဖြင့် အပြန်အလှန် ပြောနေသော မေခနဲ့ သံစဉ်ကြား ဝင်လာကာ ဖျောင်းဖျတော့မှ မေခက ပို ဒေါသဖြစ်ရကာ...

"နင်ပြောချင်တဲ့ သဘောက ငါ stress (စိတ်ဖိစီးမှု)ရနေလို့ ဘေးပတ်ဝန်းကျင်ကို ဒေါသတွေ ပုံချ ထွက်ပေါက်ရှာနေတယ်ဆိုတဲ့ သဘောလား ဆောင်း၊ နင်မသိရင် အသာနေ၊ ဘာမှဝင်မရှုပ်နဲ့..."

"အေး ... အဲဒီလိုဆို နင်လည်း ငါ့ကိစ္စထဲ ဝင်မရှုပ်နဲ့တော့ မေခ၊ ငါ နင်နဲ့ ရန်မဖြစ်ချင်ဘူး၊ နင်က ဘယ်သူ့ကိုမဆို အပြစ်ပြောဖို့ ဝန်မလေးဘူး၊ ငါကြည့်နေတယ်၊ တဆိတ်ရှိရင် နင်က ဆောင်းရဲ့ရည်းစားကိုလည်း အပြစ်မြင်တယ်၊ ငါ့ရည်းစားကိုလည်း ဖြတ်ခိုင်းပြန်ပြီ၊ ငါတို့ကို ပြောနေမယ့်အစား နင့်လူ နင်ဖြတ်လိုက်ပါလား"

www.foreverspace.com.mm

"အမယ်လေး . . . ဖြတ်မှာ . . . ဖြတ်မှာ၊ ဒင်းလို ပေါ့ပေါ့နေ ပေါ့ပေါ့ပြော အပြောပဲများပြီး အလုပ်မတွင်တဲ့ လူကို ငါကလည်း လမ်းခွဲလိုက်ဖို့ ဆုံးဖြတ်ပြီးသားပါ"

"အေး . . . အဲဒီ တစ်ယောက်နဲ့ လမ်းခွဲပြီးရင် နင့်လို အပျိုကြီးမကို ဘယ်သူမှ ယူတော့မှာမဟုတ်ဘူး"

"အဲ့ဒါ နင့်အပူမဟုတ်ပါဘူး၊ ယူမယ့်သူ မရှိတော့မှာ စိုးလို့ အားသွန်ပြေးနေရတဲ့ နင်တို့သာ ခလုတ်တိုက်လဲမှာ စိုးလို့ ငါက သတိပေးနေရတာ"

မခေက ရန်ပွဲကို ထိုနေရာမှာပဲ အဆုံးသတ်လိုက်သည်။ ငြင်းခုံနေရတာ မောလှပါသည်။

နောက်တော့ သုံးယောက်သား နှုတ်ဆိတ်ကာ ကိုယ့်အခန်း ကိုယ်အောင်း၍ နေလိုက်ကြသည်။

မခေက အိပ်ရာထဲ ခြေပစ်လက်ပစ် လှဲချကာ အမောဖြေနေရသည်။ အဲ့ဒီညက အိပ်ပျော်ဖို့ ကြိုးစားပေမယ့် သန်းခေါင်ကျော်သည်အထိ အိပ်လို့မပျော်နိုင်အောင် မခေက ကာယကံရှင်တွေထက် ပိုပြီး ခံစားနေရသည်။

ဘယ်လို တားရမလဲ . . .

သံစဥ့်ကို ဘာအကြောင်းပြချက်နဲ့ တားမလဲ . . .။

ထိုအတွေးကိုပဲ ထပ်တလဲလဲ တွေးပြန်သည်။

www.foreverspace.com.mm



အိပ်မပျော်သည့် အဆုံးမှာ မေခက အခန်းတံခါးဖွင့်ပြီး ဝရန်တာဘက်သို့ ထွက်လာခဲ့တော့ မေခ အရင်ရောက်နှင့်နေသော သံစဥ့်ကို လှမ်းမြင်ရသည်။

မေခက သံစဥ့်ဆီ လျှောက်သွားလိုက်ပြီး သံစဥ့်နောက်မှာ ရပ်တန့်၍မေးမိသည်။

"သံစဥ် ... နင် အိပ်မပျော်ဘူးလား"

"ဘယ်လိုလုပ် အိပ်ပျော်နိုင်မှာလဲ ..."

သံစဥ်က စူပွပွလေသံဖြင့် ပြောပေမယ့် စိတ်ပြေနေပြီမှန်း မေခ သိပါသည်။

"ငါလည်း အိပ်မပျော်ပါဘူး မေခရယ် ..."

မေခက သံစဥ့် ပခုံးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်လိုက်ရင်း ...

"သံစဥ် ... ငါတို့ သုံးယောက် ဘယ်လောက်ပဲ ရန်ဖြစ်နေဖြစ်နေ တစ်ယောက်ကိုတစ်ယောက်က သိပ်ချစ်ခင်စေတနာထားကြတယ်၊ တစ်ယောက် ဒုက္ခရောက်မှာကို တစ်ယောက်က စိုးရိမ်ကြတယ်ဆိုတာကို နင် ယုံကြည်ရင် ကိုဟံသာနိုင်နဲ့ လက်ထပ်မယ့် ကိစ္စကို ခေါင်းမညိတ်လိုက်ပါနဲ့ဦး၊ နင့်ကို ငါ ဘာကြောင့် တားရတယ်ဆိုတာ မကြာခင် သက်သေပြနိုင်ဖို့ ကြိုးစားပါ့မယ်"

www.foreverspace.com.mm

ဟု နားချတော့ သံစဉ်က မျက်ရည်လေးဝဲလျက် ခေါင်းညိတ်ပြသည်။

www.foreverspace.com.mm

❋ ❋ ❋

မေခသည် မေခ ဝယ်နေကျ ရွှေဆိုင်ထဲက မှန်ရှိုးကေ့စ်တွေထဲ ငုံ့ကြည့်ရင်း လိုချင်သည့် foot chain ပုံစံကို ရှာဖွေနေမိပါသည်။

မေခက ငွေနည်းနည်း စုမိလာတိုင်း ရွှေဝယ်လေ့ရှိပါသည်။ နယ်က မေခရဲ့ မေမေကလည်း ပိုက်ဆံပို့ကာ သူကြိုက်တဲ့ပုံစံ စိန်လေး ရွှေလေး မှာတတ်တာမို့ မေခက ဒီဆိုင်မှာပဲ လာဝယ်ပေးရလေ့ရှိပါသည်။

ဒီဆိုင်က ရွှေတွေဟာ နီကြောင်ကြောင်တွေမဟုတ်၊ ရွှေရည်လည်း မှိုင်ပုံရတာမို့ မေခက ဒီဆိုင်ကိုသာ လာဖြစ်သည်။ ဆိုင်ကလည်း ရောင်းကောင်းလှကာ အမြဲလူစည်ကားနေတတ်သည်။

မေခက ရှိုးကေ့စ်တောက်လျှောက် ငုံ့ကြည့် ငုံ့ကြည့်

www.foreverspace.com.mm

လုပ်လာရင်း ခေါင်းပြန်အမော့မှာ ဆောင်းရဲ့ဖြိုးနဲ့ ကောင်မလေး တစ်ယောက်ကို လှမ်းမြင်လိုက်ရပါသည်။ ဒီအကွက်ကတော့ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုပါပဲလားကွယ်ဟု မေခက တွေးနေဆဲ ဝတ္ထုတွေထဲကထက် ပိုဆန်းကြယ်တာကို ဆက်လက်ကြုံတွေ့ရသည်။ ဖြိုးက ကောင်တာတစ်ခုရှေ့သို့ သွားကာ မေးသည်။

"အစ်မ ... လက်စွပ်ပြီးပြီလား၊ ဒီမှာ ဘောက်ချာ ..."

"ခဏစောင့်နော် ..."

ဝန်ထမ်းတစ်ယောက်က နောက်ဘက်ဝင်သွားပြီး ခဏကြာတော့ ပြန်ထွက်လာသည်။ မေခက လူများတာကို အခွင့်ကောင်းယူကာ မေခ နံဘေးက ဝဝတုတ်တုတ် အန်တီကြီးကို အကာအကွယ်ပြုရင်း သူတို့ကို လှမ်းကြည့်အကဲခတ်နေလိုက်သည်။

"ဒီမှာ ရပြီ . . . ၊ ကြည့်ပါဦး . . . ရုရှားစိန် ဆိုပေမယ့် တော်တော်လေး ကောင်းပါတယ်၊ မင်းရဲ့ စိန်လက်စွပ်နဲ့ တစ်ပုံစံတည်း၊ တစ်ရွယ်တည်းပဲ"

ဖြိုးက ဝန်ထမ်းပေးသော အနီရောင်ဘူးကလေးကို လှမ်းယူလိုက်တော့ ဖြိုးလက်ပေါ်က ဆောင်းရဲ့လက်စွပ်ကလေးက လက်ခနဲ ဖြစ်သွားပါသည်။ ဘူးကလေးကို ဖွင့်လိုက်ချိန်ကျတော့ ဆောင်းရဲ့လက်စွပ်နှင့် ပုံစံတူ စိန်လုံးအရွယ်အစားချင်း

www.foreverspace.com.mm



အတူတူပဲ ဖြစ်သော လက်စွပ်ကလေးကို လှမ်းတွေ့လိုက်ရပြန်ပါသည်။

မေခသည် ဦးနှောက်ထဲမှာ ရုတ်တရက် ရှုပ်ယှက်ခတ်အောင် စဉ်းစားလိုက်မိပါသည်။ သူတို့ပြောစကားအရတော့ အသစ်လုပ်တဲ့ လက်စွပ်ဟာ စိန်အတုကြီးပင်။ ရုရှားစိန်ဆိုတာ ဘယ်လောက် အလုံးကြီးကြီး ဈေးလည်း သိပ်မကြီး၊ ရွှေကလည်း ပါးပါးလေးပဲ၊ စိန်လုံးခိုင်အောင် လုပ်ရသည့် ရွှေတွေဟာ အရည်လျော့တတ်သေးတာမို့ ရွှေတန်ဖိုးကလည်း ဘာမှမရှိ။ အဲဒီလို လက်စွပ်အတုကို ငွေနည်းနည်း အကုန်ခံကာ ဝတ်ထားပြလျှင် ဆောင်းကလည်း ဒင်းလက်က လက်စွပ်ကို အသေအချာကြည့်ပြီး စိန်အမျိုးအစားချင်း တူမတူ စစ်ဆေးနေမှာမဟုတ်။ အဲဒီလိုဆို ဆောင်းရဲ့သိန်း ၆၀ လောက်တန်တဲ့ လက်စွပ်ကို အေးအေးဆေးဆေး ဖျောပစ်လိုက်ရုံပင်...။

"အစ်မ ဒီလက်စွပ်ကို ပြန်ဝယ်မလား၊ ဒါက စိန်အစစ်ဗျ..."

မေခတွေးလို့ မဆုံးသေးခင် ကောင်လေးက သူ့လက်က လက်စွပ်ကို ချွတ်ကာ ကောင်တာပေါ် တင်ပြလိုက်သည်။ ဝန်ထမ်းအမျိုးသမီးက ခေါင်းခါလိုက်ရင်း...

"အစ်မတို့ဆိုင်က ဝယ်တဲ့ စိန်မဟုတ်ရင် ပြန်ဝယ်လေ့မရှိပါဘူး"

www.foreverspace.com.mm

"ဈေးလျှော့ပေးမှာပေါ့ဗျ"

"တခြားဆိုင်ကိုသာ သွားရောင်းပါကွယ်"

ဖြိုးက မျက်မှောင်ကြုတ်ကာ သူ့လက်စွပ်ကို ပြန်ယူပြီး ကောင်မလေးဘက် လှည့်လျက် ...

"ရော့ . . . သဲပဲ ဝတ်ထားလိုက်တော့၊ မပျောက်စေနဲ့နော်၊ အရမ်းတန်ဖိုးကြီးတယ်"

"စိန်လေးတစ်လုံးတည်း၊ လှလည်း သိပ်မလှဘဲနဲ့၊ သဲက ရွှေများများပဲ ဝတ်ချင်တာ ..."

"နောက်နေ့ကျ တစ်ဆိုင်ဆိုင်မှာ သွားပြန်ရောင်းပြီးရင် ရွှေတွေအများကြီး ပြန်ဝယ်လို့ရတာပေါ့"

"တကယ် ...?"

"အင်း ..."

စိန်မှန်း ပုလင်းကွဲမှန်း သိပုံမရသော ကောင်မလေး ကလည်း ပြုံးပျော်ရွှင်သွားကာ သူ့လက်ကို လှမ်းချိတ်လိုက်ပြီး ဆိုင်ထဲမှ ထွက်သွားကြသည်။

မေခက ရွှေဝယ်ဖို့ ကိစ္စကို မေ့ကာ သူတို့နောက်က ခပ်သွက်သွက် လျှောက်လိုက်လာခဲ့ပါသည်။ တရုတ်တန်းဘက်မို့ လူသူရှုပ်ထွေးနေကာ ဖြိုးက မေခကို အလွယ်တကူ မြင်မသွားနိုင်။ မေခကလည်း အကွယ်အကာ ယူရင်းကပင် မျက်ခြည်မပြတ် အောင် လိုက်နေရသည်။

www.foreverspace.com.mm



ဘတ်စ်ကားဂိတ်ရောက်တော့ သူတို့က ကားရပ်စောင့်နေသည်။ မေခကလည်း နောက်နား ခပ်ကွယ်ကွယ်မှာ ရပ်စောင့်လိုက်သည်။ သူတို့ ၄၅ ဘတ်စ်ကားပေါ် တက်သွားတော့လည်း မေခက လိုက်တက်လာခဲ့သည်။

ဘတ်စ်ကားက ငါးပိသိပ် ငါးချဉ်သိပ် ကျပ်လွန်းလှတာမို့ မေခကို ဖြိုး မြင်ဖို့မလွယ်ကူပါ။ ပြီးတော့ သူတို့နှစ်ယောက်က ဘေးကို အာရုံမစိုက်နိုင်ဘဲ သူတို့ချင်းသာ မျက်နှာချင်းဆိုင်ကာ စကားတွေတတ်ထိုးနေတာမို့ မေခက သူတို့စကားတွေကို ကြားနိုင်သည့် နေရာအထိ လူတွေကို အကာကွယ်ပြုရင်း တရွေ့ရွေ့တိုးလာသည်။

"ကိုကို ... မနက်ဖြန် တွေ့ရအောင်ကွာ ..."

"မနက်ဖြန် ကိုယ်မအားဘူးကွ၊ သွားစရာရှိတယ်"

"ဘယ်ကိုသွားမှာလဲ ..."

"အလုပ်ကိစ္စပါ ..."

"ကိုကို့အလုပ်က အဖြုတ်ခံရတယ်ဆို ..."

"တခြားအလုပ်ရှာနေတယ်လေကွာ၊ အလုပ်အင်တာဗျူးသွားရမှာ၊ ပြီးရင် ဝင်စရာလည်း ရှိသေးတယ်၊ အလုပ်တွေကလည်းကွာ လုံခြုံရေးဝန်ထမ်းလေး ခန့်မယ့်အရေးကို ဇီဇာများနေလိုက်တာ၊ အမြင်ကတ်တယ်၊ ဘာတွေမှန်းကို မသိဘူး"

www.foreverspace.com.mm

ဒင်းက ဆဲရေးတိုင်းထွာလိုက်သေးတာမို့ မေခက နှာခေါင်းရှုံ့မိသည်။ ဒီကောင် ဆောင်းရှေ့မှာသာ သိပ်ယဉ်ကျေး သယောင် အယောင်ဆောင်နေတာ။ လူယုတ်မာ ...။

ကားက အင်းစိန် ပေါက်တောထိ သွားမယ့် ကားမို့ တညောင်းကြီး စီးရမှာပင်။ မေခကလည်း သူတို့နေတဲ့ နေရာနားထိ လိုက်စပ်စုချင်သေးတာမို့ ပြွတ်သိပ်နေသည့် ကားထဲမှာ ချွေးတပြိုက်ပြိုက်ဖြင့် ဒုက္ခခံကာ လိုက်ပါနေရသည်။

ခုချိန်မှာတော့ မေခမှာ လူဒုက္ခရော၊ စိတ်ဒုက္ခပါ ဖိစီးခံနေရသည်။ ဖြိုးဟာ စိတ်ဓာတ်ရော လူမှုအဆင့်အတန်းရော၊ ပညာအရည်အချင်းပါ ခပ်နိမ့်နိမ့်ထဲက ဆိုတာတော့ သေချာနေပါသည်။

ပိုက်ဆံမရှိတာ ရှိတာက သိပ်အကြောင်းမဟုတ်၊ အမှန်တကယ် ရိုးသားပြီး ရည်မွန်ယဉ်ကျေးသည်ဆိုလျှင်တောင် ဆောင်းနဲ့ သဘောတူနိုင်သေးသည်။

ခုတော့ ဒင်းက တစ်စက်မှ မရိုးသား။ ရုပ်ရည်ကလေး သနားကမားနဲ့ အောက်တန်းကလည်း ကျသေးသည်။

သူက ဆောင်းနဲ့ လက်ထပ်ဖို့အထိ အကြံကြီးကြံနေခဲ့တာ သေချာသည်။ ဆောင်းကလည်း အဖေဖြစ်သူနဲ့တောင် တွေ့ပေးဖို့အထိ ဆုံးဖြတ်ပြီးပြီ။ ဒီကြားထဲကပဲ ဆောင်း လက်စွပ်

www.foreverspace.com.mm



ကို မလိမ့်တပတ် ယူသွားကာ ဆောင်းရှေ့မှာ ဝတ်ပြဖို့ အတုလုပ် ရသတဲ့။ ဆောင်း လက်စွပ်ကိုကျ ရောင်းတောင်စားဦးမတဲ့ ...။

ဆောင်းကို ကြံလျက်ကပဲ သူ့ရဲ့ အရင်ကတည်းက ငင်ခဲ့ပုံရသည့် အဆင့်တူ မိန်းကလေးနဲ့ သာယာမှုကလေးကိုလည်း လက်လွတ်ခံနိုင်ပုံမရ။ ဆောင်းကို တကယ်ချစ်မိလို့ ကျန်တဲ့ကိစ္စ ကင်းရှင်းတယ်ဆို ထားဦး။ ခုတော့ ... ကြိုးရှုပ်လှပါသည်။

သူ့စိတ်ထဲမှာလည်း အကယ်၍များ အကြောင်းကြောင်းကြောင့် ဆောင်းနဲ့ လွဲရလျှင် လက်လွတ်ခြေလွတ် ဖြစ်မှာ စိုးတာမို့ ကျန်တာတွေကို လက်မလွှတ်သေးတာ ဖြစ်မည်ပင်။ လူမရလည်း စိန်လေးတော့ ရအောင် လုပ်လိုက်သေးသည်ပင်။ ဘာတဲ့ . . . ဆောင်းပြောတာတော့ သူ ငါ့ကို တကယ့် အချစ်စစ်နဲ့ ချစ်တာတော့ ကောင်းကောင်းသိတယ်ဆိုလား ...။

ကားထဲမှာ လူကလည်း ကျပ်၊ မေခရင်ထဲမှာလည်း ကျပ်လာသည်။

ဩော် ... ဖြစ်မှ ဖြစ်ရလေ ...။

တို့ အပျိုကြီးတွေများ ဘယ်လို ယောကျ်ားတွေနဲ့ တွေ့ရပါသလဲဟယ် ...။

သံစဉ် ပြဿနာကို အဆုံးထိ ဖြေရှင်းလို့မှ မပြီး သေးခင် ဆောင်းရဲ့ ပြဿနာက တစ်ဖန် ပေါ်ပေါက်လာသည်။

www.foreverspace.com.mm

မေခကိုယ်တိုင်ရဲ့အချစ်ရေးကလည်း သိပ်အခြေအနေမကောင်းလှပါ။ ကိုမင်းကို မေခ စိတ်ပျက်လှသည်။

"အလုပ်မရလည်း ပြဿနာတော့ မဟုတ်ပါဘူးကွာ၊ ကိုယ်ရှေ့ထွက်တဲ့ လက်နဲ့တွေ့ထားတယ်ကွ ..."

"ဟင် ... လက်ကရှေ့ထွက်တယ် ... ?"

"ဟုတ်တယ် ... ဟဲ ဟဲ ..."

ဒင်းက ဒီလိုပြောတော့ မေခက ဒင်းနောက်စေ့ကို ပြေးရိုက်ပစ်ချင်စိတ် ပေါက်လာသည်။

ကားစီးရတာလည်း ငရဲကျနေသလား ထင်ရသည်။ ဒင်းကိုတွေ့ရ၊ ဒင်းစကားကို ကြားရတာကလည်း အကုသိုလ်တက်လှသည်ပင် ...။

"ကိုကို ... ဒီစနေတော့ အားတယ်မဟုတ်လား

"အားတယ်လေ ..."

"အဲဒါဆို လမ်းထိပ်က ရွှေမိုး လက်ဖက်ရည်ဆိုင်ရှေ့ကပဲ သဲစောင့်နေလိုက်မယ်၊ မနက် ၁၀ နာရီလောက် ရောက်အောင်လာခဲ့၊ ၁၂ နာရီခွဲပွဲ ရုပ်ရှင်ကြည့်ရအောင်၊ ရုပ်ရှင်ပြီးတော့မှ လက်စွပ်သွားရောင်းကြတာပေါ့"

"အင်း ... ကောင်းသားပဲ၊ လာခဲ့မယ်လေ ..."

စနေနေ့ မနက် ၁၀ နာရီတဲ့။ မေခ မှတ်သားထားလိုက်သည်။

www.foreverspace.com.mm



ဂိတ်ဆုံးမရောက်ခင် တစ်မှတ်တိုင်မှာ သူတို့နှစ်ယောက် ဆင်းသွားကြသည်။ မေခ အပြင်ကို လှမ်းကြည့်တော့ ရွှေမိုး လက်ဖက်ရည်ဆိုင်ဆိုသည့် ဆိုင်းဘုတ်ကြီးကို လှမ်းတွေ့ရတာမို့ ဆက်လိုက်မသွားတော့ဘဲ ကျန်ရစ်ခဲ့သည်။ ဘတ်စ်ကားက တော်တော်နှင့် ပြန်မထွက်သေးတာမို့ သူတို့သွားရာဆီ လှမ်းကြည့်နေမိတော့ ဆိုက်ကား ကိုယ်စီ ငှားကာ ဟိုဘက် လမ်းကျဉ်းကလေးတွေဆီ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

သူတို့ကို အရိပ်အယောင် မတွေ့တော့မှ မေခက ကားပေါ်မှ ဆင်းကာ တက္ကဆီငှားပြီး ပြန်လာခဲ့ရပါသည်။

www.foreverspace.com.mm

❊ ❊ ❊

စနေ မရောက်ခင်ကြားတစ်ရက်မှာ မေခက ဆောင်းကို မေးရသည်။

"ဆောင်း ... မနက်ဖြန် ဖြိုးနဲ့တွေ့ဖို့ရှိသေးလား ..."

"ရှိတယ် မေခ ... ခြံထဲက ပန်းအိုးတွေ လာရွှေ့ပေးမယ် ပြောတယ် ..."

"ဒီနားတစ်ဝိုက်က အလုပ်သမားတွေကို ခေါ်ရွှေ့ခိုင်းတာ မဟုတ်ဘူး"

"သူက လုပ်ပေးချင်တယ် ပြောလို့ပါဟယ်"

"နင်တစ်ယောက်တည်း ရှိနေတုန်း အိမ်ပေါ်မခေါ်နဲ့နော်"

"အေးပါ ... သူလာရင် ခြံထဲမှာပဲ ညှော်ခံနေကျပါ"

"ဒါနဲ့ နင့်ကို မေးရဦးမယ်၊ ညာဖို့တော့ မကြိုးစားနဲ့နော်၊ နင်နဲ့ ဖြိုးနဲ့ လက်စွပ်ချင်း လဲဝတ်ထားတယ် မဟုတ်လား၊ ဖြိုးလက်မှာ နင့်လက်စွပ်ကို ငါမြင်မြင်နေတယ်နော်"

www.foreverspace.com.mm



ဆောင်းက ရှက်ကိုးရှက်ကန်း ပြုံးရင်း ...

"ဟုတ်ပါတယ် . . . ဒါပေမယ့် နင် ဒီကိစ္စကို ဘာမှ အထင်မမှားနဲ့၊ လက်စွပ်လဲတာက ငါတို့ချင်း ချည်နှောင်လိုက်တဲ့ သဘောပဲ၊ တန်ဖိုးကြီးတာ မကြီးတာနဲ့ ဘာမှမပတ်သက်ဘူး၊ ငါ့စိန်က ဘယ်လောက်တန်မှန်းလည်း သူသိပုံမရပါဘူး"

"မသိလို့သာပဲ ..."

မေခက ပါးစပ်လှုပ်ရုံ ရွစိရွစိရေရွတ်နေလိုက်ရင်း အသည်းယားနေသည်။ နှောင်ဖွဲ့လိုက်တာကလည်း သိပ် ထိရောက်တာပဲလေ။

"ဒါပေမယ့် နင် ဒီနေ့ ဖြိုးနဲ့တွေ့ရင် နင် ပေးထားတဲ့ လက်စွပ်ကို သေသေချာချာကြည့်ကြည့်၊ ထူးခြားနေတာ တွေ့လိမ့်မယ်"

"ဘာထူးခြားမှာမို့လို့လဲ ..."

"ကြည့်ကြည့်လိုက်ပါဟာ ..."

မေခက စကားအမြန်ဖြတ်ပြီး ဂျာနယ်တိုက်သို့ ထွက်လာခဲ့ပါသည်။

❖ ❖ ❖

www.foreverspace.com.mm

❖ ❖ ❖

ဆောင်းသည် ပန်းအိုးတွေ သယ်မရွှေ့ပေးနေသည့် ဖြိုးလက်တွေကို လှမ်းကြည့်ရင်း မေခ ပြောသွားတာကို သတိရမိပါသည်။

ဖြိုးလက်မှာ မေခ လက်စွပ်ကလေးကိုတော့ တွေ့နေရတာပင်။ သို့သော် ရွှံ့အလိမ်းလိမ်းတော့ ကပ်နေသည်။

ဆောင်းက မေခဟာ သိပ်သံသယကြီးတာပဲဟု တွေးသည်။ ခုလည်းပဲ ဘာအဓိပ္ပာယ်နှင့် ပြောသွားသည်မသိပါ။

ဆောင်းက ထိုသို့တွေးနေဆဲမှာ ဖြိုးက အမှတ်တမဲ့ပင် သူ့လက်က နာရီနှင့် လက်စွပ်ကိုချွတ်ကာ အနားက အုတ်ခုံလေးပေါ် လှမ်းတင်ပြီး ပန်းအိုးတွေကို အိမ်ဘေးဘက်သို့ ရွှေ့သွားပါသည်။

ဆောင်းက ရွှံ့တစ်စ နှစ်စ ပေနေသည့် နာရီကို

www.foreverspace.com.mm



ပွတ်သုတ်ပေးလိုက်ပြီး ရှံ့တော်တော်များများ ပေနေသည့် လက်စွပ်ကလေးကိုတော့ တိုက်ချွတ်ဆေးကြောပေးဖို့ ခြံထောင့် ရေပန်းကလေးဆီ ယူလာခဲ့ပါသည်။

ရေပန်းကို ဖွင့်ချပြီး ရှံ့တွေကို တံပွတ်တံအဟောင်းဖြင့် တိုက်ချလိုက်တော့ စိန်လုံးလေးက ဖွေးခနဲ ပေါ်လာသည်။

"ဟင်..."

ဆောင်းက စိတ်ထဲ ဇဝေဇဝါဖြစ်ကာ စိန်လုံးလေးကို မြှောက်ကြည့်လိုက်မိပါသည်။

စိန်ရဲ့ အရောင်က စူးရှရှကြည်လောင်လောင်နဲ့ အလင်းရောင်အောက်မှာ ကာလာတွေဝင်နေသည်။ ဆောင်းရဲ့ စိန်ဟာ အဖြူသန့်သန့်မို့ ကာလာလည်း မဝင်။ ဒါဟာ ဆောင်းရဲ့ မူလစိန် မဟုတ်တာကို စိန်ဝတ်နေကျလည်းဖြစ်၊ အဘွားလက်ထက်ကတည်းက စိန်နဲ့ တရင်းတနှီးရှိတာမို့ ဆောင်းက ချက်ချင်းသိပါသည်။ ရွှေသားကွင်းရဲ့အတွင်းပိုင်းမှာ အမှတ်နာမည် ထိုးထားတာလေးလည်း မပါတော့တာမို့ ဒါဟာ ဆောင်းပေးတဲ့ လက်စွပ်မဟုတ်တော့တာ သေချာနေသည်။

"မရေ... ဒီအိုးက ဘယ်မှာထားမလဲ..."

"လာပြီ... လာပြီ"

ဖြိုးက လှမ်းအော်မေးတာမို့ ဆောင်းက စင်ကြယ်

www.foreverspace.com.mm

နေပြီဖြစ်သော လက်စွပ်ကို ရှုံ့ပြုန်သုတ်ကာ သူထားခဲ့သော အုတ်ခုံပေါ်ပြန်တင်ထားလိုက်ပြီး ဖြိုးဆီ အပြေးသွားမိသည်။

ဖြိုး ဘာအခက်အခဲ ရှိလို့ပါလိမ့်ဟု ဆောင်းက တွေးမိနေသည်။ သူ့အိမ်က လူကြီးတစ်ယောက်ယောက် နာမကျန်းဖြစ်လို့များ ဆောင်းလက်စွပ်ကို ရင်နာနာနဲ့ ရောင်းချပေါင်နှံဖို့ ပေးခဲ့ရလေသလား။ ဆောင်း စိတ်မကောင်းဖြစ်မှာစိုးလို့ စိန်အတုကလေးနှင့် လက်စွပ် ထပ်အပ်ခဲ့ရပုံ ပေါ်ပါသည်။

ဆောင်းက လက်စွပ်ကို နမျောပေမယ့် ထိုနေ့အဖို့ မသိချင်ယောင်သာ ဆောင်နေလိုက်ရပါသည်။

⁂ ⁂ ⁂

မေခသည် ထိုနေ့အဖို့ ဂျာနယ်တိုက်မှ ခပ်စောစော ပြန်လာခဲ့ပါသည်။ ဆောင်း လက်စွပ်ကိစ္စ သိပြီး တစ်ယောက်တည်း ကြေကွဲနေသည်ဆိုလျှင် အကျိုးအကြောင်း ပြောပြနှစ်သိမ့်ပေးလိုတာပင်။

အိမ်ရောက်တော့ မေခက ဆောင်းရဲ့အရိပ်အကဲကို အကဲခတ်မိသည်။ သို့သော် ဆောင်းက ဘာမှ ထူးထူးခြားခြား ဖြစ်မနေ။ ပုံမှန်အတိုင်း အေးအေးဆေးဆေးပင်။

www.foreverspace.com.mm



မေခက တီဗီကြည့်နေသည့် ဆောင်းနား ကပ်ထိုင်လိုက်ရင်း ...

"ဆောင်း ... ဘာထူးသေးလဲ"

"အင်ဟင် ... ဘာထူးရမှာလဲ၊ ဘာမှ မထူးပါဘူး"

ဆောင်းက ခပ်ပေ့ါပေ့ါ ခပ်အေးအေးဖြေတော့ မေခ စိတ်ညစ်သွားသည်။

"နင် ... လက်စွပ်ကြည့်ဖြစ်သေးလား"

"ကြည့်ဖြစ်တယ်လေ၊ ငါ့လက်စွပ်က ငါ့လက်စွပ်ပေ့ါ၊ ဘာထူးခြားရမှာလဲ ..."

ဆောင်း ဖြောင်ညာပြောနေတာကြီးကို ရိပ်မိကာ မေခ စိတ်ဆင်းရဲသွားသည်။

ဆောင်းကို ဘာမှမပြောချင်တော့ဘဲ စိတ်ပျက် လက်ပျက်ကြည့်နေမိသည်။

အေးလေ ... ဒီလောက်နဲ့အရိပ်ပြလို့မရရင် အကောင်လိုက်ကြီးပဲပြမှ ဖြစ်တော့မှာပေ့ါ။

www.foreverspace.com.mm

❖ ❖ ❖

နောက်တစ်နေ့ မနက်လင်းသောအခါ မေခက ဆောင်းကို မေးလိုက်လေသည်။

"ဆောင်းရေ . . . ငါ အင်းစိန်ဘက် သွားစရာရှိလို့ နင်လိုက်မလား"

"ဘာသွားလုပ်မှာလဲ . . . ရုံးပိတ်ရက်ကြီးကို"

"တို့ ဂျာနယ်လစ်စ်တွေက ရုံးပိတ်ရက်လည်း တိုတိုထွာထွာ လုပ်စရာတွေပါလာတတ်တာ နင်လည်း အသိပဲ ဆောင်းရယ်၊ အခုကိစ္စက အင်းစိန်ဘက်မှာနေတဲ့ ပန်းချီဆရာ တစ်ယောက်ဆီ သွားမှာဟ၊ သူ့ကို အင်တာဗျူးရင်း သူ့ပန်းချီကားတွေ ကြည့်ရင်းပေါ့၊ နင်က ပန်းချီဆို စိတ်ဝင်စားတယ် မဟုတ်လား၊ အဲဒီ ပန်းချီဆရာဆီမှာ ဆွဲပြီးသား ပန်းချီကားတွေ အများကြီးပဲ သိလား"

www.foreverspace.com.mm



"ဟုတ်လား . . . အဲဒါဆို ငါစိတ်ဝင်စားတယ်၊ လိုက်ခဲ့မယ် လေ..."

ဆောင်းက လိုက်မယ်ဆိုမှ မေခက သက်ပြင်းချ ရသည်။

"သွားရမှာ ဝေးတော့ စောစောပဲ ထွက်လိုက်ကြရအောင်"

"ငါ့ကားနဲ့ သွားမယ်လေ မေခ၊ နင်မောင်းပေါ့၊ အင်းစိန် ဘက်က လူရှုပ် ဆိုက်ကားရှုပ်နဲ့ ငါမမောင်းရဲဘူး"

"အေးပါ... ငါမောင်းပါ့မယ်"

မနက် ၉ နာရီကျော်ကျော်လောက်မှာ မေခနှင့် ဆောင်းတို့ ထွက်လာခဲ့ကြပါသည်။

ရွှေမိုး လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ၁၀ နာရီ ထိုးဖို့ ၅ မိနစ်လိုသေးသည်။ မေခက ကားကို လက်ဖက်ရည်ဆိုင် ရှေ့ဆိုက်ကားဂိတ်နားမှာ ရပ်လိုက်တော့ လမ်းကျဉ်းကလေးဆီ မျှော်ငေးရပ်တံ့နေသော ဖြိုးကောင်မလေးကို တွေ့လိုက်ရသည်။ မေခက ကားကို စက်သတ်လိုက်ပြီး...

"လိပ်စာထဲမှာပါတဲ့ လမ်းက ဒီနားမှာပဲထင်တယ်၊ ဆောင်း နင်ခဏနေဦးနော်၊ ငါ မေးစမ်းကြည့်ရင်း ဟိုဆိုင်မှာ တစ်ရှူး ထုပ် ဝယ်လိုက်ဦးမယ်"

မေခက ဆိုင်ထဲဝင်လာ၊ တစ်ရှူးဝယ်၊ ပေါက်စီထိုင်

www.foreverspace.com.mm

စားရင်း ဆိုက်ကားဂိတ်ဘက်သို့ လှမ်းကြည့်နေဆဲ ဆိုက်ကား တစ်စီးဖြင့် ပေါက်ချလာသော ဖြိုးကို လှမ်းတွေ့လိုက်ရသည်။ ကားပေါ်က ဆောင်းသည်လည်း ဖြိုးကိုမြင်ကာ အံ့သြသွားပုံ ရသည်။ သို့သော် ဖြိုးက ဆောင်းကိုမမြင်၊ ဆောင်းကားကိုလည်း မမြင်ဘဲ သူ့ကောင်မလေးဆီ လျှောက်သွားကာ ပခုံးကို လှမ်း ဖက်ခေါ်လိုက်ပါသည်။

အချိန်တန်ပြီမို့ မေခက ဆိုင်ထဲက ထွက်လာခဲ့လိုက် သည်။ မေခသည် စိတ်ထဲ ခပ်ရှုတ်ရှုတ်ဖြင့်ပင် ဖြိုးတို့ စုံတွဲဆီ လျှောက်သွားလိုက်သည်။

"ဟဲ့ ... ဖြိုး ..."

"ဟင် ... မ ... မခင်မေခ ..."

"ငါ့သူငယ်ချင်းလည်း ပါတယ်ဟဲ့၊ ငါတို့ အတူတူလာကြ တာ၊ သူက ကားပေါ်မှာ၊ သူ့လက်စွပ်ကို ငါပဲ ပြန်ယူသွား ပေးလိုက်တော့မယ် သိလား၊ နင်လည်း နောက်မလာခဲ့နဲ့ တော့၊ ပြဿနာတွေ မတက်ချင်ရင်ပေါ့"

မေခက ပြောပြောဆိုဆို ကောင်မလေးလက်ကို ဖျတ်ခနဲ ဆွဲယူကာ ဆောင်းရဲ့လက်စွပ်ကို ချွတ်ယူလိုက်ပါသည်။ ကောင်မလေးက ဆတ်ဆတ်ခါသွားကာ ...

"ရှင် ... ရှင် ... ဒါက"

"နေ ... နေပစေ ..."

www.foreverspace.com.mm

ဖြိုးက ရန်တွေ့တော့မည့်ဆဲဆဲ ကောင်မလေးကို ဖမ်းတားကာ ချာခနဲ လှည့်ထွက်သွားသည်။

မေခက လက်စွပ်ကလေးကိုယူကာ ဆောင်းရှိနေသည့် ကားပေါ် ပြန်တက်လာပြီး ဆောင်းလက်ကိုဆွဲကာ မောင်းကွင်း အစုတ်ပလုတ်ကို လွှင့်ပစ်လိုက်ပြီး ဆောင်းရဲ့စိန်လက်စွပ်ကလေးကို ပြန်ဝတ်ပေးလိုက်သည်။

ပြီးတော့ ဘာမှ ထပ်မပြောတော့ဘဲ ကားကို နောက်ပြန်လှည့်မောင်းလာကာ လူရှင်းသည့် မြို့ပြင် မင်္ဂလာဒုံလမ်းဘက် မောင်းထွက်လာခဲ့သည်။

Toll Gate အလွန် လူရှင်း ကားရှင်းသည့် လယ်ကွင်းစပ်နား တစ်နေရာရောက်မှ ကားကိုရပ်ပေးကာ ...

"ကဲ ... အော်ကြီးဟစ်ကျယ် အော်ငိုပစ်လိုက်တော့ ဆောင်း၊ နင်ငိုလို့ ကောင်းမယ့်နေရာကို ခေါ်လာပေးတာ၊ နင်က အရူးအမူးချစ်ခဲ့တော့ အရူးအမူး အသည်းကွဲပစ်လိုက်ပေါ့ဟာ၊ နင် အားရအောင်ငိုပြီးရင်တော့ အဲ့ဒီ အပေအတေကောင်ကို ဒီနားမှာပဲ လွှင့်ပစ်ခဲ့ရမယ် ကြားလား"

မေခ စကားဆုံးတော့ ဆောင်းက တအိအိ စတင်ငိုရှိုက်စ ပြုလေသည်။

❖ ❖ ❖

www.foreverspace.com.mm

※ ※ ※

"ကဲ . . . ဆောင်းနဲ့ သံစဉ် ထ . . . ထ၊ အထုပ်အပိုးပြင်ကြ တော့ . . ."

"ဘာလဲဟ . . . ဘာလုပ်မှာလဲ၊ ရုတ်တရက်ကြီး . . ."

နောက်တစ်နေ့ မနက်မှာ မေခက ဆော်ဩလိုက်တာမို့ သံစဉ်က နားမလည်သလို မေးသည်။ ဆောင်းကတော့ အိပ်ရာထဲမှာ ခွေနေတာမို့ မေးတောင် မမေးနိုင်။

"ချောင်းသာ သွားကြမယ်လေဟာ . . ."

"ဟင် . . . ရုတ်တရက်ကြီး၊ ကြိုလည်း မပြောဘူး"

"ဘယ်ကိစ္စမဆို ရုတ်တရက်ကြီး၊ ဖြုန်းစားကြီး၊ ဆိုင်းမဆင့် ဘုံမဆင့် ဆိုတာလိုမျိုး ဖြစ်လာတတ်တာပဲ မဟုတ်လား၊ လောကကြီးမှာ ကြိုမသိနိုင်တဲ့ ကိစ္စတွေ အများကြီး ဖြစ်လာတဲ့အခါ ရင်ဆိုင်နိုင်ဖို့ ကြိုးစားရမှာပေါ့၊ ချောင်းသာ

www.foreverspace.com.mm



သွားဖို့ ခုမှ သိရတဲ့ ရုတ်တရက် ကလေးကိုတောင် ရင်ဆိုင်ဖို့ အခက်အခဲရှိရင် ရုတ်တရက်ကြီးတွေကို ဘယ်လို ရင်ဆိုင်နိုင်မလဲ၊ ကဲ . . . လိုတာတွေအမြန်ထည့်၊ ကားအဆင်သင့် ပြင်ထားပြီးပြီ၊ ငါနဲ့ သံစဉ် တစ်လှည့်စီ မောင်းသွားမယ်၊ ဟဲ့ . . . ဆောင်း ထ၊ နင်ပဲ ပင်လယ်ကြီးကို မြင်ရရင် ပျော်တယ်ဆို၊ ဘယ်နေ့ခါက်သွားရ သွားရ မရိုးဘူးဆို ...”

မေခက ဆောင်းကို ဆွဲထူလိုက်သည်။

အဲ့ဒီနောက်တော့ ဗီရိုတံခါးတွေ အကုန်ပွင့်သွားကာ အခန်းထဲမှာ ဝုန်းဒိုင်းကြဲသွားသည်။

“ဟဲ့ ... ဟဲ့ ... မျက်မှန်၊ နေကာမျက်မှန် မမေ့ကြနဲ့နော်”

“ဦးထုပ် ... ဦးထုပ် ယူကြဦး”

“ဟဲ့ . . . သံစဉ် နင် အဝတ်အစားယူတာ များလှချည်လား၊ အိမ်ထောင်ပြောင်းတော့မှာလား၊ ချောင်းသာမှာ အခြေချချင်လို့လား”

“ချည်သားတွေပဲ ထည့်နေတာဟ၊ အရောင်လွင်လွင်လေးတွေ၊ ဖြူဖြူလေးတွေ၊ ပြီးတော့ ဂါဝန်၊ ဘောင်းဘီရှည်၊ ဘောင်းဘီတို၊ ရေကူးဝတ်စုံ၊ အင်း . . . ပြီးတော့ ဘာယူ ရရင် ကောင်းဦးမလဲ ...”

“ဟဲ့ . . . တော်ရောပေါ့၊ ရေကူးဝတ်စုံကရော နင်နဲ့ တော်

www.foreverspace.com.mm

သေးလို့လား၊ နင် နည်းနည်းဝလာတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား”

“ရေကူးဝတ်စုံပဲဟာ ဘာလို့မတော်ရမှာလဲ၊ ဆွဲသလောက် ကျယ်တယ်၊ ပြီးတော့ ငါ ဝတယ်ဆိုတာ လုရုံလေးပဲ ဖွံ့လာတာ”

“အရင်က မဖွံ့ရှာဘူး မဟုတ်လား မော်လမြိုင်သူကြီး ရယ်”

သုံးယောက်သား ဆူညံ ရှုပ်ထွေးနေပြီးမှ အထုပ်တွေ ကားပေါ်ပစ်တင်ကာ ချောင်းသာသို့ ထွက်တော့မည့်ဆဲဆဲ မေခထံ ဖုန်းဝင်လာပါသည်။

“မေခ ... ကိုယ်ပါ၊ ကိုယ်လေ ... ဟိုနေ့က ...”

“တော်ပြီ ... ကိုမင်းဝဏ္ဏ၊ ရှင် ဘာမှလာပြောမနေနဲ့တော့၊ ရှင့်အကြောင်း သိလာရလေ စိတ်ပျက်ရလေပဲ၊ လျှာဖျားကလေးနဲ့ စကားကို ပေါ့ပေါ့လွယ်လွယ်လေးပြောပြီး ပြီးကျတော့ စကားတည်တာလည်း မဟုတ်ဘူး၊ တော်ကီပဲ ကောင်းနေတာ၊ ပြီးတော့ ရှင် ထွီခနဲ ထွမ်ခနဲ တံတွေး ထွေးတတ်တာကိုလည်း ကျွန်မ မကြိုက်ဘူး၊ ကျွန်မရှေ့မှာ အင်္ကျီရင်ဘတ်ဟောင်းလောင်းနဲ့ နေတာ၊ စကားတွေ အော်ဟစ်ပြောတတ်တာကိုလည်း လုံးဝ လုံးဝမကြိုက်ဘူး”

www.foreverspace.com.mm



အဲ့ဒီအကျင့်တွေကို ပြင်ဖို့ကြိုးစားပြီးမှ ကျွန်မဆီ ဖုန်းပြန် ဆက်လိုက်ပေါ့နော် ...”

မေခက ဆက်တိုက် ပြောချလိုက်ပြီး ဖုန်းပိတ်လိုက်တော့ သံစဉ်က မေခကို မျက်လုံးပြူးကြည့်ကာ ...

“ဟဲ့ ... နင်ပြောတာ မလွန်လွန်းဘူးလား”

“မလွန်ပါဘူး ...”

“တော်ကြာ ... သူ စိတ်ဆိုးသွားဦးမယ်”

“မဆိုးပါဘူး၊ ငါဘယ်လိုပဲနေနေ၊ ဘာပဲပြောပြော သည်းခံပါ့မယ်လို့ သူ ကတိပေးထားပြီးသား၊ ကြည့်နေ . . . သူ ငါမကြိုက်တာတွေ မလုပ်မိအောင် ပြင်ပြီးမှ ငါ့ကို လာ ချော့လိမ့်မယ်”

မေခက ခပ်မြူးမြူးလေးပြောရင်း ကားကို မောင်း ထွက်လာခဲ့သည်။

ကိုမင်းကို ဒီလိုတွေ ပြောမိပေမယ့် မုန်းလို့တော့ဖြင့် မဟုတ်ပါ။ သူ မေခအပေါ် အလုံးစုံ သည်းညည်းခံ လိုက်လျော လိမ့်မည်ဟူသော ယုံကြည်ချက်ကြောင့်သာ ပြောဝံ့ခဲ့တာပင် ...။

မေခက ကားမောင်းရင်း ဆောင်းကို ငဲ့ကြည့်တော့ ဆောင်း ပုံစံလေးက ကြည်ကြည်လင်လင် ဖြစ်နေသည်။ ကား နောက်ခန်းဆီက သံစဉ်ကလည်း သီချင်းလေး ညည်းလျက်ရှိသည်။

www.foreverspace.com.mm

ဒီသူငယ်ချင်း နှစ်ယောက်ကို ပျော်စေချင်တာ မေခ စေတနာပင် ...။

www.foreverspace.com.mm



❀ ❀ ❀

ချောင်းသာမှာ နှစ်ရက်နေပြီးသောအခါ ဆောင်းသည် ပုံမှန်အတိုင်း ထူမတ်လာနိုင်လေသည်။

ချောင်းသာမှာ နေဖြစ်သည့် ရက်တွေမှာတော့ မေခတို့ သုံးယောက်က ရှိခဲ့ဖူးသည့်၊ ရှိဆဲဖြစ်သည့် ချစ်သူတွေအကြောင်း ဘာတစ်ခွန်းမှ ပြောဆိုဆွေးနွေးခြင်း မပြုခဲ့ကြပါ။

မေခတို့ သူငယ်ချင်းသုံးယောက်သည် မနက်ခင်းတိုင်း၊ ညနေခင်းတိုင်း လမ်းလျှောက်ဖြစ်ကြသည်။ ရေထဲမှာလည်း ဝုန်းဒိုင်းကြဲ သောင်းကျန်းခဲ့ကြသည်။ သဲသောင်ပေါ်မှာလည်း ကလေးတွေနှင့် အပြိုင် ဘောလုံး လုကန်ခဲ့ကြသည်။

မေခတို့အားလုံး အသက်အရွယ်ကို မေ့ထားခဲ့ကြသည်။ ဖြတ်သန်းမှုတွေကို မေ့ခဲ့ကြသည်။ အနာဂတ်ကို မတွေးမိအောင် နေကြသည်။

www.foreverspace.com.mm

သို့သော် မပြန်ခင် တစ်ရက်မှာ သံစဉ်က သဲသောင်ပြင်ပေါ်မှ မြူးကြွစွာ ပြေးလွှားရင်း...

"ဟိတ် . . . ငါမင်္ဂလာဆောင်ရင် ချောင်းသာမှာ ဆောင်မှာ ဆရာ၊ ဆည်းဆာချိန်ကလေးမှာ သဲသောင်ပေါ်မှာ ငါ သတို့သားနဲ့ လက်ချင်းချိတ်ပြီး လျှောက်လာရတဲ့ အရသာမျိုးကို ငါ သိပ်လိုချင်တာပဲ"

ဟု ပြောတော့ မေခက စိတ်မကောင်းဖြစ်သွားသည်။ ဒီကအပြန်ခရီးမှာ သံစဉ့် ကိစ္စကို ဖြေရှင်းရတော့မှာကို တွေးတိုင်း မေခ ငိုချင်လာတတ်သည်။

ထိုညက သံစဉ်နဲ့ ဆောင်းက အိပ်ပျော်ပေမယ့် မေခက အိပ်မပျော်နိုင်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည့် ဆောင်းနဲ့ သံစဉ့် မျက်နှာကို တစ်လှည့်စီကြည့်ရင်း ဆောင်းကိုလည်း သနား၊ သံစဉ့်ကိုလည်း အားနာကာ သက်ပြင်း အကြိမ်ကြိမ် ချရသည်။

ပြန်မည့် မနက်ကျတော့ ဆောင်း၊ သံစဉ်နှင့် မေခက ကျောက်ဆောင်တွေပေါ်မှာ ရပ်တန့်ရင်း ပင်လယ်ကြီးကို ငေးကြည့် နေမိကြသည်။

ကြည့်နေဆဲမှာပဲ မေခက ပင်လယ်ကြီးဆီ လက်ညှိုးညွှန်ပြလိုက်ရင်း...

www.foreverspace.com.mm



"ပင်လယ်ကြီးကို ကြည့်ကြစမ်း၊ ခုကျတော့လည်း မနေ့ညက လှိုင်းတွေ တဝုန်းဝုန်းထခဲ့တာ သူမဟုတ်သလို ငြိမ် နေတော့တာပဲနော်၊ လှိုင်း ဘယ်လောက် ထထ ပြီးရင်တော့ ငြိမ်သက်သွားရတာပဲ မဟုတ်လား၊ ငြိမ်သက် ပြီးရင် လည်း လှိုင်းဆိုတာ လာဦးမှာပဲ၊ ပြီးရင် ငြိမ်သွား မှာပဲ၊ လူ့ဘဝဆိုတာလည်း ပင်လယ်လိုပဲဟ၊ ပင်လယ် ရေမခန်း သရွေ့ ဒီအတိုင်းပဲ ဖြစ်နေသလို၊ အသက်မသေ သေးသရွေ့ ဘဝဆိုတာ ဒီလိုပဲ တစ်လှည့်စီ ကြုံနေဦး မှာပဲ ...၊

"ငါတို့ ဒီခရီးကို ထွက်ခဲ့တာ စိတ်ညစ်စရာ တွေ ခံစားပြီးတဲ့သူလည်း ခံစားချက်ကို ဖျောက်ဖျက်နိုင်ဖို့၊ မခံစားရသေးတဲ့ သူလည်း စိတ်ညစ်စရာ ကြုံရရင် ခံနိုင် ရည်ရှိဖို့ လာခဲ့တာ"

မေခ စကားဆုံးတော့ ဆောင်းနဲ့ သံစဉ်တို့ရဲ့ မျက်နှာလေးတွေ ကြည်လင်သွားကာ ဆောင်းက ပြုံး၍ ပြော သည်။

"ကျေးဇူးတင်ပါတယ် မေခရယ် ..."

အပြန်ခရီးမှာတော့ ဆောင်းရဲ့မျက်ရည်တွေ တိတ်

www.foreverspace.com.mm

ခဲ့ပြီဖြစ်ပါသည်။ သံစဉ့်မျက်နှာကလေးကလည်း တည်ငြိမ်၍ နေခဲ့တာမို့ မေခက သူတို့မသိအောင် သက်ပြင်း ခိုးချရသည်။

www.foreverspace.com.mm



※ ※ ※

ချောင်းသာမှ ပြန်ရောက်ပြီး နောက်တစ်နေ့ဟာ ဗုဒ္ဓဟူးနေ့....။

မင်းကောင်းခ နယ်ကို အပြီးပြန်မည့်နေ့ ဖြစ်ပါသည်။

ထိုနေ့ ညနေ ၄ နာရီလောက်မှာ မေခက ကိုဟံသာနိုင်ဆီ ဖုန်းဆက် အသံဖျက်၍ သတင်းပေးလိုက်ပါသည်။

"ကိုဟံသာနိုင် ... ကိုဟံသာနိုင်နဲ့ အဆင်မပြေဖြစ်ကြတဲ့ မော်ဒယ်လ် မင်းကောင်းခက ဒီညနေ ၅ နာရီခွဲ ကားနဲ့ တောင်ငူကို အပြီးပြန်တော့မှာ၊ ကိစ္စဝိစ္စ သွားရှင်းစရာရှိရင် ရှင်းရအောင် စေတနာရှင်တစ်ဦးက သတင်းပေးတာပါ"

"ကျေး ... ကျေးဇူးတင်လိုက်တာဗျာ"

www.foreverspace.com.mm

တစ်ဖက်က တုန်တုန်ယင်ယင် အသံဖြင့် ပြန်ပြောတာမို့ မေခက ငိုချင်လာကာ ဖုန်းချလိုက်သည်။

ဒီလိုကိစ္စမျိုးကို မလွှဲသာလို့သာ လုပ်ရပေမယ့် ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်ပါ။

မေခက ဖုန်းချပြီးပြီးချင်း သံစဉ့်ဆီ ဖုန်းခေါ်ရပြန်သည်။

"သံစဉ်ရေ . . . နင့်အိမ်က ငါ့ဆီ ဖုန်းဆက်တယ်၊ နင့်ဖုန်းကို ဆက်တာ ဆက်သွယ်မှု ဧရိယာပြင်ပ ရောက်နေလို့တဲ့၊ မော်လမြိုင် ကားနဲ့ နင့်ဖို့ ပစ္စည်းထုပ် ထည့်ပေးလိုက်တာ၊ ဒီညနေ သွားယူပေးပါတဲ့၊ အထုပ်က မနက်ကတည်းက ရောက်နေမှာလေ၊ ဘာအထုပ်မှန်းတော့ ငါလည်း သေသေချာချာ မမေးမိဘူး၊ ညမကူးခင် သွားယူမှဖြစ်မှာပေါ့ . . ."

"ဟယ် . . . ကားဂိတ်ကြီးကို ညနေဘက်ကြီး ငါတစ်ယောက်တည်း သွားရမှာလား၊ နင်ပါ လိုက်ခဲ့လေဟာ . . ."

"အေးပါ . . . လိုက်ပေးပါ့မယ်၊ ငါလည်း သတင်းပလင်း စုံစမ်းစပ်စုရင်းနဲ့ပေါ့ . . ."

ခုချိန်ထိ အစီအစဉ်ကတော့ ကွက်တိဝင်နေသေးသည်။

သံစဉ်က သူ့ရုံးက ချက်ချင်း ထွက်လာကာ မေခကို ဝင်ခေါ်သည်။

www.foreverspace.com.mm



မေခတို့ ကားဂိတ်ရောက်တော့ ညနေ ၅ နာရီ ထိုးတော့မည်။

မေခက ကားပေါ်မှဆင်းကာ သံစဉ့်လက်ကို ဆွဲရင်း မော်လမြိုင် ကားဂိတ်ဆီ သွားလိုလိုနှင့် တောင်ငူ ကားဂိတ်ကို ရှာရသည်။

ဟော ... ဟိုမှာတွေ့ပြီ။

ကားဂိတ်နားက လက်ဖက်ရည်ဆိုင်ရှေ့မှာ ရပ်နေသော မင်းကောင်းခကို လှမ်းမြင်ရသည်။ သူက နေကာမျက်မှန်နှင့်၊ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းကာ သူ့ရုပ်ကို လူသတိမပြုမိအောင် ခေါင်းငုံ့ငုံ့ဖြင့် ရပ်နေသည်။

မေခတို့ လာရသော နေရာနှင့် ကားဂိတ်အကွာအဝေးက နည်းနည်း ပိုနီးတာမို့ မေခတို့က အရင်ရောက်နှင့်နေတာပင်။ ကိုဟံသာနိုင်ကတော့ ရောက်မလာသေး။ ကားဂိတ်ဝန်းထဲအနှံ့လိုက်ရှာနေတာလည်း ဖြစ်ကောင်းဖြစ်မည်။

ထိုအခိုက်မှာ မေခတို့နှစ်ယောက်နှင့် မင်းကောင်းခကြားသို့ ကိုဟံသာနိုင်ရဲ့ကားကြီးက ဝေါခနဲ ထိုးရပ်လာပါသည်။

သံစဉ်က ကားကို လှမ်းကြည့်နေဆဲ မင်းကောင်းခက လူရှင်းသည့်ဘက်သို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ ကိုဟံသာနိုင်ကလည်း ကားကို ကန့်လန့်ရပ်ပစ်ခဲ့ကာ မင်းကောင်းခ နောက်သို့ ပြေးလိုက်သွားသည်။

www.foreverspace.com.mm

သံစဉ်သည် ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကို ဘာမှ ဝေဖန်သုံးသပ်ခြင်း မပြုနိုင်ဘဲ ကြောင်အမ်းအမ်းဖြစ်၍နေသည်။

ထိုခဏမှာ ဟံသာနိုင်က မင်းကောင်းခ လက်ကို လှမ်းဆွဲလိုက်ရင်း ...

"ကောင်း . . . မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ရက်စက်လိုက်တာ၊ လုပ်ရက်လိုက်တာ ကောင်းရယ်၊ မင်း ငါ့ဆီက ထွက်သွားရင် ငါရင်ကွဲကျန်ခဲ့မှာကို မင်း မသိဘူးလားဟင်၊ မင်းကြောင့် ငါ ဘယ်လောက် ခံစားနေတယ်မှတ်သလဲ၊ မင်း မရှိဘဲ ငါ မရပ်တည်နိုင်လို့ပါ ကောင်းရယ်၊ မင်းလို အပ်သမျှ ငါဖြည့်ဆည်းပေးပါ့မယ်၊ ငါ့စည်းစိမ်တွေ ပုံအော ဆို ပုံအောပေးပါ့မယ်ကွာ၊ ငါ့ကိုမထားခဲ့ပါနဲ့ကွာ၊ ငါရင်ကွဲပါပြီ ကောင်းရာ၊ ငါရင်ကွဲပါပြီကွာ . . . ငါ့ကို သနားပါကွာ"

သံစဉ်သည် ထိုမြင်ကွင်း ရှိရာနေရာဆီ တရွေ့ရွေ့ လှမ်းလာရင်း ဟံသာနိုင်ရဲ့ ရင်ကွဲနာကျလုလု စကားတွေကို ကြားလိုက်ရသည်။

ဟံသာနိုင်က ရိုက်ကြီးတငင် ငိုရင်း မင်းကောင်းခ ခြေရင်းမှာ ဒူးထောက်ထိုင်ချလိုက်ပါသေးသည်။

www.foreverspace.com.mm



သံစဉ်သည် ထိုခဏမှာ အရာအားလုံးကို ရိပ်မိသဘောပေါက်သွားခဲ့ပါသည်။ သံစဉ့်ရှေ့မှာတော့ ကျားကျားလျားလျား တည်တည်တံ့တံ့ရှိခဲ့သော ကိုဟံသာနိုင်ဟာ မင်းကောင်းခရှေ့မှာ သနားစဖွယ် ရှိ့ကျိုးနှိမ့်ချစွာ အသနားခံလျက် ရှိကာ မျက်ရည်လည်ရွဲပင်ဖြစ်နေသည်။ မင်းကောင်းခလိုကောင်ငယ်လေး တစ်ယောက်ကို အသက် ၃၆ နှစ်အရွယ် သူဌေးတစ်ယောက်က ဘာဒီလောက် အောက်ကျခံနေစရာလိုသနည်း။

ခုတော့ သူ့ပုံစံဟာ မင်းကောင်းခကို ရှိ့ကျိုးအားကိုးပုံကလေးပင် ပေါက်လို့နေသည်။

သံစဉ်သည် မေခ မေးခဲ့ဖူးသော မေးခွန်းများ၊ သံစဉ်ကြုံခဲ့သည့် သဘာဝမကျသော သူ့ရဲ့ ရိုးသားမှုများ၊ သူ့အမေနဲ့ သူ့အဒေါ်တွေရဲ့ လိုလားမှုများနှင့် သံစဉ့်ရှေ့မှောက်မှာ တွေ့နေရသည့် မြင်ကွင်းကို ဆက်စပ်ကာ အလုံးစုံ နားလည်သဘောပေါက်သွားသည်။

မေခကတော့ ထိုမြင်ကွင်းကိုကြည့်ရင်း ရင်ဆို့မျက်ရည်ဝဲရသည်။ ဒါလည်း အတိတ်ကံဝဋ်ကြွေး တစ်ခုမို့ ဘယ်လိုမှ မတတ်နိုင်။ ဘယ်သူမှ ကူညီလို့လည်း မရ။ ကုသလို့ပျောက်သည့် ရောဂါမျိုးလည်း မဟုတ်၊ သဘာဝကိုလွန်ဆန်နေတာသာရှိလျက် လူထဲ သူထဲ ဝင်ဝင်ဆန့်ဆန့် သွားလာရပ်တည်ရင်း လုပ်ငန်းဆောင်တာတွေကိုလည်း ပုံမှန်လုပ်ဆောင်နိုင်သည်ပင်။

www.foreverspace.com.mm

မေခက အေးစက်နေသော သံစဉ် လက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး ထိုနေရာအနီးမှ ဆွဲခေါ်လာခဲ့ပါသည်။

ပြီးတော့ ဆောင်း ငိုဖို့ ပို့ပေးခဲ့သော နေရာလေးသို့ပို့ရပြန်သည်။

"ကဲ ... သံစဉ်ရေ ဒီနေရာမှာပဲ နင့်မျက်ရည်တွေကုန်အောင် ငိုလိုက်တော့၊ ငါ ဒီနေရာကို ပို့ရတာ ဒုတိယအကြိမ်ပဲ၊ ဆောင်းတုန်းကလည်း တစ်ခါပို့ရသေးတယ်လေ ...၊

"နင် ငိုရင်းနဲ့ ငါပြခဲ့တဲ့ ပင်လယ်ကိုလည်း သတိရဦးနော်၊ ငါက နင် ဒီလို ခံစားရရင် ဖြေသာအောင် ပင်လယ်ကို အရင်ကြိုပြထားခဲ့တာဟ ..."

သံစဉ်က ငိုနေရင်းက မေခကို မျက်စောင်းလှမ်းထိုးလိုက်ပြီး ဆက်၍ဆက်၍ ငိုလေသည်။

❋ ❋ ❋

www.foreverspace.com.mm

※ ※ ※

"ဟဲ့ . . . နင်တို့ ကြည့်ရတာ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့ ပျင်းစရာကောင်းလိုက်တာ၊ အရင်လို ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ နေကြစမ်းပါဟဲ့ ..."

သုံးယောက်လုံး အလုပ်နားသည့် ရက်တစ်ရက်မှာ မေခက အားလုံးစားဖို့ သရက်သီးသုတ်ရင်း ဆောင်းတို့ကို လှမ်းပြောတော့ သံစဉ်က မဲ့ပြကာ ...

"အေးပေါ့ . . . နင်က ပြောအားရှိမှာပေါ့၊ ကိုမင်းဝဏ္ဏနဲ့ နင်နဲ့က အဆင်ပြေနေတာကိုး၊ ငါတို့မှာသာ ..."

"အေးဟာ . . . မေခကို မနာလိုတောင် ဖြစ်ချင်လာပြီ၊ သူက ငါတို့သုံးယောက်ထဲမှာ မဟာကံထူးရှင် ဖြစ်နေတာ ..."

"အပြောမစောကြပါနဲ့ကွယ်၊ ကိုမင်းကလည်း ခုထိ ငါ့ကို လာမချော့သေးပါဘူး၊ ငါ့မှာ လာမှချော့ပါဦးတော့မလား လို့ ဘုရားမပါ သိကြားမပါ ဆုတောင်းနေရတာပါဟယ်"

www.foreverspace.com.mm

"နင်အဲလိုဆုတောင်းရမှာ မဟုတ်ဘူး ..."

"ဒါဆို ... ဘယ်လိုတောင်းရမှာတုန်း ..."

"ချစ်သူအပေါ် အပြစ်မရှာတတ်တဲ့ စိတ်တိုင်းကျတတ်တဲ့ စိတ်နှလုံးမျိုး ဖန်ဆင်းပေးသနားတော်မူပါလို့ ဆုတောင်းရမှာ"

"အေးလေ ... မေခရယ် နင်လည်း နည်းနည်းတော့ ဆင်ခြင်ဦးနော်၊ နင်ချည်း ဗိုလ်ကျမနေနဲ့ တော်ကြာ ... လက်ရှိဘဝကနေ ငါတို့လို လက်မဲ့ဘဝကို ရောက်နေဦးမယ်"

"ပြီးတော့ နင်က ကိုယ့်ကိုယ်ကိုယ်တော့ အမှတ်ပြည့်ပေးထားပြီး တစ်ဖက်လူဆီက အမှတ်တွေကိုတော့ သိပ်နုတ်တတ်တာပဲ ..."

"ကိုယ့်ကိုယ်ကိုယ်လည်း ပြန်စဉ်းစားဦး၊ ငါ့အမြင် ပြောရရင် နင်က အသက်လည်းကြီးပြီ၊ ပစိပစပ်လည်းများတယ်၊ ချေးများတတ်တယ်၊ အပြစ်ရှာတတ်တယ်၊ အဲ့ဒါတွေနဲ့တင် နင့်အမှတ်က တော်တော်လျော့နေပြီ"

"ဒါပေမယ့် ငါ ဘယ်လိုနေနေ သစ္စာရှိရှိ ချစ်ပါ့မယ်လို့ သူ ကတိပြုပြီးသားပါဟာ၊ သူက ငါ့ကို သိပ်ချစ်တော့ အမြဲ သည်းညည်းခံမှာပါ"

သံစဉ်က မဲ့ပြုံးကလေး ပြုံးရင်း ...

www.foreverspace.com.mm



"မိန်းမတွေများ ကိုယ့်ကိုယ်ကိုယ် သိပ်သွေးနထင်ရောက် တတ်ကြတာပဲနော်၊ ငါ့တုန်းကလည်း ပြန်တွေးရင် စိတ်နာနာနဲ့ အော်ရယ်ဖို့ပဲကောင်းတယ်၊ သူက မင်းကောင်းခသူ့ကို ဂရုမစိုက်လို့၊ ပုန်ကန်လို့ စိတ်ဆင်းရဲနေတာကို ငါ့ကိုချစ်လို့၊ ငါ့ကိုမပြောရဲလို့ တစ်ဖက်သတ် ကျိတ်ခံစားနေရရှာတယ်ထင်ပြီး ကိုယ်ထင်ရာ ရမ်းကြိတ်ပြီး ချစ်အဖြေတွေ ပေးလိုက်ရတာ၊ တစ်ခါတည်း တလွဲတွေကို ဖြစ်ကုန်ရော..."

"အေး . . . သံစဉ်ပြောတာ ဟုတ်တယ်၊ မိန်းမတွေ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ယောကျ်ားတွေကိုလျှော့တွက်မိရင် ဒုက္ခနဲ့လှလှနဲ့ တွေ့တာပဲ၊ ငါလည်း ငါ့ကိုယ်ငါ သိပ်အထင်ကြီးမိတာ၊ ငါလို မိန်းမတစ်ယောက်ကို ဘယ်ယောကျ်ားက လှည့်စားမှာလဲလို့ပေါ့"

"အေး . . . အဲ့ဒါ သင်ခန်းစာပဲ မေခ၊ နင်လည်း နင့်ကိုယ်နင် သိပ်အထင်ကြီးပြီး စွတ်တင်မနေနဲ့၊ ဟိုက ပစ်သွားမှ ငါတို့နဲ့ဘဝတူဖြစ်သွားဦးမယ် ..."

သူတို့ ဝိုင်းပြောတော့မှ မေခ စိတ်ထဲကို စိုးရိမ်စိတ်ကလေး ဝင်လာသည်။

"နင်နဲ့ ကိုမင်းက ငယ်ချစ်လည်းမဟုတ်၊ တက္ကသိုလ်မှာ

www.foreverspace.com.mm

တွေခဲ့တဲ့ သူလည်းမဟုတ်၊ အသက်ကြီးမှပဲ တွေ့ကြတဲ့ လူတွေချင်း နင်ဆိုးသမျှကို အလုံးစုံ အန့်တာခံနိုင်ဖို့ဆိုတာ သိပ်မလွယ်ဘူး၊ သံယောဇဉ် အခြေခံမရှိတော့ မချစ်တော့ဘူးဆိုတာနဲ့ တိခနဲ ကျောခိုင်းသွားနိုင်တယ် ...”

“နင်တို့ပြောမှ ငါတောင် ငိုချင်လာပြီ၊ သူ ငါ့ကို မဆက်သွယ်တာ တစ်လတောင် ကျော်နေပြီ၊ ထားခဲ့ပြီလားတောင် မသိဘူး၊ နင်တို့ . . . နင်တို့ ငါ့အလှည့်ကျရင်လည်း အော်ငိုလို့ကောင်းတဲ့ ဟိုနေရာလေးကို လိုက်ပို့ကြဦးနော်၊ အဲဒီမှာ အော်ငိုလို့ စိတ်မပြေသေးရင် ချောင်းသာထိလည်း ပို့ပေးကြဦးနော် ...”

မေခက ရှုံ့ရှုံ့မဲ့မဲ့ ပြောတာမို့ ဆောင်းနဲ့ သံစဉ်က ရယ်မောရင်း ...

“စိုးရိမ်မနေပါနဲ့ မေခရယ်၊ ငါတို့က အလကား စတာပါဟာ၊ နင့်ကို ကိုမင်း ဆက်သွယ်မှာပါ၊ သူက နင် စိတ်ပြေအောင် စောင့်နေတာလည်း ဖြစ်နိုင်ပါတယ်”

“အေးလေ . . . နင်က စ ချော့သင့်ရင် ချော့ပေါ့၊ ငါတို့ကြားနေတာတော့ နင့်အပြောတွေက အရမ်းလွန်နေသလိုပဲ”

“ဆောင်းပြောတာ ဟုတ်တယ် မေခ . . . ၊ နင်က ယောကျ်ား

www.foreverspace.com.mm



တစ်ယောက်ကို အပြစ်ရှာတာ သိပ်အသေးစိပ်လွန်းတော့ အမြင်ကတ်စရာကောင်းတယ်၊ သူ့ဘာသာ အင်္ကျီကြယ်သီး ဖွင့်ထားတဲ့ ကိစ္စကိုလည်း လျှောက်ပြောနေတာပဲ၊ တော်ရုံဆို မသိချင်ယောင်ဆောင်နေလိုက်တော့ပေါ့၊ တဖြည်းဖြည်း နားဝင်အောင် ပြောပြီး ကြိုးစားညှိယူပေါ့၊ အပြစ်တင်တဲ့ စကားတွေချည်း တဖွဖွ ပြောနေရင် ဘယ်ယောကျ်ားက နင့်ကို အမြဲချစ်နိုင်မှာလဲ၊ ချစ်ရင်တောင် စိတ်ညစ်မှာပေါ့"

"အေးပါ . . . အေးပါ၊ ငါနားလည်ပါပြီ၊ ဒီအချိန်ကျမှ သူပစ်သွားရင် ငါလည်း နောက်တစ်ယောက် မရှာတတ်တော့ဘူး၊ ဒါလေးနဲ့ပဲ အဆင်ပြေအောင် နေပါ့မယ်ဟာ၊ မနက်ဖြန်ကျမှ သူလာမချော့ရင် ငါကပဲ စချော့လိုက်ပါ့မယ်၊ ငါလည်း သူ့ကို ချစ်ပါတယ်ဟယ်၊ လွမ်းလည်း လွမ်းလှပါပြီဟယ်..."

"အေး . . . အဲဒီလိုလေး လုပ်စမ်းပါ၊ နင့်ရုပ်က သိပ်လည်း ဆွဲဆောင်မှု ရှိတာမဟုတ်ဘဲ မင်းဝ့ကချည်း ဒီအသက်အရွယ် မိန်းမကြီးကို တစ်ဖက်သတ် လိုက်လျောနေတာ သဘာဝမှ မကျတော့တာ..."

"ဟော့ . . . သဘာဝမကျတဲ့ ကိစ္စတွေ စကားထဲထည့်မပြောကြေး..."

www.foreverspace.com.mm

သံစဉ်ချိုက ခါးခါးသည်းသည်း တားမြစ်လိုက်တာမို့ ဆောင်းနဲ့ မေခက ပခုံးလေးတွေ တွန့်မိကြဆဲ မေခရဲ့ ဖုန်းလေးက အသံမြည်လာသည်။

“ဟော့ ... မေခ ဖုန်းဟော့၊ မင်းဝဏ္ဏဆီကများလား ...”

“သူ့ဆီကပဲ ဖြစ်ပါစေ ... သူ့ဆီကပဲ ဖြစ်ပါစေ ...”

မေခက မျက်နှာနားမှာ လက်ဖဝါး နှစ်ဖက် ကပ်ပွတ်၍ ဆုတောင်းရင်း ဖုန်းကို ဖွင့်လိုက်သည်။

“မေခ ... ကိုယ်ပါ၊ ပြောစရာရှိလို့ တွေ့ကြရအောင် ...”

မေခက ဖက်ကလေးပုကာ ပြုံးစေ့စေ့ဖြစ်သွားရင်း ဆောင်းနဲ့ သံစဉ့်ကို လက်မထောင်ပြလိုက်သည်။

❖ ❖ ❖

www.foreverspace.com.mm

❋ ❋ ❋

"အခု . . . မေခတို့ အဆင်ပြေသွားပြီဆိုတော့ တွေ့တိုင်း ပြောနေကျ စကားလေးကိုပဲ စ,ပြောရအောင် . . . ၊ ကိုမင်း အရင်ပြောနော် ..."

မေခ မြူးမြူးကြွကြွလေးပြောတော့ ကိုမင်းက မေခကို အကြာကြီး စိုက်ကြည့်နေပါသည်။

"ပြောလေ ... ကိုမင်းရဲ့ ..."

မေခက ကိုမင်း လက်မောင်းကို တစ်ချက်လှုပ်ရင်း ပြောလိုက်တော့လည်း ကိုမင်းက အရင်လို "မေခကို ဒီနေ့အတွက် ပြောစရာရှိတာလေး မပြောရသေးဘူး၊ မေခကို ကိုယ် သိပ်ချစ်တယ်ဆိုတာမျိုး" စ,ပြောမလာ ...။

မေခ သက်ပြင်းလေးချကာ စိတ်ကိုလျော့ရသည်။ မေခကပဲ စ,ပြောရမှာပေါ့။ ဒီနေ့ကစပြီး မေခဘက်က အလျော့

www.foreverspace.com.mm

ပေးမှုတွေ စတင်တော့မည်ဟု ဆုံးဖြတ်ထားခဲ့ပြီးလည်း ဖြစ်ပါသည်။

"ကဲ . . . ဒါဆို မေခပဲ စ,ပြောတော့မယ်၊ ကိုမင်းကို မေခ ချစ်တယ်"

မေခက နွဲ့နွဲ့ကလေး ပြောမိတော့လည်း သူက မလှုပ်ပါ။

"ကဲ... ကိုမင်းအလှည့်..."

"ကိုယ်ကတော့ မင်းကို မချစ်တော့ဘူး မေခ..."

"ဟမ်..."

မေခသည် ရုတ်တရက် ပါးစပ်အဟောင်းသား ပွင့်သွားကာ သူ့ကို အကြောင်သားကြည့်နေမိသည်။

"ရှင်... နောက်များ နောက်နေတာလားဟင်..."

"ကိုယ် တကယ် အတည်ပြောနေတာ မေခ၊ ကိုယ်လည်း အတန်တန် စဉ်းစားဆုံးဖြတ်ပြီးမှ ကိုယ့်သဘောထားကို ပြတ်ပြတ်သားသား ပြောဖို့လာခဲ့တာ..."

"ရှင် အပြောင်းအလဲ မြန်လှချည်လားဟင် . . . မေခကို ချစ်လှပါချည်ရဲ့လို့ အသည်းအသန် ဖြစ်ခဲ့တာ ဘယ်သူလဲ၊ မေခ ဘာလုပ်လုပ် တစ်သက်လုံး သည်းညည်းခံသွားပါ့မယ်လို့ ပြောခဲ့တာ ဘယ်သူလဲ၊ မိန်းမဆိုးလေးမို့လို့ ချစ်တယ်ဆိုတာ ဘယ်သူလဲ၊ မေခဘာသာ မင်းသားမပါဘဲ

www.foreverspace.com.mm



တစ်ကိုယ်တော် လူစွမ်းကောင်းကား ရိုက်ရင်တောင် ဒုက္ခရောက်ရင် ကယ်ရမယ့် အခန်းမှာ ပါပါရစေလို့ ပြောခဲ့တာကရော ဘယ်သူလဲ …”

“ဒါဆို ကိုယ့်ရဲ့သည်းခံစိတ်တွေကို တဖြည်းဖြည်း လုံးပါးပါးအောင် လုပ်ခဲ့တာကရော ဘယ်သူလဲ၊ ယောကျ်ား တစ်ယောက်ကို ခြေလှုပ်မရ၊ လက်လှုပ်မရအောင် အသေးစိပ် စောင့်ကြည့်အပြစ်ပြောခဲ့တာကရော ဘယ်သူလဲ၊ အတ္တကြီးပြီး ထင်ရာစိုင်းနေတာကရော ဘယ်သူလဲ၊ မင်းပဲကိုယ့်ကိုပြောခဲ့တယ်လေ၊ ကိုယ်က တော်ကီပဲ ကောင်းနေတာဆို၊ အာပလာပဲဆို၊ စကားကို လျှာဖျားလေးနဲ့ ပေါ့ပေါ့လွယ်လွယ်လေးပဲ ပြောတတ်တယ်ဆို၊ အဲဒီတော့ ကိုယ်မင်းကိုပြောခဲ့တာတွေ အားလုံးကို တော်ကီသက်သက်ပြောပြီးပြီးရော ပြောခဲ့တဲ့ အာပလာတွေလို့ပဲ မှတ်လိုက်တော့ပေါ့ …”

“ကိုမင်း … ရှင် လုံးဝ တကယ် အတည်ပြောနေတာလား”

“ဟုတ်တယ် …”

မေခက သူ့မျက်လုံးတွေကို စိုက်ကြည့်ပြီး ချစ်ခြင်းရဲ့ အငွေ့အသက်ကလေးတွေ ရှာပေမဲ့လည်း မတွေ့တော့တာမို့ တုန်လှုပ်စ ပြုလာသည်။

www.foreverspace.com.mm

"ဘာမှ တောင်တောင်အီအီ လျှောက်မတွေးဘဲ ကိုယ်ပြော တာကိုသာ ယုံလိုက်ပါတော့ မေခ၊ ယောကျ်ားဆိုတာ ချစ်စရာကောင်းရင် ချစ်မှာပေါ့၊ ချစ်စရာမကောင်းတော့ ဘူးထင်ရင် မချစ်တော့ဘူးပေါ့၊ ဒါက ရှင်းရှင်းလေးပဲ၊ မေခကို ကိုယ် တကယ် မချစ်တော့ဘူး၊ အဲဒါအမှန်ပဲ၊ လက်ခံလိုက်ပါတော့ ..."

သူက စကားကုန်ပြောပြီး ထိုင်ရာမှ ထသည်။ သူ ကျောခိုင်းသွားတော့လည်း မေခက နေရာမှာပင် ကြောင် တောင်တောင်လေး ထိုင်ကျန်နေခဲ့သည်။

ကံကြမ္မာဆိုတာ တစ်ခါတစ်ခါ ပျော်စရာ ကြုံရ တော့မလိုလိုနဲ့ စိတ်ညစ်စရာတွေ ကြုံသွားရတတ်သည်တဲ့ ...။

ကံကြမ္မာက မေခကို တော်တော်နောက်ပါသည်။

❋ ❋ ❋

www.foreverspace.com.mm

❖ ❖ ❖

မေခ ခြံတံခါးကို တွန်းဖွင့်ဝင်လာတော့ ခြံထဲမှာ မေခကို ကျောခိုင်း အနေအထားဖြင့် ဘတ်စကတ်ဘော ကစားနေသော ဆောင်းနဲ့သံစဉ်ကို လှမ်းမြင်လိုက်ရသည်။

"သူငယ်ချင်းတို့ရေ..."

လှမ်းအော်ခေါ်လိုက်သော ငိုသံပါ အက်အက်ကြီးကြောင့် သူတို့နှစ်ယောက်လုံး ချာခနဲ လှည့်ကြည့်လာသည်။

"ငါလည်း . . . ငါလည်း နင်တို့နဲ့ ဘဝတူဖြစ်သွားပြီ . . . သိလား"

မေခက တအီးအီးငိုရင်း လှမ်းအော်ပြောလိုက်တာမို့ ဆောင်းတို့နှစ်ယောက်စလုံး မေခဆီ ပြေးလာကြသည်။

"မေခ ... မေခ ... နင် ဘာဖြစ်လာတာလဲ ..."

"ငါ့ကို လိုက်ပို့... လိုက်ပို့..."

www.foreverspace.com.mm

"ဟဲ့ … ဘယ်ကိုပို့ရမှာလဲ"

"ဟိုနေရာလေးကိုလေ …"

"ဘယ်နေရာလဲ …"

"အေး … ဘယ်နေရာလဲ … ပြော"

"ဟို . . . နင်တို့ နှစ်ယောက်လုံးကို ငါလိုက်ပို့ဖူးတဲ့ နေရာ၊ အော်ငိုလို့ကောင်းတဲ့ နေရာ …"

မခေက ငိုရင်းဖြေတော့ ဆောင်းနဲ့ သံစဉ်က တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း မျက်လုံးပြူးသွားကြလေသည်။

❖ ❖ ❖

"အီး . . . ဟီး . . . ပြောသွားတဲ့ စကားလုံးတွေများ ပြောင်မြောက်လိုက်တာ မပြောပါနဲ့တော့ . . . ၊ ယောကျ်ားပဲတဲ့ ချစ်စရာကောင်းရင် ချစ်မှာပေါ့တဲ့၊ ချစ်စရာမကောင်းတော့ဘူးဆိုရင် မချစ်တော့ဘူးပေါ့တဲ့ . . . ၊ ပြောတတ်လိုက်တာ ပြောတတ်လိုက်တာ … အီးဟီး …"

မခေက လမ်းနဲ့ ခပ်ဝေးဝေး လယ်ကွင်းစပ်မှာ အာခေါင်ခြစ်၍ ငိုရင်း ပြောရင်း လုပ်နေတာ နာရီဝက်မကတော့ ပြီမို့ ဆောင်းနဲ့ သံစဉ်မှာ စိတ်ဆင်းရဲလာရပါသည်။

www.foreverspace.com.mm



ကိုယ်တွေလည်း အသည်းကွဲခဲ့ရတာ မှန်ပေမယ့် သူ့လောက်ကြီးတော့ မချိမဆန့် ငိုကြွေးကြီး ရှည်မနေခဲ့ပါ။

မေခကတော့ အပြောကလေးနှင့်တွဲကာ ငိုလို့ ဆုံးပဲ မဆုံးနိုင်တာမို့ သံစဉ်က မေခ ပခုံးကို သွားပုတ်ခေါ်လိုက်ရင်း ...

"ဟဲ့ ... မေခ ... နင် မတိတ်သေးဘူးလား၊ နင် ဒီလောက် ငိုနေရအောင် နင့်ရည်းစားက အခြောက်ကြီး ဖြစ်နေလို့ လား၊ ပိုင်းလုံး ဖြစ်နေလို့လား ...၊ ငါတို့တောင်မှ ဒီလောက် မငိုဘဲနဲ့...."

"အဲဒီလို ဖြစ်နေတာမဟုတ်လို့ နှမြောတာပေါ့ ... သံစဉ်ရဲ့"

မေခ အပြောကို ဆောင်းနှင့် သံစဉ်မှာ ရယ်ရအခက် ငိုရအခက် ဖြစ်ရသည်။

ငိုလို့ အားရတော့မှ မေခက ကလေးဆိုးကြီးလို တောင်းဆိုလိုက်ပါသည်။

"နင်တို့ ငါ့ကို ချောင်းသာလိုက်ပို့ကြဦး ..."

❖ ❖ ❖

www.foreverspace.com.mm

※ ※ ※

ခုတော့ ပန်းသုံးပွင့်နားမှာ ပိတုန်းတွေလည်း မရှိကြတော့ပြီ ...။

အရူးအမူးချစ်ခြင်းနှင့် ရင်ခုန်သံကို မျှော်လင့်ခဲ့မိသဖြင့် မအူမလည် အညာမိခဲ့ရသော စာရေးဆရာမ *'ဆောင်းနှောင်းသဇင် ...'*

ယောကျ်ားဆို နူးနူးညံ့ညံ့လေးမှ သဘောကျခဲ့မိသဖြင့် မြင်းစီးလို့ အထီးမှန်း အမမှန်း မသိဟု ပြောရလောက်အောင် ရယ်ရအခက်၊ ငိုရအခက် ဖြစ်ခဲ့ရရှာသော *'သံစဉ်ချို ...'*

ဘာတစ်ခုမှ အပြစ်ပြောစရာမရှိအောင် ပြည့်စုံကောင်းမွန်တဲ့ ယောကျ်ားမျိုးကို မျှော်လင့်ရင်းကပင် သစ်စိမ်းချိုးအချိုးခံလိုက်ရရှာသော ဂျာနယ်လစ်စ် မမ *'ခင်မေခ ...'*

ထိုသုံးယောက်သည် ...

www.foreverspace.com.mm

ပင်လယ်ကမ်းခြေတွင် လက်ချင်းတွဲ၍ လမ်းလျှောက်ရင်း ငိုချင်လာတိုင်း ရယ်မောမိကြပါသည်။

ပြီးတော့ သူတို့ သုံးဦးက ခေါင်းချင်းဆိုင် လက်ချင်းထပ်ကာ ကတိပြုကြသေးသည်။

"ပင်လယ်ဆိုတာ လှိုင်းထန်လိုက်၊ ငြိမ်သက်လိုက်ပဲ၊ ဒါပေမယ့် ပင်လယ်ရေက ဘယ်တော့မှ မခန်းဘူး၊ ငါတို့လည်း အသည်းကွဲချင် ကွဲမယ်၊ ပျော်ချင်ပျော်မယ်၊ အထီးကျန်ချင် ကျန်မယ်၊ ဒါပေမယ့် ဘယ်တော့မှ စိတ်ဓာတ်မကျဘူး၊ ငါတို့အားလုံး ပင်လယ်လို ကျင့်ကြမယ်နော် ... အိုကေ"

"အိုးကေ ..."

သုံးယောက်သား အားတက်သရော ထောက်ခံရင်း လက်ဝါးချင်း ရိုက်လိုက်ကြလေသည်။

ပင်လယ်လှိုင်းတွေကလည်း ကျောက်ဆောင်တွေဆီ တဝုန်းဝုန်း ရိုက်ခတ်နေဆဲ ...

ပန်းသုံးပွင့်ကလည်း တင့်တယ်စွာ ဆက်လက်ရှင်သန်မြဲ ...။

**ပုညခင်**

9:11 pm

28.3.2007 (WED)



www.foreverspace.com.mm